ပါဠိဘာသာ သင်ကြားလိုသူ ရဟန်းရှင်လူများအတွက်
ခေတ်မီနည်းဖြင့် စီစဉ်ထားသော

# အခြေပြုပါဠိသဒ္ဒါ

## ဦးမြင့်ဆွေ

မဟာပဏ္ဍိတ (သန့်အန်)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ခရစ် ၁၉၈၃

ပါဠိဘာသာ သင်ကြားလိုသူ ရဟန်းရှင်လူများအတွက်
ခေတ်မီနည်းဖြင့် စီစဉ်ထားသော

# အခြေပြု ပါဠိသဒ္ဒါ

## ဦးမြင့်ဆွေ

မဟာဝိဇ္ဇာ ( ယန်အန် )

### စမ္ပဒါန ကုသိုလ်ရှင်များ

* တပ်ကုန်းမြို့နယ်၊ သာယာအေး-သီတာအေးရွာကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ အလှူတော်ငွေကျပ် **၅၀၀၀၀ိ/-**။
* မန္တလေးမြို့၊ ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ၏အလှူတော်ငွေကျပ် **၅၀၀၀၀ိ/-**။
* မန္တလေး-ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်တင်တင်တို့၏ အလှူတော်ငွေကျပ် **၅၀၀၀၀ိ/-** ဖြင့် ဤစာအုပ်ကို ပုံနှိပ်ပါသည်။

ဤစာအုပ်မှ ရောင်းရငွေသည် မန္တလေးဗုဒ္ဓတက္ကသိုလ်၏ ပညာရေးရံပုံငွေ အတွက် ဖြစ်သည်။

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | နိဒါန်းနှင့်ရှေးဦးမှတ်ဖွယ် | ..... | ၁ |

## ပထမပိုင်း


| | | | |
|---|---|---|---|
| ၁။ | အ–သရဆုံး (ပု)နာမ်ဂိုဏ်း | ..... | ၁၃ |
| ၂။ | ပထမကြိယာဂိုဏ်း (၁) | ..... | ၁၈ |
| ၃။ | အ–သရဆုံး (န)နာမ်ဂိုဏ်း | ..... | ၂၄ |
| ၄။ | ပထမကြိယာဂိုဏ်း (၂) | ..... | ၂၆ |
| ၅။ | ဣ၊ ဤ–သရဆုံး (ပု)နာမ်ဂိုဏ်း | ..... | ၂၈ |
| ၆။ | ပဥ္စမီဝိဘတ် | ..... | ၃၁ |
| ၇။ | ဣ–သရဆုံး (န)နာမ်ဂိုဏ်း | ..... | ၃၃ |
| ၈။ | ဒုတိယာကြိယာဂိုဏ်း | ..... | ၃၄ |
| ၉။ | ဥ–သရဆုံး (ပု)နာမ်ဂိုဏ်း | ..... | ၃၅ |
| ၁၀။ | အနာဂတ်ဝိဘတ် | ..... | ၃၇ |
| ၁၁။ | ဥ–သရဆုံး (န)နာမ်ဂိုဏ်း | ..... | ၄၀ |
| ၁၂။ | တတိယာကြိယာဂိုဏ်း | ..... | ၄၁ |
| ၁၃။ | အာ–သရဆုံး (ဣ)နာမ်ဂိုဏ်း | ..... | ၄၃ |
| ၁၄။ | သတ္တမီဝိဘတ် | ..... | ၄၅ |
| ၁၅။ | ဣ၊ ဤ–သရဆုံး (ဣ)နာမ်ဂိုဏ်း | ..... | ၄၇ |
| ၁၆။ | စတုတ္ထကြိယာဂိုဏ်း | ..... | ၅၀ |
| ၁၇။ | ဥ၊ ဦ–သရဆုံး (ဣ)နာမ်ဂိုဏ်း | ..... | ၅၂ |
| ၁၈။ | အဇ္ဇတနီဝိဘတ် | ..... | ၅၃ |
| ၁၉။ | နာမ်စားဂိုဏ်း (၁) – အဟံ၊ တွံ | ..... | ၅၇ |
| ၂၀။ | ပဉ္စမကြိယာဂိုဏ်း | ..... | ၅၉ |
| ၂၁။ | နာမ်စားဂိုဏ်း (၂) – ယ၊ တ | ..... | ၆၀ |
| ၂၂။ | ဆဋ္ဌမကြိယာဂိုဏ်း | ..... | ၆၄ |
| ၂၃။ | နာမ်စားဂိုဏ်း (၃) – ကိံ၊ ဣမ | ..... | ၆၆ |
| ၂၄။ | သတ္တမကြိယာဂိုဏ်း | ..... | ၆၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဒုတိယပိုင်း


| | | |
|---|---|---|
| ၂၅။ | သချ်ာနာမ်ဂိုဏ်း ..... | ၇၀ |
| ၂၆။ | ပုဗ္ဗကာလကိတ် ..... | ၇၅ |
| ၂၇။ | (ရိုးရိုး)နာမဝိသေသန ..... | ၈၁ |
| ၂၈။ | ကတ္တုကိတ် ..... | ၈၄ |
| ၂၉။ | ကြိယာဝိသေသန ..... | ၈၈ |
| ၃၀။ | အတိတ်ကိတ် ..... | ၉၁ |
| ၃၁။ | နိပါတ်ပုဒ်များ ..... | ၉၈ |
| ၃၂။ | ကိစ္စကိတ် ..... | ၁၀၃ |
| ၃၃။ | ဗျည်းဆုံးနာမ်ဂိုဏ်း ..... | ၁၀၉ |
| ၃၄။ | ပစ္စုပ္ပန်ကိတ် ..... | ၁၁၃ |
| ၃၅။ | ပိုင်ဆိုင်ခြင်း–နာမဝိသေသန ..... | ၁၁၇ |
| ၃၆။ | ကာရိုက်ကြိယာ ..... | ၁၂၁ |
| ၃၇။ | နှိုင်းယှဉ်ခြင်း–နာမဝိသေသန ..... | ၁၂၅ |
| ၃၈။ | ကမ္မဘာဝကြိယာ ..... | ၁၂၈ |
| ၃၉။ | ကတ္တိုလိင် ပစ္စည်းဆက်ပုံ ..... | ၁၃၂ |
| ၄၀။ | ဥပသာရပုဒ်များ ..... | ၁၃၄ |
| ၄၁။ | သန္ဓိစပ်ခြင်း ..... | ၁၃၈ |
| ၄၂။ | သမာသ်စပ်ခြင်း ..... | ၁၄၄ |
| ၄၃။ | တုမိတ္တတ္တ, အတိသယတ္တနှင့် နာမကြိယာများ ..... | ၁၅၃ |
| ၄၄။ | ကြိယာထူးနှင့် ဝိဘတ်ထူးများ ..... | ၁၅၆ |
| ၄၅။ | ကိတ်နာမ်ပုဒ်များ ..... | ၁၅၉ |
| ၄၆။ | တဒ္ဓိတ်နာမ်များ ..... | ၁၆၆ |
| | * **နောက်ဆက်တွဲ** | |
| *။ | ပါဠိအက္ခရာများကို မြန်မာ–ရောမအက္ခရာဖြင့်ရေးပုံ ..... | ၁၇၀ |
| *။ | ကြိယာ ၇–ဂိုဏ်းအရ ကြိယာပုံစံများ ..... | ၁၇၃ |
| *။ | တ, တွာ, တုံ–ပစ္စည်းဆက် ကိတ်ကြိယာပုံစံများ ..... | ၁၇၉ |

# နိဒါန်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပါဠိစာပေသည် ဗုဒ္ဓဟောကြားတော်မူခဲ့သော "ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်" ဟူသော ဗုဒ္ဓစာပေတခုလုံးကို မှတ်တမ်းတင်ထားသည့် စာပေဖြစ်၏။ ဗုဒ္ဓဘာသာသည် ကမ္ဘာ့ဘာသာရေး နယ်ပယ်၌ပင် အထူးခြားဆုံးသော ဘာသာကြီးတခု ဖြစ်သည့်အလျောက်၊ ပါဠိစာပေသည်လည်း အလွန်အရေးပါလှသည့် စာပေတခု ဖြစ်လာရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ နိုင်ငံများမှာသာမက၊ ဗုဒ္ဓဘာသာမဟုတ်သည့် နိုင်ငံများမှာပင် ပညာရှင်တို့သည် ပါဠိစာပေကို အထူးအလေးဂရုပြု၍ လေ့လာကြရ၏။ ဤသို့လျှင် ပါဠိစာပေသည် ကမ္ဘာ့ဂန္ထဝင်စာပေ၌ အလွန်ထွန်းပြောင်လျက်ရှိသည့် စာပေကြီးတခု အဖြစ် ရပ်တည်လျက်ရှိပေသည်။

ပါဠိစာပေကို မှတ်တမ်းတင်ခဲ့သည့် ပါဠိဘာသာသည် ရှေးခေတ် အိန္ဒိယပြည်တွင် သက္ကတဘာသာနှင့် အတူယှဉ်တွဲ၍ ပေါ်ထွန်းလာခဲ့သည်။ ကမ္ဘာ့ဘာသာဗေဒပညာရှင်များက "ပါဠိ–သက္ကတဘာသာစကားတို့သည် အင်ဒို–ဥရောပ ဘာသာစကားအုပ်စုဝင် ဘာသာမျိုးဖြစ်သည်"–ဟု ဆုံးဖြတ်ကြ၏။ အင်ဒို–ဥရောပ ဘာသာအုပ်စုဟူသည် အိန္ဒိယတိုက်၊ ဥရောပတိုက်ကြီး နှစ်ခု၌ အသုံးပြုသည့် ဘာသာစကားများပါဝင်သည်–ဟု ဆိုလိုသည်။ ပါဠိ–သက္ကတဟူသော ရှေးခေတ် အိန္ဒိယဘာသာစကားနှစ်ခုတို့သည် ဥရောပတိုက်သုံး ဘာသာစကားများနှင့် များစွာတူညီနေသည့် အချက်များပါရှိသည်ကို ထူးဆန်းစွာ တွေ့ရှိရသဖြင့်၊ ကမ္ဘာ့လူသားတို့သည် ကမ္ဘာဦးလောက်က အတူတကွ နေထိုင်ခဲ့ရမည်–ဟု ဘာသာဗေဒပညာရှင်တို့က ယူဆကြသည်။ ထိုသို့ ဘာသာစကား လက္ခဏာချင်း တူညီနေသဖြင့် ဥရောပတိုက်သားတို့မှာ ပါဠိ–သက္ကတ ဘာသာများကို သင်ကြားလေ့လာရာတွင် များစွာခက်ခဲမှု မရှိကြပေ။

# နိဒါန်း (၂)

တိဘက်-မြန်မာမျိုးရိုးတွင် ပါဝင်သည့် မြန်မာစကားသည် ဘာသာစကား တည်ဆောက်ထားပုံတွင် ပါဠိ-သက္ကတဘာသာတို့နှင့် အလွန်ခြားနား၏။ သို့ရာတွင် ရှေးမြန်မာတို့သည် နိုင်ငံကို စတင်တည်ထောင်၍ မိမိတို့ဘာသာစကားကို ပြုစုပျိုးထောင်ခဲ့ရာမှာ ဝေါဟာရ ကြွယ်ဝမှုအတွက် ပါဠိ-သက္ကတစကားလုံး မြောက်မြားစွာတို့ကို တိုက်ရိုက်တဖုံ၊ ပြုပြင်၍တနည်း အမျိုးမျိုးယူငင်၍ အသုံးပြုခဲ့ကြသည်။ ဤသို့ တခေတ်ပြီးတခေတ် နှစ်ပေါင်းများစွာ လုပ်လာခဲ့ကြသဖြင့် မြန်မာဘာသာစကား သည်လည်း "ဝေါဟာရ အသုံးအနှုန်း၊ အတွေးအခေါ်" နယ်ပယ်တို့၌ ပါဠိ သက္ကတ ဘာသာတို့နှင့် များစွာပင် နီးစပ်လာခဲ့သည်။ တနည်းဆိုသော် မြန်မာဘာသာသည် ပါဠိ-သက္ကတဘာသာတို့၏ အကူအညီဖြင့် ဝေါဟာရတွေ ကြွယ်ဝလာခဲ့ရသည်။ စာပေနယ် ကျယ်ပြန့်ကြီးထွားလာခဲ့ရသည်။ အတွေးအခေါ် မြင့်မားလာခဲ့ရသည်။

ဤသို့လျှင် မြန်မာဘာသာစာပေသည် ထိုပါဠိ-သက္ကတ ဘာသာစာပေတို့မှ ကျေးဇူးကြောင့် ကမ္ဘာ့ဘာသာစာပေတွင် ထွန်းပြောင်ထင်ရှား လာခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ရှေးမြန်မာ ပညာရှင်တို့သည် ပါဠိ-သက္ကတ (အထူးသဖြင့် ပါဠိ) ဘာသာ စာပေတို့ကို လက်မလွှတ်တမ်း လေ့လာဆည်းပူးခဲ့ကြသည်။ မြန်မာနိုင်ငံ အင်္ဂလိပ် လက်အောက်ကျရောက်ပြီးနောက်၊ မြန်မာ့ပညာရေးစနစ်ကို အနောက်တိုင်း ပညာရေး စနစ်သို့ အသွင်ကူးပြောင်း စီမံခဲ့ကြသော်လည်း ပါဠိစာပေ သင်ကြားရေးကိုမူ အထက်တန်း ကျောင်းနှင့် တက္ကသိုလ်-ကောလိပ် နှစ်မျိုးလုံးမှာပင် ထိပ်တန်းတင်၍ သင်ကြားမှုကို စီမံ ပေးခဲ့ကြရသည်။ အဘယ့်ကြောင့်နည်း။ ပါဠိဘာသာစာပေ မတတ်ကျွမ်းလျှင် တကယ့် မြန်မာဘာသာစာပေ ပညာရှင်မဖြစ်နိုင်ကြောင်းကို အင်္ဂလိပ်တို့ သိနားလည်ထားသော ကြောင့် ဖြစ်၏။

ယင်းသို့ ပါဠိဘာသာစာပေကို မြန်မာဘာသာစာပေနှင့် အကားဟူ အလေး ထေး၍ သင်ကြားစေခဲ့သော ပညာရေးစနစ်သည် လွတ်လပ်ရေးခေတ်မှာလည်း ဆက်လက်

ရှင်သန်လျက် ရှိခဲ့၏။ လွန်ခဲ့သော နှစ်အနည်းငယ်က ပညာရေးစနစ်တွင် "သိပ္ပံခေတ်ဖြစ်သော ဤကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်အောင်"ဆိုပြီး သိပ္ပံကို ဦးစားပေးသည့်စနစ်သို့ ဦးတည်လာခဲ့သည်။ ယနေ့ ကမ္ဘာ့အခြေအနေအရ သိပ္ပံကို ဦးစားပေးရမည်မှာ မှန်ပါ၏။ သို့သော် 'တဘက်စောင်းနင်း' ဖြစ်မသွားအောင်ကိုမူ စိမ်ရပေမည်။ အဘယ့်ကြောင့်နည်း။ သိပ္ပံပညာဖြင့် နိုင်ငံကိုတိုးတက်အောင် လုပ်ဆောင်သကဲ့သို့၊ တဘက်ကလည်း ဝိဇ္ဇာပညာဖြင့် နိုင်ငံကို ဆုတ်ယုတ်မသွားအောင် လုပ်ဆောင်ရမည့်အတွက်ကြောင့် ဖြစ်၏။

**'ဝိဇ္ဇာ'** သည် တွေးခေါ်မြော်မြင်မှု အသိပညာကိုပေးသဖြင့် **'မျက်စိ'** နှင့်တူ၏။ **'သိပ္ပံ'** သည် လက်တွေ့လုပ်ဆောင်မှု အတတ်ပညာကို ပေးသဖြင့် **'ခြေလက်'** နှင့်တူ၏။ မျက်စိနှင့်ခြေလက် နှစ်ပါးစုံမှသာ လိုရာကိစ္စ ပြီးစီးနိုင်သကဲ့သို့၊ ထို့အတူ ဝိဇ္ဇာနှင့် သိပ္ပံပညာ နှစ်ပါးစုံမှသာ နိုင်ငံနှင့်လူမျိုးသည် ဘက်စုံဖွံ့ဖြိုး တိုးတက်နိုင်ပေမည်။ သိပ္ပံဘက်ကလုပ်ပြီး ဝိဇ္ဇာဘက်က မထိန်းသိမ်းနိုင်လျှင် "အိတ်ပေါက်နှင့် ဖားကောက်" သကဲ့သို့ ဖြစ်နိုင်ရာ၏။ တနည်းလည်း နိုင်ငံနှင့်လူမျိုးသည် ရထားနှင့်တူ၍၊ **ဝိဇ္ဇာနှင့် သိပ္ပံသည် ဘီးနှစ်ဘီးနှင့် တူ၏။** ဘီးနှစ်ဘီးမစုံလျှင် ရထားမသွားနိုင်သကဲ့သို့ပင်၊ ဝိဇ္ဇာနှင့်သိပ္ပံ တခုခုချို့တဲ့နေမူ ထိုနိုင်ငံ၊ ထိုလူမျိုးသည် အဘယ်မှာ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်တော့အံ့နည်း။ ယနေ့ ကမ္ဘာတွင် အလွန်တိုးတက်လှသည်ဆိုသော နိုင်ငံကြီးများ၏ ပညာရေးစနစ်ကို လေ့လာကြည့်လျှင် ဝိဇ္ဇာနှင့်သိပ္ပံ ပညာရပ်နှစ်ခုစလုံးသည် တန်းတူမျှ အရေးပါကြောင်း အလွန်ရှင်းစွာ သိမြင်သွားပေမည်။

**ဝိဇ္ဇာပညာရပ်** သည် "တွေးခေါ်တတ်မှု၊ မြော်မြင်တတ်မှု၊ အမှားအမှန် ဝေဖန်တတ်မှု၊ ကျိုးကြောင်း ဆင်ခြင်မှု၊ စိတ်ခါတ်ကြံ့ခိုင်မှု၊ စာရိတ္တ မြင့်မားမှု"-စသည့် လူ့အရည်အချင်းများစွာကို ပေးစွမ်းနိုင်သည်။ ဤကမ္ဘာတွင် လူမျိုးတိုင်းသည် ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုအပေါ် အခြေခံ၍ အသိပညာဆိုင်ရာ လူ့အရည်အချင်းကို တိုးတက်အောင် လုပ်ဆောင်နေကြသည်ချည်း ဖြစ်၏။ ကျွန်ုပ်တို့ မြန်မာလူမျိုးသည်

လည်း အလားတူပင် နိုင်ငံပေါ်ထွန်းလာသည့်မှစ၍ ပါဠိ-သက္ကတ (အထူးသဖြင့် ပါဠိ) စာပေ ယဉ်ကျေးမှုကို အခြေခံပြီး မြန်မာနည်း မြန်မာဟန်ဖြင့် ကိုယ့်အရည်အချင်း တိုးတက်အောင် လုပ်ဆောင်လာခဲ့ကြသည်။ ပါဠိစာပေ ယဉ်ကျေးမှုသည် မြန်မာစာပေ ယဉ်ကျေးမှုနှင့် ခွဲမရအောင် 'ဂဟေစပ်' လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့ မဟူးခေါ်မြော်မြင်မှု' အသိပညာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပါဠိစာပေ ယဉ်ကျေးမှုကို မလွဲမသေ အလေးဂရု ပြုရမည်သာတည်း။

ပါဠိစာပေ ယဉ်ကျေးမှုဟူသည် တခြားမဟုတ်၊ ဗုဒ္ဓစာပေ ယဉ်ကျေးမှုပင် ဖြစ်၏။ ယင်းတို့ကို လေ့လာဆည်းပူးခြင်းအားဖြင့် ကျွန်ုပ်တို့သည် လောက၌ အတု မရှိသော ဗုဒ္ဓ၏ 'တွေးခေါ်ဆင်ခြင်ဉာဏ်အမြင်'ကို ရရှိမည်ဖြစ်၏။ ယင်းအသိပညာသည် ကျွန်ုပ်တို့ကို တိုးတက်အောင် လုပ်ပေးမည်သာမက၊ မဆုတ်ယုတ်အောင်လည်း ထိန်းပေး သွားမည်ဖြစ်၍၊ ကျွန်ုပ်တို့ကို တကယ်ကောင်းကျိုးပြုမည့် 'လမ်းညွှန်ဆရာ' ကား ဖြစ်ပေသည်။

အချုပ်ဆိုရသော် ကျွန်ုပ်တို့သည် ပါဠိစာပေ-ယဉ်ကျေးမှုကို အလေးဂရုပြု၍ အထူးလေ့လာရပေမည်။ ယင်းကို လေ့လာလိုလျှင် ပါဠိဘာသာကို ရှေးဦးစွာ လေ့လာ တတ်မြောက်ရမည်။ သို့ဖြစ်လျှင် "ပါဠိသည် လွယ်သလော၊ ခက်သလော"-ဟု သင်လိုသူတဦးက မေးငြားအံ့။ "လွယ်မှု-ခက်မှု"-ဟူသည် လှုနှင့်နည်းစနစ်အပေါ်မှာ တည်သည်ဟု ဖြေရမည်။ "ပါဠိဘာသာသည် အလွန်ခက်၏"-ဟု တချို့က ဆိုကြ၏။ "ခက်သည်"-ဟု ဆိုခြင်းသည် 'လိုချင်မှု၊ စိတ်ဝင်စားမှု' ကင်းမဲ့သော 'လူပျင်း၏ စကားလုံး'သာ ဖြစ်၏။ လိုချင်မှု၊ စိတ်ဝင်စားမှုရှိသူအဖို့ မည်သည့်ကိစ္စတွင်မှ ခက်သည် ဟူ၍ မရှိပေ။ တနည်းအားဖြင့် 'ခက်ခြင်း'သည် စနစ်ကြောင့်လည်း ဖြစ်နိုင်၏။ သင်နည်း စနစ်ကောင်းလျှင် ပါဠိဘာသာသည် အလွန်လွယ်သော ဘာသာတခုဖြစ်သည်ကို တွေ့ရ

ပေမည်။ အဘယ့်ကြောင့်နည်း။ ပါဠိဘာသာသည် အလွန်တိကျသည့် နည်းစနစ်ဖြင့် တည်ဆောက်ထားသည့် ဘာသာစကား ဖြစ်သောကြောင့်တည်း။

ပါဠိဘာသာကို လေ့လာရာတွင် အထူးစူးစိုက်ရမည့် အပိုင်းမှာ သုံးပိုင်းသာ ရှိ၏။ (၁) *Noun* ခေါ် နာမ်များ ဂိုဏ်းစဉ်ပုံကို ပိုင်ရမည်။ (၂) *Verb* ခေါ် ကြိယာများ ဂိုဏ်းစဉ်ပုံကို ပိုင်ရမည်။ (၃) *Participle* ခေါ် ကိတ်ကြိယာများ တည်ဆောက်ထားပုံကို ပိုင်ရမည်။ ထိုမှကြွင်းသော "နာမဝိသေသန၊ ကြိယာဝိသေသန၊ နိပါတ်ပုဒ်များ၊ သန္ဓိစပ်ပုံ၊ သမာသ်စပ်ပုံ၊ ကိတ်–တဒ္ဓိတ်ဟူသော ဝေါဟာရတည်ဆောက်ပုံ"–ဟူသော အချက် ၆–ချက်တို့ကား ကြည့်ရှုမှတ်သားရုံဖြင့် ကိစ္စပြီးနိုင်၏။ ပါဠိဘာသာသည် ယင်းအင်္ဂါ ၉–ရပ်ကို အခြေခံ၍ တည်ဆောက်ထားသည့် ဘာသာစကား ဖြစ်သည်။

ဤသို့သော ပါဠိဘာသာ၏ တည်ဆောက်ပုံနည်းစနစ်ကို ဤကျမ်းငယ်ကလေး၌ (လေ့ကျင့်ခန်း ဖတ်စာများနှင့်တကွ) အခန်း ၄၀–ကျော်မျှဖြင့် ပြီးပြည့်စုံအောင် ကျစ်လစ်သိပ်သည်းစွာ ရေးသားထားပါသည်။ ဤကျမ်းငယ်ကို "လိုချင်မှု၊ စိတ်ဝင်စားမှု" အပြည့်နှင့် တကယ်လေ့လာလျှင် '၄–လအတွင်း' တတ်မြောက်နိုင်ပါသည်။ နောက်ထပ် ၂–လလောက် ဇာတ်တော်နှင့် ဓမ္မပဒဝတ္ထုအချို့ကို ဆက်လက်ဖတ်ရှု ဆည်းပူးလိုက်လျှင် အခြေခံကောင်းကောင်း ရသွားပြီဖြစ်၏။ ထို့ကြောင့် ပါဠိဘာသာကို တကယ်သင်ယူလျှင် '၆–လနှင့်ပင်' အခြေခံကောင်းကောင်း ကေန်ရရှိပါလိမ့်မည်။ (ဤကားကမ္ဘာစံချိန်တည်း။)

မြင့်ဆွေ
မဟာဝိဇ္ဇာ (လန်ဒန်)
၂၇–၁၂–၈၀

[ ယခု ၂၀၀၂–ခုနှစ်၌ ပြင်ဆင်–ဖြည့်စွက်ချက်များနှင့်တကွ ပြန်လည်ပုံနှိပ်ပါသည်။ ]

# ဧရှေးဦးမှတ်ဖွယ်

ပါဠိဘာသာ၌ အသုံးပြုသည့် အက္ခရာအရေအတွက်မှာ ၄၁–လုံး ရှိ၏။ ယင်းအက္ခရာ ၄၁–လုံးကို သရ ၈–လုံးနှင့် ဗျည်း ၃၃–လုံးဟူ၍ နှစ်မျိုးခွဲခြားထားသည်။

## သရ ၈–လုံး

သရ ၈–လုံးတို့မှာ "အ, အာ။ ဣ, ဤ။ ဥ, ဦ။ ဧ, ဩ"–တို့ ဖြစ်၏။ ထိုသရ ၈–လုံးတွင် "အ, အာ။ ဣ, ဤ။ ဥ, ဦ"–တို့သည် အခြေခံသရများဖြစ်၍၊ **'မူလသရ'** ဟု ခေါ်၏။ "ဧ, ဩ"–သရတို့ကား ထိုမူလသရများမှ တိုးတက်ဖြစ်ပေါ်လာသော သရများဖြစ်၍ **'ဂုဏသရ'** ဟု ခေါ်၏။ ဆိုလိုသည်မှာ "ဧ"သရသည် "အ/အာ+ဣ/ဤ" တို့ကို ပေါင်းစပ်၍ တိုးတက်ဖြစ်ပေါ်လာသော သရဖြစ်၏။ "ဩ"သရသည် "အ/အာ+ဥ/ဦ" တို့ကို ပေါင်းစပ်၍ တိုးတက်ဖြစ်ပေါ်လာသော သရဖြစ်သည်။

မူလသရ ၆–လုံးတွင် "အ၊ ဣ၊ ဥ" တို့သည် အသံတိုသောကြောင့် **ရဿသရ** (သရတို)မည်၏။ "အာ၊ ဤ၊ ဦ" တို့သည် အသံရှည်သောကြောင့် **ဒီဃသရ** (သရရှည်) မည်၏။ "အ၊ အာ"သည် အသံတို–ရှည် တစုံ။ "ဣ၊ ဤ"သည် အသံတို–ရှည် တစုံ။ "ဥ၊ ဦ"သည် အသံတို–ရှည် တစုံ။ ဤသို့အားဖြင့် မူလသရ ၆–လုံးမှာ အသံတို–ရှည် ၃–စုံ ဖြစ်၏။

**မူလသရ** ..... အ, အာ။ ဣ, ဤ။ ဥ, ဦ။

**ဂုဏသရ** ..... (အာ)။ ဧ။ ဩ။

[ **မှတ်ချက်** ။ ။ ပါဠိဘာသာ၌ 'မူလသရ၊ ဂုဏသရ'ဟူ၍ သရအဆင့် ၂–ဆင့်သာ ရှိ၏။ သက္ကတဘာသာ၌ကား "အဲ၊ အော် (ဪ)"ဟူ၍ တတိယဆင့်အဖြစ် **ဝုဒ္ဓိသရ** ထားရှိသည်။ "အဲ"သည် 'ဧ'၏ ဝုဒ္ဓိသရဖြစ်၍၊ "အော်" (ဪ)သည် 'ဩ'၏ ဝုဒ္ဓိသရ ဖြစ်သည်။ ]

## ဗျည်း ၃၃-လုံး

ဗျည်းများကို ဝဂ်ဗျည်းနှင့် အ-ဝဂ်ဗျည်းဟူ၍ နှစ်မျိုးခွဲထား၏။ **'ဝဂ်ဗျည်း'** ဟူသည် အုပ်စုအားဖြင့် စုစည်းထားသော ဗျည်းများသာ ဖြစ်၏။ **'အ-ဝဂ်ဗျည်း'** ဟူသည် အုပ်စုမှလွတ်သော ဗျည်းများကို ဆိုလိုသည်။ 'ဝဂ်ဗျည်း'မှာ ၂၅-လုံးရှိ၍၊ 'အ-ဝဂ်ဗျည်း' မှာ ၈-လုံးရှိသည်။

ယင်းဗျည်းများမှာ အောက်ပါအတိုင်း ဖြစ်၏။

| | | | |
|---|---|---|---|
| **ဝဂ်ဗျည်း ၂၅ လုံး** | - | က၊ ခ၊ ဂ၊ ဃ၊ င။ | (က-ဝဂ်) |
| | | စ၊ ဆ၊ ဇ၊ ဈ၊ ည။ | (စ-ဝဂ်) |
| | | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။ | (ဋ-ဝဂ်) |
| | | တ၊ ထ၊ ဒ၊ ဓ၊ န။ | (တ-ဝဂ်) |
| | | ပ၊ ဖ၊ ဗ၊ ဘ၊ မ။ | (ပ-ဝဂ်) |
| **အ-ဝဂ်ဗျည်း ၈-လုံး** | - | ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။ | |

**ဝဂ် ၅-ခု** ။ ။ ဝဂ်ဗျည်း ၂၅-လုံးကို တဖန် ဝဂ် ၅-ခု (အုပ်စု ၅-စု)အားဖြင့် ၅-ခု ခွဲထားပြန်သည်။ ဝဂ်တခုလျှင် ဗျည်း ၅-လုံးစီ ပါ၏။ ထိုတွင်- (၁) **'က'** အစရှိသော ဗျည်း ၅-လုံးကို **'က-ဝဂ်** = က-အုပ်စု'ဟု ခေါ်၏။ (၂) **'စ'** အစရှိသော ဗျည်း ၅-လုံးကို **'စ-ဝဂ်** = စ-အုပ်စု'ဟု ခေါ်၏။ (၃) **'ဋ'** အစ ရှိသော ဗျည်း ၅-လုံးကို **'ဋ-ဝဂ်** = ဋ-အုပ်စု'ဟု ခေါ်၏။ (၄) **'တ'** အစရှိသော ဗျည်း ၅-လုံး ကို **'တ-ဝဂ်** = တ-အုပ်စု'ဟု ခေါ်၏။ (၅) **'ပ'** အစရှိသော ဗျည်း ၅-လုံးကို **'ပ-ဝဂ်** = ပ-အုပ်စု'ဟု ခေါ်၏။

**နာသိကဗျည်း**။ ။ နှာခေါင်းသံဖြင့် ရွတ်ဆိုရသောဗျည်းကို နာသိကဗျည်းဟု ခေါ်၏။ နာသိကဗျည်းမှာ "င၊ ဉ၊ ဏ၊ န၊ မ၊ အံ"-ဟူ၍ ၆-လုံး ရှိ၏။ ထိုတွင်- "အံ"မှာ ရွတ်ဆိုရာ၌ လွယ်ကူစေရန် 'အ'သရနှင့်တွဲ၍ ရေးထားခြင်း ဖြစ်၏။

စင်စစ်မှာ 'အံ'မဟုတ်။ (ံ)သာ ဖြစ်၏။ ယင်း (ံ)ကို **နိဂ္ဂဟိတ်** ဟု ခေါ်၏။ နိဂ္ဂဟိတ်ဟူသည် 'နှိပ်၍ ရွတ်ဆိုအပ်၏'ဟု အဓိပ္ပာယ်ရှိ၏။ ယင်း (ံ)ပါသော အက္ခရာကို ပင်ကိုအသံထက်ပို၍ ဖိနှိပ်ပြီး ရွတ်ဆိုရ၏–ဟူလို။ ယင်းနိဂ္ဂဟိတ် (ံ)သည် အစက်အပြောက်ကလေးမျှသာဖြစ်၍ ယင်းကို 'ဗိန္ဒု'ဟုလည်း ခေါ်သည်။ (မြန်မာတို့ကမူ 'သေးသေးတင်'ဟု ခေါ်သည်)။

နိဂ္ဂဟိတ် (ံ)သည် အလွန်ထူးခြားသော ဗျည်းဟုဆိုနိုင်၏။ ယင်းသည် နောက်က ဝဂ်–ဗျည်းများရှိလျှင် ဆိုင်ရာနာသိကဗျည်း ၅–လုံး (သဒ္ဒါနည်းအရ င၊ ဉ၊ ဏ၊ န၊ မ)သို့ ပြောင်းနိုင်၏။ ထို့ကြောင့် နိဂ္ဂဟိတ် (ံ)သည် ကျန်နာသိကဗျည်း ၅–လုံး၏ အတိုကောက် (ပုံစံတို)ဟု အကြမ်းအားဖြင့် မှတ်ထားနိုင်၏။

## ဗျည်းများ ဆင့်ပုံ – တွဲပုံ

**ဝဂ်ဗျည်းဆင့်ပုံ။** ။ ဝဂ်ဗျည်း ၂၅–လုံးကို 'က–ဝဂ်'စသောအားဖြင့် ဝဂ် ၅–ခု = အုပ်စု ၅–ခု ခွဲခြားထားသည်မှာ အလွန်အဓိပ္ပာယ်ရှိ၏။ အကြောင်းမှာ ပါဠိဘာသာ၌ ဝဂ်ဗျည်းများကို ဗျည်း ၂–လုံးဆင့်ရာ, တွဲရာတွင် ဝဂ်တခု, အုပ်စုတခုတည်း၌ ပါရှိသည့် ဗျည်းအချင်းချင်းသာ ဆင့်ခွင့်, တွဲခွင့် ရှိသောကြောင့်တည်း။ ဝဂ်တခုအတွင်းရှိ ဗျည်းအချင်းချင်းသာ ဆင့်ခွင့်ရှိသည် ဆိုရာတွင်လည်း ဆင့်ချင်သလို ဆင့်ခွင့်မရှိ။ ဆင့်ပုံစနစ်အတိုင်းသာ ဆင့်ရသည်။

ဗျည်းဆင့်ပုံစနစ်မှာ အချုပ်အားဖြင့် ဝဂ်တခုစီ၌ပါရှိသည့် ဗျည်း ၅–လုံးကို "ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ" (၁၊ ၂၊ ၃၊ ၄၊ ၅) ဟူ၍ နေရာစဉ်အရ မှတ်သားထားပါ။ ထို့နောက် "ပထမနှင့်ပထမ ($\frac{၁}{၁}$)၊ ပထမနှင့်ဒုတိယ ($\frac{၁}{၂}$)၊ တတိယနှင့် တတိယ ($\frac{၃}{၃}$)၊ တတိယနှင့်စတုတ္ထ ($\frac{၃}{၄}$) ဆင့်ရ၏။ ပဥ္စမဗျည်းကိုမူကား ဆိုင်ရာဝဂ်ဗျည်း ၅–ခုလုံးနှင့် ဆင့်ခွင့်ရှိသည်။ ထို့ကြောင့် ဆင့်ပုံမှာ–

၁— က္က၊ က္ခ၊ ဂ္ဂ၊ ဂ္ဃ။ င်္က၊ င်္ခ၊ င်္ဂ၊ င်္ဃ၊ (င်္င)။

၂— စ္စ၊ စ္ဆ၊ ဇ္ဇ၊ ဇ္ဈ။ ဉ္စ၊ ဉ္ဆ၊ ဉ္ဇ၊ ဉ္ဈ၊ ည။

၃— ဋ္ဋ၊ ဋ္ဌ၊ ဍ္ဍ၊ ဍ္ဎ။ ဏ္ဋ၊ ဏ္ဌ၊ ဏ္ဍ၊ ဏ္ဎ၊ ဏ္ဏ။

၄— တ္တ၊ တ္ထ၊ ဒ္ဒ၊ ဒ္ဓ။ န္တ၊ န္ထ၊ န္ဒ၊ န္ဓ၊ န္န။

၅— ပ္ပ၊ ပ္ဖ၊ ဗ္ဗ၊ ဗ္ဘ။ မ္ပ၊ မ္ဖ၊ မ္ဗ၊ မ္ဘ၊ မ္မ။

**အ–ဝဂ်ဗျည်းဆင့်ပုံ။** ။ အ–ဝဂ်ဗျည်း ဆင့်ပုံ, တွဲပုံမှာ အထက်ပါကဲ့သို့ တိကျသောစနစ် မရှိချေ။ သို့ရာတွင် များသောအားဖြင့် ပါဠိဘာသာ၌ အ–ဝဂ် ဗျည်းများကို အခြားဗျည်းများနှင့် အောက်ပါအတိုင်း ဆင့်လေ့, တွဲလေ့ ရှိသည်။

**ယ** ..... ကျ၊ ချ၊ ဂျ၊ တျ၊ ပျ၊ ဖျ၊ ဘျ၊ မျ၊ ယျ၊ လျ။

**ရ** ..... ကြ၊ ဂြ၊ တြ၊ ဒြ၊ ပြ၊ ဘြ၊ မြ။

**ဝ** ..... ကွ၊ ခွ၊ တွ၊ ဒွ၊ ဓွ၊ ဏွ၊ နွ၊ ယွ၊ သွ၊ ဟွ။

**ဟ** ..... ဉှ၊ ဏှ၊ နှ၊ မှ၊ ဝှ၊ ဠှ။

**လ/သ** ..... လ္လ၊ သ္မ၊ ဿ။

**သရနှင့်တွဲပုံ** ။ ။ ဖော်ပြပါ ဗျည်းအားလုံးတို့မှာ ရေးထုံးအတိုင်းသာ ဖော်ပြလိုက်ရခြင်း ဖြစ်၏။ အမှန်စင်စစ် ထိုဗျည်းတို့မှာ 'အ'သရ ပါရှိပြီးသော ပုံစံများ ဖြစ်၏။ အကယ်၍ ယင်း 'အ'သရကို ဖယ်ထုတ်လိုက်လျှင် 'က်၊ ခ်၊ ဂ်' စသည်ဖြင့် အသတ် (်) ပုံစံနှင့် သရမဲ့ဗျည်းများ ဖြစ်သွားပေမည်။ ယင်းသို့ သရကင်းမဲ့သွားလျှင် ဗျည်းများမှာ ကောင်းစွာအသံထွက်၍ ရနိုင်တော့မည် မဟုတ်ပေ။ အင်္ဂလိပ်ဘာသာသုံး အဆုံးဗျည်းများကဲ့သို့ပင်၊ မူလအသံ၏ တဝက်မျှသာ အသံထွက်နိုင်တော့မည်။ ထို့ကြောင့် မည်သည့်ဗျည်းမဆို သရနှင့်ကင်းပြီး အသံ (ကောင်းကောင်း) ထွက်၍မရ–ဟု ဆိုရိုးရှိသည်။

သရ ၈-လုံးစလုံးကို မည်သည့်ဗျည်းနှင့်မဆို တွဲနိုင်သည်။ ပုံစံအားဖြင့် "က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကော" စသည်။ နိဂ္ဂဟိတ် (ံ)ကို ဗျည်း၏နောက်၌ရှိသော 'အ၊ ဣ၊ ဥ'-ဟူသော သရတို ၃-လုံးနှင့် တွဲနိုင်သည်။ ပုံစံအားဖြင့် "အံ (ံ)၊ ဣံ (ိံ)၊ ဥံ (ုံ)၊ ကံ၊ ကိံ၊ ကုံ" စသည်။ ( aṁ, iṁ, uṁ ။ kaṁ, kiṁ, kuṁ )

## အသံဖြစ်ရာ ဌာန် ၅-မျိုး

အက္ခရာများကို ရွတ်ဆိုရာ၌ အသံထွက်ရာအရပ်ကို ဌာန (ဌာန်)ဟု ခေါ်၏။ ဌာန်မှာ ၅-မျိုးရှိ၏။ ယင်းတို့မှာ (၁) **ကဏ္ဌဌာန်** = လည်ချောင်းအရပ်၊ (၂) **တာလုဌာန်** = အာစောက်အရပ်၊ (၃) **မုဒ္ဓဌာန်** = လျှာထိပ်အရပ်၊ (၄) **ဒန္တဌာန်** = သွားအရပ်၊ (၅) **ဩဋ္ဌဌာန်** = နှုတ်ခမ်းအရပ်တို့ ဖြစ်၏။

အက္ခရာအသံတို့သည် ထိုဌာန် ၅-မျိုးမှ ဖြစ်ပေါ်လာကြသောကြောင့် -

(၁) ကဏ္ဌဌာန်၌ဖြစ်သော အက္ခရာများကို '**ကဏ္ဌဇ**' အက္ခရာဟု ခေါ်၏။

(၂) တာလုဌာန်၌ဖြစ်သော အက္ခရာများကို '**တာလုဇ**' အက္ခရာဟု ခေါ်၏။

(၃) မုဒ္ဓဌာန်၌ဖြစ်သော အက္ခရာများကို '**မုဒ္ဓဇ**' အက္ခရာဟု ခေါ်၏။

(၄) ဒန္တဌာန်၌ဖြစ်သော အက္ခရာများကို '**ဒန္တဇ**' အက္ခရာဟု ခေါ်၏။

(၅) ဩဋ္ဌဌာန်၌ဖြစ်သော အက္ခရာများကို '**ဩဋ္ဌဇ**' အက္ခရာဟု ခေါ်၏။

ထိုဌာန် ၅-ခု အသီးသီး၌ဖြစ်သော အက္ခရာများမှာ အောက်ပါအတိုင်း ဖြစ်၏။

| | | | |
|---|---|---|---|
| **ကဏ္ဌဇ** | ..... | က၊ ခ၊ ဂ၊ ဃ၊ င။ | '**ဟ၊ အ၊ အာ။**' |
| **တာလုဇ** | ..... | စ၊ ဆ၊ ဇ၊ ဈ၊ ဉ။ | '**ယ၊ ဣ၊ ဤ။**' |
| **မုဒ္ဓဇ** | ..... | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။ | '**ရ၊ ဠ။**' |
| **ဒန္တဇ** | ..... | တ၊ ထ၊ ဒ၊ ဓ၊ န။ | '**လ၊ သ။**' |
| **ဩဋ္ဌဇ** | ..... | ပ၊ ဖ၊ ဗ၊ ဘ၊ မ။ | '**ဝ၊ ဥ၊ ဦ။**' |

●၊ ဩ ။ ။ 'ဇ' သရသည် "အ/အာ + ဣ/ဤ" သရ ၂-မျိုးမှ ဂုဏ်ဖြောက် ဖြစ်ပေါ်လာသည့် သရဖြစ်၍ 'ကဏ္ဍ-တာလု' ဌာန် ၂-ခုခွဲ ဖြစ်သော ကြောင့်၊ 'ကဏ္ဍ-တာလုဇ' အက္ခရာမည်၏။ 'ဩ' သရသည် "အ/အာ + ဥ/ဦ" သရ ၂-မျိုးမှ ဂုဏ်ဖြောက်ဖြစ်ပေါ်လာသည့် သရဖြစ်၍ 'ကဏ္ဍ-ဩဋ္ဌ' ဌာန် ၂-ခုခွဲ ဖြစ်သော ကြောင့် 'ကဏ္ဍောဋ္ဌဇ' အက္ခရာမည်၏။

## အသံထွက်ပုံ

ပါဠိဘာသာသည် အိန္ဒိယပြည်၌ စတင်ပေါ်ထွန်းခဲ့သည့် ဘာသာစကား ဖြစ်၏။ ယင်းဘာသာသည် မြန်မာနိုင်ငံသို့ နိုင်ငံစတင် တည်ထောင်ကတည်းက ရောက်ရှိလာခဲ့၏။ ရှေးမြန်မာတို့သည် ပါဠိဘာသာကို စတင်လေ့လာစဉ်က အသံ မှန်ကန်စွာ ရွတ်တတ်-မရွတ်တတ် မသိရချေ။ ယခု မြန်မာတို့ ပါဠိအက္ခရာများကို ရွတ်ဆိုရာမှာ မူလ အိန္ဒိယသားတို့ အသံထွက်ပုံနှင့် အချို့နေရာများ၌ အတော်ပင် ကွဲပြား နေသည်။

မူလအသံထွက်၌ 'စ'ကို ကျ-ဟုဂုဏ်၊ 'ဆ'ကို ချ-ဟုဂုဏ်၊ 'ဇ'ကို ဂျ-ဟုဂုဏ်၊ 'ဈ'ကို ဃျ-ဟုဂုဏ်၊ 'သ'ကို စ-ဟုဂုဏ်၊ 'ဝ'ကို အင်္ဂလိပ်ဘာသာ V(ဗွီ)သံကဲ့သို့ဂုဏ် ရွတ်ဆိုရ၏။ ထို့ပြင် 'င၊ ဉ၊ ဏ၊ န၊ မ'ဟူသော နာသိကဗျည်း ၅-လုံးစလုံးကို နိဂ္ဂဟိတ် (ံ)သံအတိုင်း ရွတ်ဆိုရ၏။ (မင်္ဂလ = မံဂလ၊ ပဉ္စ = ပံကျ ... စသည်)

ဖော်ပြပါ မူလအသံထွက်ပုံများကို လိုက်နာ၍ ရွတ်ဆိုသင့်၏။ လေ့ကျင့်သင့် ၏။ ခက်လည်းမခက်၊ လွယ်ကူပါသည်။ ပါဠိစာလုံးများကို မူလသံအတိုင်း ရွတ်ဆို တတ်ပါမှ အိန္ဒိယသား, အနောက်တိုင်းသားများနှင့် ပြောဆိုရာတွင် အပြည့်အဝ နားလည်နိုင်သည်။ အသံထွက်ရာ၌ အခက်ဆုံးတခု ရှိ၏။ ယင်းမှာ 'ဋ' ဝဂ် ဗျည်းများနှင့် 'တ' ဝဂ် ဗျည်းများကို ကွဲပြားအောင် ရွတ်ဆိုမှုပင် ဖြစ်၏။ ယင်းတို့၏ အသံထွက် ကွဲပြားပုံကို စာဖြင့်ရေးပြ၍မရ။ အိန္ဒိယသား တဦးဦးထံမှ လက်တွေ့သင်ယူမှ ရနိုင်ရာ၏။

## (အသတ်သံပါ) ပါဠိလုံးဆင့်ပုဒ်များကို မြန်မာသံဖြင့် ဖတ်နည်း
## “၂-လုံးဆင့်ဗျည်းတွင် အထက်ဗျည်းကို ‘အသတ်သံဖြင့်’ ဖတ်ရခြင်း။”

**အက်** ။ အက္က၊ စက္က၊ စက္ခု၊ မဂ္ဂ၊ အနဂ္ဃ၊ ဒက္ခိဏ၊ သွာက္ခာတ၊ အက္ခာတ၊

**အစ်** ။ ပစ္စယ၊ အစ္စယ၊ မစ္ဆ၊ မစ္ဆရိယ၊ အစ္စ၊ မဇ္ဈိမ၊ * ဧဿတိ၊ * ခေတ္တ၊ * မေတ္တာ၊ * ဧတ္တ၊ * ဝေဿန္တရ၊ * သေဋ္ဌိ၊ * ဥပေက္ခာ၊

**အတ်** ။ အတ္တ၊ သတ္တ၊ အတ္ထ၊ သတ္ထ၊ မဒ္ဒ၊ အဒ္ဓ၊ အဋ္ဌိ၊ အဍ္ဎ၊ ဆဍ္ဍန၊ အနု၊ ကနုတိ၊ သပ္ပ၊ သဗ္ဗ၊ အဗ္ဘ၊ အဿ၊ ဖဿ၊ (* ဝပ္ပ၊ * ဝဿ)၊

**အွတ်** ။ ဝတ္တ၊ ဝတ္ထ၊ ဝဍ္ဎ၊ ဝနုန၊ * သောတ္ထိ=သွတ္ထိ၊ * ဖောဋ္ဌဗ္ဗ၊ * ဘောတ္တုံ၊ * သောဗ္ဘ၊ ဝဒ္ဓတိ၊ (* ဝပ္ပ၊ * ဝဿ)၊ သောဿတိ၊

**အင်** ။ အင်္ဂ၊ သင်္ခ၊ သင်္ချာ၊ သင်္ဂဟ၊ သင်္ဃ၊ ပဉ္စမ၊ အဉ္ဇလိ၊ သဉ္ဈာ၊ ဝဉ္ဈာ၊ အညမည၊ * ဧဏ္ဍိ၊ * ဒေဏ္ဍိ၊

**အံ = အန်** ။ သန္တ၊ သန္တိ၊ ဂန္ထ၊ မန္ဒ၊ ဆန္ဒ၊ ကဏ္ဋက၊ ကဏ္ဍ၊ ကမ္ဗု၊ ဒဏ္ဍ၊ စမ္ပာ၊ သမ္ဘဿ၊ အမ္ဗ၊ ထမ္ဘ၊ ဓမ္မ၊ * သလ္လ၊ * အလ္လ၊ * ကလ္လ၊ * ဒဠှ (ဒံလှ)၊ * အမှ (အံမှ)၊ * ဂါဠှ (ဂံလှ)၊

**အွံ = အွန်** ။ ဝဏ္ဏ၊ ဝန္ဒာမိ၊ ဝဏ္ဋ၊ ဝဏ္ဏ၊ * ဓံ၊ * တွံ၊ * ဝံသ၊ * ဝလ္လဘ၊ * သောဏ္ဍ၊ * ဟောန္တု၊ * သောဠှ (သွံလှ)၊ ဒွန္ဒ၊ * ဝမ္မ၊

**အိတ်** ။ နိက္ခ၊ အတိက္ကမ၊ သိက္ခာ၊ ဝိဂ္ဂဟ၊ ကိစ္စ၊ မိစ္ဆာ၊ ဝိဇ္ဇာ၊ ဝိဇ္ဈန၊ သိဇ္ဈတိ၊ မိတ္တ၊ တိတ္တိ၊ ဒိဋ္ဌိ၊ နိဒ္ဒါ၊ သိဒ္ဓိ၊ ခိဍ္ဍာ၊ သိပ္ပ၊ နိပ္ပန္န၊ ဒိဗ္ဗ၊ * တိဿ၊ * မိဿ၊ * ဣဿာ၊ * ဣက္ခတိ၊

**အိံ = အိန်** ။ လိင်္ဂ၊ သိင်္ခ၊ * ဣင်္ဃ၊ * ဣန္ဒ၊ ဝိညာဏ၊ ဝိဉ္ဈာ၊ သိဉ္စတိ၊ စိန္တာ၊ ဆိန္ဒတိ၊ ဘိန္ဒတိ၊ သိန္ဓဝ၊ ဒိန္န၊ တိဏ္ဏ၊ အာစိဏ္ဏ၊ လိမ္ပ ဗိမ္ဗ၊ တိံသ၊ * ဣန္ဒြိယ၊ * အဂ္ဂိံ၊ * ကိံ၊ * ကိံဝါဒီ၊ * အဘိဏှ (အဘိံဏှ)၊ * တိဏှ (တိံဏှ)၊

**အုတ်** ॥ ဒုက္ကရ၊ *ဥက္ကဋ္ဌ၊ ဒုက္ခ၊ ဒုဂ္ဂတိ၊ *ဥဂ္ဂ၊ *ဥစ္စယ၊ ပုစ္ဆာ၊ ခုဇ္ဇ၊ သုဇ္ဈတိ၊ ကုဋ္ဋပုဋ္ဌ၊ တုဋ္ဌ၊ ကုဏ္ဍ၊ ကုဏ္ဌ၊ ဝုတ္တ၊ ဝုတ္ထ၊ တုတ္ထ၊ သုဒ္ဒ၊ ဗုဒ္ဓ၊ သုပ္ပ၊ ပုပ္ဖ၊ ပုဗ္ဗ၊ *တုဿတိ၊ *ဥဿဝ၊ *ဥတ္တမ၊

**အုံ = အုန်** ॥ သုံကိ၊ တုင်္ဂ၊ ကုဏ္ဍိ၊ ကုဏ္ဍ၊ သုန္ဒရ၊ ဝသုန္ဓရ၊ မုဉ္စတိ၊ ပုဉ္ဇ၊ ဘုဉ္ဇ၊ သုည၊ ကုဏ္ဍလ၊ ပုဏ္ဏ၊ မုဏ္ဍ၊ တုဏှိ (တုံဏှိ)၊ ကုမ္ဘ၊ *ဥမ္မုဒ္ဒ၊ *စုလ္လ၊ *သုယျတိ၊ စက္ခုံ၊ *ဥုံ၊ *ဂုဠှ (ဂုံလှ)၊ *မုဠှ (မုံလှ)၊ *တုမှ (တုံမှ)၊ *ဝုဠှ (ဝုံလှ)၊ *ဥဏှ (အုံဏှ)၊ *ဝုယှတိ (ဝုံယှ)၊ ရုဠှ (ရုံလှ)၊

**အောက်** ॥ မောက္ခ၊ မောဂ္ဂလာန၊ ဘောက္ခတိ၊ *ဩက္ကန္တိ၊ ( *ဩညာတ = အွံညာတ? အောင်ညာတ?)။

==========

## ပထမပိုင်း

### ၁။ အ သရဆုံး (ပု) နာမ်ဂိုဏ်း

**နာမ်ပုဒ်** ॥ ॥ သက်ရှိ–သက်မဲ့တို့၏ အမည်များကို ဖော်ပြသည့်ပုဒ်သည် နာမ်ပုဒ် မည်၏။ နာမ်ပုဒ်မှာ (၁) ရိုးရိုးနာမ်ပုဒ် = *Noun* (၂) နာမ်စား = *Pronoun* (၃) သချာနာမ် = *Numeral* ဟူ၍ ၃–မျိုးရှိ၏။

**လိင် ၃–မျိုး** ॥ ॥ လိင် = *Gender* ဟူသည် ထိုနာမ်တို့၏ "အဖို၊ အမ" သဘောကို ဖော်ပြခြင်း ဖြစ်၏။ သို့ရာတွင် ပါဠိဘာသာ၌ ယင်း "အဖို၊ အမ" သဘောကို သဘာဝကျကျ ဖော်ပြခြင်းမရှိသောကြောင့်၊ မည်သည့် နာမ်ပုဒ်သည် မည်သည့်လိင်မျိုးဖြစ်ကြောင်း မှတ်သားရန် အလွန်ခဲယဉ်းလှသည်။

လိင်မှာ (၁) ပုလ္လိင် = *Masculine* နပုလ္လိင် = *Neuter* (၃) ဣတ္ထိလိင် = *Feminine* ဟူ၍ ၃–မျိုး ရှိ၏။ ယင်းလိင် ၃–မျိုးကို အစွဲပြု၍ နာမ်ပုဒ်မှာလည်း (၁) ပုလ္လိင်နာမ်ပုဒ်၊ (၂) နပုလ္လိင်နာမ်ပုဒ်၊ (၃) ဣတ္ထိလိင်နာမ်ပုဒ်ဟူ၍ ၃–မျိုး ခွဲခြားထားသည်။

ထို့ပြင် နာမ်ပုဒ်တို့သည် သရ ၈–လုံးတွင် တလုံးလုံးနှင့် ဆုံးတတ်သည် ဖြစ်ရာ၊ ယင်းအဆုံးသရကို အစွဲပြု၍ အ–သရဆုံးနာမ်ပုဒ်- စသည်ဖြင့်-ခေါ်ဝေါ်လေ့ ရှိသည်။

**နာမ်ဝိဘတ်** ။ ။ နာမ်ပုဒ်များသည် သူ့ချည်းသက်သက် ကြိယာနှင့် မဆက်သွယ်နိုင်။ ကြိယာ့နှင့် ဆက်သွယ်နိုင်အောင် (ဝါ) ဝါကျတည်ဆောက်၍ ရအောင် နာမ်ပုဒ်များသို့ ဝိဘတ်များ ဆက်ပေးရသည်။ နာမ်ဝိဘတ်မှာ ၇–မျိုး ရှိ၏။ ယင်းတို့ကို "ပထမာ၊ ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ပဉ္စမီ၊ ဆဋ္ဌီ၊ သတ္တမီ" (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) ဟူ၍ နေရာအစဉ်အတိုင်း နံပါတ်တပ်ပြီး ခေါ်လေ့ရှိသည်။

ယင်းဝိဘတ် ၇–မျိုးကို မြန်မာဘာသာသုံး ဝိဘတ်များနှင့်တွဲ၍ ဖော်ပြရသော် (၁) ပထမာ = **'သည်'** ဝိဘတ်၊ (၂) ဒုတိယာ = **'ကို'** ဝိဘတ်၊ (၃) တတိယာ = **'ဖြင့်'** ဝိဘတ်၊ (၄) စတုတ္ထီ = **'အား'** ဝိဘတ်၊ (၅) ပဉ္စမီ = **'မှ'** ဝိဘတ်၊ (၆) ဆဋ္ဌီ = **'၏'** ဝိဘတ်၊ (၇) သတ္တမီ = **'၌'** ဝိဘတ်–ဟူ၍ ဖြစ်၏။

**ကာရက** ။ ။ 'ကာရက'ဟူသည် ကြိယာ၏အနက်အဓိပ္ပါယ်ကို ပြီးပြည့်စုံအောင် ပြုတတ်ခြင်းသဘော ရှိ၏။ ဖော်ပြပါ ဝိဘတ်တို့၏ အနက်အဓိပ္ပါယ်ကို ဖော်ပြရာတွင် 'ကာရက'ဟူသော အမည်ဖြင့် ဖော်ပြလေ့ ရှိ၏။ သို့ဖြစ်၍ ဝိဘတ် ၇–မျိုးကို အစွဲပြုပြီး၊ 'ကာရက'ကိုလည်း ၇–မျိုး ထားရှိသည်။ ယင်း ကာရက ၇–မျိုး မှာ "ကတ္တာ၊ ကမ္မ၊ ကရဏ၊ သမ္ပဒါန၊ အပါဒါန၊ သာမိ၊ ဩကာသ"တို့ ဖြစ်၏။

ဖော်ပြပါ နာမ်ဝိဘတ် ၇–မျိုးတို့တွင် (၁) **ပထမာ = 'သည်'** ဝိဘတ်သည် 'ပြုလုပ်သူ'ကို ဖော်ပြသောကြောင့် **'ကတ္တာ'** ကာရက သဘောရှိ၏။ (ခေါ်ဝေါ်ခြင်း 'အာလပန'အတွက်လည်း ပထမာ ဝိဘတ်ကိုပင် သုံးလေ့ရှိ၏။) (၂) **ဒုတိယာ = 'ကို၊ သို့'** ဝိဘတ်သည် 'ပြုလုပ်ခံရသူ'ကို ဖော်ပြသောကြောင့် **'ကမ္မ'** ကာရက သဘောရှိ၏။ (၃) **တတိယာ = 'ဖြင့်၊ နှင့်'** ဝိဘတ်သည် တွဲဖက်ခြင်း၊ ကြိယာအနက်၏ ပြီးစေကြောင်း

သဘောကို ဆောင်သောကြောင့် **'ကရဏ'** ကာရက သဘောရှိ၏။ (၄) **စတုတ္ထီ = 'အား, အတွက်, အဘို့, အလို့ငှါ'** ဝိဘတ်သည် 'လက်ခံသူ'ကို ဖော်ပြသောကြောင့် **'သမ္ပဒါန'** ကာရက သဘောရှိ၏။ (၅) **ပဉ္စမီ = 'မှ'** ဝိဘတ်သည် 'ဖဲခွာရာ' အရပ်ကို ဖော်ပြသောကြောင့် **'အပါဒါန'** ကာရက သဘောရှိ၏။ (၆) **ဆဋ္ဌီ = '၏, မှာ'** ဝိဘတ်သည် 'ပိုင်ဆိုင်သူ'ကို ဖော်ပြသောကြောင့် **'သာမိ'** ကာရက သဘောရှိ၏။ (၇) **သတ္တမီ = '၌, တွင်, မှာ'** ဝိဘတ်သည် 'တည်နေရာ' (နှင့် အချိန်ကာလ)ကို ဖော်ပြသောကြောင့် **'ဩကာသ'** ကာရက သဘောရှိ၏။

**ဝုစ်** ။ ။ **ဝုစ်** ဟူသည် (နာမ်ပုဒ်တို့၏) အရေအတွက်ကို ဖော်ပြခြင်းဖြစ်၏။ **ဝုစ်** မှာ 'ဧကဝုစ်၊ ဗဟုဝုစ်'ဟူ၍ နှစ်မျိုးရှိ၏။ **'ဧကဝုစ်'** ဟူသည် အရေအတွက် တခုကို ဖော်ပြ၍ **'ဗဟုဝုစ်'** ဟူသည် တခုထက်ပိုသော အရေအတွက်ကို ဖော်ပြသည်။ ဖော်ပြပါ ဝိဘတ် ၇–မျိုးမှာ 'ဧကဝုစ်၊ ဗဟုဝုစ်'ဟူ၍ **ဝုစ်** နှစ်မျိုးစီရှိသောကြောင့် ဝိဘတ် ၇–စုံ = ဝိဘတ် ၁၄–လုံး ရှိသည်ဟု မှတ်ရာ၏။

**နာမ်ဂိုဏ်းစဉ်** ။ ။ ဂိုဏ်း (ဂဏ)ဟူသည် အုပ်စုဟု ဆိုလိုသည်။ နာမ်ပုဒ်များကို ဖော်ပြပါ နာမ်ဝိဘတ် ၇–မျိုး အစဉ်အတိုင်းဆက်ပြီး တဂိုဏ်း, တစုတည်း အဖြစ် စုပေါင်းစဉ်ထားခြင်းကို 'နာမ်ဂိုဏ်းစဉ်'ဟု ခေါ်၏။

ပါဠိဘာသာ၌ ဝိဘတ် ၇–မျိုးဖြင့် နာမ်ဂိုဏ်းစဉ်ရာတွင် အမှတ်ရ လွယ်ကူစေရန်အတွက် ဝိဘတ်ပုံစံဆင်တူရာကို ပေါင်း၍ ထားသင့်၏။ ယင်းသို့ ဆင်တူရာကို ပေါင်းလိုက်လျှင် အုပ်စု ၄–ခု ထွက်ပေါ်လာ၏။ ယင်းတို့မှာ (၁) **ပထမာနှင့် ဒုတိယာ**။ ခေါ်ဝေါ်ခြင်း 'အာလပန'အတွက် အသုံးပြုသော ဝိဘတ်လည်း ပထမာဝိဘတ်ပင် ဖြစ်၏။ (၂) **တတိယာနှင့် ပဉ္စမီ**။ (၃) **စတုတ္ထီနှင့် ဆဋ္ဌီ**။ (၄) **သတ္တမီ** ဝိဘတ်–ဟူ၍ ဖြစ်၏။

## အခြေပြုပါဠိသဒ္ဒါ (၁၆)

နာမ်ဂိုဏ်းစဉ် အမှတ်ရလွယ်ကူစေရန်အတွက် ဤအုပ်စု ၄-ခု အစဉ်အတိုင်းပင် ဤကျမ်း၌ ဖော်ပြပါမည်။

**အတိုကောက်** ။ ။ (၁) 'ပ' = ပဌမာ။ ('အာ' = အာလပန) 'ဒု' = ဒုတိယာ။ 'တ' = တတိယာ။ 'ပံ' = ပဉ္စမီ။ 'စ' = စတုတ္ထီ။ 'ဆ' = ဆဋ္ဌီ။ 'သ' = သတ္တမီ။ (၂) 'ဧ' = ဧကဝုစ်။ 'ဗ' = ဗဟုဝုစ်။ (၃) 'ပု' = ပုလ္လိင်။ 'နု' = နပုလ္လိင်။ 'ဣ' = ဣတ္ထိလိင်။

### အ-သရဆုံး (ပု)သုံး နာမ်ဝိဘတ်

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | သြ | အာ |
| အာ- | - | အာ |
| ဒု- | - | ဧ |
| တ- | ဧန | ဟိ၊ ဘိ |
| ပံ- | သ္မာ၊ မှာ၊ အာ | ဟိ၊ ဘိ |
| စ- | သ (အာယ) | အာနံ |
| ဆ- | သ | အာနံ |
| သ- | သ္မိံ၊ မှိ၊ ဧ | ဧသု |

### ဒေဝ (နတ်)ကို ဂိုဏ်းစဉ်ပုံ
(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | ဒေဝေါ | ဒေဝါ |

| | | |
|---|---|---|
| အာ- | ဒေဝ | ဒေဝါ |
| ဒု- | ဒေဝံ | ဒေဝေ |
| တ- | ဒေဝေန | ဒေဝေဟိ၊ ဒေဝေဘိ |
| ပံ | ဒေဝသ္မာ၊ ဒေဝမှာ ၊ ဒေဝါ | ဒေဝေဟိ၊ ဒေဝေဘိ |
| စ- | ဒေဝဿ၊ (ဒေဝါယ) | ဒေဝါနံ |
| ဆ- | ဒေဝဿ | ဒေဝါနံ |
| သ- | ဒေဝသ္မိံ၊ ဒေဝမှိ၊ ဒေဝေ | ဒေဝေသု |

## ဒေဝ–အတိုင်း ပိုထားစဉ်ရသည့်
## အ–သရဆုံး (ပု)နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဓမ္မ | = | တရား | ဗုဒ္ဓ, ဇိန | = | ဘုရား |
| သံဃ | = | သံဃာ | မိတ္တ | = | မိတ်ဆွေ |
| ပုတ္တ | = | သား | သတ္တ | = | သတ္တဝါ |
| ဂါမ | = | ရွာ | သူရိယ | = | နေမင်း |
| ရထ | = | ရထား | လောက | = | လောက |
| လုဒ္ဒ | = | မုဆိုး | အမစ္စ | = | အမတ် |
| ယက္ခ | = | ဘီလူး | ဗြာဟ္မဏ | = | ပုဏ္ဏား |
| ဒါသ | = | ကျွန် | သိဿ | = | တပည့် |
| မဂ္ဂ | = | လမ်း | အာစရိယ | = | ဆရာ |
| ဂေါဏ | = | နွား | မနုဿ (နုဿ) | = | လူ |
| အဿ | = | မြင်း | ပုရိသ | = | ယောကျ်ား |
| စန္ဒ | = | လ | ဝိဟာရ | = | ကျောင်း |

| | | | | | |
|---|---|---|---|---|---|
| ဟတ္ထ | = | လက် | ဝါဏိဇ | = | ကုန်သည် |
| သဒ္ဒ | = | အသံ | ဒါရက | = | ကလေး၊ သူငယ် |
| အဇ | = | ဆိတ် | ဩဒန | = | ထမင်း |
| သီဟ | = | ခြင်္သေ့ | ကဿက | = | လယ်သမား |
| ဖုဿ | = | ကျား | ကာက | = | ကျီးကန်း |
| မစ္ဆ | = | ငါး | ဇယ | = | အောင်ခြင်း |
| သုနခ | = | ခွေး | စောရ | = | ခိုးသူ |
| သကုဏ | = | ငှက် | အာကာသ | = | ကောင်းကင် |
| မိဂ | = | သမင် | ရုက္ခ | = | သစ်ပင် |
| ပဗ္ဗတ | = | တောင် | ဗောဓိသတ္တ | = | ဘုရားလောင်း |
| ဂဇ | = | ဆင် | ပိဏ္ဍပါတ | = | ဆွမ်း |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဗုဒ္ဓဿ ဓမ္မော။ ၂– အာကာသေ သူရိယော။ ၃– ဝါဏိဇော ရထေန။ ၄– ဂါမသ္မာ မနုဿာ။ ၅– စောရော ဂါမမ္ဟာ။ ၆– မဂ္ဂေသု ဒါရကာ။ ၇–အာစရိယဿ သိဿာ။ ၈– ဝိဟာရေ သံဃဿ။ ၉– ရုက္ခသ္မိံ လုဒ္ဒေါ။ ၁၀– အဿာ ဂေါဏေဟိ။

==========

## ၂။ ။ ပထမ ကြိယာဂိုဏ်း (၁)

**ကြိယာ** ။ ။ ကြိယာဟူသည် ဝါကျတခုလုံး၏ 'ပြုလုပ်ခြင်း'–စသည့် အဓိပ္ပာယ်ကို ပြည့်စုံစွာ ဖော်ပြသည့် ပုဒ်ဖြစ်၏။ ကြိယာပုဒ်တခုမှာ **'ဓာတ်၊ ပစ္စည်း၊ ဝိဘတ်'** ဟူ၍ ၃–ပိုင်း ပါရှိ၏။ ရှေးဦးစွာ ဓာတ်သို့ ပစ္စည်းဆက်ပေးရ၏။ ယင်းကို

**'တည်ပုဒ်'** ဟုခေါ်၏။ ထိုနောက် ယင်းတည်ပုဒ်သို့ ကြိယာဝိဘတ် ဆက်ပေးရ၏။ ယင်းသို့ ၃–ခုပေါင်းစပ်ထားသော ပုဒ်ကို ကြိယာဟု ခေါ်၏။

**ဓာတ်** ။ ။ ဓာတ်ဟူသည် ကြိယာ၏ မူရင်း (အခြေခံ)ပုဒ် ဖြစ်၏။ ယင်းဓာတ်သည် 'ပြုလုပ်သူ'(ကတ္တား)၏ ပြုလုပ်ခြင်းအမျိုးမျိုးကို ဖော်ပြ၏။ ဓာတ်ကို (√) အမှတ်အသားဖြင့် ဖော်ပြလေ့ရှိသည်။

**ပစ္စည်း** ။ ။ ကြိယာတည်ပုဒ် ပြုလုပ်ရန် ဓာတ်သို့ ဆက်ပေးရသည့် ပုဒ်ဖြစ်၏။ ယင်းပစ္စည်းသည် ကြိယာပုံစံအမျိုးမျိုးကို ခွဲခြားပေးသည်။

**ဝိဘတ်** ။ ။ ကြိယာဝိဘတ်ဟူသည် 'အချိန်ကာလ၊ အခြေအနေ၊ ယောဂ = *Person,* **ဝုစ်**' အားဖြင့် ကြိယာကို အမျိုးမျိုး ခွဲခြားပေးသည့် ပုဒ်မျိုး ဖြစ်၏။ ကြိယာပုဒ်တခု အပြည့်အစုံ ဖြစ်လာစေရန် ဝိဘတ်ကို ဖော်ပြပါ ကြိယာတည်ပုဒ်သို့ ဆက်ပေးရသည်။

ကြိယာဝိဘတ်မှာ ၅–မျိုး ရှိ၏။ ယင်းတို့မှာ (၁) **ပစ္စုပ္ပန်ဝိဘတ်။** ယင်းကို 'ဝတ္တမာန်'ဟုလည်း ခေါ်၏။ (၂) **ပဥ္စမီဝိဘတ်။** ယင်းကို 'အာဏတ္တိ' ဝိဘတ်ဟုလည်း ခေါ်၏။ (၃) **သတ္တမီဝိဘတ်။** [ဤဝိဘတ် ၃–မျိုးသည် ပစ္စုပ္ပန်ကာလနှင့် သက်ဆိုင်၏။] (၄) **အနာဂတ်ဝိဘတ်။** (၅) **အဇ္ဇတနီဝိဘတ်။** ယင်းသည် အတိတ်ကာလကို ဖော်ပြသဖြင့် အတိတ်ဝိဘတ်ဟုလည်း ခေါ်နိုင်၏။

**ယောဂ** ။ ။ 'ယောဂ'ဟူသည် "သူ၊ သင်၊ ငါ"ဟူ၍ ကတ္တားပုဒ် ၃–မျိုးကို အစွဲပြုပြီး ကြိယာပုဒ်ကို ပုံစံ ၃–မျိုးဖြစ်အောင် ခွဲခြားပေးခြင်းကို ဆိုလို၏။ 'ယောဂ' မှာ "နာမ၊ တုမှ၊ အမှ"ဟူ၍ ၃–မျိုးရှိ၏။

(၁) **နာမယောဂ** = *3rd Person* ၌ 'သူ'နှင့်တကွ အလုံးစုံသော နာမ်ပုဒ်များ ပါဝင်၏။ (၂) **တုမှယောဂ** = *2nd Person* ၌ 'သင်' (ခင်ဗျား)ဟု အဓိပ္ပာယ်ရှိသည့် ပုဒ်တမျိုးသာ ပါဝင်၏။ (၃) **အမှယောဂ** = *1st Person* ၌ 'ငါ' (ကျွန်ုပ်)ဟု အဓိပ္ပာယ်ရှိသည့် ပုဒ်တမျိုးသာ ပါဝင်၏။

[ **အတိုကောက်** ။ ။ **နာ** = နာမယောဂ။ **တု** = တုမ္ဟယောဂ။ **မှ** = အမှယောဂ။ ]

**ဝုစ်** ။ ။ နာမ်ဝိဘတ်ကဲ့သို့ပင် ကြိယာဝိဘတ်မှာလည်း နာမ်ပုဒ်၏ အနည်း-အများသို့ လိုက်၍ "ဧကဝုစ်၊ ဗဟုဝုစ်"ဟု ၂-မျိုးရှိသည်။ [ **အတိုကောက် - ဧ၊ ဗ။** ]

ဤသို့လျှင် ကြိယာဝိဘတ်တမျိုး တမျိုးမှာ (၁) ယောဂ ၃-မျိုး၊ (၂) ဝုစ် ၂-မျိုး ရှိသောကြောင့်၊ သုံးမျိုး အစုံအားဖြင့် ဝိဘတ်လုံးရေ ၆-လုံးစီ ရှိလေသည်။

**ကြိယာဂိုဏ်းစဉ်** ။ ။ ဂိုဏ်းဟူသည် အုပ်စုဖြစ်၏။ ဓာတ်သို့ ဆက်ပေးရသည့် ပစ္စည်းမှာ ၇-မျိုး ရှိသောကြောင့် ဓာတ်ကိုလည်း အုပ်စု ၇-မျိုး ခွဲခြားသတ်မှတ်ထားသည်။ ထို့ကြောင့် ကြိယာဂိုဏ်းမှာ "ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ"ဟူ၍ ၇-မျိုး ရှိသည်။

ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်၍ ရအပ်သော တည်ပုဒ်သို့ ကြိယာဝိဘတ်များ ဆက်၍ တခုတည်း စီစဉ်ထားခြင်းကို ကြိယာဂိုဏ်းစဉ်ဟု ခေါ်သည်။

## ပထမ ကြိယာဂိုဏ်း (၁) တည်ဖြစ်ပုံ

ဘူ အစရှိသော ဓာတ်များသို့ **'အ'** ပစ္စည်း ဆက်ပေးရသည့် ကြိယာဂိုဏ်းကို ပထမကြိယာဂိုဏ်း **(ဘူဝါဒိဂိုဏ်း)** ဟုခေါ်၏။ ဤဂိုဏ်းသည် အရာကျယ်၍ အပိုင်း(၁)၊ (၂)ဟု ခွဲခြားထားသည်။

ပထမကြိယာဂိုဏ်း(၁)၌ ပါဝင်သည့် ဓာတ်တို့မှာ ၂-မျိုး ရှိ၏။ ယင်းတို့မှာ (က) ဗျည်းဆုံးဓာတ်များ၊ (ခ) "ဣ၊ ဤ၊ ဥ၊ ဦ" သရဆုံးဓာတ်များ ဖြစ်၏။ ကြိယာတည်ပုဒ် ပြုလုပ်ရန် ယင်းဓာတ်များသို့ ဂိုဏ်းပစ္စည်း **'အ'** ကို ဆက်ပေးရသည်။

## ကြိယာတည်ပုဒ် ပြုလုပ်ပုံ

**(က) <u>အုပ်စုပါ</u>** ဗျည်းဆုံးဓာတ်များသို့ 'အ'ပစ္စည်းဆက်သောအခါ များသောအားဖြင့် ပြောင်းလဲမှုမရှိ။ √သုဘ်၊ √သုစ်၊ √မုဒ် ဓာတ်တို့၏ 'ဥ'သည် 'ဩ'သို့ ပြောင်းသည်။ ( တိ–ဝိဘတ်ဆက်ထားသော ကြိယာပုဒ်များကို အောက်၌ ပြဆိုထား၏။ )

ပြယုဂ် √ပစ် + အ+တိ= ပစတိ = ချက်၏
√လဘ် + အ+တိ= လဘတိ = ရ၏
√ပုစ္ဆ် + အ+တိ= ပုစ္ဆတိ = မေး၏
√သေဝ် + အ+တိ= သေဝတိ = မှီဝဲ၏
√သုဘ် + အ+တိ= သောဘတိ = တင့်တယ်၏
√သုစ် + အ+တိ= သောစတိ = စိုးရိမ်–ပူပန်၏
√မုဒ် + အ+တိ= မောဒတိ = ဝမ်းမြောက်၏
√ဟာန် + အ+တိ= ဟာနတိ = သတ်–ညှင်းဆဲ၏
အထူး – √ဂမ် + အ+တိ= ဂစ္ဆတိ = သွား၏
√ဣသ် + အ+တိ= ဣစ္ဆတိ = အလိုရှိ၏

**(ခ) <u>အုပ်စုပါ "ဣ၊ ဤ၊ ဥ၊ ဦ"</u>** သရဆုံး ဓာတ်များသို့ 'အ'ပစ္စည်း ဆက်သောအခါ "ဣ၊ ဤ"သည် "ေ၊ အယ"သို့ရှင်း၊ "ဥ၊ ဦ"သည် "ဩ၊ အဝ"သို့ရှင်း ပြောင်းသည်။ ( √ဒါ သည် 'ဒေ'သို့ ပြောင်း၏။ )

ပြယုဂ် – √ဇိ + အ+တိ= ဇေတိ၊ ဇယတိ = အောင်၏
√နီ + အ+တိ= နေတိ၊ နယတိ = ဆောင်၏
√သီ + အ = သေတိ၊ သယတိ = အိပ်၏
√ကု + အ = ကဝတိ = အသံပြု၏
√ဘူ + အ = ဘောတိ၊ ဘဝတိ = ဖြစ်–ရှိ၏

၁၈၀။

## အခြေပြုပါဠိသဒ္ဒါ (၂၂)

√ဟူ + အ = ဟောတိ = ဖြစ်–ရှိ၏

* √ဒါ + အ = ဒေတိ = ပေး–ပေးလှူ၏

### ဝစ္စဟပ္ပနဝိဘတ် =

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | တိ | အန္တိ |
| မ– | သိ | ထ |
| ဥ– | မိ | မ |

[ကြိယာဝိဘတ်များကို အထက်ဖော်ပြပါ ဓာတ်ပုဒ်များသို့ ဆက်ပေးလျှင် ကြိယာ ဖြစ်သွားသည်။ ပုံစံအားဖြင့်– ပစ+တိ = ပစတိ = ချက်၏။ ပစ+အန္တိ = ပစန္တိ = ချက်ကြ၏။]

### (က) √ပစ် + အ = 'ပစ'ကို ဝိဘတ်ခွဲပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | ပစတိ | ပစန္တိ |
| မ– | ပစသိ | ပစထ |
| ဥ– | ပစာမိ | ပစာမ |

**မှတ်ရန်** ။ ။ "မိ၊ မ" ရှေ့ရှိ 'အ' သရသည် 'အာ' သို့ ပြောင်းသည်။ 'အန္တိ'ရှေ့ရှိ 'အာ' သည် 'အ' သို့ ပြောင်း၏။

## ပထမဥြည်ယာပိုဏ်း (ဃ) အုပ်စုဝင် ဓာတ်များ

√မရ် – မရတိ = သေ၏ 
√ဝသ် – ဝသတိ = နေ၏ 
√ခါဒ် – ခါဒတိ = စား၏ 
√ခိပ် – ခိပတိ = ပစ်၏ 
√ကီဠ် – ကီဠတိ = ကစား၏ 
√ဝန္ဒ် – ဝန္ဒတိ = ရှိခိုး၏ 
√ဝမ် – ဝမတိ = သတ်၏ 
√ဓာဝ် – ဓာဝတိ = ပြေးသွား၏ 
√ဝဒ် – ဝဒတိ = ပြောဆို၏ 
√ဘာသ် – ဘာသတိ = ပြောဆို၏ 
√ကာသ် – ကာသတိ = (လယ်)ထွန်၏ 
√ဝဍ္ဎ် – ဝဍ္ဎတိ = ဖြစ်၏ 
√ဘက္ခ် – ဘက္ခတိ = စား၏ 
√ယာစ် – ယာစတိ = တောင်း၏ 
√သိက္ခ် – သိက္ခတိ = သင်ယူ–ကျင့်၏ 
√စရ် – စရတိ = သွား–ကျင့်၏ 
√ရက္ခ် – ရက္ခတိ = စောင့်ရှောက်၏ 
√ဟရ် – ဟရတိ = ယူဆောင်၏ 
√တရ် – တရတိ = ကူးမြောက်၏ 
√နဋ် – နဋတိ = က–ကခုန်၏ 
√ဓောဝ် – ဓောဝတိ = ဆေးကြော–လျှော်၏ 
ပ√ဝိသ် – ပဝိသတိ = ဝင်၏ 
နိ√သဒ် – နိသီဒတိ = ထိုင်၏ 
√ကဿ် – ကဿတိ = (လယ်)ထွန်၏

### (စ) √ဓိ + အ = 'ဓေ' ကို ဝိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ဓေတိ | ဓေန္တိ |
| ထု– | ဓေသိ | ဓေထ |
| မှ– | ဓေမိ | ဓေမ |

**မှတ်ရန်** – (ခ) အုပ်စုဝင် ဓာတ်များမှာ ပုံစံနှစ်မျိုးစီရှိကြရာ၊ * "နေ၊ ဒေ၊ ယော" စသည့် 'ေ၊ ဩ' သရဆုံး တည်ပုဒ်များကို 'ဓေ' အတိုင်း ဂိုဏ်းစဉ်ရ၏။ * 'နယ၊ ဘဝ' စသည့် "အယ၊ အဝ" ဆုံး တည်ပုဒ်များကို 'ပစ' အတိုင်း ဂိုဏ်းစဉ်ရ၏။

## အခြေပြုပါဠိသဒ္ဒါ (၂၄)

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁- ဗုဒ္ဓေါ ဓမ္မံ ဘာသတိ။ ၂- အဿော ဂါမံ ဓာဝတိ။ ၃- ဗြာဟ္မဏော သူရိယံ ဝန္ဒတိ။ ၄- လုဒ္ဒေါ မိဂံ ဝဓေတိ။ ၅- သကုဏာ အာကာသေန ဂစ္ဆန္တိ။ ၆- အာစရိယော သိဿံ ပုစ္ဆတိ။ ၇- အမစ္စဿ ပုတ္တော ရထေ နိသီဒတိ။ ၈- သိဿော ဝိဟာရံ ပဝိသတိ။ ၉- ကာကာ ရုက္ခသ္မိံ သယန္တိ။ ၁၀- စန္ဒော အာကာသေ သောဘတိ။

==========

### ၃။ ။ အ-သရဆုံး (နု) နာမ်ဂိုဏ်း

အ-သရဆုံး (နု)နာမ်ဂိုဏ်းသုံး ဝိဘတ်များသည် အ-သရဆုံး (ပု) နာမ်ဂိုဏ်းသုံး ဝိဘတ်များနှင့် "ပ၊ အာ၊ ဒု" ၌သာ ကွဲပြား၏။ ကျန်ဝိဘတ်များ နှင့် ဂိုဏ်းစဉ်ပုံမှာ အ-သရဆုံး (ပု) = ဒေဝနှင့် လုံးဝတူ၏။ ကွဲပြားသည့် "ပ၊ အာ၊ ဒု" ဝိဘတ်များမှာ ...

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | ံ | အာ၊ အာနိ |
| အာ- | - | အာ၊ အာနိ |
| ဒု- | ံ | ဧ၊ အာနိ |

### စိတ္တ (စိတ်)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| ပ- | စိတ္တံ | စိတ္တာ၊ စိတ္တာနိ |
| အာ- | စိတ္တ | စိတ္တာ၊ စိတ္တာနိ |
| ဒု- | စိတ္တံ | စိတ္တေ၊ စိတ္တာနိ |

## အ–သရဆုံး (န) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ပုပ္ဖ | = | ပန်း | ဂေဟ၊ ဃရ | = | အိမ် |
| ဘတ္တ | = | ထမင်း | ဝန၊ အရည | = | တော |
| မံသ | = | အသား | ဟဒယ | = | နှလုံး |
| ရူပ | = | အဆင်း | ဥယျာန | = | ဥယျာဉ် |
| ဒွါရ | = | တံခါး | စေတိယ | = | စေတီ |
| နဂရ | = | မြို့ | သုခ | = | ချမ်းသာခြင်း |
| ဥဒက | = | ရေ | ဒုက္ခ | = | ဆင်းရဲခြင်း |
| ဓည | = | စပါး | သီလ | = | အကျင့်၊ သီလ |
| ဝစန | = | စကား | ဓန | = | ပစ္စည်းဥစ္စာ |
| သကဋ | = | လှည်း | ခေတ္တ | = | လယ်ယာ |
| ဝတ္ထ | = | အဝတ် | ဟိတ | = | အကျိုးစီးပွား |
| ဩသဓ | = | ဆေး | ဒါန | = | ပေးလှူခြင်း |
| ဂီတ | = | သီချင်း | သိပ္ပ | = | အတတ်ပညာ |
| တိဏ | = | မြက် | ဖလ | = | သစ်သီး၊ အကျိုး |
| ဝိသ | = | အဆိပ် | ကမ္မ | = | အလုပ်၊ အမှု |
| နာမ | = | အမည် | ဝါဏိဇ္ဇ | = | ကုန်သွယ်ခြင်း |
| ဇီဝိတ | = | အသက် | သဿ | = | ကောက်စပါး |

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သတ္တာ သုခံ ဣစ္ဆန္တိ။ ၂– ဗြာဟ္မဏော ဘတ္တံ ယာစတိ။ ၃– ရုက္ခသ္မာ ဖလာနိ ပတန္တိ။ ၄–ဧ ဥယျာနေ ပုပ္ဖာနိ ဘဝန္တိ။ ၅– ဒါရကာ ဥဒကေ ကီဠန္တိ။

**၆– ဒါသော မံသေန ဘတ္တံ ခါဒတိ။ ၇– မိဂါ ဝနေ ဝသန္တိ။ ၈– အမစ္စော စောရေ ဆယတိ။ ၉– သိဿာ အာစရိယသ္မာ သိပ္ပံ သိက္ခန္တိ။ ၁၀– ကဿကော ခေတ္တံ ကသတိ။**

==========

## ၄၁။ ပထမကြိယာဂိုဏ်း (၂)

ပထမကြိယာဂိုဏ်း အပိုင်း(၂)၌ ပါဝင်သည့်ဓာတ်တို့မှာ များသောအားဖြင့် 'အာ'သရနှင့် ဆုံးကြ၏။ ယင်းဓာတ်များသို့ ဂိုဏ်းပစ္စည်း 'အ'ဆက်၍ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ ၂–မျိုးရှိ၏။ ယင်းကို (က)နှင့် (ခ)ဟူ၍ ၂–မျိုး ခွဲခြားထားသည်။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ –

**(က) 'အာ၊ ဦ'** သရဆုံး ဓာတ်များသို့ 'အ'ပစ္စည်း ဆက်သောအခါ များသောအားဖြင့် ပြောင်းလဲခြင်းမရှိ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ဥပမာ –** | √ယာ | + | အ | = | ယာတိ | = | သွား၏ |
| | √ဝါ | + | အ | = | ဝါတိ | = | (လေ)တိုက်၏ |
| | * √ဌာ | + | အ | = | တိဋ္ဌတိ | = | ရပ်–တည်၏ |
| | √ဗြူ | + | အ | = | ဗြူတိ | = | ပြောဆို၏ |

**(ခ) 'အာ'** သရဆုံး ဓာတ်များကို ဒွေဘော်ပြုရ၏။ 'ဒွေဘော်ပြုခြင်း'ဟူသည် ဓာတ်ကို ၂–ခါထပ်၍ ရေးရခြင်းကို ဆိုလိုသည်။ သို့ဖြစ်၍ တည်ပုဒ်မှာ ပုဒ် ၂–ခု ပါရှိလေသည်။ ထိုပုဒ် ၂–ခုတွင် (၁) ရှေ့ပုဒ်ရှိ 'သရရှည်'ကို 'သရတို' ပြုရ၏။ (၂) ရှေ့ပုဒ်ရှိ 'ဟ'ကို 'ဇ'သို့ ပြောင်းရ၏။ (၃) ရှေ့ပုဒ်ရှိ ဒုတိယ အက္ခရာကို ပထမအက္ခရာသို့၎င်း၊ စတုတ္ထအက္ခရာကို တတိယအက္ခရာသို့၎င်း ပြောင်းရသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ဥပမာ –** | √ဒါ | + | အ | = | ဒဒါတိ | = | ပေး၏ |
| | √ဓာ | + | အ | = | ဒဓာတိ | = | ဆောင်၏ |

√ဟာ + အ = ဟောတိ = နှုပယ်၏

* √ပါ + အ = ပိဝတိ = သာက်၏

## √ဒါ + အ = 'ဒဒါ' ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| နာ– | ဒဒါတိ | ဒဒန္တိ |
| တု– | ဒဒါသိ | ဒဒါထ |
| မှ– | ဒဒါမိ | ဒဒါမ |

**မှတ်ရန်** – ဤ ပထမကြိယာဂိုဏ်း အပိုင်း(၂)၌ တည်ပုဒ်များသည် 'အ'သရဆုံးနှင့် 'အာ'သရဆုံးဟု ၂–မျိုးရှိလေရာ၊ * **'တိဋ္ဌ၊ ပိဝ'** ကဲ့သို့သော အ–သရဆုံး တည်ပုဒ်များကို **'ပစ'** အတိုင်း ဂိုဏ်းစဉ်ရ၏။ * **'ယာ၊ ဝါ ဒဒါ၊ ဟော'** ကဲ့သို့သော အာ–သရဆုံး တည်ပုဒ်များကို **'ဒဒါ'** အတိုင်း ဂိုဏ်းစဉ်ရ၏။

[ * ကြိယာပုဒ်များမှာ ယောဂ ၃–မျိုးအလိုက် ပုံစံ ၃–မျိုးစီရှိလေရာ၊ ယင်း ယောဂ ၃–မျိုးအတွက် ကတ္တား = *Subject* ၃–မျိုးကို မှတ်ထားသင့်၏။ ထို့ကြောင့် (၁) နာမယောဂအတွက်– **သော** = သူသည် + **တေ** = သူတို့သည်။ (၂) တုမှယောဂ အတွက်– **တွံ** = သင်သည် + **တုမှေ** = သင်တို့သည်။ (၃) အမှယောဂအတွက်– **အဟံ** = ငါသည် + **မယံ** = ငါတို့သည်။ ]

## အောက်ပါတို့ကို မြန်မာပြန်ပါ

**၁– ဓမ္မော သုခံ ဒဒာတိ။ ၂– အဿော ဥဒကံ ပိဝတိ။ ၃– ဗောဓိသတ္တော**

နောနိ ဗဟောတိ။ ၄– အမစ္စော နဂရဿ ဒွါရေ တိဋ္ဌတိ။ ၅– ပုတ္တော ဗြာဟ္မဏဿ ဘတ္တံ ဒဒါတိ။ ၆– မနုဿာ စေတိယဿ ပုပ္ဖာနိ ဒဒန္တိ။ ၇– လုဒ္ဒော ဂါမသ္မာ ဝနံ သကဋေန ဂစ္ဆတိ။ ၈– ဝါဏိဇာ ပုတ္တေဟိ နဂရာ ဝိဟာရံ ရထေန ဂစ္ဆန္တိ။ ၉– ဗုဒ္ဓေါ သတ္တာနံ သုခံ ဒဒါတိ။

* ၁၀– သော ဂစ္ဆတိ ... တေ ဂစ္ဆန္တိ။

တွံ ဂစ္ဆသိ ... တုမှေ ဂစ္ဆထ။

အဟံ ဂစ္ဆာမိ ... မယံ ဂစ္ဆာမ။

==========

## ၅။ ။ ဣ၊ ဤ–သရဆုံး (ပုံ) နာမ်ပုဒ်ဂိုဏ်း

(၁) 'ဣ' – သရဆုံး (ပုံ)အတွက် အသုံးပြုသည့် ဝိဘတ်များမှာ အောက်ပါအတိုင်း ဖြစ်၏။

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ– | – | ဤ၊ ယော |
| ဒု– | ံ | ဤ၊ ယော |
| တ– | နာ | ဟိ၊ ဘိ |
| ပံ– | သ္မာ၊ မှာ၊ နာ | ဟိ၊ ဘိ |
| စ / ဆ– | ဿ၊ နော | နံ |
| သ– | သ္မိံ၊ မှိ | သု |

**မှတ်ရန်** – **"ယော"** ဝိဘတ်ရှေ့၌ အဆုံးသရ 'ဣ'ကို 'အ' ပြုရ၏။ * 'ဟိ' နှင့် 'ဘိ' + 'သ္မာ' နှင့် 'မှာ' + 'သ္မိံ' နှင့် 'မှိ' ... ဤဝိဘတ်အစုံများမှာ သဒ္ဒါနည်းအရ ပုံစံကွဲများသာ ဖြစ်၏။ သို့ဖြစ်၍ ဂိုဏ်းစဉ်ပုံတွင် မျက်စိရှင်းစေရန်အတွက် အတိုချုံး၍ ဖော်ပြပါမည်။ ပုံစံအားဖြင့်– "ဒေဝေဟိ၊ ဒေဝေဘိ" ကို "ဒေဝေဟိ, –ဘိ"ဟု ဖော်ပြပါမည်။ ။ 'ကပိ' ၏

'ဣ' သည် 'နံ' ဝိဘတ်၏ရှေ့၌ အမြဲ၊ 'ဟိ, ဘိ, သု'-ဝိဘတ်တို့၏ ရှေ့၌ ရံခါ 'ဤ'သို့ ပြောင်း၏။

**ကပိ (မျောက်) ကို ဝိုက်းစဉ်ပုံ**

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ- | ကပိ | ကပီ၊ ကပယော |
| ဒု- | ကပိံ | ကပီ၊ ကပယော |
| တ- | ကပိနာ | ကပီဟိ, -ဘိ |
| ပံ- | ကပိဿ, -မှာ၊ ကပိနာ | ကပီဟိ, -ဘိ |
| စ / ဆ- | ကပိဿ၊ ကပိနော | ကပီနံ |
| သ- | ကပိသ္မိံ, -မှိ | ကပီသု |

(၂) **ဤ-သရဆုံး** (ပု) နာမ်ဝိုက်းသုံး ဝိဘတ်များသည် 'ဣ'-သရဆုံး (ပု) သုံး ဝိဘတ်များနှင့် '**ပ၊ အာ၊** ဒု' ၌သာ ကွဲပြား၏။ ကျန်ဝိဘတ်များနှင့် ဝိုက်းစဉ်ပုံမှာ ('ဝေရီ' ကို ဝေရိ-ဟု ထား၍) ဣ-သရဆုံး (ပု) = ကပိနှင့် တူ၏။ ကွဲပြားသည့် 'ပ၊ အာ၊ ဒု' ဝိဘတ်များမှာ

| | |
|---|---|
| ပ / အာ | ဤ၊ နော |
| ဒု- | ဤ၊ နော |

**ဝေရီ (ရန်သူ) ကို ဝိုက်းစဉ်ပုံ**

(အရကျက်ပါ)

| | |
|---|---|
| ဝေရီ | ဝေရီ၊ ဝေရိနော |

| | | |
|---|---|---|
| အာ- | ဝေရိ | ဝေရီ၊ ဝေရိနော |
| ဒု- | ဝေရိံ | ဝေရီ၊ ဝေရိနော |

## ဣ-သရဆုံး (ပု) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| မုနိ | = | ရဟန်း | သေဋ္ဌိ | = | သူဌေး |
| ဣသိ | = | ရသေ့ | ဉာတိ | = | ဆွေမျိုး |
| ကဝိ | = | စာဆို | အသိ | = | ဓား၊ သန်လျက် |
| အရိ | = | ရန်သူ | မဏိ | = | ပတ္တမြား |
| အဟိ | = | မြွေ | သာရထိ | = | ရထားထိန်း |
| အဂ္ဂိ | = | မီး | ဂဟပတိ | = | သူကြွယ် |
| ဂိရိ | = | တောင် | သေနာပတိ | = | စစ်သူကြီး |

## ဤ-သရဆုံး (ပု) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ကုဋ္ဌီ | = | အနူ | ဂါမဝါသီ | = | ရွာသား |
| ဟတ္ထီ | = | ဆင် | နဂရဝါသီ | = | မြို့သား |
| ယောဂီ | = | ယောဂီ | ဓမ္မစာရီ | = | တရားကျင့်သူ |
| ယောဓီ | = | စစ်သား | မန္တီ | = | မင်းတိုင်ပင်အမတ် |
| သာမီ | = | အရှင်သခင် | ပါပကာရီ | = | မကောင်းမှုပြုသူ |
| တပဿီ | = | တရားကျင့်သူ | ယသဿီ | = | ကျော်စောသူ |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- ဟတ္ထီ ဂိရိသ္မာ ပတတိ။ ၂- ဓမ္မစာရီ သုခံ သေတိ။ ၃- ပါပကာရိနော

ဒုက္ခံ လဘန္တိ။ ၄– ဣသယော ဝနေ ဓမ္မံ စရန္တိ။ ၅– သေဋ္ဌိ မန္တိနော မဏိံ ဒဒါတိ။
၆– ဒါသော သာမိနော ဝတ္ထာနိ ဓောဝတိ။ ၇– ယောဓော အသိနာ အရိံ ဝဓေတိ။
၈– ယောဂိနော ဝိဟာရေ ဓမ္မံ စရန္တိ။ ၉– ဂဟပတိ ဉာတီဟိ ဥယျာနေ ကီဠတိ။
၁၀– သေနာပတိ မန္တိနာ ဟတ္ထိနာ နဂရံ ဂစ္ဆတိ။

---

## ၆။ ။ ပဉ္စမီဝိဘတ်

ပဉ္စမီဝိဘတ်သည် “စခိုင်း–တိုက်တွန်းခြင်း၊ တောင်းပန်ခြင်း၊ တောင့်တခြင်း” အနက်များကို ဖော်ပြသည်။ (ပဉ္စမီဝိဘတ်ကို ‘အာဏတ္တိ’ဟုလည်း ခေါ်၏။) ယင်းဝိဘတ်၏ အနက်မှာ ယောဂ ၃–မျိုးအလိုက် အဓိပ္ပါယ် ၃–မျိုးရှိ၏။ သို့ဖြစ်၍ (၁) နာမယောဂ၌– **‘ဝါစေ’** ဟုငြင်း၊ (၂) တုမှယောဂ၌– **‘ဓလော့’** ဟုငြင်း၊ (၃) အမှယောဂ၌– **‘ပါရစေ၊ ရပါလို၏’** ဟုငြင်း ဘာသာပြန်ရ၏။

### ပဉ္စမီဝိဘတ်သည် ပစ္စုပ္ပန်ဝိဘတ်နှင့် ဆင်တူ၏

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| | တု | အန္တု |
| တု– | ဟိ | ထ |
| နာ– | မိ | မ |

မှတ်ရန်– * ‘မိ၊ မ၊ ဟိ’ ဝိဘတ်များရှေ့၌ တည်ပုဒ်ပါ ‘အ’သရကို ‘အာ’သို့ ပြောင်းရ၏။ * ‘အန္တု’ ရှေ့ရှိ ‘အာ’ သရကို ‘အ’သို့ ပြောင်းရ၏။ * ‘ဟိ’ ဝိဘတ်ကို ရံခါ ချေလေ့ရှိ၏။ ‘ထ၊ မိ၊ မ’ ဟူသည် ပစ္စုပ္ပန်နှင့် ပဉ္စမီဝိဘတ် ၂–မျိုးလုံး၌ တူဝသည်ကို သတိပြု။

## ပစ (ချက်ခြင်း) ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ပစတု | ပစန္တု |
| တု– | ပစ၊ ပစာဟိ | ပစထ |
| မှ– | ပစာမိ | ပစာမ |

## ဒဒါ (ပေးခြင်း) ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| နာ– | ဒဒါတု | ဒဒန္တု |
| တု– | ဒဒါဟိ | ဒဒါထ |
| မှ– | ဒဒါမိ | ဒဒါမ |

## ဇေ (အောင်ခြင်း) ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| နာ– | ဇေတု | ဇေန္တု |
| တု– | ဇေဟိ | ဇေထ |
| မှ– | ဇေမိ | ဇေမ |

**မှတ်ရန်** – * √ဇိ + အ = '**ဇေယ**' ကိုမှု '**ပစ**' အတိုင်း ဂိုဏ်းစဉ်ပါ။ * "မာ" = ၆ ... နှင့်။ "န၊ နော" = မ (ဟုတ်၊ ရှိ) ... ဤပုဒ်များသည် တားမြစ်ခြင်း အနက်ရှိ၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သော နဂရံ ဂစ္ဆတု။ တေ နဂရံ ဂစ္ဆန္တု။ ၂– တွံ နဂရံ ဂစ္ဆ။ တုမှေ နဂရံ ဂစ္ဆထ။ ၃– အဟံ နဂရံ ဂစ္ဆာမိ။ မယံ နဂရံ ဂစ္ဆာမ။ ၄– သော နဂရံ မာ ဂစ္ဆတု။ တေ နဂရံ မာ ဂစ္ဆန္တု။ ၅– တွံ နဂရံ မာ ဂစ္ဆ။ တုမှေ နဂရံ မာ ဂစ္ဆထ။ ၆– အဟံ နဂရံ မာ ဂစ္ဆာမိ။ မယံ နဂရံ မာ ဂစ္ဆာမ။ ၇– သေနာပတိ အရယော ဇယတု။ ၈– ဒါရကာ! ဂါမေ ဥဒကေ မာ ကီဠထ။ ၉– သိဿာ တုမှေ သိပ္ပာနိ သိက္ခထ။ ၁၀– အာစရိယ! အဟံ နဂရံ ဂစ္ဆာမိ, သိပ္ပံ သိက္ခာမိ။

==========

## ၇။ ။ ဣ–သရဆုံး (န) နာမ်ဂိုဏ်း

ဣ–သရဆုံး (န) နာမ်ဂိုဏ်းသုံး ဝိဘတ်များသည် ဣ–သရဆုံး (ပု) နာမ်ဂိုဏ်းသုံး ဝိဘတ်များနှင့် "ပ၊ အာ၊ ဒု" ၌သာ ကွဲပြား၏။ ကျန်ဝိဘတ်များနှင့် ဂိုဏ်းစဉ်ပုံမှာ ဣ–သရဆုံး (ပု) = ကပိ နှင့် လုံးဝတူ၏။ ကွဲပြားသည့် "ပ၊ အာ၊ ဒု" ဝိဘတ်များမှာ–

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ– | – | ဤ၊ နီ |
| ဒု– | ီ | ဤ၊ နီ |

### ဝါရိ (ရေ) ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ– | ဝါရိ | ဝါရီ၊ ဝါရီနိ |
| ဒု– | ဝါရိံ | ဝါရီ၊ ဝါရီနိ |

## ဤ–သရဆုံး (န) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| အဋ္ဌိ | = | အရိုး | အက္ခိ | = | မျက်စိ |
| သတ္ထိ | = | ပေါင် | ဒဓိ | = | နို့ခမ်း |
| ဆဝိ | = | အမိုး | သပ္ပိ | = | ထောပတ် |

## မေးခွန်းဆိုင်ရာ ပုဒ်များ

| | | | | | |
|---|---|---|---|---|---|
| ကော | = | အဘယ်သူသည် | ကဒါ | = | ဘယ်အခါ၌ |
| ကထံ | = | အဘယ်သို့ | ကတ္ထ | | ဘယ်အရပ်၌ |
| ကသ္မာ | = | အဘယ့်ကြောင့် | ကုဟိံ | | ဘယ်အရပ်သို့ |
| ကိံ | = | အဘယ်အရာ | ကုတော | = | ဘယ်အရပ်မှ |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ကော နဂရံ ဂစ္ဆတိ။ ၂– ကတ္ထ တုမှေ ဝသထ။ ၃– ကထံ တုမှေ မံသံ ပစထ။ ၄– ကုဟိံ စောရော ဓာဝတိ။ ၅– ကဒါ ဒါရကော သယတိ။ ၆– ကသ္မာ တုမှေ သိပ္ပာနိ န သိက္ခထ။ ၇– ကတ္ထ ဣသယော ဓမ္မံ စရန္တိ။ ၈– ကော သပ္ပိံ ဩဒနေန န ခါဒတိ။ ၉– သတ္တာ သုခံ ဣစ္ဆန္တိ၊ ကော ဒုက္ခံ ဣစ္ဆတိ။ ၁၀– သိဿ ကုတော တုံ့ အာဂစ္ဆသိ။ အာ √ဂမ် + အ = အာဂစ္ဆ = လာခြင်း ]

==========

## ၈။ ။ ဒုတိယာကြိယာဂိုဏ်း

**ရုဓ်** အစရှိသော ဓာတ်ဆုံးဓာတ်များသို့ အဆုံးဗျည်း၏ရှေ့၌ ဆိုင်ရာ နာသိကဗျည်းကို ထည့်ပေးပြီးနောက်၊ 'အ'ပစ္စည်းကို ဆက်ပေးရသည့်ဂိုဏ်းကို ဒုတိယ ကြိယာဂိုဏ်း **(ရုမာဒိဂိုဏ်း)** ဟု ခေါ်၏။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ–

ပြယုဂ်- √သိစ - သိဉ္စ + အ = သိဉ္စတိ = သွန်းလောင်း၏

√မုစ - မုဉ္စ + အ = မုဉ္စတိ = လွတ်၏

√ဘုဇ - ဘုဉ္ဇ + အ = ဘုဉ္ဇတိ = စား၏

√ယုဇ - ယုဉ္ဇ + အ = ယုဉ္ဇတိ = အားထုတ်၏

√ဆိဒ - ဆိန္ဒ + အ = ဆိန္ဒတိ = ခုတ်ဖြတ်၏

√ဘိဒ - ဘိန္ဒ + အ = ဘိန္ဒတိ = ခွဲဖျက်၏

√ရုဓ - ရုန္ဓ + အ = ရုန္ဓတိ = ပိတ်ပင်၏

√လိပ - လိမ္ပ + အ = လိမ္ပတိ = လိမ်းကျံ၏

√ပိသ - ပိံသ + အ = ပိံသတိ = ကြိတ်ချေ၏

**မှတ်ရန်-** ဤဂိုဏ်းဝင် ကြိယာတည်ပုဒ်များသည် အ-သရနှင့် ဆုံးသောကြောင့် **'ပစ'** အတိုင်းပင် ဂိုဏ်းစဉ်ရသည်။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- ယက္ခော ဗြာဟ္မဏ မုဉ္စတိ။ ၂- ကဿကော ဝနေ ရုက္ခံ ဆိန္ဒတိ။ ၃- ကတ္တ တွံ မိဂံ မုဉ္စသိ။ ၄- စောရော ဂေဟဿ ဆဒိံ ဘိန္ဒတိ။ ၅- ဂဟပတိ ပုတ္တေဟိ ဥယျာနေ သြဒနံ ဘုဉ္ဇတိ။ ၆- သေနာပတိ အရိနံ ဟတ္ထေ အသိနာ ဆိန္ဒတိ။ ၇- အာစရိယော သံဃဿ ပိဏ္ဍပါတံ ဒဒါတိ။ ၈- အာစရိယ အဟံ ဝနံ ဂစ္ဆာမိ (ပဌမိ)။ ၉- တုမှေ ဒါနံ ဒဒါထ, သီလံ ရက္ခထ။ ၁၀- ကဿကော ဥယျာနေ ဥဒကံ သိဉ္စတိ။

==========

## ၉။ ။ ဥ-သရဆုံး (ပု) နာမ်ဂိုဏ်း

ဥ-သရဆုံး (ပု) နာမ်ဂိုဏ်းသုံး ဝိဘတ်များသည် ဣ-သရဆုံး (ပု)

နာမ်ဂိုဏ်းသုံး ဝိဘတ်များနှင့် "**ပ၊ အာ၊ ဒု**"၌သာ ကွဲပြား၏။ ကျန်ဝိဘတ်များနှင့် ဂိုဏ်းစဉ်ပုံမှာ ဣ–သရဆုံး (ပု) = **ကပိ** နှင့် လုံးဝတူ၏။ ကွဲပြားသည့် "ပ၊ အာ၊ ဒု" ဝိဘတ်များမှာ–

| **ဝိဘတ်** | **ဧကဝုစ်** | **ဗဟုဝုစ်** |
|---|---|---|
| ပ / အာ– | - | ဦ၊ ဝေါ |
| ဒု– | ံ | ဦ၊ ဝေါ |

## သာဓု–ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| ပ / အာ– | သာဓု | သာဓူ၊ သာဓဝေါ |
| ဒု– | သာဓုံ | သာဓူ၊ သာဓဝေါ |

**မှတ်ရန်–** (၁) 'ဘိက္ခု'ကို ဂိုဏ်းစဉ်ရာတွင် 'အာ–ဗ'၌ '**ဘိက္ခဝေါ**' အပြင် '**ဘိက္ခဖဝ**' ဟုလည်း ရှိသေး၏။ (၂) 'ဝေါ၊ ဝေ' ရှေ့၌ အဆုံးသရ 'ဥ'ကို 'အ' ပြုရ၏။ (၃) 'ဟိ၊ ဘိ၊ နံ၊ သု' ဝိဘတ်များ၏ရှေ့၌ အဆုံးသရ 'ဥ'ကို 'ဦ' ပြုရ၏။

## ဥ–သရဆုံး (ပု) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဘိက္ခု | = | ရဟန်း | ဟေတု | = | အကြောင်း |
| ဂုရု | = | ဆရာ | ဗာဟု | = | လက်မောင်း |
| ဝေဠု | = | ဝါး | ပသု | = | သားကောင် |
| သတ္တု | = | ရန်သူ | ကေတု | = | အလံ၊ တံခွန် |
| သေတု | = | တံတား | ဗန္ဓု | = | အဆွေခင်ပွန်း |
| မစ္စု | = | သေခြင်း | သာဓု | = | သူတော်ကောင်း |

| | | | |
|---|---|---|---|
| ဖရသု = ပုဆိန် | | ကဋ္ဌစ္ဆု = ယောက်မ၊ ဇွန်း | |
| ဥစ္ဆု = ကြံ (ပင်) | | မိန္ဒု = အစက်၊ အပြောက် | |

**မှတ်ရန်–** '**သဗ္ဗညု** = ဘုရား၊ **သယမ္ဘူ** = ဘုရားရှင်၊ **ဝိဒူ** = ပညာရှိ'–စသည့် ဦး–သရဆုံး (ပု)များကိုလည်း 'သာဓု'–အတိုင်း ဂိုဏ်းစဉ်ရ၏။ **အထူး** – ပ–ဓ = သယမ္ဘူ + ပ – ဗ = သယမ္ဘူ, သယမ္ဘုဝေါ။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဣသိ အမစ္စဿ ဂုရု ဟောတိ။ ၂– အရယော နဂရဿ သေတုံ ဘိန္ဒန္တိ။ ၃– သတ္တာ မစ္စုံ န ဇယန္တိ။ ၄– တွံ ကဋ္ဌစ္ဆုနာ ဘတ္တံ မာ ဘုဉ္ဇ။ ၅– ဗြာဟ္မဏဿ ဗန္ဓု ဒုက္ခံ မာ လဘတု။ ၆– သီဟော ဝနေ ပသဝေါ ဘက္ခတိ။ ၇– ဥဒကဿ ဗိန္ဒဝေါ အာကာသာ ပတန္တိ။ ၈– တုမှေ ဝနသ္မိံ ဝေဠုဝေါ မာ ဆိန္ဒထ။ ၉– ကဿကာ ဝနေ ရုက္ခေ ဖရသူဟိ ဆိန္ဒန္တိ။ ၁၀– ဘိက္ခဝေ! တုမှေ ဝနေ ဓမ္မံ စရထ။

==========

### ၁၀။ အနာဂတ် ဝိဘတ်

'အနာဂတ်ကြိယာ' ပြုလုပ်ရန်အတွက် ဓာတ် / ကြိယာတည်ပုဒ်များသို့ အနာဂတ် ဝိဘတ် ဆက်ပေးရ၏။ အနာဂတ်ဝိဘတ်ကို "အံ့၊ လတ့်၊ မည်၊ လိမ့်မည်" ဟု ဘာသာပြန်ရ၏။ အနာဂတ်ဝိဘတ်သည် မှတ်ရန်လွယ်၏။ ပစ္စုပ္ပန် ဝိဘတ်ရှေ့က '**ဿ**' ထည့်လိုက်လျှင် အနာဂတ်ဝိဘတ် ဖြစ်လာသည်။ (ထို့ကြောင့် '**ဿ**' သည် အနာဂတ်ဝိဘတ်၏ လက္ခဏာဟု ဆိုနိုင်၏။)

အခြေပြုပါဠိသဒ္ဒါ (၃၈)

## ဝိဘတ်များ

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ဿတိ | ဿန္တိ |
| တု– | ဿသိ | ဿထ |
| မှ– | ဿာမိ | ဿာမ |

## အနာဂတ်ဝိဘတ်ဆက်ပုံ

(၁) 'အာ'သရဆုံး ဓာတ်အချို့သို့ တိုက်ရိုက်ဆက်ရ၏။ ဓာတ်၏အဆုံး 'အာ' သရကိုမှ 'အ' ပြုရ၏။

**ပြယုဂ်–** √ဒါ + ဿတိ = ဒဿတိ = ပေးလတ့်

√ဠာ + ဿတိ = ဌဿတိ = ရပ်လတ့်

(၂) ဖိ > ဖေ စသည်ကဲ့သို့ 'ဧ' သရဆုံးသော တည်ပုဒ်များသို့ တိုက်ရိုက်ဆက်ရ၏။ (√'ဟူ' သည် 'ဟော' သို့ ပြောင်း၏။)

**ပြယုဂ်–** √ဖိ > ဖေ + ဿတိ = ဖေဿတိ = အောင်လတ့်

√နီ > နေ + ဿတိ = နေဿတိ = ဆောင်လတ့်

* √ဟူ > ဟော + ဿတိ = ဟောဿတိ = ဖြစ်လတ့်

(၃) ဗျည်းဆုံးသော ဓာတ်အချို့သို့ 'ဣ'သရခံ၍ ဆက်ရ၏။

**ပြယုဂ်–** √ပစ် + ိ + ဿတိ = ပစိဿတိ = ချက်လတ့်

√လဘ် + ိ + ဿတိ = လဘိဿတိ = ရလတ့်

√ဂမ် + ိ + ဿတိ = ဂမိဿတိ = သွားလတ့်

√ကရ် (ပြုခြင်း) + ဿတိ = ကရိဿတိ = ပြုလတ့်

(၄) ကြိယာတည်ပုဒ်များသို့ ဆက်သောအခါ ယင်းတည်ပုဒ်၏ အဆုံးသရကို ချေ၍ 'ဣ'သရခံပြီး ဆက်ရ၏။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ပြယုဂ်– | √ဒါ | > | ဒဒါ | + | ိ | + | ဿတိ | = | ဒဒိဿတိ | = ပေးလတ့် |
| | √ဟာ | > | ဇဟာ | + | ိ | + | ဿတိ | = | ဇဟိဿတိ | = စွန့်လတ့် |
| | √ဘုဇ် | > | ဘုဉ္ဇ | + | ိ | + | ဿတိ | = | ဘုဉ္ဇိဿတိ | = စားလတ့် |
| | √ဇိ | > | ဇယ | + | ိ | + | ဿတိ | = | ဇယိဿတိ | = အောင်လတ့် |
| | √ဂမ် | > | ဂစ္ဆ | + | ိ | + | ဿတိ | = | ဂစ္ဆိဿတိ | = သွားလတ့် |
| | √ဘူ | > | ဘဝ | + | ိ | + | ဿတိ | = | ဘဝိဿတိ | = ဖြစ်လတ့် |

## √ပစ် > ပစကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ပစိဿတိ | ပစိဿန္တိ |
| တု– | ပစိဿသိ | ပစိဿထ |
| မှ– | ပစိဿာမိ | ပစိဿာမိ |

## √ဇိ > ဇေကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| နာ– | ဇေဿတိ | ဇေဿန္တိ |
| တု– | ဇေဿသိ | ဇေဿထ |
| မ– | ဇေဿာမိ | ဇေဿာမ |

## √ဒါ > ဒါကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| နာ- | ဒဒိဿတိ | ဒဒိဿန္တိ |
| တု- | ဒဒိဿသိ | ဒဒိဿထ |
| မှ- | ဒဒိဿာမိ | ဒဒိဿာမ |

( √ဒါ > 'ဒ'ကို **"ဒဿတိ–ဒဿန္တိ"** စသည် စဉ်ပါ။ )

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သေနာပတိ အရယော ဧဿတိ။ ၂– ဓမ္မစာရီ သုခံ လဘိဿတိ။ ၃– သာမိ ဒါသဿ ဝတ္ထာနိ ဒဿတိ။ ၄– မယံ နဂရံ ရထေန ဂမိဿာမ။ ၅– သကုဏာ ရုက္ခေသု သယိဿန္တိ။ ၆– အဟံ ဟတ္ထေန ဘတ္တံ န ဘုဉ္ဇိဿာမိ။ ၇– ဗုဒ္ဓဿ ဓမ္မော သတ္တေ သုခံ နေဿတိ။ ၈– စောရော ဖရသုနာ ဂေဟဿ ဒွါရံ ဘိန္ဒိဿတိ။ ၉– အဟံ ဝနေ မိတ္တေန ဖလာနိ ခါဒိဿာမိ။ ၁၀– သတ္တာနံ ဟိတာယ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။ ;

==========

## ၁၁။ ဥ–သရဆုံး (န) နာမ်ဂိုဏ်း

ဥ–သရဆုံး (န) နာမ်ဂိုဏ်းသည် ဣ–သရဆုံး (န) နာမ်ဂိုဏ်းနှင့် လုံးဝတူ၏။ **"ဝါရိ–ဝါရီ၊ ဝါရီနိ"** စသည်ဖြင့် 'ဝါရိ'ကို ဂိုဏ်းစဉ်သကဲ့သို့ **"စက္ခု"** (မျက်စိ)ကိုလည်း **"စက္ခု–စက္ခူ၊ စက္ခူနိ"**–စသည်ဖြင့် ဂိုဏ်းစဉ်ရသည်။

## ဥ–သရဆုံး (န) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဓနု | = | လေး | မဿု | = | မုတ်ဆိတ် |

| | | | | | |
|---|---|---|---|---|---|
| ဝတ္ထု | = | ပုံပြင် | ဝသု | = | ပစ္စည်းဥစ္စာ |
| အဿု | = | မျက်ရည် | ဒါရု | = | ထင်း၊ သစ်သား |
| အာယု | = | အသက် | မဓု | = | ပျားရည်၊ အချို |
| ဇာဏု | = | ဒူးခေါင်း | ဝါယု | = | လေ |

## မှတ်ရန် ဝေါဟာရများ

| | | | | | |
|---|---|---|---|---|---|
| သဒ္ဓိံ | = | အတူတကွ | သမီပေ | = | အနီး၌ |
| သဟ | = | အတူတကွ | ဒူရေ | = | အဝေး၌ |
| သမီပံ | = | အနီးသို့ | ဥပရိ | = | အထက်၌ |
| သန္တိကံ | = | အထံသို့ | ဟေဋ္ဌာ | = | အောက်၌ |
| သန္တိကေ | = | အထံ၌ | အန္တရေ | = | အကြား၌ |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– လုဒ္ဒေါ မနုဿ မိဂ ဝဓိဿတိ။ ၂– ဝေရိနော ဇာဏုံ အသိနာ ဆိန္ဒ။ ၃– ဣသိ မဿုံ ဇဟိဿတိ။ ၄– ဒါရုကာ မဓုံ ဣစ္ဆိဿန္တိ။ ၅– အဿူနိ စက္ခူဟိ ပတိဿန္တိ။ ၆– အဟံ ကဿကဿ ဝတ္ထုံ ဝဒိဿာမိ။ ၇– မယံ ဝနာ ဒါရူနိ ဂေဟံ နေဿာမ။ ၈– ယက္ခော ဝါဏိဇဿ အာယုံ န ဒဿတိ။ ၉– သိဿော အာစရိယဿ သန္တိကံ ဂစ္ဆတိ။ ၁၀– ကဿကော ရုက္ခဿ ဟေဋ္ဌာ နိသီဒတိ။

==========

## ၁၂။ ။ တတိယကြိယာဂိုဏ်း

√ဒိဝ်–အစရှိသော ဓာတ်များသို့ 'ယ'ပစ္စည်း ဆက်ပေးရသည့် ဂိုဏ်းကို တတိယကြိယာဂိုဏ်း **(ဒိဝါဒိဂိုဏ်း)** ဟု ခေါ်သည်။ ဤကြိယာဂိုဏ်းဝင် ဓာတ်များသည် ဗျည်း, သရနှင့် ဆုံးကြ၏။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ–

(၁) သရဆုံးဓာတ်များသို့ 'ယ'ပစ္စည်းကို တိုက်ရိုက် ဆက်ရ၏။

ပြယုဂ်– √ဂါ + ယ = ဂါယတိ = သီဆို၏

√နှာ + ယ = နှာယတိ = ရေချိုး၏

√ဝါ + ယ = ဝါယတိ = တိုက်ခတ်-ရက်လုပ်၏

(၂) ဗျည်းဆုံးဓာတ်များသို့ 'ယ'ပစ္စည်း ဆက်သောအခါ ဓာတ်၏အဆုံး ဗျည်းနှင့် 'ယ'တို့ကို သဒိသရုပ် ပြုရ၏။ ( **'သဒိသရုပ်ပြုခြင်း'** ဟူသည် မျိုးမတူသော ဗျည်း ၂-လုံးတွဲကို မျိုးတူအောင် ပြုလုပ်ခြင်း ဖြစ်၏။ တ-ဝဂ်ဗျည်းသည် စ ဝဂ်ဗျည်းသို့ ၎င်း၊ ဏ်, န်-သည် ဉ-သို့၎င်း၊ ဝ-သည် ဗ-သို့၎င်း ပြောင်းတတ်၏။ )

သဒိသရုပ် ပြုလုပ်ပုံအချုပ်မှာ- "တ် + ယ = စ္စ။ ဒ် + ယ = ဇ္ဇ။ ဓ် + ယ = ဇ္ဈ။ ဏ်, န် + ယ = ည။ ဝ် + ယ = ဗ္ဗ။ သ် + ယ = ဿ"။

ပြယုဂ်– √နဋ် + ယ = နစ္စတိ = က-ကခုန်၏

√ဝိဒ် + ယ = ဝိဇ္ဇတိ = ရှိ၏

√မဒ် + ယ = မဇ္ဇတိ = ယစ်မူး၏

√ကုဓ် + ယ = ကုဇ္ဈတိ = အမျက်ထွက်၏

√ဗုဓ် + ယ = ဗုဇ္ဈတိ = သိ၏

√ဝိဓ် + ယ = ဝိဇ္ဈတိ = ထိုးဖောက်၏

√ယုဓ် + ယ = ယုဇ္ဈတိ = စစ်ထိုး၏

√ဣဓ် + ယ = ဣဇ္ဈတိ = ပြည့်စုံ၏

√သိဓ် + ယ = သိဇ္ဈတိ = ပြီးစီး၏

√မန် + ယ = မညတိ = သိ-ထင်မှတ်၏

√ဘဏ် + ယ = ဘညတိ = ပြောဆို၏

√ဒိဝ် + ယ = ဒိဗ္ဗတိ = မြူးထူး၏

√သိဝ် + ယ = သိဗ္ဗတိ = သီချုပ်၏

√ဒုသ် + ယ = ဒုဿတိ = ဖျက်ဆီး၏

√နသ် + ယ = နဿတိ = ပျက်စီး၏

√တုသ် + ယ = တုဿတိ = နှစ်သက်၏

* √ပသ် + ယ = ပဿတိ = မြင်–ရှုကြည့်၏

ဖော်ပြပါ ကြိယာတည်ပုဒ်များသည် အ–သရနှင့် ဆုံးသောကြောင့် 'ပစ' အတိုင်းပင် ခွဲခြားစဉ်ရသည်။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– မနုဿာ မဂ္ဂေ မစ္စန္တိ။ ၂– ကာသာကသာ ဂေါဏော နဿတိ။ ၃– သနေ ဖုဿ္ပါ ဝိဇ္ဇန္တိ။ ၄– ဣသိ ဗြာဟ္မဏေန ကုဇ္ဈတိ။ ၅– သဗ္ဗာ ဒုက္ခာ *မုစ္စန္တု (လွတ်မြောက်ကြပါစေ)။ ၆– ဓောရော ဂေဟာသာ ဆဒိံ ဝိဇ္ဈတိ။ ၇– ဘိက္ခူ ဗုဒ္ဓဿ ဓမ္မံ ဗုဇ္ဈန္တိ။ ၈– မယံ ဓောရေဟိ ယုဇ္ဈိဿာမ။ ၉– အာစရိယော သိဿဿ ဝစနေန တုဿတိ။ ၁၀– အဟံ မိတ္တေန သဟ ဥဒကေ ကီဠိဿာမိ။

==========

## ၁၃။ ။ အာ–သရဆုံး (ဣ) နာမ်ဂိုဏ်း

### ဝိဘတ်များ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| ပ– | – | –၊ ယော |
| အာ– | (အာ > ဧ) | –၊ ယော |
| ဒု– | ံ | –၊ ယော |
| တ / ပံ– | ယ | ဟိ၊ ဘိ |

အခြေပြုပါဠိသဒ္ဒါ (၄၄)

| | | |
|---|---|---|
| စ / ဆ– | ယ | နံ |
| သ– | ယ၊ ယံ | သု |

## ကညာ (မိန်းကလေး)ကို ဝိဘတ်စဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | ကညာ | ကညာ၊ ကညာယော |
| အာ– | ကညေ | ကညာ၊ ကညာယော |
| ဒု– | ကညံ | ကညာ၊ ကညာယော |
| တ / ပံ– | ကညာယ | ကညာဟိ, –ဘိ |
| စ / ဆ– | ကညာယ | ကညာနံ |
| သ– | ကညာယ၊ ကညာယံ | ကညာသု |

## အာ–သရဆုံး (ဣ) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ပညာ | = | ပညာ | သာခါ | = | သစ်ခက် |
| ဝါစာ | = | စကား | ဘရိယာ | = | မယား |
| နာဝါ | = | လှေ | ဒါရိကာ | = | မိန်းကလေး |
| ဓာလာ | = | မီးလျှံ | နာသာ | = | နှာခေါင်း |
| ဂါထာ | = | ဂါထာ | ဂုဟာ | = | လိုဏ်ဂူ |
| အာဏာ | = | အမိန့် | ပရိသာ | = | ပရိသတ် |
| သေနာ | = | စစ်တပ် | ပုစ္ဆာ | = | အမေး၊ ပုစ္ဆာ |
| သာလာ | = | ဇရပ် | ဝိဇ္ဇာ | = | အတတ်ပညာ |

| | | | | | |
|---|---|---|---|---|---|
| မေတ္တာ | = | ချစ်ခင်ခြင်း | ကရုဏာ | = | သနားခြင်း |
| ဂီဝါ | = | လည်ပင်း | သဘာ | = | သဘင်၊ လူစု |
| ဘိက္ခာ | = | ဆွမ်း | ဗာဟာ | = | လက်မောင်း |
| မာလာ | = | ပန်း၊ ပန်းကုံး | ဝေဒနာ | = | ခံစား–နာကျင်ခြင်း |
| ဆာယာ | = | အရိပ် | အာဘာ | = | အလင်းရောင် |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– တွံ ရုက္ခဿ ဆာယာယံ တိဋ္ဌ။ ၂– သီဟော ဝေဒနာယ ဂုဟာယံ သယတိ။ ၃– ဗြာဟ္မဏော မေတ္တာယ ယက္ခံ ဇယတု။ ၄– သော အမစ္စဿ အာဏာယ စောရံ ဝဓတိ။ ၅– ဒါရိကာ နာဝါယ နဂရံ ဂမိဿန္တိ။ ၆– ကညာနံ ဟတ္ထေသု မာလာယော ဟောန္တိ။ ၇– ဘရိယာ ဝတ္ထာနိ ဥဒကေ ဓောဝတိ။ ၈– ဣသိ ပရိသာယံ ဂါထာယော ဂါယတိ။ ၉– ကညာ သဘာယံ ဂီတံ ဂါယိဿတိ။ ၁၀– ဝိဇ္ဇာ မနုဿာနံ မိတ္တံ ဟောတိ။

==========

## ၁၄။ ။ သတ္တမီ ဝိဘတ်

သတ္တမီဝိဘတ်သည် "ကြံစည်ခြင်း၊ တောင့်တခြင်း၊ ခွင့်ပြုခြင်း၊ တိုက်တွန်းခြင်း၊ ဖြစ်သင့်ခြင်း"–အဓိပ္ပာယ်များကို ဖော်ပြ၏။ ယင်းကို "ရာ၏၊ ထိုက်၏၊ သင့်၏၊ နိုင်၏၊ ငြားအံ့"–ဟု ဘာသာပြန်ရ၏။

### ဝိဘတ်များ

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ဧယျ | ဧယျုံ |

အခြေပြုပါဠိသဒ္ဒါ (၄၆)

| | | |
|---|---|---|
| တု– | ဓေယျာသိ | ဓေယျာထ |
| မှ– | ဓေယျာမိ | ဓေယျာမ |

**မှတ်ချက်**– ပိဘတ်တိုင်းမှာ 'ဧ' ပါရှိသဖြင့်၊ 'ဧ'သည် သတ္တမီဝိဘတ်၏ လက္ခဏာဖြစ်၏။ ထို့ကြောင့် ဧကဝုစ်ဝိဘတ် ၃–ခုလုံး၌ 'ဧ'ချည်းသက်သက် သုံးစွဲသည်ကို အရှို့နေရာများ၌ တွေ့ရ၏။

**ဝိဘတ်ဆက်ပုံ** ။ ။သတ္တမီဝိဘတ်များကို ဆက်သောအခါ ကြိယာတည်ပုဒ်၏ အဆုံးသရကို ချေရသည်။ သတ္တမီဝိဘတ်ဖြင့် ဂိုဏ်းစဉ်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

√ပစ် > ပစ–ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | ပစေယျ | ပစေယျုံ |
| တု– | ပစေယျာသိ | ပစေယျာထ |
| မှ– | ပစေယျာမိ | ပစေယျာမ |

√ဒိ > ဒေ–ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| နာ– | ဒေယျ | ဒေယျုံ |
| တု– | ဒေယျာသိ | ဒေယျာထ |
| မှ– | ဒေယျာမိ | ဒေယျာမ |

## √ဒါ > ဒဒါ–ကို ဝိုဏ်းစဉ်ပုံ
(အရကျက်ပါ)

| | | |
|---|---|---|
| နာ– | ဒဒေယျ | ဒဒေယျုံ |
| တု– | ဒဒေယျာသိ | ဒဒေယျာထ |
| မှ– | ဒဒေယျာမိ | ဒဒေယျာမ |

* "ယဒိ၊ သစေ၊ စေ" = 'အကယ်၍'။ ဤပုဒ်များသည် ဝါကျ ၂–ခု – ဆက်ပေးသော ပုဒ်များဖြစ်၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သတ္တာ ဒါနေန သုခံ ဂစ္ဆေယျုံ။ ၂– ဗြာဟ္မဏော ဝိဇ္ဇာယ ဓနံ လဘေယျ။ ၃– မနုဿာ သံဃဿ ဘိက္ခံ ဒဒေယျုံ။ ၄– သေနာပတိ အာဏာယ မယံ အရယော ဝဓေယျာမ။ ၅– ယက္ခဿ ကရုဏာယ အဟံ ဇီဝိတံ လဘေယျာမိ။ ၆– မိတ္တဿ ဟိတာယ အဟံ နဂရံ ဂစ္ဆေယျာမိ။ ၇– သစေ တွံ ဒဒါသိ, အဟံ လဘိဿာမိ။ ၈– အာစရိယ တွံ သိဿေ ဩဝဒေယျာသိ (ဩ–ဝဒတိ = ဆုံးမ၏)။ ၉– * ယဒိ သော သိပ္ပံ သိက္ခေယျ, အမစ္စဿ ကညံ လဘေယျ။ ၁၀– တွံ သဘာယံ ကညာဟိ သဒ္ဓိံ ဂီတံ ဂါယေယျာသိ။

==========

## ၁၅။ ကညာ၊ ဤ–သရဆုံး (ဣ) နာမ်ဂိုဏ်း
### ဝိဘတ်များ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ– | | ဤ၊ ယော |
| ဒု– | – | ဤ၊ ယော |
| တ / ပံ– | ယာ | ဟိ၊ ဘိ |

| | | |
|---|---|---|
| စ / ဆ– | ယာ | နံ |
| သ– | ယာ၊ ယံ | သု |

## ဇာတိ (ဖြစ်ခြင်း)ကို ဂိုဏ်းစဉ်ပုံ
(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ / အာ– | ဇာတိ | ဇာတီ၊ ဇာတိယော |
| ဒု– | ဇာတိံ | ဇာတီ၊ ဇာတိယော |
| တ / ပံ– | ဇာတိယာ | ဇာတီဟိ, –ဘိ |
| စ / ဆ– | ဇာတိယာ | ဇာတီနံ |
| သ– | ဇာတိယာ၊ ဇာတိယံ | ဇာတီသု |

[ * 'ဇာတိ'၏ အဆုံး 'ဣ'သည် 'ဟိ, ဘိ, နံ, သု'–ဝိဘတ်တို့၏ရှေ့၌ 'ဤ' သို့ ပြောင်း၏။ ]

**ဤ–သရဆုံး (ဣ) = နဒီ (မြစ်)** ဂိုဏ်းစဉ်သည် ဣ–သရဆုံး (ဣ) = ဇာတိ ဂိုဏ်းစဉ်နှင့် 'ပ–ဧ' တခုသာ ကွဲပြား၏။ 'ပ–ဧ' ၌ '**နဒီ**'–ဟု ဖြစ်၏။ ကျန်ဝိဘတ်များဖြင့်'နဒီ'–ကို'နဒိ'–ဟုထား၍ ဂိုဏ်းစဉ်ရ၏။

## ဣ–သရဆုံး (ဣ) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဆဝိ | = | အရေ | ဘူမိ | = | မြေကြီး |
| ဝုဋ္ဌိ | = | မိုးရွာခြင်း | အင်္ဂုလိ | = | လက်ချောင်း |
| ဝီထိ | = | လမ်း | ပီတိ | = | နှစ်သက်ခြင်း |
| ဣဒ္ဓိ | = | တန်ခိုး | သိဒ္ဓိ | = | ပြီးစီးခြင်း |
| သူစိ | = | အပ် | ဝုဒ္ဓိ | = | ကြီးပွားခြင်း |

| | | | | | |
|---|---|---|---|---|---|
| ဘတိ | = | အခ | မတိ | = | အသိဉာဏ် |
| ရတ္တိ | = | ညဉ့် | သတိ | = | အောက်မေ့ခြင်း |
| စုတိ | = | သေခြင်း | မုတ္တိ, ဝိမုတ္တိ | = | လွတ်မြောက်ခြင်း |
| ဂတိ | = | သွားခြင်း | သတ္တိ | = | လှံ၊ အစွမ်းသတ္တိ |
| အဋဝိ | = | တော | ဒိဋ္ဌိ | = | အမြင်၊ အယူဝါဒ |

## ဤ-သရဆုံး (ဣတ္ထိ) နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဣတ္ထီ | = | မိန်းမ | ဘိက္ခုနီ | = | ရဟန်းမ |
| ဘဂိနီ | = | နှမ | ကုမာရီ | = | မိန်းကလေး |
| မိဂီ | = | သမင်မ | ပေါက္ခရဏီ | = | ရေကန် |
| ပထဝီ | = | မြေကြီး | ကဒလီ | = | ငှက်ပျောပင် |
| ဟိရီ | = | ရှက်ခြင်း | သိရီ | = | ကျက်သရေ |
| ဘေရီ | = | စည်ကြီး | ဒဗ္ဗီ | = | ယောက်မ |
| ဂဗ္ဘရီ | = | ဖောင် | ဒေဝီ | = | မိဖုရား၊ နတ်သမီး |
| ခန္တီ | = | သည်းခံခြင်း | ဗာရာဏသီ | = | ဗာရာဏသီပြည် |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- သတ္တာ ဝုဒ္ဓိံ လဘန္တု။ ၂- ဣသိ ဣဒ္ဓိယာ ပဗ္ဗတံ ဂစ္ဆတိ။ ၃- ပုပ္ဖာနိ ရုက္ခသ္မာ ဘူမိယံ ပတန္တိ။ ၄- ကုမာရီ ရတ္တိယံ ပထဝိယံ ကီဠန္တိ။ ၅- ဒုက္ခာ ဝိမုတ္တိယာ ဘိက္ခူ ယုဉ္ဇန္တိ။ ၆- ဒေဝီ ဣသိနံ ပိဏ္ဍပါတံ ဒဒါတိ။ ၇- ဣတ္ထိယော အဋဝိယာ ဖလာနိ ဟရေယျုံ။ ၈- ဘိက္ခုနိယော နဒိံ ပဗ္ဘရိယာ တရန္တိ။ ၉- ဗာရာဏသိယံ မနုဿာ ဝုဋ္ဌိယာ ဝုဒ္ဓိံ လဘန္တိ။ ၁၀- မိဂီ ပေါက္ခရဏိယံ ဥဒကံ ပိဝတိ။

==========

## ၁၆။ ။ စတုတ္ထ ကြိယာဂိုဏ်း

√သု–အစရှိသော ဓာတ်များသို့ (၁) ဏော၊ ဏာ၊ (၂) ဥဏော၊ ဥဏာ – ပစ္စည်းများ ဆက်ပေးရသည့်ဂိုဏ်းကို စတုတ္ထကြိယာဂိုဏ်း **(သွာဒိဂိုဏ်း)** ဟု ခေါ်၏။ ဤကြိယာဂိုဏ်း၌ ပစ္စည်း ၄–ခု ပါဝင်ရာ၊ ယင်းကို ၂–ပိုင်းခွဲခြားထားအပ်၏။ ဂိုဏ်းဝင်ဓာတ်များသည် သရ၊ ဗျည်းနှင့် ဆုံးကြ၏။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ–

(၁) **'ဏော၊ ဏာ'** ပစ္စည်း ၂–ခုကို သရဆုံးဓာတ်သို့ ဆက်လျှင် ပြောင်းလဲမှုမရှိ။ ဗျည်းဆုံးဓာတ်သို့ ဆက်မူ ဓာတ်၏အဆုံးဗျည်းနှင့် ယင်း 'ဏော၊ ဏာ' ပစ္စည်းတို့ကို သဒိသရုပ် ပြုရ၏။

**ပြယုဂ်–** √သု + ဏော၊ ဏာ = သုဏောဟိ၊ သုဏာတိ = ကြား၏

√ဝု + ဏော၊ ဏာ = ဝုဏောတိ၊ ဝုဏာတိ = ဖောင့်စည်း၏

ပ√ဟိ + ဏော၊ ဏာ = ပဟိဏောတိ၊ ပဟိဏာတိ = စေလွှတ်၏

* √သက် + ဏော၊ ဏာ = သက္ကောတိ၊ သက္ကာတိ = စွမ်းနိုင်၏

* ပ√အာပ် + ဏော = ပပ္ပေါတိ = ရောက်၏

(၂) **'ဥဏော၊ ဥဏာ'** ပစ္စည်း ၂–ခုကို ဗျည်းဆုံးဓာတ်များသို့သာ တိုက်ရိုက်ဆက်ရ၏။ ( အမှန်အားဖြင့် ဗျည်းဆုံးဓာတ်နှင့် ဏော, ဏာ–ပစ္စည်းတို့၏အကြား၌ 'ဥ' ထည့်ပေးခြင်းဖြစ်၏။ ) **ပြယုဂ်–**

ပ√အာပ် + ဥဏော၊ ဥဏာ = ပါပုဏောတိ၊ ပါပုဏာတိ = ရောက်၏

√သက္က် + ဥဏော၊ ဥဏာ = သက္ကုဏောတိ၊ သက္ကုဏာတိ = စွမ်းနိုင်၏

**မှတ်ရန်–** (၁) ဤကြိယာဂိုဏ်း၌ တည်ပုဒ်တို့သည် "အာ၊ ဩ" သရနှင့် ဆုံးကြ၏။ * **"သုဏာ၊ ပါပုဏာ"**–ကဲ့သို့သော အာ–သရဆုံး တည်ပုဒ်များကို √ဒါ > ဒဒါအတိုင်း ဂိုဏ်းစဉ်ရ၏။ * **'သုဏော၊ ပါပုဏော"** ကဲ့သို့သော ဩ–သရဆုံး တည်ပုဒ်သာ ထူးခြားသဖြင့် ယင်းတို့ကိုသာ ဂိုဏ်းစဉ်ပြပါမည်။ (၂) သို့ရာတွင် အာ–ဆုံး၊ ဩ–ဆုံး တည်ပုဒ်

များသည်လည်း 'ပစ္စုပ္ပန်၊ ပဉ္စမီ' ဝိဘတ်များ၌သာ ကွဲပြား၏။ သတ္တမီ၊ အနာဂတ် ( နောင်ပြလတ္တံ့သော 'အဇ္ဇတနီ') ဝိဘတ်တို့၌ကား တည်ပုဒ်၏အဆုံး "အာ၊ ဩ" သရများကို ချေပစ်ရသဖြင့် ဂိုဏ်းစဉ်ပုံ မကွဲပြားတော့ပဲ ဖ်စ် > ၀၈-ဂိုဏ်းစဉ်ပုံနှင့် လုံးဝတူသွားသည်။ **သုဏေယျ** (သတ္တမီ) **သုဏိဿတိ** (အနာဂတ်)-စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

## 'သုဏော'ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

**ပစ္စုပ္ပန်ဝိဘတ်ဖြင့်**

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ- | သုဏောတိ | * သုဏန္တိ |
| တု- | သုဏောသိ | သုဏောထ |
| မှ- | သုဏောမိ | သုဏောမ |

**ပဉ္စမီဝိဘတ်ဖြင့်**

| | | |
|---|---|---|
| နာ- | သုဏောတု | * သုဏန္တု |
| တု- | သုဏောဟိ | သုဏောထ |
| မှ- | သုဏောမိ | သုဏောမ |

မှတ်ချက်- 'အန္တိ၊ အန္တု' ဝိဘတ်များရှေ့၌ * ('သုဏာ၊ ပါပုဏာ'-တို့၏ အာ-သည်ငင်း:) * 'သုဏော'၏ 'ဩ'သည်ငင်း ကျေ၏။ "ပပ္ပေါ၊ သက္ကော"တို့၌မူ 'ဩ' မကျေ --- ပပ္ပေါန္တိ၊ ပပ္ပေါန္တု၊ သက္ကောန္တိ၊ သက္ကောန္တု။

အခြေပြုပါဠိသဒ္ဒါ (၅၂)

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဘိက္ခူ ဗုဒ္ဓဿ ဓမ္မံ သုဏန္တိ။ ၂– ပါပကာရိနော ဒုက္ခံ ပါပုဏိဿန္တိ။ ၃– သိဿာ! တုမှေ အာစရိယဿ ဝစနံ သုဏာထ။ ၄– သုနခါ ဝိသေန မရဏံ ပပ္ပောန္တိ။ ၅– အမစ္စော ဝါဏိဇံ နဂရံ ပဟိဏောတိ။ ၆– လုဒ္ဒေါ ဘရိယာဟိ သဒ္ဓိံ ဝနံ ဂစ္ဆတိ။ ၇– ဘဂိနိ! တွံ ရတ္တိယံ အင္ဂဏေ မာ ဂစ္ဆ။ ၈– ဂါမဝါသိနော ရတ္တိယံ စန္ဒဿ အာဘာယ ဝသေယျုံ။ ၉– သိဿော အာစရိယဿ သန္တိကေ ဝသေယျ။ ၁၀– ပဗ္ဗတာနံ အန္တရေ ပေါက္ခရဏီ ဟောတိ။

==========

### ၁၃။ ။ ဥ၊ ဦ–သရဆုံး (ဣ) နာမ်ပိုဏ်း

* **ဥ–သရဆုံး** (ဣ) နာမ်ဂိုဏ်းသည် (ဣ) နာမ်ဂိုဏ်းနှင့် လုံးဝတူ၏။ ထို့ကြောင့် * 'မတိ'ကို '**မတီ–မတီ၊ မတိယော**'–စသည်ဖြင့် ဂိုဏ်းစဉ်သကဲ့သို့ပင် 'ဓေနု' (နွားမ)ကိုလည်း '**ဓေနူ–ဓေနူ၊ ဓေနုယော**'–စသည်ဖြင့် ဂိုဏ်းစဉ်ရသည်။

* **ဦ–သရဆုံး** (ဣ) နာမ်ဂိုဏ်းသည်လည်း ဤ–သရဆုံး (ဣ) = နဒီ နာမ်ဂိုဏ်းနှင့် တူသဖြင့် 'နဒီ'ကို '**နဒီ–နဒီ၊ နဒိယော**'–စသည်ဖြင့် ဂိုဏ်းစဉ်သကဲ့သို့ပင် 'ဝဓူ' (ချွေးမ)ကိုလည်း '**ဝဓူ–ဝဓူ၊ ဝဓုယော**'–စသည်ဖြင့် (ဝဓူ–ကို ဝဓု–ဟုထား၍) ကျန်ဝိဘတ်များဖြင့် ဂိုဏ်းစဉ်ပါ။

### ဥ–သရဆုံး (ဣ) နာမ်များ

| | | | |
|---|---|---|---|
| ဝဏ္ဏု | = သဲ | သဿု | = ယောက္ခမ |
| ဟနု | = မေးရိုး | ဝိဇ္ဇု | = လျှပ်စစ်ရောင် |
| ရဇ္ဇု | = ကြိုး | ဓာတု | = ဓာတ်၊ ဓာတ်တော် |
| ကာသု | = တွင်း | ယာဂု | = ဆန်ပြုတ်, ယာဂု |
| ကရေဏု | = ဆင်မ | တနု | = ခန္ဓာကိုယ် |

## 'အချိန်ကာလ' ပြ ပုဒ်များ

| | | | | | |
|---|---|---|---|---|---|
| အဇ္ဇ | = | ယနေ့ | ဒါနိ၊ ဣဒါနိ | = | ယခု |
| ဒိဝါ | = | နေ့အခါ၌ | ရတ္တိယံ | = | ညအခါ၌ |
| သွေ၊ သုဝေ | = | နက်ဖြန် | သာယံ | = | ညနေချိန်၌ |
| ဧတရဟိ | = | ယခု | အနာဂတေ | = | နောင်အခါ၌ |
| ဟိယျော | = | မနေ့က | အတီတေ | = | ရှေးအခါက |

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ကမ္မံ အနာဂတေ ဖလံ ဒဿတိ။ ၂– ဧကိယေသု ဗုဒ္ဓဿ ဓာတုယော ဟောန္တိ။ ၃– မယံ သံဃဿ ပိဏ္ဍပါတံ ဒေမ။ ၄– တုမှေ ယောဂိနံ ဒုက္ခံ မာ ဒေထ။ ၅– ဝုဍ္ဎိ မနုဿာနံ ဝုဍ္ဎိံ ဒေတိ။ ၆– သာယံ ဝါနရာ နဒိံ ရစ္ဆာယ တရိဿန္တိ။ ၇– ဣဒါနိ မယံ ကိံ ကရိဿာမ။ ၈– သိဿာ! သွေ တုမှေ နဂရံ ဂမိဿထ။ ၉– ကဿကာ ဒိဝါ ခေတ္တံ * ကသန္တိ။ ၁၀– ဧတရဟိ မယံ အာစရိယဿ သန္တိကံ ဂစ္ဆေယျာမ။

==========

### ၁၈။ ။ အဇ္ဇတနီ ဝိဘတ်

အဇ္ဇတနီ ဝိဘတ်သည် 'ဖြစ်ပြီး၊ ပြုပြီး'သော အတိတ်ကာလကို ဖော်ပြ၏။ ယင်းကို 'ခဲ့၏၊ ခဲ့ပြီ၊ ပြီးပြီ'–ဟု ဘာသာပြန်ရ၏။

#### ဝိဘတ်များ

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | ဤ | ဥံသု (အံသု၊ အုံ) |

| | | |
|---|---|---|
| တု- | ဣ | ဣဣ |
| မှ | ဣံ | ဣမှာ |

အဇ္ဇတနီ ဝိဘတ်ကို ဓာတ်/တည်ပုဒ်များသို့ ဆက်သောအခါ၊ ယင်း ဓာတ်/ တည်ပုဒ်ရှေ့က 'အ'ကို ရံခါ (အပို) ထည့်ပေးရ၏။ ယင်း 'အ'ကို အာဂမ (အာဂုံ) 'အ' ဟု ခေါ်လေ့ရှိ၏။

## အဇ္ဇတနီ ဝိဘတ်ဆက်ပုံ

(၁) အဇ္ဇတနီဝိဘတ်ကို ဗျည်းဆုံးဓာတ်များသို့ တိုက်ရိုက်ဆက်ရ၏။

| | | | | | | |
|---|---|---|---|---|---|---|
| **ဥပမာ-** | √ပစ် + ဤ/ိ | = | အပစိ၊ ပစိ | = | ချက်ခဲ့၏ |
| | √ဂမ် + ိ | = | အဂမိ၊ ဂမိ | = | သွားခဲ့၏ |
| | √ပုစ္ဆ် + ိ | = | အပုစ္ဆိ၊ ပုစ္ဆိ | = | မေးခဲ့၏ |
| | √ကရ် + ိ | = | အကရိ၊ ကရိ | = | ပြုခဲ့၏ |
| | √ဝဒ် + ိ | = | အဝဒိ၊ ဝဒိ | = | ပြောခဲ့၏ |

(၂) အက္ခရာ ၂-ခုပါသည့် တည်ပုဒ်များသို့ ဆက်သောအခါ၊ တည်ပုဒ်၏ အဆုံး "အ၊ အာ၊ ဩ"-သရများကို ချေရ၏။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **ဥပမာ-** | √ဂမ် | > | ဂစ္ဆ | + | ိ | = | အဂစ္ဆိ၊ ဂစ္ဆိ | = | သွားခဲ့၏ |
| | √ဇိ | > | ဇယ | + | ိ | = | အဇယိ၊ ဇယိ | = | အောင်ခဲ့၏ |
| | √နီ | > | နယ | + | ိ | = | အနယိ၊ နယိ | = | ဆောင်ခဲ့၏ |
| | √ဒါ | > | ဒဒါ | + | ိ | = | အဒဒိ၊ ဒဒိ | = | ပေးခဲ့၏ |
| | √ဘုဇ် | > | ဘုဉ္ဇ | + | ိ | = | အဘုဉ္ဇိ၊ ဘုဉ္ဇိ | = | စားခဲ့၏ |
| | √ဗုဓ် | > | ဗုဇ္ဈ | + | ိ | = | အဗုဇ္ဈိ၊ ဗုဇ္ဈိ | = | သိခဲ့၏ |
| | √သု | > | သုဏော | + | ိ | = | အသုဏိ၊ သုဏိ | = | ကြားခဲ့၏ |

√သု > သုဏာ + –ိ = အသုဏိ၊ သုဏိ = ကြားခဲ့၏

√ဂါ > ဂါယ + –ိ = အဂါယိ၊ ဂါယိ = သီဆိုခဲ့၏

(၃) အက္ခရာတခုတည်းပါရှိသည့် "အာ၊ ဧ၊ ဉာ"–သရနှင့်ဆုံးသော ဓာတ်/တည်ပုဒ်များသို့ 'သ်' ခံ၍ အဇ္ဇတနီဝိဘတ်ကို ဆက်ရ၏။ ယင်းကြိယာပုဒ်တို့၏ရှေ့၌ အ (အာဂုံ)–ကို အမြဲထည့်လေ့ရှိ၏။

ပြယုဂ်– √ဒါ + သ် + –ိ = အဒါသိ = ပေးခဲ့၏

√ဠာ + သ် + –ိ = အဠာသိ = ရပ်ခဲ့၏

√ဉာ + သ် + –ိ = အညာသိ = သိခဲ့၏

√ကာရ > ကာ + သ် + –ိ = အကာသိ = ပြုခဲ့၏

* √သု > သော + သ် + –ိ = အသောသိ = ကြားခဲ့၏

√ဟူ > ဟော + သ် + –ိ = အဟောသိ = ဖြစ်ခဲ့၏

√ဓီ > ဓေ + သ် ိ = အဓေသိ = ဆောင်ခဲ့၏

√နီ > နေ + သ် + –ိ = အနေသိ = ဆောင်ခဲ့၏

ဖော်ပြပါ ပုံစံ ၃–မျိုးအလိုက် ဂိုဏ်းစဉ် ၃–မျိုးကို ပြပါမည်။

## (၁) √ပစ်ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | အပစိ၊ ပစိ | အပစိံသု၊ ပစိံသု |
| တု– | အပစိ၊ ပစိ | အပစိတ္ထ၊ ပစိတ္ထ |
| မှ– | အပစိံ၊ ပစိံ | အပစိမှာ၊ ပစိမှာ |

## (၂) √ဂမ် > ဂစ္ဆ ကို ဝိုထ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ကောဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | အဂစ္ဆိ၊ ဂစ္ဆိ | အဂစ္ဆိသု၊ ဂစ္ဆိသု |
| တု– | အဂစ္ဆိ၊ ဂစ္ဆိ | အဂစ္ဆိတ္ထ၊ ဂစ္ဆိတ္ထ |
| မှ– | အဂစ္ဆိံ၊ ဂစ္ဆိံ | အဂစ္ဆိမှာ၊ ဂစ္ဆိမှာ |

## (၃) √ဒါကို ဝိုထ်းစဉ်ပုံ

(အရကျက်ပါ)

| ယောဂ | ကောဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ– | အဒါသိ | * အဒါသုံ၊ အဒံသု |
| တု– | အဒါသိ | အဒါသိတ္ထ |
| မှ– | အဒါသိံ | အဒါသိမှာ |

* √ဌာ – ကို "အဋ္ဌာသိ–အဋ္ဌာသုံ၊ အဋ္ဌံသု"–စသည်

√ဉာ – ကို "အညာသိ–အညာသုံ"–စသည်

√ကရ်> ကာ – ကို "အကာသိ–အကာသုံ၊ အကံသု"–စသည်

√သု > သော – ကို "အသောသိ–အသောသုံ"–စသည်

√ဟူ > ဟော – ကို "အဟောသိ–အဟောသုံ"–စသည်

√ဇိ > ဇေ – ကို "အဇေသိ–အဇေသုံ"–စသည်

√နီ > နေ – ကို "အနေသိ–အနေသုံ"–စသည်ဖြင့် စဉ်ပါ။

## အောက်ပါတို့ကို ဂိုဏ်းပဥ်ပါ

၁– ကောဏ္ဍညော ဗုဒ္ဓဿ ဓမ္မံ အညာသိ။ ၂– ဟိယျော ဝါဏိဇော သံဃဿ ယာဂုံ အဒါသိ။ ၃– သကုဏာ ရုက္ခဿ သာခါသု သယိံသု။ ၄– မနုဿာ ဝုဋ္ဌိယာ ကမ္မန္တံ အကံသု။ ၅– ဟိယျော မယံ ရထေန ဥယျာနံ အဂမိမှာ။ ၆– ကုမာရီ သဘာယံ ဂီတံ အဂါယိ ၇– သိဿာ အာစရိယဿ ပုစ္ဆာယော ပုစ္ဆိံသု။ ၈– ဗုဒ္ဓေါ မေတ္တာယ နာဠာဂိရိံ အဒမေသိ။ ၉– ဘိက္ခဝေါ ဗုဒ္ဓဿ ဩဝါဒံ အသောသုံ။ ၁၀– အတီတေ ဗာရာဏသိယံ ဗောဓိသတ္တော အမစ္စဿ ပုတ္တော အဟောသိ။

=========

### ၁၉။ နာမ်စားဂိုဏ်း (၁) – အဟံ၊ တွံ

**'နာမ်စား'** ဟူသည် "လူ၊ အရာဝတ္ထု (သက်ရှိ၊ သက်မဲ့)တို့ကို အတိအကျ ဖော်မပြပဲ၊ ယင်း နာမ်များကိုယ်စား အသုံးပြုသည့် ပုဒ်မျိုးဖြစ်၏။ နာမ်စားမှာ ၅–မျိုး ရှိ၏။ ယင်းတို့မှာ (၁) ပုဂ္ဂလနာမ်စား – အဟံ၊ တွံ။ တ။ (၂) နိဒ္ဒေသနနာမ်စား – တ၊ ဧတ။ ဣမ။ (၃) အနိယမနာမ်စား – ယ။ (၄) ပုစ္ဆာနာမ်စား – ကိံ = က။ (၅) အနိယမ နာမ်စား – ကိံ – စိ = က–စိ။

နာမ်စားဂိုဏ်းစဉ်သည် နာမ်ဂိုဏ်းစဉ်နှင့် များစွာခြားနား၏။ သို့ရာတွင် နာမဝိသေသန သဘောပါရှိသည့် နာမ်စားဂိုဏ်းစဉ်မှာမူ ဖော်ပြပါ သရဆုံး နာမ်ဂိုဏ်းစဉ် နှင့် များစွာတူ၏။ နာမ်စားဂိုဏ်းစဉ်များ၌ 'အာလပန' မရှိချေ။

**အဟံ၊ တွံ** ။ ။ ဟူသော ပုဂ္ဂလနာမ်စားတို့သည် လိင် ၃–ပါးကြောင့် ပြောင်းလဲမှု မရှိသဖြင့် ယင်းတို့၏ ဂိုဏ်းစဉ်မှာ တမျိုးတည်းသာရှိ၏။ 'အဟံ၊ တွံ'တို့၏ ဂိုဏ်းစဉ်ပုံမှာ သဒ္ဒါနည်းအရ ရှင်းပြရန် မလွယ်ကူသဖြင့် ဂိုဏ်းစဉ်ထားပုံအတိုင်း အရကျက်ရန်သာ ဖြစ်၏။ သို့ရာတွင် ယင်းဂိုဏ်းစဉ် ၂–ခုမှာ ဆင်တူကြသဖြင့် တခု မှတ်မိလျှင် ကျန်တခု မခက်တော့ပေ။ ဗဟုဝုစ်ကိန်း၌ **'အဟံ'** သည် **'အမှ'** ဟုရင်း၊ **'တွံ'** သည် **'တုမှ'** ဟုရင်း ဖြစ်သွားသည်။

## အခြေပြုပါဠိသဒ္ဒါ (၂၈)

### အဟံ (ငါ)ကို ဝိဘတ်စဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | အဟံ | အမှေ၊ မယံ၊ (နော) |
| ဒု– | မံ၊ မမံ | အမှေ၊ (နော) |
| တ / ပံ– | မေ၊ မယာ | အမှေဟိ, –ဘိ၊ (နော) |
| စ / ဆ– | မေ၊ မမ၊ မယှံ | အမှာကံ၊ (နော) |
| သ– | မယိ | အမှေသု |

### တွံ (သင်)ကို ဝိဘတ်စဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | တွံ | တုမှေ၊ (ဝေါ) |
| ဒု– | တံ၊ တဝံ (တုဝံ) | တုမှေ၊ (ဝေါ) |
| တ / ပံ– | တေ၊ တယာ၊ (တွယာ) | ကုမှေဟိ, –ဘိ၊ (ဝေါ). |
| စ / ဆ– | တေ၊ တဝ၊ တုယှံ | တုမှာကံ၊ (ဝေါ) |
| သ– | တယိ၊ (တွယိ) | တုမှေသု |

**မှတ်ရန်–** ‘မေ၊ နော’ နှင့် ‘တေ၊ ဝေါ’ တို့ကို ဝါကျ၏အစ၌ မထားရ။

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁– တွံ မမ မိတ္တံ ဟောသိ။ ၂– အဟံ တဝ ကညံ ဣစ္ဆာမိ။ ၃– မယံ သဘာယံ တုမှေ ပဿာမ။ ၄– အာစရိယ! အဟံ တဝ သိဿော ဟောမိ။ ၅– တုမှေ

အမှာက် ဝုဒ္ဓိယာ ကမ္မာနိ ကရေယျာထ။ ၆– မယံ တုမှာကံ ဥယျာနေ ရုက္ခေသု ဥဒကံ သိဉ္စိမှာ။ ၇– သေ့ ကုမာရီ တုမှေဟိ သဒ္ဓိံ နဂရံ ဂမိဿန္တိ။ ၈– ဟိယျော ဝါဏိဇာ အမှေဟိ သဟ ဇာရဏသိံ အဂမိံသု။ ၉– ဗုဒ္ဓေါ မယံ ဓယံ ဒေဘု။ ၁၀– အာစရိယ! တွံ အမှာကံ ဩဝါဒံ ဒေဟိ။

==========

## ၂၀ ။ ပဉ္စမကြိယာဂိုဏ်း

√ကီ–အစရှိသော ဓာတ်များသို့ 'နာ'–ပစ္စည်း ဆက်ပေးရသည့်ဂိုဏ်းကို ပဉ္စမ ကြိယာဂိုဏ်း (**ကီယာဒိဂိုဏ်း**) ဟု ခေါ်၏။ ဓာတ်၏အဆုံး 'သရရှည်'သည် 'သရတို'သို့ ပြောင်းတတ်၏။ ဂိုဏ်းပစ္စည်း **'နာ'** သည် ( သဒ္ဒါတဘာသာ၏ စည်းကမ်းအရ ) အချို့သောဓာတ်များ၌ **'ဏာ'** သို့ ပြောင်း၏။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ–

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဥပမာ– | √စိ | + | နာ | = | စိနာတိ | = | စုဆောင်း၏ |
| | √ဓိ | + | နာ | = | ဓိနာတိ | = | အောင်း၏ |
| | √ယု | + | နာ | = | ယုနာတိ | = | ဖွဲ့နှောင်၏ |
| | √မီ | + | နာ | = | မိနာတိ | = | တိုင်းတာ၏ |
| | √လူ | + | နာ | = | လုနာတိ | = | ရိတ်ဖြတ်၏ |
| | √ဉာ > ဇာ | + | နာ | = | ဇာနာတိ | = | သိ၏ |
| * | √ကီ | + | နာ | = | ကိဏာတိ | = | ဝယ်၏ |
| * | ဝိ √ကီ | + | နာ | = | ဝိက္ကိဏာတိ | = | ရောင်း၏ |
| * | √ဂဟ် | + | နာ | = | ဂဏှာတိ | = | ယူ–ဖမ်း၏ |
| * | ဥဒ် √ဂဟ် | + | နာ | = | ဥဂ္ဂဏှာတိ | = | သင်ယူ၏ |

[ * ဤ၌ 'ဟ်' နှင့် 'ဏာ' သည် ရှေ့နောက်ပြန်၏ ။ ]

ဤကြိယာဂိုဏ်းဝင် တည်ပုဒ်များသည် 'အာ'သရနှင့်ဆုံးသောကြောင့်

ယင်းတို့ကို ၆ါ > ဒါ အတိုင်း ဂိုဏ်းစဉ်ရသည်။ **စိနာတိ–စိနန္တိ**–စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

* **ဧဝံ** = ဤသို့။ **ဧဝ** = သာလျှင်။ **ဣတိ** = ဤသို့၊ ဟူ၍။ (ရှေ့၌ သရရှိလျှင် 'ဣတိ'၏ရှေ့ 'ဣ' သည် ကျေ၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဝါဏိဇာ ကဿကေဟိ ဓညာနိ ကိဏန္တိ။ ၂– သေနာပတိ အမစ္စဿ အဿံ ဝိက္ကိဏာတိ။ ၃– သွေ ကဿကာ သဿာနိ လုနိဿန္တိ။ ၄– အာစရိယော မမ နာမံ န ဇာနာတိ။ ၅– ဘိက္ခူ ဗုဒ္ဓဿ ဓမ္မံ ဇာနေယျုံ။ ၆– ဟိယျော အဋဝိယာ ယက္ခော ဗြာဟ္မဏံ ဂဏှိ။ ၇– သေနာယော ဝနေ စောရေ ဂဏှိဿန္တိ။ ၈– တွံ မံ အမစ္စဿ 'ပုတ္တော'တိ ဇာနာဟိ။ ၉– 'ဟိယျော ဗုဒ္ဓေါ နာဠာဂိရိံ အဇိနိ' – ဧဝံ အဟံ အသောသိံ။ ၁၀– ပုတ္တ! တွံ နဂရေ အာစရိယဿ သန္တိကေ သိပ္ပံ ဥဂ္ဂဏှာဟိ။

==========

## ၂၁။ နာမ်စားဂိုဏ်း (၂) – ယ၊ တ (ဧတ)

**တ ။ ။** 'တ'သည် "ထိုသူ၊ ထိုအရာ"–စသည်ဖြင့် "ပုဂ္ဂိုလ်၊ အရာဝတ္ထု" တို့ကို ညွှန်ပြပေးသောကြောင့် နိဒ္ဒေသန နာမ်စားမည်၏။ ( ယင်းသည် အင်္ဂလိပ်ဘာသာသုံး *He, she, it - They* နှင့် အဓိပ္ပာယ်တူ၏။ ) ထို့ပြင် 'တ'သည် "ထိုယောကျ်ား၊ ထိုသစ်ပင်'–စသည်ဖြင့် နာမ်ပုဒ်ကို အထူးပြုသည်ဖြစ်၍ နာမဝိသေသနသဘောကိုလည်း ဆောင်သောကြောင့် 'တ'ကို နိဒ္ဒေသန နာမဝိသေသနဟုလည်း ခေါ်နိုင်၏။ ( ယင်းသည် အင်္ဂလိပ်ဘာသာသုံး *That - Those* နှင့် အဓိပ္ပာယ်တူ၏။ )

**ယ ။ ။** 'ယ'ကို အနွယီ နာမ်စားဟု ခေါ်၏။ ရှင်းဦးအံ့– "အကြင်သူသည် အဆိပ်ကို သောက်၏။ ထိုသူသည် သေအံ့"–စသော ဝါကျများ၌ "အကြင်သူ" ဟူသော ပုဒ်သည် 'ထိုသူ'ဟူသော ပုဒ်နှင့် ဆက်စပ်လျက် ရှိ၏။ ထို့ကြောင့် 'အကြင် (=ယ)'

ဟူသော ပုဒ်ကို အနွယ် နာမ်စားမှာ ခေါ်၏။ 'ယ'သည် 'တ'ကဲ့သို့ပင် "ပုဂ္ဂိုလ်၊ အရာဝတ္ထု" တို့ကို အထူးပြုသောကြောင့် နာမဝိသေသန သဘောကိုလည်း ဆောင်၏။ ( နာမဝိသေသန–ဟူသည် နာမ်ပုဒ်ကို အထူးပြုသည့် ပုဒ်ဖြစ်၏။ )

ထိုသို့ နာမဝိသေသန သဘောကို ဆောင်သောကြောင့် 'ယ'နှင့် 'တ'တို့သည် ၎င်းတို့က အထူးပြုသည့် နာမ်ပုဒ်တို့နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်"အားဖြင့် တူညီရ၏။ သို့ဖြစ်၍ 'ယ'နှင့် 'တ'တို့ကို လိင်သုံးမျိုးအလိုက် ဂိုဏ်းစဉ်ပုံ သုံးမျိုးဖြင့် စဉ်ရလေ၏။ ယင်းတို့သည် *(ပု၊ န)၌ အ–သရဆုံး (ပု၊ န)ဂိုဏ်းစဉ်နှင့် ဆင်တူ၍၊ *(ဣ)၌ အာ–သရဆုံး (ဣ) ဂိုဏ်းစဉ်နှင့် ဆင်တူသည်။

### ယ (ပု)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | ယော | ယေ |
| ဒု– | ယံ | ယေ |
| တ– | ယေန | ယေဟိ, –ဘိ |
| ပံ– | ယသ္မာ, –မှာ | ယေဟိ, –ဘိ |
| စ / ဆ– | ယဿ | ယေသံ (ယေသာနံ) |
| သ– | ယသ္မိံ, –မှိ | ယေသု |

**မှတ်ရန်–** ယ (န)၏ဂိုဏ်းစဉ်သည် ယ (ပု)၏ ဂိုဏ်းစဉ်နှင့် ( ထုံးစံအတိုင်း ) "ပ၊ ဒု" ၌သာ ကွဲပြား၏။ ထို့ကြောင့် "ပ / ဒု = ယံ – ယာနိ"–စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

# အခြေပြုပါဠိသဒ္ဒါ (၆၂)

## ယ > ယာ (ဣ)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| ပ– | ယာ | ယာ၊ ယာယော |
| ဒု– | ယံ | ယာ၊ ယာယော |
| တ / ပံ– | ယာယ၊ ယဿာ | ယာဟိ, –ဘိ |
| စ / ဆ– | ယာယ၊ ယဿာ | ယာသံ (ယာသာနံ) |
| သ– | ယာယ၊ ယဿံ | ယာသု |

## တ (ပု)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| ပ– | * သော | တေ |
| ဒု– | တံ | တေ |
| တ– | တေန | တေဟိ, –ဘိ |
| ပံ– | တသ္မာ, –မှာ | တေဟိ, –ဘိ |
| စ / ဆ– | တဿ | တေသံ (တေသာနံ) |
| သ– | တသ္မိံ, –မှိ | တေသု |

**မှတ်ရန်–** (၁) "ပ–ဓ" မှတပါး ကျန်ဝိဘတ်များ၌ 'တ'အစား 'န'(ထို) ဖြင့် ဂိုဏ်းစဉ်နိုင်သေး၏။ **နေ** (ပ–ဗ)၊ **နံ–နေ** စသည်ဖြင့် ဂိုဏ်းစဉ်ပါ။ (၂) တ (န)၏ ဂိုဏ်းစဉ်သည် တ (ပု)၏ ဂိုဏ်းစဉ်နှင့် "ပ၊ ဒု"၌သာ ကွဲပြား၏။ ထို့ကြောင့် ပ / ဒု = "**တံ–တာနိ**" စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

## တ > တာ (ဣ)ကို ဝိုထ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | * သာ | တာ၊ တာယော |
| ဒု– | တံ | တာ၊ တာယော |
| တ / ပံ– | တာယ၊ တဿာ | တာဟိ, –ဘိ |
| စ / ဆ– | တာယ၊ တဿာ | တာသံ (တာသာနံ) |
| သ– | တာယ၊ တဿံ | တာသု |

**မှတ်ရန်–** (၁) "တ/ပံ + စ/ဆ" ကေဝုစ်ဝိဘတ်များ၌ **'တဿာ'** အပြင် **"တဿာယ၊ တိဿာ၊ တိဿာယ"** ဟုလည်း ရှိသေး၏။ (၂) "သ–ဧ" ၌လည်း **'တဿံ'** အပြင် **'တိဿံ'** ဟု ရှိသေး၏။

**'ဧတ–ဂိုထ်းစဉ်** ။ ။ 'တ'ရှေ့က 'ဧ'ထည့်၍ 'ဧတ'ဟူသော ပုဒ်လည်း ရှိသေး၏။ 'ဧတ'ကို "ဤသူ၊ ဤအရာ"–ဟု ဘာသာပြန်ရ၏။ 'ဧတ'၏ ဂိုဏ်းစဉ်သည် 'တ'၏ ဂိုဏ်းစဉ်နှင့် လုံးဝတူ၏။ ထို့ကြောင့် *(ပု)၌ **"သော–ဧသော"** စသည်။ *(နု)၌ **"တံ–ဧတံနိ"** စသည်။ *(ဣ)၌ **"သာ–ဧသာ၊ ဧတာယော"** စသည်ဖြင့် ဂိုဏ်းစဉ်ရ၏။

### ယ/တ အတိုင်း ဂိုထ်းစဉ်ရသည့်ပုဒ်များ

| | | | |
|---|---|---|---|
| သဗ္ဗ = အလုံးစုံ | | ဧက = တဦး၊ တခု (ဧ) | |
| ပရ = သူတပါး | | ဧက = အချို့ (ဗ) | |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သော ဒါနံ ဒေတိ– ယော ဒါနံ ဒေန္တိ။ ၂– သာ သီလံ ရက္ခတိ – တာ သီလံ ရက္ခန္တိ။ ၃– သော ပုရိသော ဩဒနံ ပစတိ – တေ ပုရိသာ ဩဒနံ ပစန္တိ။ ၄– သာ ကညာ ဘတ္တံ ဘုဉ္ဇတိ – တာ ကညာယော ဘတ္တံ ဘုဉ္ဇန္တိ။ ၅– တွံ တံ စောရံ ဝဓေဟိ။ ၆– အဟံ တံ ကညံ ဣစ္ဆာမိ။ ၇– တဿ ဘိက္ခုနော ပိဏ္ဍပါတံ ဒေဟိ။ ၈– တဿာ ကညာယ ပုတ္တော စောရော ဟောတိ။ ၉– ယော သီလံ ရက္ခတိ, သော သုခံ လဘိဿတိ။ ၁၀– ယေ သီလံ န ရက္ခန္တိ, တေ ဒုက္ခံ ပါပုဏိဿန္တိ။

**မှတ်ရန်**– 'ယော ... သော' သည် "*He ... Who*" နှင့်ရင်း၊ "ယေ ... တေ" သည် "*They ... Who*" နှင့်ရင်း အဓိပ္ပာယ်တူသည်။

=============

## ၂၂။ ။ ဆဋ္ဌမ ကြိယာဂိုဏ်း

√တန်–အစရှိသော ဓာတ်များသို့ 'ဩ' ပစ္စည်း ဆက်ပေးရသည့် ဂိုဏ်းကို ဆဋ္ဌမ ကြိယာဂိုဏ်း **(တနာဒိဂိုဏ်း)** ဟု ခေါ်၏။ တည်ပုဒ်ပြုပုံမှာ–

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ဥပမာ**– | √ကရ် | + | ဩ | = | ကရောတိ | = | ပြုလုပ်၏ |
| | √တန် | + | ဩ | = | တနောတိ | = | ချဲ့ထွင်၏ |
| | √ဝန် | + | ဩ | = | ဝနောတိ | = | တောင်းခံ၏ |

**ဂိုဏ်းစဉ်ပုံ** ။ ။ (၁) 'ကရော' အစရှိသော တည်ပုဒ်များသည် 'ဩ'နှင့် ဆုံးသောကြောင့် စတုတ္ထကြိယာဂိုဏ်းလာ **'သုဏော'** အတိုင်းပင် ဂိုဏ်းစဉ်ရ၏။ **'ကရောတိ – ကရောန္တိ'** စသည် စဉ်ပါ။ (၂) အဖွတနီ ဝိဘတ်၌ကား √ကရ်သည် 'ကရော'ဟုရင်း၊ 'ကာ'ဟုရင်း ပုံစံ ၂–မျိုးရှိသောကြောင့် * **'ကရော'** ကို ( သုဏော ကဲ့သို့ ) **"အကရိ၊ ကရိ"** စသည်ဖြင့်ရင်း၊ * **'ကာ'** ကို ( √ဒါကဲ့သို့ ) **"အကာသိ"** စသည်ဖြင့်ရင်း ဂိုဏ်းစဉ်ရ၏။

* **မှတ်ရန်**- ပဉ္စမီ 'ဟိ'-ဝိဘတ်ဖြင့် 'ကရောဟိ' ( ပြုလော့ )အပြင်၊ သက္ကတဘာသာ သုံး 'ဉ'-ပစ္စည်းဖြင့် ( ဟိ-ကိုချေ၍ ) **'ကုရု'**-ဟုလည်း ပါဠိ၌ သုံး၏။

## မှတ်ရန် ဝေါဟာရများ

| | | | | | |
|---|---|---|---|---|---|
| ပန | = | မူကား, သို့ရာတွင် | သဒါ | = | အခါခပ်သိမ်း |
| ဣဝ၊ ဝိယ | = | ကဲ့သို့ | ဧကဒါ | = | အခါတပါး၌ |
| ဣဟ | = | ဤအရပ်၌ | သဗ္ဗဒါ | = | အခါခပ်သိမ်း |
| ကဒါ | = | ဘယ်အခါ၌ | ကဒါစိ | = | တခါတရံ |
| တသ္မာ | = | ထို့ကြောင့် | အညတ္တ | = | အရပ်တပါး၌ |
| သုခံ, သုခေန | = | ချမ်းသာစွာ | ဒုက္ခံ, ဒုက္ခေန | = | ဆင်းရဲစွာ |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- သော တဿ ရုက္ခဿ ဆာယာ အဋ္ဌာသိ။ ၂- ဟိယျော တံသံ ပေါက္ခရဏိယံ မစ္ဆာ အဟေသုံ။ ၃- သာယံ မယံ နဒိယံ နှာယိဿာမ။ ၄- တာသံ ဣတ္ထီနံ ပုတ္တာ ကဒါစိ ကမ္မာနိ န ကရောန္တိ။ ၅- သာ ပေါက္ခရဏီ ပဒုမေဟိ သဗ္ဗဒါ သောဘတိ။ ၆- ဧကဒါ အဟံ ဝနေ လုဒ္ဒေါ ဝိယ အဝသိံ။ ၇- အနာဂတေ သော ဣဓ ဝသိဿတိ၊ အဟံ ပန အညတ္တ ဝသိဿာမိ။ ၈- သော ဒါနံ ဒေတိ၊ တသ္မာ သုခံ လဘိဿတိ။ * ၉- အဟံ **ယံ** ကညံ ဣစ္ဆာမိ၊ **သာ** မံ စောရော ဝိယ မညတိ။ * ၁၀ - အဟံ **ယေသံ** ပုတ္တာနံ ဝုဒ္ဓိံ ဣစ္ဆိံ၊ **တေ** မံ ဒါနိ ဇဟန္တိ။ (9. The girl **who(m)** I like thinks me like a thief. 10. The boys **whose** prosperity I wished abadon me now.)

==========

## ၂၃။ ၊ နာမ်စားဂိုဏ်း (၃) – ကိံ၊ ဣမ

**ကိံ > က** ။ ။ 'ကိံ > က'–ဟူသော ပုဒ်သည် အမေးဝါကျများ၌ အသုံးပြုရပြီး "အဘယ်သူ၊ အဘယ်အရာ" စသည်ဖြင့် "ပုဂ္ဂိုလ်၊ အရာဝတ္ထု" တို့ကို ကိုယ်စားပြုသောကြောင့် ပုစ္ဆာနာမ်စား မည်၏။ ယင်းသည် နာမဝိသေသန သဘောလည်း ပါရှိသဖြင့် ၎င်းကအထူးပြုသော နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်" အားဖြင့် တူညီရမည်။

သို့ဖြစ်၍ **'ကိံ > က'** မှာ လိင်သုံးပါးအရ "ကော (ပု)၊ ကာ (ဣ)၊ ကိံ (န)" ဟူ၍ ဂိုဏ်းစဉ်သုံးမျိုး ရှိ၏။ * **'ကော'** (ပု)ကို 'သော' အတိုင်း **"ကော–ကေ"** စသည်ဖြင့် ဂိုဏ်းစဉ်ပါ။ * **'ကာ'** (ဣ)ကို 'သာ (ဣ) အတိုင်း **"ကာ–ကာ၊ ကာယော"** စသည်ဖြင့် ဂိုဏ်းစဉ်ပါ။ * **"ကိံ"** (န)ကို 'တံ' (န) အတိုင်း **"ကိံ–ကာနိ"** စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

**ကိံစိ > ကစိ** ။ ။ ယင်းသည် "တစုံတယောက်၊ တစုံတခု"–စသည်ဖြင့် မရေရာသော "ပုဂ္ဂိုလ်၊ အရာဝတ္ထု" ကို ကိုယ်စားပြုသဖြင့် အနိယမ နာမ်စား' မည်၏။ ယင်း၏ ဂိုဏ်းစဉ်ပုံမှာ အလွန်လွယ်၏။ ဖော်ပြပါ 'ကိံ > က'၏ ဂိုဏ်းစဉ်သုံးမျိုးနောက်က 'စိ' ကို ထည့်ပေးရုံပင် ဖြစ်၏။ ထို့ကြောင့် *(ပု)၌ **"ကောစိ–ကေစိ"**–စသည်ဖြင့်၎င်း၊ *(ဣ)၌ **"ကာစိ–ကာစိ၊ ကာယောစိ"**–စသည်ဖြင့်၎င်း၊ *(န)၌ **"ကိဉ္စိ–ကာနိစိ"**–စသည်ဖြင့်၎င်း ဂိုဏ်းစဉ်ရ၏။

( **ကောစိ** = တစုံတယောက်သောသူ။ **ကာစိ** = တစုံတယောက်သောသူမ။ **ကိဉ္စိ** = တစုံတယောက်သောအရာ–ဟု ဘာသာပြန်ရ၏။ )

**ဣမ–ဂိုဏ်းစဉ်** ။ ။ 'ဣမ'သည် 'တ၊ ဧတ' ကဲ့သို့ပင် နိဒ္ဒသာန နာမ်စား (ဝါ) နာမဝိသေသန မည်၏။ 'ဣမ'ကို (ဧတကဲ့သို့ပင်) 'ဤ'ဟု ဘာသာပြန်ရ၏။ 'ဣမ'ကို (တ–ကဲ့သို့ပင်) လိင်သုံးပါးအရ ဂိုဏ်းစဉ်သုံးမျိုးဖြင့် စဉ်ရ၏။ 'တ၊ ဧတ'နှင့် ဂိုဏ်းစဉ်ပုံ ဆင်တူ၏။

## ဣမ (ပု)ကို ဝိဘတ်စဉ်ပုံ

(အရကျက်ပါ)

| **ဝိဘတ်** | **ဧကဝုစ်** | **ဗဟုဝုစ်** |
|---|---|---|
| ပ– | *** အယံ** | ဣမေ |
| ဒု– | ဣမံ | ဣမေ |
| တ– | ဣမိနာ | ဣမေဟိ, –ဘိ |
| ပံ– | ဣမသ္မာ, –မှာ၊ (အသ္မာ) | ဣမေဟိ, –ဘိ |
| ဆ / စ– | ဣမဿ (အဿ) | ဣမေသံ (ဣမေသာနံ) |
| သ– | ဣမသ္မိံ, – မှိ၊ (အသ္မိံ) | ဣမေသု |

**မှတ်ရန်–** ဣမ (နု)၏ ဂိုဏ်းစဉ်သည် ဣမ (ပု)၏ ဂိုဏ်းစဉ်နှင့် "ပ/ဒု"၌သာ ကွဲပြား၏။ ထို့ကြောင့် ပ/ဒု = "**ဣဒံ၊ ဣမံ–ဣမာနိ**"–စသည်ဖြင့် ဂိုဏ်းစဉ်ပါ။

## ဣမ (ဣ)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| **ဝိဘတ်** | **ဧကဝုစ်** | **ဗဟုဝုစ်** |
|---|---|---|
| ပ– | *** အယံ** | ဣမာ၊ ဣမာယော |
| ဒု– | ဣမံ | ဣမာ၊ ဣမာယော |
| တ / ပံ– | ဣမာယော၊ ဣမိဿာ | ဣမာဟိ, –ဘိ |
| စ / ဆ– | ဣမာယ၊ ဣမိဿာ | ဣမာသံ (ဣမာသာနံ) |
| သ– | ဣမာယံ၊ ဣမိဿံ | ဣမာသု |

**မှတ်ရန်**–(၁) "တ/ပံ + စ/ဆ" (ဣ) ဧကဝုစ်ဝိဘတ်များ၌ '**ဣမိဿာ**' အပြင် "**ဣမိဿာယ၊ အဿာ၊ အဿာယ**"ဟုလည်း ရှိသေး၏။ (၂) "သ–ဧ" ၌လည်း "**ဣမိဿံ**" အပြင် '**အဿံ**'ဟု ရှိသေး၏။

## အခြေပြုပါဠိသဒ္ဒါ (၆၈)

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁- သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။ ၂- ကောစိ ဣမိဿာ ဣတ္ထိယာ ဂေါဏံ အဝဓိ။ ၃- ကော ဣမံ ရုက္ခံ ဆိန္ဒတိ။ ၄- တုမှေ ဣမာယ နာဝါယ နဒိံ တရထ။ ၅- ကေ ဣမသ္မာ ဂေဟာ ဓညာနိ ဟရိံသု။ ၆- ဣမာ ကုမာရိယော တဝ ဥယျာနာ ပုပ္ဖာနိ ဟရေယျုံ။ ၇- ဧကော စောရော ဣမဿ ဂေဟဿ ဆဒိံ ဘိန္ဒိ။ ၈- ဣမေ ဂါမဝါသီ အင်္ဂုလိယာ အာဂစ္ဆေယျုံ။ ၉- ဣမသ္မိံ ဂါမေ ဧကေ မနုဿာ ပုဒ္ဒါ ဟောန္တိ။ * ၁၀- ကဿ ဝါဏိဇဿ ပုတ္တော သေ နဂရံ ဂမိဿတိ။

==========

### ၂၄။ ။ သတ္တမ ကြိယာဂိုဏ်း

√စုရ်-အစရှိသော ဗျည်းဆုံးဓာတ်များသို့ "ဧ၊ အယ" ပစ္စည်း ဆက်ပေးရသည့် ဂိုဏ်းကို သတ္တမကြိယာဂိုဏ်း (**စုရာဒိဂိုဏ်း**) ဟု ခေါ်၏။ တည်ပုဒ် ပြုလုပ်ပုံမှာ-

(၁) ဗျည်းတလုံးနှင့်ဆုံးသည့် ဓာတ်များသို့ 'ဧ၊ အယ' ပစ္စည်းဆက်လျှင် ဓာတ်၏အလယ်ရှိ "**အ၊ ဣ၊ ဥ**" သရတို့သည် အစဉ်အတိုင်း "**အာ၊ ဧ၊ ဩ**" သို့ ပြောင်းတတ်၏။

| | | | | | | |
|---|---|---|---|---|---|---|
| **ပြယုဂ်**- | √စုရ် | + ဧ၊ အယ | = | စောရေတိ၊ စောရယတိ | = | ခိုးယူ၏ |
| | √ဝိဒ် | + ဧ၊ အယ | = | ဝေဒေတိ၊ ဝေဒယတိ | = | ခံစား၏ |
| | √ဂုပ် | + ဧ၊ အယ | = | ဂေါပေတိ၊ ဂေါပယတိ | = | စောင့်ရှောက်၏ |
| | √ပုသ် | + ဧ၊ အယ | = | ပေါသေတိ၊ ပေါသယတိ | = | မွေးမြူ၏ |
| | √ပါလ် | + ဧ၊ အယ | = | ပါလေတိ၊ ပါလယတိ | = | စောင့်ရှောက်၏ |
| | √ဘာဇ် | + ဧ၊ အယ | = | ဘာဇေတိ၊ ဘာဇယတိ | = | ခွဲဝေ၏ |
| | √ကထ် | + ဧ၊ အယ | = | ကထေတိ၊ ကထယတိ | = | ပြောဆို၏ |
| | √ဂဏ် | + ဧ၊ အယ | = | ဂဏေတိ၊ ဂဏယတိ | = | ရေတွက်၏ |

(၂) ဗျည်း ၂–လုံးနှင့်ဆုံးသည့် ဓာတ်များသို့ဆက်လျှင် ပြောင်းလဲမှုမရှိ။

**ပြယုဂ်–** √စိန္တ + ေ၊ အယ = စိန္တေတိ၊ စိန္တယတိ = ကြံစည်၏

√ဆဍ္ဍ + ေ၊ အယ = ဆဍ္ဍေတိ၊ ဆဍ္ဍယတိ = စွန့်ပစ်၏

√မန္တ + ေ၊ အယ = မန္တေတိ၊ မန္တယတိ = တိုင်ပင်၏

အာ √မန္တ + ေ၊ အယ = အာမန္တေတိ၊ အာမန္တယတိ = မိန့်ဆို၏

နိ √မန္တ + ေ၊ အယ = နိမန္တေတိ၊ နိမန္တယတိ = ပင့်ဖိတ်၏

ပ √အတ္ထ + ေ၊ အယ = ပတ္ထေတိ၊ ပတ္ထယတိ = တောင့်တ၏

**ဂိုဏ်းစဉ်ပုံ ။ ။** ✱ **'ေ'** ပစ္စည်းဆက် တည်ပုဒ်များကို √စိ > **စေ** အတိုင်း ဂိုဏ်းစဉ်ပြီး

✱ **'အယ'** ပစ္စည်းဆက် တည်ပုဒ်များကို √ပစ် > **ပစ**–အတိုင်း ဂိုဏ်းစဉ်ရ၏။ ထို့ကြောင့် ဤကြိယာဂိုဏ်းဝင် တည်ပုဒ်များကို ဂိုဏ်းစဉ်ရာတွင် ( √**စိ** > **စေ၊ စယ** ကဲ့သို့ ) ပုံစံ ၂–ခုစီပါရှိကြောင်း သတိပြုပါ။

## မှတ်ရန် ဝေါဟာရများ

| | | | |
|---|---|---|---|
| အမ္မ | = အမိ! | အယျေ | = ရှင်မ! |
| အယျ | = အရှင်! | တာတ | = ဖခင်! ချစ်သား! |
| ဘဏေ | = အိုအချင်း! | အာမ | = ဟုတ်ကဲ့၊ မှန်ပါ! |
| ဘဒ္ဒေ | = ရှင်မ! | သာဓု | = ကောင်းလေစွ! |
| ဘန္တေ | = အရှင်ဘုရား! | အဟော | = ဩော် အံ့ဖွယ်ရှိစွ! |
| သမ္မ | = အဆွေ! | ဟန္ဒ | = ယခု!(တိုက်တွန်းမှု) |
| အမ္ဘော | = အိုအချင်း! | ဒေဝ | = အရှင်မင်းကြီး! |
| အာဝုသော | = ငါ့ရှင်! | သာဓု | = တောင်းပန်ပါ၏! |

အခြေပြုပါဠိသဒ္ဒါ (၇၀)

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– အယျေ! တွံ ရတ္တိယံ အဋဝိံ မာ ဂစ္ဆ။ ၂– အမ္မ! တွံ ဣမံ ဘိက္ခုံ အမှာကံ ဂေဟံ နိမန္တေဟိ။ ၃– ဒေဝ! သာဓု! မမ ဘရိယာယ ဇီဝိတံ ဒေဟိ။ ၄– သမ္မ! အဟံ တဝ ပုတ္တံ ဒုက္ခေန ပေါသေမိ။ ၅– တာတ! ဣမာနိ ဓညာနိ ဂါမဝါသီနံ ဘာဇေဟိ။ ၆– ဘဏေ! ဟန္ဒ! တွံ ခေတ္တံ ဂစ္ဆ၊ မမ ဂေါဏေ ဂဏာယ။ ၇– အယျ! အဟံ တဝ ဘရိယာ ဟောမိ၊ တွံ မံ မာ ဇဟာဟိ။ ၈– ဘန္တေ! တွံ အမှေ ဝေရီဟိ ပါလေဟိ။ ၉– "ဘိက္ခဝေ! တုမှေ အာယုဿာ သီလံ ရက္ခထ"–တိ ဗုဒ္ဓေါ ဘိက္ခူ အာမန္တေသိ။ ၁၀– "အဟံ ဝုဒ္ဓိယာ နဂရေ ကမ္မံ ကရေယျာမိ"–တိ မမ ပုတ္တော စိန္တေသိ။

# ဒုတိယပိုင်း

## ၂၅။ ။ သချ်ာနာမ်ဂိုဏ်း

သချ်ာနာမ်မှာ "မူလသချ်ာ၊ အနုက္ကမသချ်ာ" ဟူ၍ နှစ်မျိုးရှိ၏။ * "၁၊ ၂၊ ၃" စသည်ဖြင့် ရေတွက်အပ်သော သချ်ာသည် **မူလသချ်ာ** မည်၏။ * ယင်း မူလသချ်ာမှ 'မ'–စသည့်ပစ္စည်းများ ဆက်၍ ပြုလုပ်ရရှိသော "ပဌမ၊ ဒုတိယ၊ တတိယ"–စသည်ဖြင့် ရေတွက်အပ်သော သချ်ာသည် **အနုက္ကမသချ်ာ** မည်၏။

### မူလသချ်ာနာမ်များ (၁)

| | | | | | |
|---|---|---|---|---|---|
| ဧက | = | ၁ | ဒသ | = | ၁၀ |
| ဒွိ | = | ၂ | **ဧကာဒသ** | = | **၁၁** |
| တိ | = | ၃ | ဒွါဒသ | = | ၁၂ |

| | | | | | |
|---|---|---|---|---|---|
| စတု | = | ၄ | တေရသ | = | ၁၃ |
| ပဉ္စ | = | ၅ | စုဒ္ဒသ | = | ၁၄ |
| ဆ | = | ၆ | ပန္နရသ | = | ၁၅ |
| သတ္တ | = | ၇ | သောဠသ | = | ၁၆ |
| အဋ္ဌ | = | ၈ | သတ္တရသ | = | ၁၇ |
| နဝ | = | ၉ | အဋ္ဌာရသ | = | ၁၈ |

**ဂိုဏ်းစဉ်ပုံ ။** ။ 'ဧက'၏ ဂိုဏ်းစဉ်ကို နာမ်စားဂိုဏ်းစဉ် (၂)၌ ဖော်ပြပြီး ဖြစ်၏။ ဒွိ (၂)မှစ၍ အဋ္ဌာရသ (၁၈) တိုင်အောင်သော မူလသချာပုဒ်တို့ကို ဗဟုဝုစ်ဖြင့်သာ ဂိုဏ်းစဉ်ရ၏။ ထိုတွင် 'တိ' နှင့် 'စတု' တို့ကို လိင်သုံးမျိုးအရ ဂိုဏ်း ၃–မျိုးစဉ်ရပြီး ကျန်သချာများကိုမူ တမျိုးတည်းသာ ဂိုဏ်းစဉ်ရ၏။

## တိ (ပု၊ ဣ)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ပုလ္လိင် | ဣတ္ထိလိင် |
|---|---|---|
| ပ / ဒု– | တယော | တိဿော |
| တ / ပံ– | တီဟိ, –ဘိ | တီဟိ, –ဘိ |
| စ / ဆ– | တိဏ္ဏံ | တိဿန္နံ |
| သ– | တီသု | တီသု |

## စတု (ပု၊ ဣ)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| ပ / ဒု– | စတ္တာရော၊ စတုရော | စတဿော |

## အခြေပြုပါဠိသဒ္ဒါ (၇၂)

| | | |
|---|---|---|
| တ / ပံ- | စတုဟိ, -ဘိ | စတူဟိ, -ဘိ |
| စ / ဆ- | စတုန္နံ (စတုဏ္ဏံ) | စတဿန္နံ |
| သ- | စတူသု | စတူသု |

တိ၊ စတု (န)တို့၏ ဝိဘတ်းစဉ်သည် (ပု) ဝိဘတ်းစဉ်မှ 'ပ/ဒု' ၌သာ ကွဲပြား၏။ ယင်းတို့မှာ **'တိဿ'** နှင့် **'စတ္တာရိ'** တို့ဖြစ်၏။

### ဒွိ နှင့် ပဉ္စ တို့ကို ဝိဘတ်းစဉ်ပုံ

(အရကျက်ပါ)

| | | |
|---|---|---|
| ပ / ဒု- | ဒွေ (ဒုဝေ) | ပဉ္စ |
| တ / ပံ- | ဒွီဟိ, -ဘိ | ပဉ္စဟိ, -ဘိ |
| စ / ဆ- | ဒွိန္နံ (ဒုဝိန္နံ) | ပဉ္စန္နံ |
| သ- | ဒွီသု | ပဉ္စသု |

**ဆ** (၆)မှစ၍ **အဋ္ဌာရသ** (၁၈) အထိသော သချ်ာများကို ပဉ္စအတိုင်း ဝိဘတ်းစဉ်ရ၏။

### မူလ သချ်ာနာမ်များ (၂)

| (၁) | | | (၂) | | |
|---|---|---|---|---|---|
| * **ကျွန္တ.ဝီသတိ** | = | ၁၉ | * **ကျွန္တ.စတ္တာသီလ** | = | ၃၉ |
| ဝီသတိ | = | ၂၀ | စတ္တာလီသ၊ တာလီသ | = | ၄၀ |
| ကေ.ဝီသတိ | = | ၂၁ | ကေ.စတ္တာလီသ | = | ၄၁ |
| ဗာ.ဝီသတိ | = | ၂၂ | ဒွေ.စတ္တာလီသ | = | ၄၂ |
| တေ.ဝီသတိ | = | ၂၃ | တေ.စတ္တာလီသ | = | ၄၃ |

| | | | | | |
|---|---|---|---|---|---|
| စတု.ဝီသတိ | = | ၂၄ | စတု.စတ္တာလီသ | = | ၄၄ |
| ပဥ္စ.ဝီသတိ | = | ၂၅ | ပဥ္စ.စတ္တာလီသ | = | ၄၅ |
| ဆဗ္ဗီသ | = | ၂၆ | ဆ.စတ္တာလီသ | = | ၄၆ |
| သတ္တ.ဗီသ | = | ၂၇ | သတ္တ.စတ္တာလီသ | = | ၄၇ |
| အဋ္ဌ.ဝီသ | = | ၂၈ | အဋ္ဌ.စတ္တာလီသ | = | ၄၈ |
| *** ဧကူန.တိံသ** | = | ၂၉ | *** ဧကူန.ပညာသ** | = | ၄၉ |
| တိံသတိ, တိံသ | = | ၃၀ | ပညာသ | = | ၅၀ |
| ဧက.တိံသ | = | ၃၁ | *** ဧကူန.သဋ္ဌိ** | = | ၅၉ |
| ဒွ.တ္တိံသ | = | ၃၂ | သဋ္ဌိ | = | ၆၀ |
| တေ.တ္တိံသ | = | ၃၃ | *** ဧကူန.သတ္တတိ** | = | ၆၉ |
| စတု.တ္တိံသ | = | ၃၄ | သတ္တတိ | = | ၇၀ |
| ပဥ္စ.တိံသ | = | ၃၅ | *** ဧကူနာသီတိ** | = | ၇၉ |
| ဆ.တ္တိံသ | = | ၃၆ | အသီတိ | = | ၈၀ |
| သတ္တ.တိံသ | = | ၃၇ | *** ဧကူန.နဝုတိ** | = | ၈၉ |
| အဋ္ဌ.တိံသ | = | ၃၈ | နဝုတိ | = | ၉၀ |

[ 'ဧကူန = တခုလျော့သော + ဝီသတိ = ၂၀ (၂၀–၁=၁၉) = ဧကူန.ဝီသတိ = ၁၉'–စသည်သိပါ။ ]

**ဂိုဏ်းစဉ်ပုံ** ။ ။ ဧကူနဝီသတိ (၁၉)မှ နဝ–နဝုတိ (၉၉)အထိသာ မူလသချ်ာပုဒ်တို့ကို ဣတ္ထိလိင်–ဧကဝုစ်ဖြင့် ဂိုဏ်းစဉ်ရ၏။ ထိုတွင် * (၁) အ–သရဆုံး သချ်ာပုဒ်တို့၏ အဆုံး 'အ'ကို 'အာ'သို့ ပြောင်း၍၊ အာ–ဆုံး (ဣ) '**ကညာ**' အတိုင်း ဂိုဏ်းစဉ်ရ၏။ * (၂) ဣ–သရဆုံး သချ်ာပုဒ်များကို 'ဣ'–ဆုံး (ဣ) '**ရတ္တိ**' အဝိုင်း ဂိုဏ်းစဉ်ရ၏။

**သတ** (တရာ)၊ **သဟဿ** (တထောင်)တို့ကို အ–သရဆုံး (နု) '**စိတ္တ**' အတိုင်း ဂိုဏ်းစဉ်ရ၏။

## အနုတ္တမ သင်္ချာပုဒ်များ

**ပဌမ** (တ-ခုမြောက်)၊ **ဒုတိယ** (နှစ်ခုမြောက်)၊ **တတိယ** (၃-ခုမြောက်)၊ **စတုတ္ထ** (၄-ခုမြောက်)၊ **ပဉ္စမ** (၅-ခုမြောက်)၊ ဆဋ္ဌ = **ဆဋ္ဌမ** (၆-ခုမြောက်)၊ **သတ္တမ** (၇-ခုမြောက်)-စသည့် **အနုတ္တမ** သင်္ချာပုဒ်တို့သည် အထက်ဖော်ပြပါ မူလသင်္ချာပုဒ်များသို့ 'မ'-စသည့် ပစ္စည်းများဆက်၍ ပြုလုပ်ရရှိသည့် ပုဒ်များဖြစ်၏။

**ဂိုဏ်းစဉ်ပုံ** ။ ။ ယင်းအနုတ္တမ သင်္ချာပုဒ်တို့သည် နာမ်ပုဒ်များကို အထူးပြုသည် ဖြစ်ရာ၊ ယင်းတို့ကို လိင် ၃-ပါးအရ ဂိုဏ်းစဉ် ၃-မျိုးဖြင့် စဉ်ရ၏။

ထို့ကြောင့် ယင်းတို့ကို * ပုလ္လိင်၌ အ-သရဆုံး (ပု) **'ဒေဝ'** ကဲ့သို့၎င်း၊ * နပုလ္လိင်၌ အ-သရဆုံး (န) **'စိတ္တ'** ကဲ့သို့၎င်း ဂိုဏ်းစဉ်ရ၏။ * ဣတ္ထိလိင်၌မူ ယင်း အနုတ္တမ သင်္ချာပုဒ်များသို့ 'အာ'ပစ္စည်းဆက်၍ အာ-သရဆုံး (ဣ) **'ကညာ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- ဒွေ စောရာ ဂါမသ္မာ တီဏိ သကဋာနိ စောရေသုံ။ ၂- တယော ဒါရကာ တီဟိ ကညာဟိ သဒ္ဓိံ ဥဒကေ ကီဠန္တိ။ ၃- အဟံ တိဏ္ဏံ ဘိက္ခူနံ တီဏိ ဝတ္ထာနိ ဒဒေယျာမိ။ ၄- စတ္တာရော သိဿာ ပဉ္စဟိ မိတ္တေဟိ ဥယျာနေ မန္တယိံသု။ ၅- ဒွိန္နံ ဝါဏိဇာနံ ပုတ္တာ ဧကေန ရထေန ဝနံ အဂမိံသု။ ၆- တိဿော ဣတ္ထိယော တယော ရုက္ခေ ဖရသူဟိ ဆိန္ဒိံသု။ ၇- စတဿန္နံ ဣတ္ထီနံ ပုတ္တာ စတဿော ကညာယော ယက္ခသ္မာ ရက္ခန္တိ။ ၈- ဣမေသု စတူသု သိဿေသု (တပည့်တို့တွင်) ဒုတိယော အမစ္စဿ ပုတ္တော ဟောတိ။ ၉- ဣမေသု တီသု ပုတ္တေသု (သားတို့တွင်) ပဌမော ဣမသ္မိံ ဝိဟာရေ ဘိက္ခု ဟောတိ။ ၁၀- ကုမာရော ဗာရာဏသိယံ ဒိသာပါမောက္ခဿ သန္တိကေ အဋ္ဌာရသ သိပ္ပါနိ သိက္ခတိ။

==========

## ၂၆။ ။ ပုဗ္ဗကာလ ကိတ်

**ကိတ်** ။ ။ 'ကိတ်'ဟူသည် ဓာတ်သို့ ပစ္စည်းဆက်၍ ပြုလုပ်ရရှိသော ပုဒ်မျိုးဖြစ်၏။ ကိတ်မှာ * ကြိယာသဘော ဆောင်သောကိတ် (ကိတ်ကြိယာ)နှင့် * နာမ်သဘော ဆောင်သောကိတ် (ကိတ်နာမ်) ဟူ၍ နှစ်မျိုးရှိ၏။ * **ကိတ်ကြိယာ** မှာ "ပုဗ္ဗကာလကိတ်၊ ဣစ္ဆတ္ထကိတ်၊ အတိတ်ကိတ်၊ ကိစ္စကိတ်၊ ပစ္စုပ္ပန်ကိတ်" ဟူ၍ ၅–မျိုး ရှိ၏။ ထို ၅–မျိုးတွင် (၁) "ပုဗ္ဗကာလကိတ်၊ ဣစ္ဆတ္ထကိတ်" တို့သည် ဓာတ်သို့ဆက်သော ကိတ်ပစ္စည်းနှင့်သာ အဆုံးသတ် ရှိကုန်၏။ ယင်းတို့သည် ကြိယာသဘောသာ ဆောင်ကုန်၏။ (၂) "အတိတ်ကိတ်၊ ကိစ္စကိတ်၊ ပစ္စုပ္ပန်ကိတ်" တို့သည်ကား 'ကြိယာ' အပြင်၊ 'နာမဝိသေသန' သဘောလည်း ဆောင်သောကြောင့်၊ ဓာတ်သို့ ကိတ်ပစ္စည်းဆက်ပြီး နောက် ယင်းတို့နှင့် ဆက်နွယ်သည့် နာမ်ပုဒ်အတိုင်း ဝိဘတ်ကို ထပ်ဆက်ရ၏။ သို့ဖြစ်၍ ယင်းကိတ် ၃–မျိုးကို သိင်္သုံးပါးအရ ဂိုဏ်းစဉ် ၃–မျိုးဖြင့် ဂိုဏ်းစဉ်ရသည်။

**မှတ်ချက်** ။ ။ ကြိယာသဘောဆောင်သည့် ကိတ်တို့သည် အမှန်စင်စစ် ကြိယာ အစစ် မဟုတ်ပေ။ (ပြဆိုခဲ့ပြီးသော ဂိုဏ်းကြိယာများသာ ကြိယာအစစ် ဖြစ်၏။) ယင်းတို့သည် **အပဓာနကြိယာ** မျိုးဖြစ်၍ 'ကြိယာတု' ဟု ခေါ်လိုက ခေါ်နိုင်၏။ ယင်းတို့သည် အင်္ဂလိပ်ဘာသာသုံး *Participle* များနှင့် သဘောသွားတူလေသည်။

**ပုဗ္ဗကာလကိတ်** ။ ။ ဝါကျတခုတွင် ကတ္တားတခုနှင့် ကြိယာ ၂–ခု၊ ၃–ခု ပါရှိတတ်များ၊ ရှေးဦးစွာ ပြီးဆုံးသော ကြိယာကို ပုဗ္ဗကာလကိတ်–ဟုခေါ်၍၊ နောက်ဆုံးကြိယာကို ပဓာန (လိုရင်း) ကြိယာဟု ခေါ်၏။ (**ပဓာနကြိယာ** ဟူသည် ပြဆိုခဲ့ပြီးသော ဂိုဏ်းကြိယာများနှင့်တကွ နောင်ဖော်ပြမည့် ကြိယာဝိဘတ် ဆက်နိုင်သော ကြိယာမျိုး အားလုံးကို ဆိုလိုသည်။)

ပုဗ္ဗကာလကိတ်ကို "**၍၊ ပြီး၍၊ ပြီးလျှင်၊ ပြီးသောအခါ၊ ပြီးသောကြောင့်**" –ဟူ၍ ဘာသာပြန်ရ၏။ ပုံစံအားဖြင့် "ကျွန်ုပ်သည် အိမ်သို့သွား၍ ထမင်းစား၏"–

ဟူသော ဝါကျ၌ ကတ္တားမှာ 'ကျွန်ုပ်' ဖြစ်၏။ 'သွား၍'သည် ပုဗ္ဗကာလကိရိယာ ဖြစ်၏။ “စား၏”သည် ပဓာနကြိယာ ဖြစ်၏။

ပုဗ္ဗကာလကိတ် ပစ္စည်းများမှာ “တွာ၊ တွာန၊ တုန၊ ယ၊ ရျ” ဟူ၍ ငါးမျိုးရှိ၏။ ထိုငါးမျိုးတွင် * 'တွာ'သည် အသုံးအများဆုံး ဖြစ်၏။ * “တွာန၊ တုန” တို့ကား ဂါထာများ၌ သုံးလေ့ရှိ၏။ * “ယ၊ ရျ”(စွ)တို့ကား များသောအားဖြင့် ရှေ့က 'ဥပသာရပုဒ်' ပါရှိသည့် ဓာတ်/ကြိယာပုဒ်များသို့ ဆက်လေ့ရှိ၏။

## (က) တွာ-ပစ္စည်း ဆက်ပုံ

(၁) သရဆုံး ဓာတ်များသို့ ဆက်သောအခါ ဓာတ်၏အဆုံး 'သရရှည်' ကို 'သရတို' ပြုရ၏။

ပြယုဂ်- √သု တွာ = သုတွာ = ကြားနာ၍
√ဟူ + တွာ = ဟုတွာ = ဖြစ်၍
√ဒါ + တွာ = ဒတွာ = ပေး၍
√ဉာ + တွာ = ဉတွာ = သိ၍
√ဌာ + တွာ = ဌတွာ = ရပ်၍
√ဟာ + တွာ = ဟိတွာ = စွန့်၍ ( ဟာ > ဟိ )

(၂) ဧ-သရဆုံး ဓာတ်ပုဒ်သို့ ဆက်သောအခါ ပြောင်းလဲမှု မရှိ။

ပြယုဂ်- √ဇိ > ဇေ + တွာ = ဇေတွာ(ဇိတွာ) = အောင်၍
√နီ > နေ + တွာ = နေတွာ = ဆောင်၍
√စုရ် > စောရေ + တွာ = စောရေတွာ = ခိုးယူ၍
√ကထ် > ကထေ + တွာ = ကထေတွာ = ပြောဆို၍
√စိန္တ် > စိန္တေ + တွာ = စိန္တေတွာ = ကြံစည်၍
√ဂဟ် > ဂဟေ + တွာ = ဂဟေတွာ = ဖမ်းယူ၍

(၃) ဗျည်းဆုံးသော ဓာတ်အမျိုးသို့ ဆက်သောအခါ * (က) ရံခါ ဓာတ်၏ အဆုံး ဗျည်းကျေ၍၊ * (ခ) ရံခါ ဓာတ်၏အဆုံးဗျည်းနှင့် 'တွာ'တို့သည် ( 'သဒ္ဒါသရုပ် ပြုနည်း'အရ ) ရုပ်ပြောင်းကြသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပြယုဂ်- | √ဝစ် | + | တွာ | = | ဝတွာ | = | ပြောဆို၍ |
| | √ဘုဇ် | + | တွာ | = | ဘုတွာ | = | စား၍ |
| | √ကရ် | + | တွာ | = | ကတွာ | = | ပြု၍ |
| | √ဆိဒ် | + | တွာ | = | ဆေတွာ | = | ဖြတ်၍ (ဣ > ဧ) |
| ပ | √အာပ် | + | တွာ | = | ပတွာ | = | ရောက်၍ |
| | √ဂမ် | + | တွာ | = | ဂန္တွာ | = | သွား၍ |
| | √ဟန် | + | တွာ | = | ဟန္တွာ | = | သတ်၍ |
| | √လဘ် | + | တွာ | = | လဒ္ဓါ | = | ရ၍ |
| | √ဒိသ် | + | တွာ | = | ဒိသွာ | = | မြင်၍ |

(၄) 'အ၊ အာ၊ ဩ' သရဆုံး တည်ပုဒ်များသို့ (အဆုံးသရများကို ချေပြီး) 'ဣ'သရခံ၍ ဆက်ရ၏။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ပြယုဂ်- | √ဝဒ် | > | ဝဒ | + | ိ | + | တွာ | = | ဝဒိတွာ | = | ပြောဆို၍ |
| | √ပစ် | > | ပစ | + | ိ | + | တွာ | = | ပစိတွာ | = | ချက်၍ |
| | √ခါဒ် | > | ခါဒ | + | ိ | + | တွာ | = | ခါဒိတွာ | = | ခဲစား၍ |
| | √ဝသ် | > | ဝသ | + | ိ | + | တွာ | = | ဝသိတွာ | = | နေထိုင်၍ |
| | √ဣသ် | > | ဣစ္ဆ | + | ိ | + | တွာ | = | ဣစ္ဆိတွာ | = | အလိုရှိ၍ |
| | √ဘူ | > | ဘဝ | + | ိ | + | တွာ | = | ဘဝိတွာ | = | ဖြစ်၍ |
| | √ဇိ | > | ဇယ | + | ိ | + | တွာ | = | ဇယိတွာ | = | အောင်၍ |
| | √နီ | > | နယ | + | ိ | + | တွာ | = | နယိတွာ | = | ဆောင်၍ |

√ဘုဇ် > ဘုဉ္ဇ + ိ + တွာ = ဘုဉ္ဇိတွာ = စား၍

√မုစ် > မုဉ္စ + ိ + တွာ = မုဉ္စိတွာ = သိ၍

√သု > သုဏော + ိ + တွာ = သုဏိတွာ = ကြား၍

√ကီ > ကိဏာ + ိ + တွာ = ကိဏိတွာ = ဝယ်၍

√ကရ် > ကရော + ိ + တွာ = ကရိတွာ = ပြုလုပ်၍

√စုရ် > စောရယ + ိ + တွာ = စောရယိတွာ = ခိုး၍

[ "တွာန၊ တုန"–တို့ကို 'တွာ'အတိုင်းပင် ဆက်ရ၏။ ]

## (ခ) ယ–ပစ္စည်း ဆက်ပုံ

'ယ'ပစ္စည်းကို များသောအားဖြင့် ရှေ့ဆက်=ဥပသာရပုဒ်ပါသော ဓာတ်များသို့ ဆက်ရ၏။

(၁) 'အာ'–သရဆုံး ဓာတ်သို့ တိုက်ရိုက်ဆက်ရ၏။

ပြယုဂ်– ပ √ဟာ + ယ = ပဟာယ = ပယ်စွန့်၍

အာ √ဒါ + ယ = အာဒါယ = ယူ၍

ဥဒ် √ဌာ + ယ = ဥဋ္ဌာယ = ထ၍

အဘိ √ဉာ + ယ = အဘိညာယ = အထူးသိ၍

ပဋိ–သံ √ချာ + ယ = ပဋိသင်္ခါယ = ဆင်ခြင်၍

* [ 'အဘိညာယ၊ ပဋိသင်္ခါယ'တို့၌ ရံခါ 'ယ'ကို ချေလေ့ရှိ၏။ ]

(၂) ဗျည်းဆုံးဓာတ်သို့ ဆက်သောအခါ ဓာတ်၏ အဆုံးဗျည်းနှင့် 'ယ'ပစ္စည်းတို့ကို ( တတိယကြိယာကိုဏ်းကဲ့သို့ ) သဒိသရုပ် ပြုရ၏။

ပြယုဂ်– နိ √သဒ် + ယ = နိသဇ္ဇ = ထိုင်၍

အာ √ရဘ် + ယ = အာရဗ္ဘ = အားထုတ်၍၊ အကြောင်းပြု၍

အာ √ဂမ် + ယ = အာဂမ္မ = လာ၍

ပ √ကမ် + ယ = ပက္ကမ္မ = ထွက်ခွာ၍

နိရ် √ကမ် + ယ = နိက္ခမ္မ = ဖဲခွာ၍

ပ √ဝိသ် + ယ = ပဝိဿ = ဝင်၍

အာ √ရုဟ် + ယ = အာရုယှ = တက်၍

ဩ √ရုဟ် + ယ = ဩရုယှ = သက်ဆင်း၍

* [ "အာရုယှ၊ ဩရုယှ" တို့၌ 'ဟ်' နှင့် 'ယ' တို့ ရှေ့နောက်ပြန်၏။ ]

(၃) အချို့သော တည်ပုဒ်များသို့ 'ဣ' ခံ၍ ဆက်ရ၏။

ပြယုဂ်– အဘိ √ဝန္ဒ် + ိ + ယ = အဘိဝန္ဒိယ = ရှိခိုး၍

နိ √သိစ် > နိသိဉ္စ = နိသိဉ္စိယ = ရေဖျန်း၍

နိ √သဒ် > နိသီဒ = နိသီဒိယ = ထိုင်၍

သံ √ဣက္ခ် > သမေက္ခ = သမေက္ခိယ = နှင်ခြင်း၍

## (ဂ) တွာ (ဎွ)ပစ္စည်းဆက်ပုံ

သက္ကတဘာသာသုံး 'တွာ' ပစ္စည်းသည် ပါဠိဘာသာ၌ 'ဎွ' သို့ ပြောင်း၏။

(၁) သရ–သာပါရှိသည့် ဓာတ်သို့ တိုက်ရိုက်ဆက်ရ၏။

ပြယုဂ်– ပ √ဣ + ဎွ = ပေစ္စ = ဖဲခွာ–သေလွန်ပြီး၍

ပဋိ √ဣ + ဎွ = ပဋိစ္စ = အစွဲ–အကြောင်းပြု၍

(၂) 'န်၊ ရ်' ဆုံးဓာတ်သို့ ဆက်သောအခါ၊ အဆုံးဗျည်းကျေ၏။

ပြယုဂ်– အာ √ဟန် ဎွ = အာဟစ္စ = ရိုက်ခတ်၍

အာ √ဟရ် + ဎွ = အာဟစ္စ = ဆောင်ယူ၍

* ဥဒ် > ဥဂ် √ဟန် + ဎွ = ဥဂ္ဃစ္စ = နုတ်ယ်၍

ဥပ √ဟန် + စ္စ = ဥပဟစ္စ = ညှဉ်းဆဲ၍

သတ်(=သံ) √ကရ် + စ္စ = သက္ကစ္စ = အရိုအသေပြု၍

## ပုဗ္ဗကာလကိတ် အသုံးပြုပုံ

(၁) "ဧဝ = သာလျှင်" ပုဒ်နှင့်တွဲသုံးလျှင် "လျှင် ... လျှင်ချင်း"ဟု အဓိပ္ပာယ်ရ၏။ 'ဧဝ'၏ 'ဧ'သရကို ချေလေ့ရှိ၏။ ('ဝ)–ဟု ဖြစ်၏။

ပြယုဂ်– *သော ဝိသံ ခါဒိတွာ'ဝ မရတိ = သူသည် အဆိပ်ကို စားလျှင်စားချင်း (စားပြီးချင်း) သေ၏။

(၂) "အပိ = သော်လည်း" ပုဒ်နှင့်တွဲသုံးနိုင်၏။ 'အပိ'၏ 'အ'သရသည် ကျေ၏။

ပြယုဂ်– * သော ဝိဟာရံ ပတွာပိ ဓမ္မံ န သုဏာတိ = သူသည် ကျောင်းသို့ ရောက်သော်လည်း တရားကို မနာချေ။

(၃) ပုဗ္ဗကာလကိတ်ရှေ့က "အ = မ၊ မဟုတ်"ဟူသော ပဋိသေဓပုဒ်နှင့် တွဲသုံးလျှင် "မ ... မူ၍၊ မ ... ဘဲ"ဟု အဓိပ္ပာယ်ရ၏။

ပြယုဂ်– *ဓမ္မံ အစရိတွာ နိဗ္ဗာနံ န ပါပုဏေယျ = တရားကို မကျင့်ပဲ နိဗ္ဗာန်သို့ မရောက်နိုင်ရာ။

(၄) "ပဋ္ဌာယ (အစပြု၍)၊ ပဋိစ္စ (အစွဲပြု၍)၊ အာရဗ္ဘ (အကြောင်းပြု၍) စသော ပုဗ္ဗကာလကိတ်တို့ကို နိပါတ်ပုဒ်အဖြစ် အသုံးပြုနိုင်၏။

ပြယုဂ်– *ဣတော ပဋ္ဌာယ ပါပကမ္မံ န ကရိဿာမိ = ဤနေ့မှစ၍ မကောင်းမှုကို (ငါ) မပြုတော့အံ့။

*ပုတ္တံ ပဋိစ္စ အဟံ ဣဓ အာဂစ္ဆာမိ = သားကို အကြောင်း (အစွဲ)ပြု၍ ငါသည် ဤအရပ်သို့ လာ၏။

* ဧကံ ဘိက္ခုံ အာရဗ္ဘ ဗုဒ္ဓေါ ဣမံ ဓမ္မဒေသနံ ဒေသေသိ = ရဟန်းတပါးကို အကြောင်းပြု၍ ဘုရားရှင်သည် ဤတရားဒေသနာတော်ကို ဟောတော်မူ၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဝါဏိဇော ပစ္စရိံ **ကတွာ** နဒိံ တရတိ။ ၂– သေဋ္ဌိ ဂါမသ္မာ ဉာတိ **အာဒါယ** နဂရံ ဂစ္ဆိ။ ၃– သေနာယော ဝနေ အရီဟိ **ယုဇ္ဈိတွာ** သေနာပတိနော သန္တိကံ အာဂစ္ဆိံသု။ ၄– မမ ဘရိယာ ဘတ္တံ **ပစိတွာ** ဗန္ဓူဟိ ဘုဉ္ဇိ။ ၅– သော နဒိယာ ဥဒကံ **ဟရိတွာ** ဝတ္ထာနိ ဓောဝိ။ ၆– အာစရိယော သိဿာနံ ဩဝါဒံ **ဒတွာ** နဂရံ ဂစ္ဆိ။ ၇– ဗောဓိသတ္တော ဒါနံ **ဒတွာ**, သီလံ **ရက္ခိတွာ** ဥယျာနေ ဝသိ။ ၈– ဗုဒ္ဓေါ တဿ ဘိက္ခုနော စိတ္တံ **အဘိညာယ** စတုသစ္စာနိ ဒေသေသိ။ ၉– ကုမာရီ ရုက္ခဿ ဟေဋ္ဌာ **နိသဇ္ဇ** ဂီတံ အဂါယိ။ ၁၀– သီဟော မိဂံ **ဟန္တွာ** မံသံ **ခါဒိတွာ** ဂုဟာယံ သေတိ။

==========

## ၂၇။ ။ (ရိုးရိုး) နာမဝိသေသန

'နာမဝိသေသန'–ဟူသည် နာမ်ပုဒ်ကို အထူးပြုပေးသော ပုဒ်ဖြစ်၏။ ယင်းသည် မိမိက အထူးပြုသော နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်"အားဖြင့် တူညီရ၏။ ထို့ကြောင့် နာမဝိသေသနပုဒ်များကို လိင် ၃–ပါးအရ ဂိုဏ်းစဉ် ၃–မျိုးဖြင့် စဉ်ရသည်။

(၁) 'အ–သရဆုံး' နာမဝိသေသနများကို *(ပု)၌ **'ဒေဝ'** ကဲ့သို့၎င်း၊ *(နု) ၌ **'စိတ္တ'** ကဲ့သို့၎င်း ဂိုဏ်းစဉ်ရ၏။ *(ဣ)၌မူကား ယင်းအ–သရဆုံး နာမဝိသေသန ပုဒ်သို့ 'အာ' ပစ္စည်းဆက်၍ **'ကညာ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

**ပြယုဂ်**– (ပု) ပါပေါ ပုတ္တော = မကောင်းသော သားသည်။

(န) ပါပံ ကမ္မံ = မကောင်းသော အမှုသည်။

(ဣ) ပါပါ ဣတ္ထီ = မကောင်းသော မိန်းမသည်။

(၂) 'ဤ–သရဆုံး' နာမဝိသေသနပုဒ်တို့မှာ များသောအားဖြင့် နာမ်ပုဒ်များသို့ 'ဤ' ပစ္စည်းဆက်၍ ပြုလုပ်ရရှိသည့် ပုဒ်များဖြစ်၏။ ယင်းတို့ကို ဂိုဏ်းစဉ်ရာတွင် *(ပု)၌ ဤ–သရဆုံး **'ဓနီ'** ကဲ့သို့၎င်း၊ *(န)၌ ဣ–သရဆုံး **'ဝါရိ'** ကဲ့သို့၎င်း ဂိုဏ်းစဉ်ရ၏။ *(ဣ)၌မူကား ယင်းနာမဝိသေသနပုဒ်သို့ (အဆုံး 'ဤ'ကို 'ဣ' ပြုပြီး) 'နီ' ပစ္စည်း ထပ်ဆက်၍ ဤ–သရဆုံး **'နဒီ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

(၃) 'ဥ၊ ဦ–သရဆုံး' နာမဝိသေသနပုဒ်တို့ကို *(ပု)၌ ဥ–သရဆုံး **'သာဓု'** ကဲ့သို့၎င်း၊ *(န)၌ ဥ–သရဆုံး **'စက္ခု'** ကဲ့သို့၎င်း ဂိုဏ်းစဉ်ရ၏။ *(ဣ)၌မူကား ယင်းနာမဝိသေသနပုဒ်သို့ (အဆုံး 'ဦ' ကို 'ဥ' ပြုပြီး) 'နီ' ပစ္စည်းဆက်၍ ဤ–သရဆုံး **'နဒီ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

## အသုံးပြုပုံ

(၁) နာမဝိသေသနပုဒ်ကို ဖော်ပြပါအတိုင်း နာမ်ပုဒ်အား အထူးပြုပေးသည့် ပုဒ်အဖြစ် အသုံးပြုနိုင်၏။

(၂) 'ဟူ၊ ဘူ = ဖြစ်ခြင်း' အနက်ရှိ ဓာတ်၏ ကြိယာပုဒ်များနှင့် တွဲသုံးလျှင် (အင်္ဂလိပ်ဘာသာမှာကဲ့သို့ပင်) ကြိယာအဖြစ်လည်း အသုံးပြုနိုင်၏။

**ပြယုဂ်–** ဣဒံ ဖလံ မဓုရံ ဟောတိ = ဤသစ်သီးသည် ချို၏။

သော ပဏ္ဍိတော ဟောတိ = သူသည် ပညာရှိ၏။

(၃) အကယ်၍ နာမဝိသေသနပုဒ်က အထူးပြုအပ်သော နာမ်ပုဒ်ကို ဖြုတ်ထားလျှင်၊ ထိုနာမဝိသေသနပုဒ်ကိုပင် ( အင်္ဂလိပ်ဘာသာမှာကဲ့သို့ ) နာမ်ပုဒ်အဖြစ်ဖြင့် အသုံးပြုနိုင်၏။

ပြယုဂ်– * ဗာလော ဒုက္ခံ လဘတိ = လူမိုက်သည် ဒုက္ခကို ရ၏။
* ပဏ္ဍိတော သုခံ လဘတိ = ပညာရှိသည် သုခကို ရ၏။

## အ–သရဆုံး နာမဝိသေသနများ

| | | | |
|---|---|---|---|
| သီတ | = အေးသော | ပက္က | = ကျက်–မှည့်သော |
| ဥဏှ | = ပူသော | ဒီဃ | = ရှည်–မြင့်သော |
| နဝ | = သစ်သော | ရဿ | = တို–ပုသော |
| မဓုရ | = ချိုသော | ပဏ္ဍိတ | = ပညာရှိသော |
| ဗာလ | = မိုက်မဲသော | ခေမ | = ဘေးကင်းသော |
| လောဏ | = ငန်သော | ဖရုသ | = ကြမ်းတမ်းသော |
| အမ္ဗိလ | = ချဉ်သော | ဂမ္ဘီရ | = နက်–နက်နဲသော |
| နီစ | = နိမ့်သော | သုန္ဒရ | = ကောင်း–လှပသော |
| နီလ | = ညိုသော | ဥဠာရ | = မြင့်–မြတ်သော |
| ဟီန | = ယုတ်ညံ့သော | ပိယ | = ချစ်ဖွယ်သော |
| ဥတ္တမ | = မြတ်သော | ယုဝ, ယုဝါ | = ငယ်ရွယ်သော |
| သုက္က | = ဖြူစင်သော | မဟလ္လက | = အိုမင်းသော |
| ဩဒါတ | = ဖြူသော | ပေါရာဏ | = ဟောင်း–ရှေးကျသော |
| ဒုက္ခ | = ဆင်းရဲသော | သုခ | = ချမ်းသာသော |

## ဤ၊ ဥ၊ ဦ–သရဆုံး နာမဝိသေသနများ

ပါပ > ပါပီ (ပု၊ န)၊ ပါပိနီ (ဣ) = ယုတ်မာသော
ဓမ္မ > ဓမ္မီ (ပု၊ န)၊ ဓမ္မိနီ (ဣ) = တရားရှိသော

| | | | | |
|---|---|---|---|---|
| မာန > **မာနီ** | (ပု၊ န)၊ | **မာနိနီ** | (ဣ) | = မာနရှိ(ကြီး)သော |
| သောက > **သောကီ** | (ပု၊ န)၊ | **သောကိနီ** | | = စိတ်ပူပန်သော |
| ဂရု | (ပု၊ န)၊ | **ဂရုနီ** | (ဣ) | = လေးသော |
| လဟု | (ပု၊ န)၊ | **လဟုနီ** | (ဣ) | = ပေါ့ပါး–လျှင်မြန်သော |
| ဗဟု | (ပု၊ န)၊ | **ဗဟုနီ** | (ဣ) | = များပြားသော |
| ဝိညူ | (ပု၊ န)၊ | **ဝိညူနီ** | (ဣ) | = ပညာရှိသော |
| ကတညူ | (ပု၊ န)၊ | **ကတညူနီ** | (ဣ) | = ကျေးဇူးသိသော |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဒါရကာ မဓုရံ အာဟာရံ ဘုဉ္ဇန္တိ။ ၂– ဥတ္တမော ပုရိသော ဟီနံ မိတ္တံ ဇဟေယျ။ ၃– ပါပီ လုဒ္ဒေါ ဓမ္မိနိံ ဘရိယံ ဥဒကေ ခိပိတွာ ဟနတိ။ ၄– မာနီ အမစ္စော ဖရုသာယ ဝါစာယ နဿတိ။ ၅– ယုဝါ ကုမာရော ပိယံ ကညံ ဒိသွာ ဒုက္ခံ ဝေဒနံ လဘတိ။ ၆– မဟလ္လကော ဗြာဟ္မဏော ဧကံ နဝံ ဝတ္ထံ ကာဟိတွာ တုဿတိ။ ၇– ဂေါဏာ သီတံ ဥဒကံ ပိဝိတွာ ရုက္ခဿ ဆာယာယံ သယိံသု။ ၈– ဝိညူ အမစ္စော ကတညုနော ဒါသဿ ဗဟုံ ဓနံ အဒါသိ။ ၉– ဗာလာ သုခံ ဘုဉ္ဇိတွာ ပါပါနိ ကမ္မာနိ ကရောန္တိ။ ၁၀– ပဏ္ဍိတာ ပန သုခံ ဘုဉ္ဇိတွာ ဒါနံ ဒတွာ သီလံ ရက္ခန္တိ။

==========

## ၂၈။ ၊ တုမန္တကိတ်

‘တုမန္တကိတ်’–ဟူသည် အလိုဆန္ဒနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည့်ကိတ် ဖြစ်၏။ ယင်းကို **‘ရန်၊ အတွက်၊ အလို့ငှာ’**–ဟု ဘာသာပြန်ရ၏။ **ပြယုဂ်–** အဟံ စေတိယံ ဝန္ဒိတုံ ဂစ္ဆာမိ (ကျွန်ုပ်သည် စေတီကို ရှိခိုးရန် သွား၏)–ဟူသော ဝါကျ၌ ‘ဝန္ဒိတုံ’(ရှိခိုးရန်)သည် ရည်ရွယ်ချက်ကို ဖော်ပြသောကြောင့် တုမန္တကိတ် မည်၏။

ဣစ္ဆတ္ထကိတ်ပစ္စည်းမှာ အဓိကအားဖြင့် 'တုံ' ဖြစ်၏။ ဂါထာများ၌ 'တုံ' အစား **"တဝေ၊ တုယော၊ တာယေ"** ပစ္စည်းများကို အသုံးပြုတတ်၏။ (ပစ္စည်းဆက်ပုံလည်း အတူတူပင် ဖြစ်၏။)

## တုံ-ပစ္စည်း ဆက်ပုံ

တုံ- ပစ္စည်းဆက်ပုံသည် 'တွာ'ပစ္စည်းဆက်ပုံနှင့် ဆင်တူ၏။ အနည်းငယ်သာ ကွဲပြား၏။

(၁) သရဆုံး ဓာတ်များသို့ ဆက်သောအခါ ဓာတ်၏အဆုံး "ဣ၊ ဤ"သည် 'ဧ'သို့၎င်း၊ 'ဥ၊ ဦ'သည် 'ဩ'သို့၎င်း ပြောင်း၏။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ပြယုဂ်– | | √ဒါ | | | + | တုံ | = | ဒါတုံ | = | ပေးရန် |
| | | √ဌာ | | | + | တုံ | = | ဌာတုံ | = | ရပ်ရန် |
| | | √ဉာ | | | + | တုံ | = | ဉာတုံ | = | သိရန် |
| | | √ပါ | | | + | တုံ | = | ပါတုံ | = | သောက်ရန် |
| | * | √ကရ် | > | ကာ | + | တုံ | = | ကာတုံ | = | ပြုရန် |
| | | √ဇိ | > | ဇေ | + | တုံ | = | ဇေတုံ | = | အောင်ရန် |
| | | √နီ | > | နေ | + | တုံ | = | နေတုံ | = | ဆောင်ရန် |
| | | √သု | > | သော | + | တုံ | = | သောတုံ | = | ကြားနာရန် |
| | | √ဟူ | > | ဟော | + | တုံ | = | ဟောတုံ | = | ဖြစ်ရန် |

(၂) 'ဧ'သရဆုံး တည်ပုဒ်များသို့ ဆက်သောအခါ ပြောင်းလဲမှုမရှိ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ပြယုဂ်- | | √စုရ် | > | စောရေ | + | တုံ | = | စောရေတုံ | = | ခိုးယူရန် |
| | | √ကထ် | > | ကထေ | + | တုံ | = | ကထေတုံ | = | ပြောဆိုရန် |
| | | √စိန္တ် | > | စိန္တေ | + | တုံ | = | စိန္တေတုံ | = | ကြံစည်ရန် |
| | * | √ဂဟ် | > | ဂဟေ | + | တုံ | = | ဂဟေတုံ | = | ဖမ်း–ယူရန် |

## အခြေပြုပါဠိသဒ္ဒါ (၈၆)

(၃) ဗျည်းဆုံးဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံးဗျည်းနှင့် တုံ-၏ 'တ' တို့သည် (သဒိသရုပ်ပြုနည်းအရ) ရုပ်ပြောင်းကြ၏။

ပြယုဂ်–
√ဂမ် + တုံ = ဂန္တုံ = သွားရန်
√ခမ် + တုံ = ခန္တုံ = သည်းခံရန်
√ဟန် + တုံ = ဟန္တုံ = သတ်–ညှဉ်းဆဲရန်
√ဝစ် + တုံ = ဝတ္တုံ = ပြောဆိုရန်
√ဆိဒ် + တုံ = ဆေတ္တုံ = ဖြတ်ရန်
√ကရ် + တုံ = ကတ္တုံ (ကာတုံ) = ပြုလုပ်ရန်
ပ √အာပ် + တုံ = ပတ္တုံ = ရောက်–ရရန်
* √ဒိသ် + တုံ = ဒဋ္ဌုံ = မြင်ရန် (ဒိ > ဒ)
√လဘ် + တုံ = လဒ္ဓုံ = ရ–ရှိရန်

(၄) "အ၊ အာ၊ ဩ" သရဆုံး တည်ပုဒ်များသို့ (အဆုံးသရများကိုချေပြီး) 'ဣ'–သရခံ၍ ဆက်ရ၏။

ပြယုဂ်–
√ဝဒ် > ဝဒ + ိ + တုံ = ဝဒိတုံ = ပြောဆိုရန်
√ပစ် > ပစ + ိ + တုံ = ပစိ = ချက်ရန်
√ခါဒ် > ခါဒ + ိ + တုံ = ခါဒိကုံ = ခဲစားရန်
√ဝသ် > ဝသ + ိ + တုံ = ဝသိတုံ = နေထိုင်ရန်
√ဝန္ဒ် > ဝန္ဒ + ိ + တုံ = ဝန္ဒိတုံ = ရှိခိုးရန်
√ပုစ္ဆ် > ပုစ္ဆ + ိ + တုံ = ပုစ္ဆိတုံ = မေးရန်
√ဈေ > ဈာယ + ိ + တုံ = ဈာယိတုံ = အောင်ရန်
√နီ > နယ + ိ + တုံ = နယိကုံ = ဆောင်ရန်
√ဘူ > ဘဝ + ိ + တုံ = ဘဝိကုံ = ဖြစ်ရန်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| √ဘုဇ် | > | ဘုဥ္ | + | ိ | + | တုံ | = | ဘုဥ္ဓိတုံ | = | စားရန် |
| √ဂါ | > | ဂါယ | + | ိ | + | တုံ | = | ဂါယိတုံ | = | သီဆိုရန် |
| √ဗုမ် | > | ဗုဇ္ဈ | | ိ | + | တုံ | = | ဗုဇ္ဈိတုံ | = | သိရန် |
| √သု | > | သုဏော | | ိ | + | တုံ | = | သုဏိတုံ | = | ကြားရန် |
| √ဉာ | > | ဇာနာ | + | ိ | + | တုံ | = | ဇာနိတုံ | = | သိရန် |
| √ဂဟ် | > | ဂဏှာ | + | ိ | + | တုံ | = | ဂဏှိတုံ | = | ဖမ်း–ယူရန် |
| ဥဒ် √ဂဟ် | > | ဥဂ္ဂဏှာ | + | ိ | + | တုံ | = | ဥဂ္ဂဏှိတုံ | = | သင်ယူရန် |
| √ကရ် | > | ကရော | + | ိ | + | တုံ | = | ကရိတုံ | = | ပြုရန် |
| √ကထ် | > | ကထယ | + | ိ | + | တုံ | = | ကထယိတုံ | = | ပြောရန် |

## တုံပစ္စည်းကိတ်ကို အသုံးပြုပုံ

(၁) တုံပစ္စည်းကိတ်ကို √ဒါ (ပေးခြင်း) ကြိယာနှင့် တွဲသုံးလျှင် "ခွင့်ပြုခြင်း၊ ခွင့်ပေးခြင်း" အဓိပ္ပာယ်ကို ဖော်ပြ၏။

**ပြယုဂ်–** * အာစရိယော သိဿံ ဂါမံ ဂန္တုံ ဒဒါတိ = ဆရာသည် တပည့်ကို ရွာသို့ သွားခွင့်ပေး၏။

* သော ပုတ္တံ နဂရံ ဂန္တုံ န ဒဿတိ = သူသည် သားကို မြို့သို့သွားခွင့် ပေးမည်မဟုတ်။

(၂) √လဘ် (ရခြင်း) ကြိယာနှင့် တွဲသုံးလျှင်၊ "အခွင့်ရခြင်း" အဓိပ္ပာယ်ကို ဖော်ပြ၏။

**ပြယုဂ်–** ကုမာရိ ရတ္တိံယံ ကီဠိတုံ လဘတိ (နလဘတိ) = မိန်းကလေးသည် ညဉ့်၌ ကစားခွင့်ရ၏။ (မရ)။

(၃) ဝဋ္ဋတိ၊ ယုတ္တံ (သင့်၏) ပုဒ်များနှင့် တွဲသုံးလျှင် ကတ္တားကို တတိယာ ဝိဘတ်နှင့် ထားရ၏။

ပြယုဂ်–   တယာ ရက္ခဿ ဆာယာယံ ဝသိတုံ ဝဋ္ဋတိ = သင်သည် သစ်ပင်၏ အရိပ်ထဲ၌ နေ (ရန်) သင့်၏။

(၄) သက္ကာ (စွမ်းနိုင်၏) ပုဒ်နှင့် တွဲသုံးလျှင်၊ ကတ္တားကို တတိယာဝိဘတ်နှင့်ပင် ထားရ၏။ ရံခါ 'သက္ကာ'နောက်က 'ဟောတိ' ကြိယာကို ထည့်ပေးတတ်၏။

ပြယုဂ်–   မယာ ဣမံ ကမ္မံ န သက္ကာ = ကျွန်ုပ်သည် ဤအလုပ်ကို မလုပ်နိုင်ပါ။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဣတ္ထီ ဘတ္တံ ပစိတုံ ဒါရူနိ ဟရန္တိ။ ၂– ကဿကော ခေတ္တံ ကသိတုံ ဂေါဏေ နေတိ။ ၃– ဘိက္ခူ ဗုဒ္ဓဿ ဓမ္မံ သောတုံ အာဂမိံသု။ ၄– ဒါရကာ ဥဒကေ ကီဠိတုံ နဒိံ ဂစ္ဆန္တိ။ ၅– မယံ အဋ္ဌာရသ သိပ္ပာနိ ဥဂ္ဂဏှိတုံ ဗာရာဏသိံ ဂမိဿာမ။ ၆– ဝေရိဟိ အမှာကံ နဂရံ ယုဇ္ဈိတုံ န သက္ကာ။ ၇– မနုဿာ ဒါနံ ဒါတုံ, သီလံ ရက္ခိတုံ ဘိက္ခူ နိမန္တေန္တိ။ ၈– စောရာ တုမှာကံ ဃရံ ပဝိသိတုံ အာရဘိံသု (အာရဘတိ = အားထုတ်၏)။ ၉– သိဿော အာစရိယဿ ဂေဟေ ဝသိတုံ လဘတိ။ ၁၀– မနုဿာ ဝါဏိဇ္ဇံ ကာတုံ မိတ္တေဟိ မန္တယိံသု။

==========

## ၂၉။ ကြိယာဝိသေသန

'ကြိယာဝိသေသန'–ဟူသည် ကြိယာကို အထူးပြုပေးသည့် ပုဒ်ဖြစ်၏။ ယင်းသည် (နာမဝိသေသနကဲ့သို့မဟုတ်ပဲ) ၎င်းက အထူးပြုသည့် ကြိယာနှင့် 'ယောဂ၊ ဝုစ်'အားဖြင့် တူညီရန် မလိုပေ။ တနည်းအားဖြင့်ဆိုသော် ကြိယာဝိသေသနပုဒ်သည် ကြိယာကို ငဲ့ကွက်မှုမရှိပဲ မိမိပင်ကိုယ်အတိုင်းသာ တည်ရှိလေသည်။ * ကြိယာဝိသေသနသည် များသောအားဖြင့် "နာမ်၊ နာမ်စား၊ နာမဝိသေသန" ပုဒ်များသို့ ဝိဘတ်ပစ္စည်းများဆက်၍ ဖြစ်ပေါ်လာသော ပုဒ်မျိုးဖြစ်၏။ * တချို့ကြိယာဝိသေသနပုဒ်မျိုး

သည် ဝိဘတ်ပစ္စည်းမဆက်ပဲ ပင်ကိုယ်အတိုင်း တည်ရှိသည့် ပုဒ်များဖြစ်၏။ ယင်းကို 'မူလကြိယာဝိသေသန' ပုဒ်ဟု ခေါ်နိုင်၏။ ✱ အချို့သော ကြိယာဝိသေသနပုဒ်တို့မှာ နိပါတ်ပုဒ်များနှင့် များစွာကွဲပြား ခြားနားခြင်းမရှိပေ။

## (၁) ပစ္စည်းဆက်–ကြိယာဝိသေသနများ

| | | | | | |
|---|---|---|---|---|---|
| ဣတော | = | ဤအရပ်မှ | သဒါ | = | အခါခပ်သိမ်း |
| အတြ | = | ဤအရပ်၌ | ဧကဒါ | = | အခါတပါး၌ |
| ကဒါ | = | ဘယ်အခါ၌ | သဗ္ဗဒါ | = | အခါခပ်သိမ်း |
| ဣဟ, ဣဓ | = | ဤအရပ်၌ | ကဒါစိ | = | တခါတရံ |
| ဧတ္ထ | = | ဤအရပ်၌ | ဣတ္ထံ | = | ဤသို့ |
| ဧဝံ | = | ဤသို့ | အညတ္ထ | = | အခြားအရပ်၌ |
| ဧဝ | = | သာလျှင် | ယတော | = | အကြင်မှ–ကြောင့် |
| ဣဒါနိ, ဒါနိ | = | ယခုကာလ၌ | တတော | = | ထိုမှ–ကြောင့် |
| ဣတိ | = | ဤသို့ | ကုဒါစနံ | = | တရံတဆစ်မျှ |
| ဣဝ | = | ဤသို့ | ဣတောစိတော | = | ထိုမှဤမှ |

## (၂) ဝိဘတ်ဆက်–ကြိယာဝိသေသနများ

| | | | | | |
|---|---|---|---|---|---|
| သုခံ | = | ချမ်းသာစွာ | ကိံ | = | အဘယ်ကို–ကြောင့် |
| ဒုက္ခံ | = | ဆင်းရဲစွာ | ကသ္မာ၊ ကေန | = | အဘယ့်ကြောင့် |
| သီဃံ | = | လျင်စွာ | ယသ္မာ၊ ယေန | = | အကြင့်ကြောင့် |
| ခိပ္ပံ | = | လျင်စွာ | တသ္မာ၊ တေန | = | ထို့ကြောင့် |
| သယံ | = | ကိုယ်တိုင် | ဒိဝသံ | = | တနေ့ပတ်လုံး |

| | | | |
|---|---|---|---|
| သမံ | = အညီအမျှ | ဓမ္မေန | = တရားနှင့်အညီ |
| စိရံ | = ကြာမြင့်စွာ | အဝိဒူရေ | = မနီးမဝေး၌ |
| အစိရံ | = မကြာမီ | သန္တိကေ | = အထံ-အနီး၌ |
| အာဒေါ | = အစ၌ | သန္တိကံ | = အထံ-အနီးသို့ |
| ပစ္ဆာ၊ ပစ္ဆတော | = နောက်မှ | အန္တရာ၊ အန္တရေ | = အကြား၌ |
| ဒူရေ | = အဝေး၌ | သမန္တာ | = ထက်ဝန်းကျင်မှ |
| သတတံ | = အမြဲ | ဒူရာ၊ ဒူရတော | = အဝေးမှ |
| ဘုသံ | = ပြင်းစွာ | ယောဇနံ | = တယူဇနာတိုင် |
| တုဏှီ | = ဆိတ်ဆိတ် | ယေဘုယျေန | = များသောအားဖြင့် |
| ပတိဒိနံ | = နေ့တိုင်း | မာသံ | = တလတိုင်အောင် |
| ဒိဝါ | = နေ့အခါ၌ | သဟသာ | = အဆောတလျင် |
| သာယံ | = ညချမ်းအခါ၌ | သမ္မုခါ (ခံ) | = မျက်မှောက်၌ |
| ပထမံ | = ရှေးဦးစွာ | ဒ ကီဟေ | = ရှေးအခါက |
| သန္တိကာ | = အထံမှ | အနာဂတေ | = နောင်အခါ၌ |
| သာဓုကံ | = ကောင်းစွာ | ဒိနေ ဒိနေ | = နေ့တိုင်း နေ့တိုင်း |

## (၃) မူလ ကြိယာဝိသေသနများ

| | | | |
|---|---|---|---|
| သမ္မာ | = ကောင်းစွာ | ပုနပ္ပုနံ | = အဖန်ဖန် |
| ဝိယ | = ကဲ့သို့ | အတိဝိယ | = အလွန်လျှင် |
| ပုန | = တဖန် | ဟေဋ္ဌာ | = အောက်၌ |
| ဥပရိ | = အထက်၌ | သဟ | = (နှင့်) အတူတကွ |
| အဓော | = အောက်၌ | သဒ္ဓိံ | = (နှင့်) အတူတကွ |

| | | | |
|---|---|---|---|
| ဗဟိ | = အပ၌ | ဝိနာ | = ကင်း၍၊ မပါပဲ |
| အန္တော | = အတွင်း၌ | သကိံ | = တကြိမ်၊ တခါ |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– သီဟော သဟသာ ဓာဝိတွာ ဟတ္ထိံ ဝဓေတိ။ ၂– ယေဘုယျေန မနုဿာ ပါပံ ကရောန္တိ။ ၃– ဗုဒ္ဓေသ သမ္မုခါ ဘိက္ခူ တုဏှီ နိသီဒိံသု။ ၄– အဟံ ပိယာယ ဘရိယာယ ဝိနာ ဘတ္တံ န ဘုဥ္ဇာမိ။ ၅– အတ်တေ ပါဏိဇာ ဒူရံ နဂရံ ဓာဝံ အဂမိံသု။ ၆– တွံ ဣဓ နိသီဒ၊ အဟံ အစိရံ ပစ္စာဂမိဿာမိ (ပြန်လာ)။ ၇– ပုတ္တာ! ပဌမံ တွံ နဂရံ ဂစ္ဆ၊ ပစ္ဆာ အဟံ အာဂမိဿာမိ။ ၈– ကဿကော ဒိဝသံ ခေတ္တံ ကသိတွာ, သာယံ ဂေဟံ အာဂစ္ဆိ။ ၉– အယံ ဘိက္ခု ဣမံ ဓမ္မဒေသနံ ဗုဒ္ဓဿ သန္တိကာ ပုနပ္ပုနံ သုတွာ သုခံ လဘတိ။ ၁၀– သမဏာ ဒေဝါ ဗုဒ္ဓဿ သန္တိကံ ဓိပ္ပံ အာဂန္ဒာ သမ္မာ ဓမ္မစက္ကံ အဿောသုံ။

==========

## ၃၀ ။ ။ အတိတ်ကိတ်

**ဓာတ်**မှာ အကမ္မကဓာတ်နှင့် သကမ္မကဓာတ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် (၁) ကံ = *Object* မလိုသောဓာတ်သည် အကမ္မကဓာတ်မည်၏။ ယင်းဓာတ်မှ ပြုလုပ်ရရှိသော ကြိယာသည် **အကမ္မကကြိယာ** *( Intransitive )* မည်၏။ **ပြယုဂ်**– √သီ–သယတိ = အိပ်၏။ √ပတ်–ပတတိ = ကျ၏။ (၂) ကံ–လိုသောဓာတ်သည် သကမ္မကဓာတ်မည်၏။ ယင်းဓာတ်မှ ပြုလုပ်ရရှိသည့် ကြိယာသည် **သကမ္မကကြိယာ** *( Transitive )* မည်၏။ **ပြယုဂ်**– √ဝဓ်–ဝဓေတိ = သတ်၏။ √ဘုဇ်–ဘုဥ္ဇတိ = စား၏။

(၁) အကမ္မကဓာတ်မှ ပြုလုပ်ရရှိသည့် အတိတ်ကိတ်သည် ကတ္တုဝါကျ *( Active )* သဘောကို ဆောင်၏။ ထိုအခါ ကတ္တားပုဒ်ကို (ထုံးစံအတိုင်း) ပဌမာဝိဘတ်နှင့် ထားရ၏၊ **ပြယုဂ်**– သော နဂရံ ဂတော = သူသည် မြို့သို့ သွားလေပြီ။

(၂) သကမ္မကဓာတ်မှ ပြုလုပ်ရရှိသည့် အတိတ်ကိတ်သည် ကမ္မဝါကျ ( *Passive* ) သဘောကို ဆောင်၏။ ထိုအခါ ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့်ထား၍ 'သည်၊ က' -ဟုငင်း၊ ကံပုဒ်ကို ပထမာဝိဘတ်နှင့်ထား၍ 'ကို'-ဟုငင်း ဘာသာပြန်ရ၏။ (အင်္ဂလိပ် ဘာသာသုံး *'Passive Voice'* နှင့် ထပ်တူဖြစ်၏။) **ပြယုဂ်**- မယာ သြဒနော ပစိတော = ကျွန်ုပ်သည် ထမင်းကို ချက်အပ်၏။ [ ✻ပြုလုပ်သူ = ကတ္တားပုဒ်မပါလျှင်၊ ကမ္မကြိယာကို 'အသတ်ခံရ၏'-စသည်ဖြင့် '-ခံရ၏'-ဟု ဘာသာပြန်ရ၏။ ဥပမာ- သော ဝဓိတော = သူသည် အသတ်ခံရ၏ = He is killed. ]

ပါဠိဘာသာ၌ ကြိယာဟူသမျှသည် ပထမာဝိဘတ် ဆက်ထားသည့် နာမ်ပုဒ်နှင့်သာ "ယောဂ၊ ဝုစ်၊ လိင်၊ ဝိဘတ်" အားဖြင့် တူညီရ၏။ ဒုတိယာ၊ တတိယာ ဝိဘတ် ဆက်ထားသည့် နာမ်ပုဒ်များကို မငဲ့ချေ။ (ငဲ့ကွက်ခြင်းမရှိ)။ **ပြယုဂ်**- ✻သော နဂရံ ဂစ္ဆတိ၊ တေ နဂရံ ဂစ္ဆန္တိ။ ✻သော နဂရံ ဂတော။ တေ နဂရံ ဂတာ။ တေန သြဒနော ပစိတော။ တေဟိ သြဒနော ပစိတော။

သို့ဖြစ်၍ အတိတ်ကိတ်သည် ယင်းနှင့်ဆက်သွယ်သော ပထမာဝိဘတ် ဆက်ထားသည့် နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်" အားဖြင့် တူညီရ၏။ အဘယ့်ကြောင့် ဆိုသော် ယင်းသည် နာမဝိသေသန သဘောကိုလည်း ဆောင်သောကြောင့်ဖြစ်၏။ **ပြယုဂ်**- သော ပုရိသော နဂရံ ဂတော။ သာ ကညာ နဂရံ ဂတာ။ တံ ရက္ခံ နဒိယံ ပတိတံ။ ဤသို့ နာမဝိသေသနသဘောကို ဆောင်သောကြောင့် အတိတ်ကိတ်ကို လိင် ၃-ပါးအရ ဂိုဏ်းစဉ်သုံးမျိုးဖြင့် စဉ်ရ၏။ ထို့ကြောင့် ✻ (ပု)၌ အ-သရဆုံး **'ဒေဝ'** ကဲ့သို့ငင်း၊ ✻ (န)၌ အ-သရဆုံး **'စိတ္တ'** ကဲ့သို့ငင်း ဂိုဏ်းစဉ်ရ၏။ ✻ (ဣ)၌မူကား ယင်းသို့ အာ-ပစ္စည်းထပ်ဆက်၍၊ အာ- သရဆုံး **'ကညာ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

အတိတ်ကိတ်ကို **"ခဲ့ပြီ၊ ပြီးပြီ၊ အပ်ပြီ"**ဟု ဘာသာပြန်ရ၏။ ('နာ-ဝိ'ပုဒ် အဖြစ် အသုံးပြုလျှင်၊ -အပ်(ပြီး)သော'-ဟု ဘာသာပြန်ရ၏။) အတိတ်ကိတ်ပစ္စည်းများမှာ **"တ၊ န"** တို့ ဖြစ်၏။ တ- ပစ္စည်းသည် အသုံးများ၏။ န-ပစ္စည်းမှာ အသုံးနည်း၏။

## (က) တ–ပစ္စည်းဆက်ပုံ

(၁) သရဆုံးဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး 'အာ' သည် 'ဣ၊ ဤ' သရသို ပြောင်းလေ့ရှိ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | √ဇိ | + | တ | = | ဇိတ | = | အောင်အပ်ပြီ–သော |
| | √စိ | + | က | = | စိတ | = | စုဆောင်း–ဆည်းပူးအပ်ပြီ–သော |
| | √နီ | + | တ | = | နီတ | = | ဆောင်အပ်ပြီ–သော |
| | √သု | + | တ | = | သုတ | = | ကြားအပ်ပြီ–သော |
| | √ဘူ | + | တ | = | ဘူတ | = | ဖြစ်ခဲ့ပြီ–သော |
| | √ဉာ | + | တ | = | ဉာတ | = | သိအပ်ပြီ–သော |
| | √ဌာ | + | တ | = | ဌိတ | = | ရပ်ခဲ့ပြီ–သော |
| | √မာ | + | တ | = | [illegible] | = | တိုင်းထွာအပ်ပြီ–သော |
| | √ဂါ | + | တ | = | ဂီတ | = | သီဆိုအပ်ပြီ–သော |
| | √ပါ | + | တ | = | ပီတ | = | သောက်အပ်ပြီ–သော |
| | √ဓာ | + | တ | = | ဟိတ | = | ဆောင်အပ်ပြီ–သော (ဓ > ဟ) |

(၂) "န်၊ မ်၊ ရ်" ဆုံးသောဓာတ်သို့ ဆက်သောအခါ၊ ယင်းအဆုံးဗျည်းများကို ချေရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | √မန် | + | တ | = | မတ | = | သိအပ်ပြီ–သော |
| | √ဟန် | + | တ | = | ဟတ | = | သတ်အပ်ပြီ–သော |
| | √ခန် | + | တ | = | ခတ*၊ ခါတ | = | တူးအပ်ပြီ–သော |
| | √ဂမ် | + | တ | = | ဂတ | = | သွားအပ်ပြီ–သော |
| | √ရမ် | + | တ | = | ရတ | = | မွေ့လျော်အပ်ပြီ–သော |
| | √ကရ် | + | တ | = | ကတ | = | ပြုအပ်ပြီ–သော |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | √မရ် | + | တ | = | မတ | = | သေလေပြီ–သော |
| | √သရ် | + | တ | = | သတ | = | သတိရအပ်ပြီ–သော |
| * | √ဟရ် | + | တ | = | ဟဋ္ဌ | = | ဆောင်အပ်ပြီ–သော |

(၃) ဗျည်းဆုံးဓာတ် အချို့သို့ ဆက်သောအခါ၊ ဓာတ်၏အဆုံးဗျည်းနှင့် 'တ' တို့ကို သဒိသရုပ် ပြုရ၏။

ပြယုဂ်–

| | | | | | | | |
|---|---|---|---|---|---|---|---|
| | √ကမ် | + | တ | = | ကန္တ | = | သွား–နှစ်သက်အပ်သော |
| | √ဒမ် | + | တ | = | ဒန္တ | = | ဆုံးမအပ်ပြီ–သော |
| | √မုစ် | + | တ | = | မုတ္တ | = | လွတ်အပ်ပြီ–သော |
| | √ဘုဇ် | + | တ | = | ဘုတ္တ | = | စားအပ်ပြီ–သော |
| | √ဗုဓ် | + | တ | = | ဗုဒ္ဓ | = | သိအပ်ပြီ–သော |
| | √တပ် | + | တ | = | တတ္တ | = | ပူလောင်ပြီ–သော |
| | √လဘ် | + | တ | = | လဒ္ဓ | = | ရအပ်ပြီ–သော |
| ပ | √အာပ် | + | တ | = | ပတ္တ | = | ရောက်–ရအပ်ပြီ–သော |
| * | √ပုစ္ဆ် | + | တ | = | ပုဋ္ဌ | = | မေးအပ်ပြီ–သော |
| * | √ပုသ် | + | တ | = | ပုဋ္ဌ | = | မွေးမြူအပ်ပြီ–သော |
| | √ဣသ် | + | တ | = | ဣဋ္ဌ | = | အလိုရှိအပ်ပြီ–သော |
| | √ကသ် | + | တ | = | ကဋ္ဌ | = | ထွန်ယက်အပ်ပြီ–သော |
| | √ဒံသ် | + | တ | = | ဒဋ္ဌ | = | ကိုက်အပ်ပြီ–သော |
| | √မုဟ် | + | တ | = | မုဋ္ဌ | = | တွေဝေပြီ–သော |
| အာ | √ရုဟ် | + | တ | = | အာရုဋ္ဌ | = | တက်အပ်ပြီ–သော |

(၄) 'အ၊ အာ၊ ဧ၊ ဩ' သရဆုံး တည်ပုဒ်များသို့ (အဆုံးသရများကိုချေပြီး) 'ဣ' သရခံ၍ ဆက်ရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | √ကသ် | > ကသ | + ိ တ | = | ကသိတ | = | ထွန်ယက်အပ်ပြီး–သော |
| | √ပစ် | > ပစ | + တ | = | ပစိတ | = | ချက်အပ်ပြီး–သော |
| | √လိခ် | > လိခ | + တ | = | လိခိတ | = | ရေးအပ်ပြီး–သော |
| | √ဂဟ် | > ဂဟေ | + တ | = | ဂဟိတ | = | ဖမ်းယူအပ်ပြီး–သော |
| | √စိန္တ် | > စိန္တေ | + တ | = | စိန္တိတ | = | ကြံစည်အပ်ပြီး–သော |
| | ပ √အတ္ထ် | > ပတ္ထ | + တ | = | ပတ္ထိတ | = | တောင့်တအအပ်ပြီး–သော |
| | √ကင်္ခ် | > ကင်္ခ | + တ | = | ကင်္ခိတ | = | အလိုရှိအပ်ပြီး–သော |
| | √ဘုဇ် | > ဘုဉ္ဇ | + တ | = | ဘုဉ္ဇိတ | = | စားအပ်ပြီး–သော |
| | √ကုပ် | > ကုပ္ပ | + တ | = | ကုပ္ပိတ | = | အမျက်ထွက်ပြီး–သော |
| | √ကရ် | > ကရော | + တ | = | ကရိတ | = | ပြုအပ်ပြီး–သော |
| | ပ √ဟိ | > ပဟိဏာ | + တ | = | ပဟိဏိတ | = | စေလွှတ်အပ်ပြီး–သော |

### အထူးတည်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| √ပစ် | + | တ | = | ပက္က | = | ချက်အပ်–ကျက်–မှည့်–သော |
| √ဝစ် | + | တ | = | ဝုတ္တ၊ ဥတ္တ | = | ဆိုအပ်ပြီး–သော |
| √ဝပ် | + | တ | = | ဝုတ္တ | = | စိုက်ပျိုးအပ်ပြီး–သော |
| √ဝသ် | + | တ | = | ဝုတ္ထ | = | နေထိုင်ခဲ့ပြီး–သော |
| √ဒါ | + | တ | = | ဒတ္တ | = | ပေးအပ်ပြီး–သော |

## (၈) န–ပစ္စည်းဆက်ပုံ

(၁) သ၊ ရဆုံး ဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး 'အာ'သည် 'ဏ၊ ဤ' သရသို့ ပြောင်း၏။

**ပြယုဂ်–** √စိ + န = စိန = စုဆောင်း–ဆည်းပူးအပ်ပြီ–သော
√ဇိ + န = ဇိန = ဆောင်အပ်ပြီ–သော
* √ခီ + န = **ခီဏ** = ကုန်ခန်းပြီ–သော
√လူ + န = လူန = ရိတ်ဖြတ်အပ်ပြီ–သော
√ဒါ + န = ဒိန္န = ပေးအပ်ပြီ–သော
√ဟာ + န = ဟီန = ယုတ်ညံ့သော
ပ √ဟာ + န = ပဟီန = စွန့်ပယ်အပ်ပြီ–သော

(၂) "ဒ်၊ ရ်၊ မ်" ဗျည်းဆုံးဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး ဗျည်းနှင့် 'န်'တို့ကို သဒိသရုပ် ပြုရ၏။

**ပြယုဂ်–** √ဆိဒ် + န = ဆိန္န = ဖြတ်အပ်ပြီ–သော
√အဒ် + န = အန္န = စားအပ်ပြီ–သော၊ ထမင်း
√ဘိဒ် + န = ဘိန္န = ခွဲအပ်ပြီ–သော
√ဆဒ် + န = ဆန္န = ဖုံးလွှမ်းအပ်ပြီ–သော
နိ √သဒ် + န = နိသိန္န (သ > သိ) = ထိုင်ပြီ–သော
√နုဒ် + န = နိန္န (နု > နိ) = ကိုင်းညွတ်ပြီ–သော
* √ကိရ် + န = ကိဏ္ဏ = ဖြန့်ကြဲအပ်ပြီ–သော
* √ဇိရ် + န = ဇိဏ္ဏ = အိုမင်း–ဆွေးမြည့်ပြီ–သော
* √ပုရ် + န = ပုဏ္ဏ = ပြည့်ပြီ–သော
* √တရ် + န = တိဏ္ဏ = ကူးဖြတ်အပ်ပြီ–သော
အာ √စရ် + န = အာစိဏ္ဏ = လေ့ကျက်အပ်ပြီ–သော

[ **မှတ်ရန်–** 'ကိဏ္ဏ'–စသည်၌ (သက္ကတစည်းကမ်းအရ) ရှေ့က 'ရ်'ကြောင့် န–သည် ဏ–သို့ ပြောင်း၏။ ]

## အသုံးပြုပုံ

အတိတ်ကိတ်ကို "နာမ်၊ နာမဝိသေသန၊ ကြိယာ"ဟူ၍ ၃–မျိုးအားဖြင့် အသုံးပြုနိုင်၏။ အသုံးပြုပုံမှာ–

(နာမ်) * ဒိန္နော မယှံ ဇယံ ဒေဝေါ = ဘုရားရှင်သည် ငါ့အား အောင်ခြင်းကို ပေးပါစေသတည်း။

* ကုမာရီ ဂီတံ ဂါယတိ = မိန်းကလေးသည် သီချင်းကို သီဆို၏။

(နာ–ဝိ) * သော မတဿ ပုရိသဿ ဓနံ လဘတိ = သူသည် သေသွားသော သူ၏ ဥစ္စာကို ရ၏။

* သော ဟီနံ မိတ္တံ ဇဟာတိ = သူသည် ယုတ်မာသော မိတ်ဆွေကို စွန့်၏။

(ကြိ) * သော နဂရာ အာဂတော = သူသည် မြို့မှလာ၏။

* မယာ ဓမ္မော သုတော = ငါသည် တရားကို ကြားနာအပ်ပြီ။

* မယာ ကုသလံ ကတံ = ငါသည် ကုသိုလ်ကို ပြုအပ်ပြီ။

### အောက်ပါတို့ကို မြန်မာပြန်ပါ

၁– အဟိနာ **ဒဋ္ဌော** ပုရိသော ဟိယျော မတော။ ၂– ကဿကေဟိ ဝနေ ခေတ္တံ **ကသိတံ**။ ၃– ပဏ္ဍိတေန ပါပေါ ပုရိသော **ဇဟိတော**။ ၄– အယံ ဓမ္မော ဗုဒ္ဓေန **ဘာသိတော**။ ၅– ဗြာဟ္မဏော ပရေဟိ **ဘုတ္တံ** ဘတ္တံ န ဘုဉ္ဇတိ။ ၆– ဒါသေန **ပစိတော** သူဒနော အမစ္စေန **ဘုတ္တော**။ ၇– ကဿကော ဒိဝါ ဝနေ ကမ္မံ ကတွာ, သာယံ ဂါမံ **အာဂတော**။ ၈– ဘိက္ခု ပိဏ္ဍာယ ဂါမေ စရိတွာ ပုန ဝိဟာရံ **ဂတော**။ ၉– ယော ပရေသံ ဟိတံ ကရောတိ, သော မနုဿာနံ ဥတ္တမော မိတ္တောတိ **ဝုတ္တော**။ ၁၀– ဣတ္ထိတံ ပတ္တိတံ တုယှံ ခိပ္ပမေဝ (ခိပ္ပံ+ဧဝ) သမိဇ္ဈတု (သံ+ဣဓ် + ယ = သမိဇ္ဈတိ = ပြည့်စုံ၏)

==========

## ၃၁။ နိပါတ်ပုဒ်များ

ဝိဘတ် ပစ္စည်းတို့ကြောင့် ပြောင်းလဲခြင်းမရှိသော ပုဒ်မျိုးကို '**အဗျယပုဒ်**' ဟု ခေါ်၏။ အဗျယပုဒ်မှာ "နိပါတ်ပုဒ်နှင့် ဥပသာရပုဒ်"ဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် **နိပါတ်ပုဒ်** မည်သည် ဝါကျထဲ၌ အခြားပုဒ်များနှင့် ပူးတွဲခြင်းမရှိ၊ သီးသန့်တည်ရှိနိုင်ပြီး၊ **ဥပသာရပုဒ်** မှာမူ ကြိယာများနှင့် ဆက်တွဲ၍ အသုံးပြုရသည်။

နိပါတ်ပုဒ်သည် "ပဋိသေဓနိပါတ်ပုဒ်၊ ပုစ္ဆာနိပါတ်ပုဒ်၊ သမ္ဗန္ဓနိပါတ်ပုဒ်" စသည်ဖြင့် အမျိုးမျိုးရှိ၏။

### (က) ပဋိသေဓ နိပါတ်ပုဒ်

ကြိယာ၏ မူလအနက်ကို "တားမြစ်-ပိတ်ပင်-ငြင်းပယ်"သော နိပါတ်ပုဒ်ကို ပဋိသေဓ နိပါတ်ပုဒ်ဟု ခေါ်၏။

(၁) "**န၊ နော**"ပုဒ်တို့သည် "မ ...၊ မဟုတ်၊ မရှိ" ဟူသော ငြင်းပယ်ခြင်း အဓိပ္ပာယ်ကို ဖော်ပြ၏။ 'နော'ကား အသုံးနည်း၏။

| | | | |
|---|---|---|---|
| ပြယုဂ်- | သော ဘတ္တံ န ပစတိ | = | သူသည် ထမင်းကိုမချက်။ |
| | သော န ပစိဿတိ | = | သူချက်လိမ့်မည် မဟုတ်။ |
| | နော ပစေယျ | = | မချက်ရာ။ မချက်ငြားအံ့။ |

(၂) "**မာ**"သည် "မ ... လင့် (နှင့်)" ဟူ၍ တားမြစ်ခြင်းအဓိပ္ပာယ်ကို ဖော်ပြ၏။ မာ-ကို ပဉ္စမီ၊ အဇ္ဇတနီ ဝိဘတ်ဆက် ကြိယာများနှင့် တွဲသုံးရ၏။

| | | | |
|---|---|---|---|
| ပြယုဂ်- | ဘတ္တံ မာ ပစာဟိ | = | ထမင်းကို မချက်နှင့်။ |
| | ဝနံ မာ ဂစ္ဆိ | = | တောသို့ မသွားနှင့်။ |

(၃) '**အလံ**'သည် "တော်ပြီ၊ တန်ပြီ၊ မသင့်" ဟူသော အဓိပ္ပာယ်ကို ဖော်ပြ၏။ ယင်းကို ကူစ္ဆတ္ထကိတ်၊ တတိယာ ဝိဘတ်ဆက် နာမ်ပုဒ်နှင့် တွဲသုံးရ၏။

ပြယုဂ်– * အလံ ဘုဉ္ဇိတုံ = စားရန်မသင့်။

* အလံ ဣဓ ဝါသေန (ဝသိတုံ) = ဤနေရာ၌ နေရန်မသင့်။

* အလံ ဖလေဟိ = သစ်သီးများဖြင့် တော်ပြီ။

## (ခ) ပုစ္ဆာနိပါတ်ပုဒ်

(၁) 'ကိံ' သည် "သလော၊ သလား၊ သနည်း" ဟူသော အနက်ကို ဖော်ပြ၏။ ကိံ–ကို ဝါကျ၏အစ၌ဖြစ်စေ, အဆုံး၌ဖြစ်စေ ထားနိုင်၏။

ပြယုဂ်– တွံ မမ နာမံ ဇာနာသိ **ကိံ** = သင်သည် ငါ့နာမည်ကို သိသလား။

**ကိံ** တွံ နဂရံ ဂစ္ဆသိ = ဘာ့ကြောင့် မြို့သို့ သင် သွားသနည်း။

**ကိံ** တွံ ဣဓ န ဝသသိ = ဘာ့ကြောင့် ဤမှာ သင် မနေသနည်း။

(၂) "**ကတ္ထ (ကုတြ)၊ ကုဟိံ၊ ကုတော၊ ကဒါ၊ ကထံ**" တို့သည် "နေရာ၊ အချိန်၊ အမူအရာ" ကို ဖော်ပြသည့်ပုဒ်များ ဖြစ်၏။

ပြယုဂ်– **ကတ္ထ** တွံ ဝသသိ = သင် ဘယ်အရပ်မှာ နေသလဲ။

**ကုဟိံ** တွံ ဂစ္ဆသိ = သင် ဘယ်အရပ်သို့ သွားသနည်း။

**ကဒါ** တွံ ဂမိဿသိ = သင် ဘယ်အချိန် သွားမလဲ။

**ကုတော** တွံ အာဂစ္ဆသိ = သင် ဘယ်အရပ်က လာသလဲ။

**ကထံ** တွံ နဒိံ တရသိ = မြစ်ကို သင် ဘယ်လိုကူးဖြတ်သလဲ။

(၃) "**အပိ၊ နု၊ နုခေါ၊ အပိနုခေါ**" တို့သည် 'သလား' ဟူသော မေးမြန်းခြင်းကို ဖော်ပြ၏။ နုနှင့် နုခေါတို့ကို ဝါကျ၏အစ၌ မထားရ။

ပြယုဂ်– ၁။ **အပိ** သော မမ ဂေဟံ အာဂမိဿတိ။

၂။ သော **နု** မမ ဂေဟံ အာဂမိဿတိ။

၃။ သော **နုခေါ** မမ ဂေဟံ အာဂမိဿတိ။

၄။ **အပိနုခေါ** သော မမ ဂေဟံ အာဂမိဿတိ။
= သူသည် ကျွန်ုပ်၏အိမ်သို့ လာမည်လား။

## (ဂ) သမ္ဗန္ဓန နိပါတ်ပုဒ်

ပုဒ်တခုနှင့်တခု၊ ဝါကျတခုနှင့်တခု ဆက်စပ်ပေးသော ပုဒ်ကို သမ္ဗန္ဓန နိပါတ်ပုဒ် ဟု ခေါ်၏။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) "စ၊ စ ... စ" = နှင့်၊ ၎င်း။

ပြယုဂ်– ဒါရကော စ ဒါရိကာ စ ဥဒကေ ကီဠန္တိ = ဒါရကော ဒါရိကာ စ ဥဒကေ ကီဠန္တိ = ယောကျ်ားလေးနှင့် မိန်းကလေးတို့သည်ရေ၌ ကစားကြ၏။

* သော စ အဟံ စ ဂစ္ဆာမ = သူနှင့် ကျွန်ုပ် သွားကြ၏။

* တွံ စ အဟံ စ ဂစ္ဆာမ = သင်နှင့် ကျွန်ုပ် သွားကြ၏။

* သော စ တွံ စ ဂစ္ဆထ = သူနှင့် သင် သွားကြ၏။

* **မှတ်ရန်**– "နာမ၊ တုမှ၊ အမှ" ဟူသော နာမ်သုံးမျိုးကို အစဉ်အတိုင်းထား၍၊ ကြိယာကို နောက်ဆုံးနာမ်၏ 'ပယောဂ'အတိုင်း ဗဟုဝုစ်ဖြင့် ထားရ၏။

(၂) "ဝါ၊ ဝါ ... ဝါ" = သော်၎င်း၊ ဖြစ်စေ (သို့မဟုတ်)

ပြယုဂ်– ဒါရကော ဝါ ဒါရိကာ ဝါ အာဂစ္ဆတု = ဒါရကော ဒါရိကာ ဝါ အာဂစ္ဆတု = ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လာပါစေ။

(၃) "**ယဒိ၊ သစေ၊ စေ**" = အကယ်၍၊ လျှင်။

'စေ'ကို ဝါကျအစ၌ မထားရ။ 'ယဒိ၊ သစေ' ကိုသာ ထားရ၏။

ပြယုဂ်– * သစေ သော ဒဒါတိ, အဟံ လဘိဿာမိ = အကယ်၍ သူပေးလျှင် ကျွန်ုပ် ရပါမည်။

* ယဒိ သော ကမ္မံ ကရောတိ, ဓနံ လဘိဿတိ = အကယ်၍ သူအလုပ် လုပ်လျှင် ဥစ္စာကို ရလိမ့်မည်။

* သော စေ ကမ္မံ န ကရောတိ, ဓနံ န လဘိဿတိ = သူအလုပ် မလုပ်လျှင် ဥစ္စာကို ရမည်မဟုတ်။

* နော စေ ဗုဒ္ဓံ သရေယျာထ, အထ ဓမ္မံ သရေယျာထ = ( သင်တို့ ) ဘုရားကို မအောက်မေ့နိုင်လျှင်၊ ထိုအခါ တရားကို အောက်မေ့ရာ၏။

(၄) ပန = မူကား၊ သို့သော်၊ သို့ရာတွင်။

ပြယုဂ်- သော ဂါမေ ဝသတိ, အဟံ ပန နဂရေ ဝသာမိ = သူသည် ရွာ၌ နေ၏။ ကျွန်ုပ်မူကား မြို့၌ နေ၏။

(၅) ဥဒါဟု = သို့မဟုတ်လျှင်-ပါက။

ပြယုဂ်- သော ဘေသဇ္ဇံ ပိဝေယျ၊ ဥဒါဟု ခိပ္ပံ မရိဿတိ = သူသည် ဆေးကို သောက်ရာ၏။ သို့မဟုတ်လျှင် (မသောက်လျှင်) လျင်စွာ သေလိမ့်မည်။

(၆) **ယဒါ ... တဒါ** = အကြင်အခါ ... ထိုအခါ (သောအခါ = When)

ပြယုဂ်- **ယဒါ** သော ဓမ္မံ စရတိ၊ **တဒါ** သုခံ လဘတိ = တရားကို ကျင့်သောအခါ ချမ်းသာခြင်းကို ရရှိ၏။

(၇) **ယတ္ထ ... တတ္ထ** = အကြင်အရပ်၌ ... ထိုအရပ်၌ (သောအရပ်၌ = Where)

ပြယုဂ်- **ယတ္ထ** ပဏ္ဍိတာ ဝသန္တိ၊ **တတ္ထ** တုမှေ ဝသထ = ပညာရှိနေသော အရပ်၌ သင်တို့ နေကြလော့။

(၈) **ယထာ ... တထာ** = အကြင်ကဲ့သို့ ... ထိုကဲ့သို့ (သည့်အတိုင်း = as)။ သကဲ့သို့ ... ထို့အတူ (as .... so)

ပြယုဂ်-* **ယထာ** အာစရိယော ဩဝဒတိ, **တထာ** တုမှေ ကရောထ = ဆရာက ဆုံးမသည့်အတိုင်း သင်တို့ ပြုလုပ်ကြလော့။

* **ယထာ** ပဗ္ဗတော ဝါတေန န စလတိ၊ **တထာ** ပဏ္ဍိတော လောကဓမ္မေဟိ န ကမ္ပတိ = တောင်သည် လေကြောင့် မတုန်လှုပ်သကဲ့သို့၊ ထို့အတူ ပညာရှိသည် လောကဓံတို့ကြောင့် မတုန်လှုပ်။

**(ဠ) ယာဝ ... တာဝ** = ယာဝတာ ... တာဝတာ = **အကြင်မျှလောက် ... ထိုမျှလောက် (ကာလပတ်လုံး)** = (as long as ... so long as)။ **ထိုမျှအထိ–တိုင်အောင်** = (until)။

**ပြယုဂ်–** * **ယာဝ** အဟံ ဓမ္မံ စရာမိ၊ **တာဝ** သုခံ လဘာမိ = ငါသည် တရားကို ကျင့်နေသမျှ (ကာလပတ်လုံး) ချမ်းသာမှုကို ရနေ၏။

* **ယာဝ** အဟံ အာဂစ္ဆာမိ, **တာဝ** တွံ ဂေဟေ ဝသာဟိ = ကျွန်ုပ်လာသည့် အထိ (တိုင်အောင်) သင် အိမ်၌နေပါ။

## (ဃ) ဣတိ– (၀၈၄) ပုဒ်

**ဣတိ = ဟု၊ ဟူ၍** ။ ။ "မေးမြန်းခြင်း၊ ကြံစည်ခြင်း၊ ပြောကြားခြင်း၊ အမည်ပေးခြင်း"–စသည်နှင့်ပတ်သက်၍ ပြောဆိုရာ၌ အသုံးပြု၏။ 'ဣတိ'ကို အသုံးပြုရာတွင် (ရှေ့က သရ/နိဂ္ဂဟိတ်ရှိလျှင်) 'ဣတိ'၏ အစ 'ဣ' သရကို ချေ၍၊ 'တိ'–ရှေ့၌ရှိသော ပုဒ်၏ အဆုံး 'သရတို'ကို 'သရရှည်' ပြုရ၏။ အဆုံး နိဂ္ဂဟိတ် (ံ)ကို 'န်'သို့ ပြောင်းရ၏။

ပြယုဂ်– * အာစရိယော 'ကုတော တွံ အာဂစ္ဆသီ'**တိ** ပုစ္ဆတိ = ဆရာက 'သင် ဘယ်က လာသနည်း'ဟု မေး၏။

* ဗုဒ္ဓေါ 'ကော ဣမံ ဓမ္မံ ခိပ္ပမေဝ ဇာနိဿတီ'**တိ** စိန္တေသိ = 'မည်သူသည် ဤတရားကို လျင်မြန်စွာ နားလည်မည်နည်း'ဟု ဘုရားရှင်သည် ကြံတော်မူ၏။

* 'ကိံ နခေါ ကတ္တဗ္ဗ'**န္တိ** တေ မန္တယိံသု = 'ဘာကို ပြုလုပ်သင့်သနည်း'ဟူ၍ သူတို့ တိုင်ပင်ကြ၏။

* သော အတ္တနော ပုတ္တံ 'ရာမော'**တိ** နာမံ အကာသိ = သူသည် မိမိ၏သားကို 'ရာမ'ဟု အမည်ပေး (မှည့်) လေ၏။

* 'အဟံ ပဏ္ဍိတော'**တိ** ဓာနာဟိ (= ပဏ္ဍိဝံ မံ ဓာနာဟိ) = 'ကျွန်ုပ်သည် ပညာရှိ၏'–ဟူ၍ သိလော့ (= ကျွန်ုပ်ကို ပညာရှိ–ဟု သိလော့)။

==========

## ၃၂။ ကိစ္စကိတ်

ကိစ္စကိတ်သည် ( အတိတ်ကိတ်ကဲ့သို့ ) ကမ္မ ( *Passive* ) သဘောကို ဆောင်သောကြောင့် ယင်းကို အသုံးပြုသည့်အခါ ကတ္တားကို တတိယာဝိဘတ်နှင့် ထား၍ 'သည်၊ က'–ဟုငင်း၊ ကံပုဒ်ကို ပဌမာဝိဘတ်နှင့် ထား၍ 'ကို'–ဟုငင်း ဘာသာ ပြန်ရ၏။

**ပြယုဂ်**– * မယာ ဩဒနော ပစိတဗ္ဗော = ကျွန်ုပ်သည် ထမင်းကို ချက်အပ်၏။
* မယာ ကုသလံ ကာတဗ္ဗံ = ကျွန်ုပ်သည် ကုသိုလ်ကို ပြုအပ်၏။

တဖန်– ကိစ္စကိတ်သည် ( အတိတ်ကိတ်ကဲ့သို့ပင် ) ကြိယာသဘော ဆောင်သည့်အပြင်၊ နာမဝိသေသနသဘောကိုလည်း ဆောင်သောကြောင့်၊ ၎င်းက အထူးပြုသည့် နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ပုစ်"အားဖြင့် တူညီ၏။ ပြယုဂ်– * အယံ မဂ္ဂေါ ဂန္တဗ္ဗော = ဤခရီးကို သွားသင့်၏။ * ဣဒံ ကမ္မံ ကတ္တဗ္ဗံ = ဤအမှုကို ပြုသင့်၏။ * သာ ကုမာရီ ဣစ္ဆိတဗ္ဗာ = ထိုမိန်းကလေးကို အလိုရှိအပ်၏။

ကိစ္စကိတ်ကို "**အပ်၏၊ သင့်၏၊ ထိုက်၏**"–ဟု ဘာသာပြန်ရ၏။ ကိတ်ပစ္စည်း များမှာ "**တဗ္ဗ၊ အနီယ၊ ယ၊ ရိစ္စ (တျ > စ္စ)**"–တို့ ဖြစ်၏။ တဗ္ဗပစ္စည်းသည် အသုံး များ၏။ 'တဗ္ဗ'ပစ္စည်းဆက်ပုံသည် 'တုံ' ပစ္စည်းဆက်ပုံနှင့် များစွာတူ၏။

### (က) 'တဗ္ဗ' ပစ္စည်းဆက်ပုံ

(၁) သရဆုံး ဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး 'ဣ၊ ဤ'သည် ဧ–သို့ငင်း 'ဥ၊ ဦ'သည် ဩ–သို့ငင်း ပြောင်း၏။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပြယုဂ်– | √ဒါ | | | + | တဗ္ဗ | = | ဒါတဗ္ဗ | = ပေးအပ်၏ |
| | √ဌာ | | | + | တဗ္ဗ | = | ဌာတဗ္ဗ | = ရပ်တည်အပ်၏ |
| | √ဉာ | | | + | တဗ္ဗ | = | ဉာတဗ္ဗ | = သိအပ်၏ |
| | √ပါ | | | + | တဗ္ဗ | = | ပါတဗ္ဗ | = သောက်အပ်၏ |
| | ပ √ဟာ | | | + | တဗ္ဗ | = | ပဟာတဗ္ဗ | = စွန့်ပယ်အပ်၏ |
| | * √ကရ် | > | ကာ | + | တဗ္ဗ | = | ကာတဗ္ဗ | = ပြုအပ်၏ |
| | √ဇိ | > | ဇေ | + | တဗ္ဗ | = | ဇေတဗ္ဗ | = အောင်အပ်၏ |
| | √နီ | > | နေ | + | တဗ္ဗ | = | နေတဗ္ဗ | = ဆောင်အပ်၏ |
| | √သု | > | သော | + | တဗ္ဗ | = | သောတဗ္ဗ | = ကြားနာအပ်၏ |

(၂) 'ဧ' သရဆုံး တည်ပုဒ်များသို့ ဆက်သောအခါ ပြောင်းလဲမှုမရှိ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပြယုဂ်– | √စုရ် | > | စောရေ | + | တဗ္ဗ | = | စောရေတဗ္ဗ | = ခိုးအပ်၏ |
| | √ကထ် | > | ကထေ | + | တဗ္ဗ | = | ကထေတဗ္ဗ | = ပြောအပ်၏ |
| | √စိန္တ | > | စိန္တေ | + | တဗ္ဗ | = | စိန္တေတဗ္ဗ | = ကြံစည်အပ်၏ |
| | √ဂဟ် | > | ဂဟေ | + | တဗ္ဗ | = | ဂဟေတဗ္ဗ | = ဖမ်း–ယူအပ်၏ |
| | * √ဌာ | > | ဌပေ(ကာ) | + | တဗ္ဗ | = | ဌပေတဗ္ဗ | = ထားအပ်၏ |

(၃) ဗျည်းဆုံးဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး ဗျည်းနှင့် 'တဗ္ဗ' ၏ 'တ်'တို့ကို သဒိသရုပ်ပြုရ၏။

| | | | | | | |
|---|---|---|---|---|---|---|
| ပြယုဂ်– | √ဂမ် | + | တဗ္ဗ | = | ဂန္တဗ္ဗ | = သွားအပ်၏ |
| | √ဟန် | + | တဗ္ဗ | = | ဟန္တဗ္ဗ | = သတ်အပ်၏ |
| | √ဝစ် | + | ဟဗ္ဗ | = | ဝတ္တဗ္ဗ | = ဆိုအပ်၏ |
| | * √ကရ် | + | တဗ္ဗ | = | ကတ္တဗ္ဗ | = ပြုအပ်၏ |
| | √ဘုဇ် | + | တဗ္ဗ | = | ဘောတဗ္ဗ | = စားအပ်၏ |

ပ √အာပ် + တဗ္ဗ = ပတ္တဗ္ဗ = ရောက်–ရအပ်၏

* √ဒိသ် + တဗ္ဗ = ဒဋ္ဌဗ္ဗ = မြင်–သိအပ်၏ (ဒိ > ဒ)

(၄) 'အ၊ ဧ၊ ဩ' သရဆုံး တည်ပုဒ်များသို့ (အဆုံးသရများကိုချေပြီး) 'ဣ'သရခံ၍ ဆက်ရ၏။

ဥပမာ–
√ဝဒ် > ဝဒ + တဗ္ဗ = ဝဒိတဗ္ဗ = ပြောဆိုအပ်၏
√ပစ် > ပစ + တဗ္ဗ = ပစိတဗ္ဗ = ချက်အပ်၏
√ခါဒ် > ခါဒ + တဗ္ဗ = ခါဒိတဗ္ဗ = ခဲစားအပ်၏
√ဣသ် > ဣစ္ဆ + တဗ္ဗ = ဣစ္ဆိတဗ္ဗ = အလိုရှိအပ်၏
√ပုစ္ဆ် > ပုစ္ဆ + တဗ္ဗ = ပုစ္ဆိတဗ္ဗ = မေးအပ်၏
√ဝဇ္ဇ် > ဝဇ္ဇ + တဗ္ဗ = ဝဇ္ဇိတဗ္ဗ = ရှိုးအပ်၏
√ဘူ > ဘဝ + တဗ္ဗ = ဘဝိတဗ္ဗ = ဖြစ်သင့်၏
√ဘုဉ် > ဘုဉ္ဇ + တဗ္ဗ = ဘုဉ္ဇိတဗ္ဗ = စားအပ်၏
√ဆိဒ် > ဆိန္ဒ + တဗ္ဗ = ဆိန္ဒိတဗ္ဗ = ဖြတ်အပ်၏
√ဂါ > ဂါယ + တဗ္ဗ = ဂါယိတဗ္ဗ = သီဆိုအပ်၏
√ဗုဓ် > ဗုဇ္ဈ + တဗ္ဗ = ဗုဇ္ဈိတဗ္ဗ = သိအပ်၏
√သု > သုဏော + တဗ္ဗ = သုဏိတဗ္ဗ = ကြားနာအပ်၏
√ဂဟ် > ဂဏှာ + တဗ္ဗ = ဂဏှိတဗ္ဗ = ဖမ်း–ယူအပ်၏
ဥဂ် √ဂဟ် > ဥဂ္ဂဏှာ + တဗ္ဗ = ဥဂ္ဂဏှိတဗ္ဗ = သင်ယူအပ်၏
* √ကရ် > ကရော + တဗ္ဗ = ကရိတဗ္ဗ = ပြုအပ်၏
√ကထ် > ကထယ + တဗ္ဗ = ကထယိတဗ္ဗ = ပြောဆိုအပ်၏

## (ခ) အနီယပစ္စည်းဆက်ပုံ

ဓာတ် / တည်ပုဒ်များသို့ ( အဆုံးသရများကိုချေ၍ ) ဆက်ရ၏။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပြယုဂ်- | √ပစ် | | | + အနီယ | = | ပစနီယ | = | ချက်သင့်၏-သော |
| | √ခါဒ် | | | + အနီယ | = | ခါဒနီယ | = | စားအပ်၏-သော |
| | √ပူဇ် | | | + အနီယ | = | ပူဇနီယ | = | ပူဇော်အပ်၏-သော |
| | √ပါ | | | + အနီယ | = | ပါနီယ | = | သောက်အပ်၏-သော |
| | √ဘူ | > | ဘဝ | + အနီယ | = | ဘဝနီယ | = | ဖြစ်သင့်၏-သော |
| | √ဒိသ် | > | ဒဿ | + အနီယ | = | ဒဿနီယ | = | ကြည့်ရှုအပ်၏-သော |
| * | √သု | > | သဝ | + အနီယ | = | သဝဏီယ | = | ကြားနာသင့်၏-သော |
| * | √ကရ် | | | + အနီယ | = | ကရဏီယ | = | ပြုအပ်၏-သော |
| * | √သရ် | | | + အနီယ | = | သာရဏီယ | = | အောက်မေ့အပ်၏-သော |

## (ဂ) ယ-ပစ္စည်းဆက်ပုံ

(၁) "အာ၊ ဣ၊ ဤ"သရဆုံး ဓာတ်များသို့ (အဆုံးသရများကို ဧ-ပြု၍) ယ-ပစ္စည်းကို ဆက်ရ၏။ 'ယ'ကိုလည်း (ယျ-ဟု) ဒွေဘော်ပြုတတ်၏။

| | | | | | |
|---|---|---|---|---|---|
| ပြယုဂ်- | √ဒါ | + ယ | = ဒေယျ | = | ပေးအပ်၏-သော |
| | √ဉာ | + ယ | = ဉေယျ | = | သိအပ်၏-သော |
| | √ပါ | + ယ | = ပေယျ | = | သောက်အပ်၏-သော |
| | √ဇိ | + ယ | = ဇေယျ | = | အောင်အပ်၏-သော |
| | √နီ | + ယ | = နေယျ | = | ဆောင်အပ်၏-သော |

(၂) ဗျည်းဆုံး ဓာတ်အချို့သို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး ဗျည်းနှင့် 'ယ'ပစ္စည်းကို သဒိသရုပ် ပြုရ၏။

ဖြယုဂ်– √ဂမ် + ယ = ဂမ္မ = သွားအပ်၏–သော

√လဘ် + ယ = လဗ္ဘ = ရအပ်၏–သော

√ဟသ် + ယ = ဟဿ = ရယ်အပ်၏–သော

√ဘိဒ် + ယ = ဘိဇ္ဇ = ခွဲအပ်၏–သော

√ခါဒ် + ယ = ခဇ္ဇ = ခဲစားအပ်၏–သော

(၃) 'ရ်' ဖျည်းဆုံးဓာတ်သို့ 'ဣ' သရခံ၍ ဆက်ရ၏။ ဓာတ်၏ 'အ'သရသည် 'အာ'သို့ ပြောင်း၏။

ဖြယုဂ်– √ကရ် + ိ + ယ = ကာရိယ = ပြုအပ်၏–သော

√ဘရ် + ိ + ယ = ဘာရိယ = မွေးမြူအပ်၏–သော

√ဟရ် + ိ + ယ = ဟာရိယ = ဆောင်အပ်၏–သော

## (ဃ) ရိစ္စ = တျ > စ္စ–ပစ္စည်းဆက်ပုံ

**ရိစ္စ ပစ္စည်း** ။ ။ ယင်းကား အလွန်အသုံးနည်း၏။ 'ရ်' ဖျည်းဆုံးဓာတ် အနည်းငယ်သို့သာ ဆက်ရ၏။ ('ရိစ္စ' ဆက်သောအခါ၊ ဓာတ်၏ဆုံး 'ရ'နှင့် တကွ ပစ္စည်းပါ 'ရ်'ကိုပါ ချေပစ်ရ၏။ (သက္ကတအရ ṛ - သရဆုံးဓာတ်သို့ (ṛ - ကို ပါဠိ၌ အ, ဣ, ဥ–ပြု၍) 'တျ' (P. စ္စ)–ပစ္စည်း ဆက်ရ၏)။

ဖြယုဂ်– √ကရ် + ရိစ္စ = ကိစ္စ = ပြုအပ်၏–ဖွယ်

√ဘရ် + ရိစ္စ = ဘစ္စ = မွေးမြူအပ်၏–သူ

ဥဒ် √ဓရ် + ရိစ္စ = ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း–သော

ကု √ကရ် + ရိစ္စ = ကုက္ကုစ္စ = နောင်တဖန်ပူပန်ခြင်း

## အသုံးပြုပုံ

(၁) တဗ္ဗ–ဆက် ကိစ္စကိတ်ကို ကြိယာအဖြစ် အသုံးပြုနိုင်၏။ ယင်းသည် ကမ္မသဘောကို ဆောင်သောကြောင့် ကတ္တားကို တတိယာဝိဘတ်နှင့်ထား၍ 'သည်၊ က'–ဟုရင်း၊ ကံပုဒ်ကို ပထမာဝိဘတ်နှင့် ထား၍ 'ကို'–ဟုရင်း ဘာသာပြန်ရ၏။ ကိစ္စကိတ်သည် ကံပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်" တူရ၏။

ပြယုဂ်– * မယာ ကုသလံ ကတ္တဗ္ဗံ = ကျွန်ုပ်သည် ကုသိုလ်ကို ပြုသင့်၏။
* အယံ မဂ္ဂေါ ဂန္တဗ္ဗော = ဤလမ်းကို သွားအပ်၏။

(၂) အနီယ–ဆက်၊ ယ–ဆက် အချို့ကိစ္စကိတ်ကို နာမဝိသေသနအဖြစ် သုံးနိုင်၏။

ပြယုဂ်– ကရဏီယ = ပြုထိုက်သော
ဒဿနီယ = ရှုဖွယ်ကောင်းသော
သဝနီယ = ကြားနာအပ်သော
သာရဏီယ = အောက်မေ့အပ်သော
ဉေယျ = သိအပ်သော

(၃) အချို့ကိစ္စကိတ်ကို နာမ်အဖြစ် သုံးနိုင်၏။

ပြယုဂ်– ပူဇနီယ = ပူဇော်ဖွယ်
ခါဒနီယ၊ ခဇ္ဇ = ခဲဖွယ်
ဘောဇနီယ = ဘောဇဉ်
ပါနီယ၊ ပေယျ = သောက်ဖွယ်
ကရဏီယ၊ ကိစ္စ = ပြုဖွယ် (ကိစ္စ)
ဖောဋ္ဌဗ္ဗ = အတွေ့အထိ

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁- ဗုဒ္ဓသာ မမ္မော အမေ့ဟိ သောတဗ္ဗော။ ၂- သာမိနော ကရဏီယံ ကိစ္စံ ဒါသေန ကာတဗ္ဗံ။ ၃- သုခံ လဒ္ဓုံ တုမှေဟိ ဒါနံ ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ။ ၄- ဣမိဿာ ကုမာရိယာ ရူပံ ဒဿနီယံ ဟောတိ။ ၅- အာစရိယဿ သိပ္ပံ သိဿေဟိ သမ္မာ သိက္ခိတဗ္ဗံ။ ၆- ပူဇနီယော ပဏ္ဍိတော အမှေဟိ ပူဇိတဗ္ဗော။ ၇- မနုဿေဟိ ဘိက္ခူနံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဒါတဗ္ဗံ။ ၈- မဂ္ဂေ ဠှိတော အယံ ရုက္ခော ဆိန္ဒိတဗ္ဗော။ ၉- အာစရိယေန ပုစ္ဆာ ဇော ပုစ္ဆာ သိဿေဟိ စိန္တေတဗ္ဗာ။ ၁၀- ပဏ္ဍိတေန သဝနီယံ သာရဏီယံ ပိယံ ဝစနံ ဝတ္တဗ္ဗံ။

---

## ၃၃။ ဗျည်းဆုံးနာမ်ဂိုဏ်း

သက္ကတသုံး ဗျည်းဆုံးနာမ်များကို ပါဠိဘာသာ၌ ပုဒ်ရင်းအတိုင်း ဂိုဏ်းစဉ်ခြင်း အလွန်နည်းပါးလှ၏။ သို့ရာတွင် (၁) ရံခါ သက္ကတဘာသာအရ အဆုံးဗျည်းကို မချေပဲ ဂိုဏ်းစဉ်၍၊ (၂) ရံခါ ပါဠိဘာသာအရ အဆုံးဗျည်းကိုချေပြီး ဂိုဏ်းစဉ်ထားသည့်ကို တွေ့ရ၏။ ဤသို့ ဘာသာ ၂-ခု၏ ရောထွေးမှုကြောင့် ဂိုဏ်းစဉ်ပုံမှာ ရှုပ်ထွေးမှု ဖြစ်ရသည်။

ဗျည်းဆုံးနာမ်များကို ဂိုဏ်းစဉ်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

### (၁) မာတရ် > မာတာ၊ မာတု (ဣ) = 'မိခင်'ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | မာတာ | မာတရော |
| အာ- | မာတ၊ မာတာ | မာတရော |
| ဒု- | မာတရံ | မာတရော |

| | | |
|---|---|---|
| တ / ပံ- | မာတရာ၊ မာတုယာ | မာတရေဟိ, -ဘိ၊ မာတူဟိ,-ဘိ |
| စ / ဆ- | မာတု၊ မာတုယာ | မာတရာနံ၊ မာတူနံ၊ မာတာနံ |
| သ- | မာတရိ၊ မာတုယာ, -ယံ | မာတရေသု၊ မာတူသု |

[ * ဓီတာ = ဒုဟိတာ (သမီး)ကို အလားတူ ဂိုဏ်းစဉ်ရ၏။ ]

### (၂) ပိတရ် > ပိတာ၊ ပိတု (ပု) = 'ဖခင်'ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | ပိတာ | ပိတရော |
| အာ- | ပိတ၊ ပိတာ | ပိတရော |
| ဒု- | ပိတရံ | ပိတရော |
| တ / ပံ- | ပိတရာ၊ ပိတုနာ | ပိတရေဟိ, -ဘိ၊ ပိတူဟိ,-ဘိ |
| စ / ဆ- | ပိတု၊ ပိတုနော၊ ပိတုဿ | ပိတရာနံ၊ ပိတူနံ၊ ပိတာနံ |
| သ- | ပိတရိ | ပိတရေသု၊ ပိတူသု |

[ * 'ဘာတာ = ညီ, အစ်ကို၊ ဘတ္တာ = ခင်ပွန်း, လင်။ ဇာမာတာ = သားမက်၊ နတ္တာ = မြေး'-တို့ကို 'ပိတာ'အတိုင်း ဂိုဏ်းစဉ်ရ၏။ ]

မှတ်ချက်- "မာတာပိတရော" (မိဘ)ကို 'ပိတာ'အတိုင်း ဗဟုဝုစ်၌သာ ဂိုဏ်းစဉ်ရ၏။

### (၃) သတ္ထာရ် > သတ္ထာ, သတ္ထု (ဆရာ၊ ဘုရား)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | သတ္ထာ | * သတ္ထာရော |

| | | |
|---|---|---|
| အာ– | သတ္တု၊ သတ္တာ | * သတ္တာရော |
| ဒု– | * သတ္တာရံ | * သတ္တာရော |
| တ / ပံ– | * သတ္တာရာ၊ သတ္တုနာ | သတ္တာရေဟိ, –ဘိ၊ သတ္တူဟိ,–ဘိ |
| စ / ဆ– | သတ္တု၊ သတ္တုနော၊ သတ္တုဿ | သတ္တာရာနံ၊ သတ္တူနံ၊ သတ္တာနံ |
| သ– | သတ္တရိ | သတ္တာရေသု၊ သတ္တူသု |

[ * ကတ္တာ = ပြုသူ၊ ဓါတာ = ပေးသူ ... စသည်ဖြင့် 'ပြုလုပ်သူ' အနက်ရှိသော နာမ်အမျိုးကို 'သတ္တာ'အတိုင်း ပုံထားစဉ့်ရ၏။ ]

## (၄) အတ္တန် > အတ္တာ (မိမိ)ကို ပုံထားစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | အတ္တာ | အတ္တာနော |
| အာ– | အတ္တ၊ အတ္တာ | အတ္တာနော |
| ဒု– | အတ္တံ၊ အတ္တာနံ | အတ္တာနော |
| တ / ပံ– | အတ္တနာ | အတ္တနေဟိ, –ဘိ |
| စ / ဆ– | အတ္တနော | အတ္တာနံ |
| သ– | အတ္တနိ | အတ္တနေသု |

## (၅) ရာဇန် > ရာဇာ, ရာဇ(မင်း)ကို ပုံထားစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ– | ရာဇာ | ရာဇာနော |

| | | |
|---|---|---|
| အာ- | ရာဇ၊ ရာဇာ | ရာဇာနော |
| ဒု- | ရာဇံ၊ ရာဇာနံ | ရာဇာနော |
| တ- | ရာဇေန၊ * ရည္ညာ | ရာဇေဟိ, -ဘိ၊ ရာဇူဟိ, -ဘိ |
| ပံ- | ရာဇသ္မာ-မှာ၊ * ရည္ညာ | ရာဇေဟိ, -ဘိ၊ ရာဇူဟိ, -ဘိ |
| စ / ဆ- | ရာဇိနော၊ * ရည္ညော | ရာဇာနံ၊ ရာဇူနံ၊ * ရည္ညံ |
| သ- | * ရာဇိနိ၊ * ရည္ညေ | ရာဇေသု၊ ရာဇူသု |

## (၆) မနသ် > မနော၊ မန(စိတ်)ကို ဂိုဏ်းစဉ်ပုံ

(အရကျက်ပါ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ- | မနော/မနံ | မနာ၊ မနာနိ |
| အာ- | မန၊ မနော | မနာ၊ မနာနိ |
| ဒု- | မနော၊ မနံ | မနေ၊ မနာနိ |
| တ- | မနေန၊ * မနသာ | မနေဟိ, -ဘိ |
| ပံ- | မနသ္မာ, -မှာ၊ မနာ၊ * မနသာ | မနေဟိ, -ဘိ |
| စ / ဆ- | မနဿ၊ * မနသော | မနာနံ |
| သ- | မနသ္မိံ, -မှိ၊ မနေ၊ * မနသိ | မနေသု |

### 'မနသ်'ကဲ့သို့ ဂိုဏ်းစဉ်ရသည့် နာမ်များ

| | | | | | |
|---|---|---|---|---|---|
| ဝစသ် | = | စကား | တမသ် | = | အမှောင် |
| ဝယသ် | = | အရွယ် | စေတသ် | = | စိတ်၊ အကြံ |
| ဩဇသ် | = | ဩဇာ | သိရသ် | = | ဦးခေါင်း |

| | | | |
|---|---|---|---|
| တေဇသ် | = တန်ခိုး | ယသသ် | = ကျော်စောခြင်း |
| ဉရသ် | = ရင်ဘတ် | ရဟသ် | = ဆိတ်ကွယ်ရာ |
| ရဇသ် | = မြူမှုန် | တပသ် | = ခြိုးခြံသောအကျင့် |

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– အဟံ အတ္တနော သိရသာ သတ္ထုနော ပါဒေ ဝန္ဒာမိ။ ၂– မမ မိတာ ဝယသာ သောဠသဝဿာ အဟောသိ။ ၃– မနုသာ ဝစသာ ကာယေန ဝါ ပါပံ ကုဒါစနံ န ကရေယျုံ။ ၄– မုနိ တပသာ အတ္တနော သုခံ ဣစ္ဆေယျ။ ၅– ရညော တေဇသာ ရဋ္ဌေ ပါပါ မနုဿာ န ဟောန္တိ။ ၆– မာတာပိတရော! တုမှေ အမှာကံ ဟိတာယ ဩဝါဒံ ဒေထ။ ၇– မနော ပါပသ္မိံ ရမတိ၊ တသ္မာ အတ္တနော မနံ ရက္ခေယျ။ ၈– မမ ဘာတရော မာတာ.ပိတူနံ သုခါယ ဗဟူနိ ကမ္မာနိ အကံသု။ ၉– ရဟသိ ပါပံ န ကရေယျ။ ကသ္မာ ပါပံ ဒုက္ခဿ ဟေတု ဟောတိ။ ၁၀– ယဒိ တွံ ယသံ ဣစ္ဆေယျ, ပရေသံ ပိယ–ဝါစံ ဝဒေယျ, ဒါနံ ဒဒေယျ, သီလံ ရက္ခေယျ။

==========

## ၃၄။ ။ ပစ္စုပ္ပန်ကိတ်

ပစ္စုပ္ပန်ကိတ်သည် 'အမှုကိစ္စတစ်ခုကို လုပ်ကိုင်ဆောင်ရွက်ဆဲကာလ'ကို ဖော်ပြ၏။ ယင်းကို "**နေစဉ်၊ နေလျက်၊ နေသော၊ သောကြောင့် (လျှင်, သော်)**"-ဟု ဘာသာပြန်ရ၏။ ပစ္စုပ္ပန်ကိတ်သည် နာမဝိသေသနသဘောကိုလည်း ဆောင်သောကြောင့် ယင်းနှင့်ဆက်စပ်သော နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်"အားဖြင့် တူညီရ၏။

ပစ္စုပ္ပန်ကိတ် ပစ္စည်းများမှာ "**အန္တ၊ မာန၊ (အာန)**"တို့ ဖြစ်၏။

[ * ပါဠိ၌ 'အန္တ'၊ သက္ကတ၌ 'အတ်'-ပစ္စည်းဟု သုံး၏။ ]

## (တ) အန္တ-ပစ္စည်းဆက်ပုံ

**'အန္တ'** ပစ္စည်းကို များသောအားဖြင့် ကြိယာတည်ပုဒ်သို့ (အဆုံး 'အ၊ အာ'-ကိုချေ၍) ဆက်ရ၏။

ပြယုဂ်-
√ပစ် > ပစ + အန္တ = ပစန္တ = ချက်နေစဉ်-သော
√ဂမ် > ဂစ္ဆ + အန္တ = ဂစ္ဆန္တ = သွားနေစဉ်-သော
√ဒါ > ဒဒါ + အန္တ = ဒဒန္တ = ပေးနေစဉ်-သော
√ဌာ > တိဋ္ဌ + အန္တ = တိဋ္ဌန္တ = ရပ်နေစဉ်-သော
√နီ > နယ + အန္တ = နယန္တ = ဆောင်နေစဉ်-သော
နိ √သဒ် > နိသီဒ + အန္တ = နိသီဒန္တ = ထိုင်နေစဉ်-သော
√ဘုဇ် > ဘုဉ္ဇ + အန္တ = ဘုဉ္ဇန္တ = စားနေစဉ်-သော
√ဂါ > ဂါယ + အန္တ = ဂါယန္တ = သီဆိုနေစဉ်-သော
√ယုဓ် > ယုဇ္ဈ + အန္တ = ယုဇ္ဈန္တ = စစ်တိုက်နေစဉ်-သော
* √သု > သုဏော + အန္တ = သုဏောန္တ = ကြားနာနေစဉ်-သော
√သု > သုဏာ + အန္တ = သုဏန္တ = ကြားနာနေစဉ်-သော
√ဉာ > ဇာနာ + အန္တ = ဇာနန္တ = သိလျက်-သော
* √ကရ် > ကရော + အန္တ = ကရောန္တ = ပြုနေစဉ်-သော
* √ကထ် > ကထေ + အန္တ = ကထေန္တ = ပြောနေစဉ်-သော
√ကထ် > ကထယ + အန္တ = ကထယန္တ = ပြောနေစဉ်-သော

## (ထ) မာန-ပစ္စည်းဆက်ပုံ

**'မာန'** ကိုလည်း ကြိယာတည်ပုဒ်သို့ ဆက်ရ၏။ တည်ပုဒ်၏အဆုံး 'အာ၊ ဧ' သရကို 'အ' ပြုရ၏။ (ဧ-သရဆုံး တည်ပုဒ်သို့ မဆက်ရ)။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဥပမာ- | √ပစ် | > | ပစ | + | မာန | = | ပစမာန | = | ချက်နေစဥ်–သော |
| | √ဂမ် | > | ဂစ္ဆ | + | မာန | = | ဂစ္ဆမာန | = | သွားနေစဥ်–သော |
| | √ဌာ | > | တိဋ္ဌ | + | မာန | = | တိဋ္ဌမာန | = | ရပ်နေစဥ်–သော |
| | √နီ | > | နယ | + | မာန | = | နယမာန | = | ဆောင်နေစဥ်–သော |
| | √ဘုဉ် | > | ဘုဉ္ဇ | + | မာန | = | ဘုဉ္ဇမာန | = | စားနေစဥ်–သော |
| | √ဒါ | > | ဒဒါ | + | မာန | = | ဒဒမာန | = | ပေးနေစဥ်–သော |
| | √သု | > | သုဏော, သုဏာ | | | = | သုဏမာန | = | ကြားနေစဥ်–သော |
| | √ကရ် | > | ကရော | + | မာန | = | ကရမာန | = | ပြုနေစဥ်–သော |
| | √ကထ် | > | ကထယ | | | = | ကထယမာန | = | ပြောနေစဥ်–သော |

## ဂိုဏ်းစဥ်ပုံ

* 'အန္တ'–ဆက်ထားသော ပစ္စုပ္ပန်ကိတ်များကို *(ပု)၌ အ–သရဆုံး 'ဒေဝ' ကဲ့သို့၎င်း၊ *(နု)၌ အ–သရဆုံး '**စိတ္တ**' ကဲ့သို့၎င်း ဂိုဏ်းစဥ်ရ၏။ *(ဣ)၌မူကား တည်ပုဒ်သို့ 'ဤ' ပစ္စည်းထပ်ဆက်၍၊ '**ပစန္တီ**' ဟု တည်ပုဒ်ပြုပြီးနောက်၊ ဤ–သရဆုံး '**နဒီ**' ကဲ့သို့ ဂိုဏ်းစဥ်ရ၏။ [**မှတ်ချက်**– နောက်အခန်းထဲပါ '**အရဟန္တ**၊ **ပစန္တ**'–၏ ဂိုဏ်းစဥ်ပုံကိုလည်း ဆက်ကြည့်ပါ။]

* 'မာန'–ဆက်ထားသော ပစ္စုပ္ပန်ကိတ်ကို *(ပု)၌ '**ဒေဝ**' ကဲ့သို့၎င်း၊ *(နု)၌ '**စိတ္တ**' ကဲ့သို့၎င်း ဂိုဏ်းစဥ်ရ၏။ *(ဣ)၌မူကား တည်ပုဒ်သို့ 'အာ' ပစ္စည်း ထပ်ဆက်ပြီး အာ–သရဆုံး '**ကညာ**' ကဲ့သို့ ဂိုဏ်းစဥ်ရ၏။

## အခြေပြုပါဠိသဒ္ဒါ (၁၁၆)

# အသုံးပြုပုံ

### (၁) နာမဝိသေသနအဖြစ် အသုံးပြုခြင်း

၁– ဂေဟံ **အာဂစ္ဆန္တော** ဘိက္ခု ဝန္ဒိတဗ္ဗော = ဂေဟံ အာဂစ္ဆန္တံ ဘိက္ခုံ ဝန္ဒေယျ = အိမ်သို့ကြွလာသော ရဟန်းကို ရှိခိုးသင့်၏။

၂– သော ရုက္ခသ္မာ **ပတန္တံ** ဖလံ ဂဏှာတိ = သူသည် သစ်ပင်မှကျလာသော သစ်သီးကို ယူ၏။

### (၂) ကြိယာဝိသေသနအဖြစ် အသုံးပြုခြင်း

၁– လုဒ္ဒေါ ဝနေ **စရန္တော** ဧကံ မိဂံ ဒိသွာ ဓနုယာ ဝဓတိ = မုဆိုးသည် တော၌ လှည့်လည်စဉ် သမင်တကောင်ကိုမြင်၍ လေးဖြင့်သတ်၏။

၂– သော ဂါမေ **ဝိစရန္တော** ဇိဏ္ဏံ ဗြာဟ္မဏံ ဒိသွာ ဧကံ ဝတ္ထံ အဒါသိ = သူသည် ရွာ၌ လှည့်လည်စဉ် ပုဏ္ဏားအိုကိုမြင်၍ အဝတ်တထည်ကို ပေးလေ၏။

### (၃) အနာဒရနှင့် ဘာဝလက္ခဏဝါကျများ၌ အသုံးပြုခြင်း

ထိုဝါကျများ၌ ကတ္တားမတူသော ကြိယာ ၂–ခုပါဝင်ရာ၊ (က) ကြိယာ ၂–ခုသည် အချင်းချင်းကို မငဲ့ကွက်သည့်သဘော ပါရှိလျှင်၊ ယင်းကို **'အနာဒရ'** ဝါကျဟု ခေါ်၏။ (ခ) အချင်းချင်း (ကာလ) မှတ်သားသည့်သဘော ပါရှိလျှင် ယင်းကို **'ဘာဝလက္ခဏ'** ဝါကျဟု ခေါ်၏။ ထိုဝါကျ ၂–မျိုးလုံးမှာပင် ပထမကြိယာအဖြစ် အသုံးပြုသော ပစ္စုပ္ပန်ကိတ်ကို၎င်း၊ ယင်းနှင့်သက်ဆိုင်သည့် ကတ္တားကို၎င်း ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် တခုခုဆက်ပေးရ၏။ ယင်း၌ ပစ္စုပ္ပန်ကိတ်ကို အနာဒရဝါကျ၌ **'စဉ်'** ဟု၎င်း၊ ဘာဝလက္ခဏဝါကျ၌ **'သောအခါ'** ဟု၎င်း ဘာသာပြန်ရ၏။

ပြယုဂ်– * (က) ဒါရကဿ **ရုဒန္တဿ** ပိတာ ပက္ကမတိ = သူငယ်သည် ငိုယိုနေစဉ် ဖခင်သည် ထွက်ခွာသွား၏။ (အနာဒရဝါကျ)

* (ခ) ဘိက္ခူသု **ကထယန္တေသု** ဗုဒ္ဓေါ အာဂတော = ရဟန်းတို့ စကားပြောဆိုနေကြသောအခါ ဘုရားရှင်သည် ကြွလာတော်မူ၏။ (ဘာဝလက္ခဏဝါကျ)

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဝနံ အာဂစ္ဆန္တံ လုဒ္ဒံ ဒိသွာ ဝါနရာ ဓာဝိံသု။ ၂– ကဿကော ဂေဟေ သယန္တော ဓညံ န လဘိဿတိ။ ၃– ကညာယော မိတ္တေ သေဝမာနဿ သုခံ ဘဝေယျ။ ၄– မနုဿာ သုခံ ဣစ္ဆန္တာ ဗဟူနိ ကမ္မာနိ ကရေယျုံ။ ၅– ပုတ္တော မာတုယာ ဩဝါဒံ သုဏန္တော ပိ န ဂဏှာတိ။ ၆– ဥယျာနေ နိသီဒန္တိံ ကညံ အဟံ န ဇာနာမိ။ * ၇– ကဿကေသု ခေတ္တာနိ လုနန္တေသု ကုမာရိယော ဂီတံ ဂါယိတွာ နစ္စန္တိ။ ၈– စောရော သယန္တိယာ ဣတ္ထိယာ ဝတ္ထာနိ စောရေသိ။ ၉– ဩဒနံ ပစန္တီ ဣတ္ထီ ဂေဟံ အာဂစ္ဆန္တံ ဘိက္ခုံ န ပဿတိ။ ၁၀– ရုက္ခေဟိ ပတန္တာနိ ဖလာနိ ကညာယော စိနန္တိ။

==========

## ၃၅။ ။ ပိုင်ဆိုင်ခြင်း–နာမဝိသေသန

**"မာ၊ ဝါ၊ ဝီ"** ဟူသော တဒ္ဓိတ်ပစ္စည်းတို့သည် များသောအားဖြင့် "ပိုင်ဆိုင်ခြင်း" အနက်ကို ဖော်ပြသည်။ ယင်းပစ္စည်းများကို နာမ်ပုဒ်တို့သို့ ဆက်ပေးလျှင် "ပိုင်ဆိုင်ခြင်း၊ ရှိခြင်း" ကို ဖော်ပြသည့် နာမဝိသေသနပုဒ်များ ဖြစ်လာသည်။ ထိုပုဒ်များကို နာမ်ပုဒ်အဖြစ်ဖြင့်လည်း အသုံးပြုနိုင်၏။ (**'မာ, ဝါ, ဝီ'**–ပစ္စည်းတို့သည် သက္ကတသုံး 'ပ–ဓ' ပုံစံများသာဖြစ်ပြီး၊ **'မတ်, ဝတ်, ဝိန်'**–ပစ္စည်းများနှင့် တူ၏။)

ပြယုဂ်– ဓန + ဝါ = ဓနဝါ = ဥစ္စာရှိသော၊ ဥစ္စာရှိသူ

| | | | | | | | |
|---|---|---|---|---|---|---|---|
| သတိ | + | မာ | = | သတိမာ | = | သတိရှိသော၊ သတိရှိသူ |
| မေဓာ | + | ဝီ | = | မေဓာဝီ | = | ပညာရှိသော၊ ပညာရှိသူ |

## ပစ္စည်းဆက်ပုံ

(၁) 'မာ' ပစ္စည်းကို များသောအားဖြင့် 'ဣ၊ ဥ' သရဆုံး နာမ်ပုဒ်သို့ ဆက်ရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | သတိ | + | မာ | = | သတိမာ | = | သတိရှိသော–သူ |
| | သုစိ | + | မာ | = | သုစိမာ | = | စင်ကြယ်သော–သူ |
| | ဟေတု | + | မာ | = | ဟေတုမာ | = | အကြောင်းရှိသော |
| | * သိရီ | + | မာ | = | သိရီမာ | = | ကျက်သရေရှိသော–သူ |
| | * ခန္တီ | + | မာ | = | ခန္တိမာ | = | သည်းခံခြင်းရှိသော–သူ |
| | ဓိတိ | + | မာ | = | ဓိတိမာ | = | တည်ကြည်ခြင်းရှိသော–သူ |
| | ဓုတိ | + | မာ | = | ဓုတိမာ | = | တောက်ပခြင်းရှိသော–သူ |
| | စက္ခု | + | မာ | = | စက္ခုမာ | = | ဉာဏ်မျက်စိရှိသော–သူ |
| | ဣဒ္ဓိ | + | မာ | = | ဣဒ္ဓိမာ | = | တန်ခိုးရှိ (ကြီး)သော–သူ |

(၂) 'ဝီ' ပစ္စည်းကို များသောအားဖြင့် 'အ' သရဆုံး နာမ်ပုဒ်သို့ ဆက်ရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | ဓန | + | ဝီ | = | ဓနဝီ | = | ဥစ္စာရှိသော–သူ |
| | ဗလ | + | ဝီ | = | ဗလဝီ | = | ခွန်အားရှိသော–သူ |
| | ဘောဂ | + | ဝီ | = | ဘောဂဝီ | = | ဥစ္စာရှိသော–သူ |
| | သီလ | + | ဝီ | = | သီလဝီ | = | သီလရှိသော–သူ |
| | ဂုဏ | + | ဝီ | = | ဂုဏဝီ | = | ဂုဏ်ရှိသော–သူ |
| | ပညာ | + | ဝီ | = | ပညဝီ | = | ပညာရှိသော–သူ |
| | မာန | + | ဝီ | = | မာနဝီ | = | မာနရှိသော–သူ |

ယသ + ဝါ = ယသဝါ = အခြံအရံရှိ–ကျော်စောသော–သူ
ဝဏ္ဏ + ဝါ = ဝဏ္ဏဝါ = အဆင်းရှိ (လှ)သော–သူ
ဘဂ + ဝါ = ဘဂဝါ = ဘုန်းရှိသော (ဘုရား)

(၃) 'ဝီ' ပစ္စည်းကို များသောအားဖြင့် 'အာ' သရဆုံး နာမ်ပုဒ်သို့ ဆက်ရ၏။

ပြယုဂ်– မေဓာ + ဝီ = မေဓာဝီ = ပညာရှိသော–သူ
မာယာ + ဝီ = မာယာဝီ = မာယာရှိ(များ)သော–သူ
* တပသ် + ဝီ = တပဿီ = အကျင့်ရှိသော–သူ (သ်+ဝီ=ဿီ)
* ယသသ် + ဝီ = ယသဿီ = အခြံအရံရှိသော–သူ

**မှတ်ရန်–** "မာ၊ ဝါ၊ ဝီ" ပစ္စည်း ဆက်ထားသည့် ပုဒ်များသည် နာမဝိသေသနပုဒ်များ ဖြစ်ရကား ယင်းတို့က အတွဲပြုသော နာမ်၊ နာမ်စားပုဒ်များနှင့် "လိင်၊ ဝိဘတ်၊ ဝုစ်" အားဖြင့် ကျညီရသည်။

## ဝိုက်ထဲးစဉ်ပုံ

**မာ၊ ဝါ** ။ ။ သဒ္ဒါနည်းအရ အတိအကျဆိုရလျှင် * 'မာ' ပစ္စည်း၏ မူရင်းသည် "**မတ်၊ မန္တ်**" ဖြစ်၍၊ * '**ဝါ**' ပစ္စည်း၏ မူရင်းသည် '**ဝတ်၊ ဝန္တ်**' ဖြစ်၏။ ပါဠိဘာသာ၌ ယင်းတို့၏ ဝိုက်ထဲးစဉ်ပုံကို ယေဘုယျအားဖြင့် ဆိုရသော် * (၁) "**မာ၊ ဝါ**" ပစ္စည်းဆက်ပုဒ်များ (သတိမာ၊ သီလဝါ–စသည်)ကို ပထမာ–ဧကဝုစ်တခု၌သာ အသုံးပြု၏။ * (၂) '**မန္တ၊ ဝန္တ**' ပစ္စည်းဆက်ပုဒ်များ (သတိမန္တ၊ သီလဝန္တ–စသည်)ကိုမူ ဝိဘတ်အားလုံး၌ပင် အသုံးပြု၏။ * (၃) "**မတ်၊ ဝတ်**" ပစ္စည်းဆက်ပုဒ်များ (သတိမတ်၊ သီလဝတ်–စသည်)ကိုကား 'သက္ကတဘာသာအရ'– "တ၊ ပ၊ စ၊ ဆ၊ သ" ဧကဝုစ်များနှင့် "စ၊ ဆ" ဗဟုဝုစ်များ၌ အသုံးပြု၏။

အချုပ်ဆိုရသော် **'သတိမန္တု၊ သီလဝန္တု'**-စသည့် 'မန္တု၊ ဝန္တု'ဆုံး ပုဒ်များကို * (ပု)၌ အ-သရဆုံး **'ဓေဝ'** ကဲ့သို့ငှင်း၊ * (န)၌ အ-သရဆုံး **'စိတ္တ'** ကဲ့သို့ငှင်း ဂိုဏ်းစဉ်ရ၏။ * (ဣ)၌မူကား 'ဤ'ပစ္စည်း ထပ်ဆက်၍ 'သတိမန္တီ = သတိမတီ၊ သီလဝန္တီ = သီလဝတီ'-စသည်ဖြင့် တည်ပုဒ်ပြုပြီးလျှင် **'နဒီ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

ထို့ကြောင့် * (ပု)၌ "သီလဝါ, သီလဝန္တော ... သီလဝန္တာ"-စသည်ဖြင့် ဂိုဏ်းစဉ်ပါ။ * (န)၌ "သီလဝံ၊ သီလဝန္တံ ... သီလဝန္တာနိ"-စသည်ဖြင့် ဂိုဏ်းစဉ်ပါ။ * (ဣ)၌ကား "သီလဝန္တီ = သီလဝတီ ... သီလဝန္တီ = သီလဝတီ၊ သီလဝန္တိယော = သီလဝတိယော"-စသည်ဖြင့် **'တည်ပုဒ် ၂-မျိုး'** အရ ဂိုဏ်းစဉ်ပါ။

**မှတ်ချက်**-အထက်ဖော်ပြပါ ဂိုဏ်းများ၌၊ * "တ / ပံ"-ဧကဝုစ်၌ **'သီလဝတာ'**-ဟုငှင်း၊ * "စ / ဆ"-ဧကဝုစ်၌ **'သီလဝတော'**-ဟုငှင်း၊ * "စ / ဆ"-ဗဟုဝုစ်၌ **'သီလဝတံ'**-ဟုငှင်း၊ * 'သတ္တမီ'-ဧကဝုစ်၌ 'သီလဝတိ'-ဟုငှင်း ... ဤသို့စသည့် (သက္ကတသုံး) ပုဒ်ထူးများကိုလည်း ဖော်ပြပါ။

၁- "အရဟန္တ (ရဟန္တာ)ကိုလည်း **'မန္တု၊ ဝန္တု'** ဆုံး ပုဒ်များကဲ့သို့ ဂိုဏ်းစဉ်ရ၏။ ထို့ကြောင့် * (ပု)၌ **"အရဟံ, အရဟာ ... အရဟန္တော, အရဟန္တာ"**-စသည်ဖြင့် (အထက်မှတ်ချက်ပါ ပုဒ်ထူးများနှင့်တကွ) ဂိုဏ်းစဉ်ရ၏။ * ၂- **'ပစန္တ'**-စသည့် 'အန္တ'ပစ္စည်းဆက် ပစ္စုပ္ပန်ကိတ် ပုဒ်များကိုလည်း **"ပစံ၊ ပစန္တော ... ပစန္တော, ပစန္တာ"** - စသည်ဖြင့် လိင်သုံးပါး၌ (အထက်မှတ်ချက်ပါ 'သက္ကတသုံး ပုဒ်ထူးများနှင့်တကွ) ဂိုဏ်းစဉ်ပါ။ [ * ပါဠိ၌ 'အရဟန္တ၊ ပစန္တ'-ဟုသုံး၍၊ သက္က[illegible] 'အရဟတ်၊ ပစတ်'-ဟု သုံး၏။ ]

**ဝိ** ။ ။ 'ဝိ'ပစ္စည်းဆက် ပုဒ်များကို * (ပု)၌ ဤ-သရဆုံး **'ဓေရီ'** ကဲ့သို့ငှင်း၊ * (န)၌ 'ဝိ'ကို 'ဝိ'ပြု၍၊ ဣ-သရဆုံး **'ဝါရိ'** ကဲ့သို့ငှင်း ဂိုဏ်းစဉ်ရ၏။ * (ဣ)၌မူကား 'ဝိ'ကို 'ဝိ'ပြုပြီး၊ 'နီ'ပစ္စည်း ထပ်ဆက်၍ **'မေဓာဝိနီ'** စသည်ဖြင့် တည်ပုဒ်ပြုပြီး **'နဒီ'** ကဲ့သို့ ဂိုဏ်းစဉ်ရ၏။

## အောက်ပါတို့ကို မြန်မာပြန်ပါ

၁– ဒေဝါ သိရိမန္တံ ဗုဒ္ဓံ ဒိသွာ အတိဝိယ ပမောဒိံသု။ ၂– သတိမာ ဘိက္ခု ဣန္ဒြိယာနိ ရက္ခိတွာ ဓမ္မံ စရေယျ။ ၃– ဘောဂဝတီ အဘိရူပါ ကညာ မာနဝတီ ဟောတိ။ ၄– ရာဇာ နာမ (မင်း မည်သည်) ခန္တိမာ, ဓိတိမာ, သတိမာ ဘဝေယျ။ ၅– မေဓာဝီ ပါပံ ဓမ္မံ ဇဟိတွာ ကလျာဏံ ဓမ္မံ စရေယျ။ ၆– ဓနဝန္တာ ဇနာ သဗ္ဗဒါ ယသဝန္တာ န ဘဝေယျုံ။ ၇– ဣဒ္ဓိမန္တော ဇုတိမန္တော ဝဏ္ဏဝန္တော ယသဿိနော ဘဂဝန္တော အမှေ ရက္ခန္တု သဗ္ဗဒါ။ ၈– သတိမတော (= သတိမန္တဿ) ပုဂ္ဂလဿ ကိဉ္စိ ဒုက္ခံ ဝါ ဘယံ ဝါ န ဘဝေယျ။ ၉– သီလဝတံ (= သီလဝန္တာနံ) ဘိက္ခူနံ မယံ စီဝရာနိ ဒဿာမ။ ၁၀– မာယာဝိနိံ ဧကံ ဣတ္ထိံ ပဋိစ္စ ဣမံ ဓမ္မဒေသနံ ဘဂဝတာ ( = ဘဂဝန္တေန) ဒေသိတံ (ဟောကြားအပ်၏။)။

[ ဤမှ နောက်၌ ဘာသာပြန်ရန် ပါဠိဝါကျများ မရေးတော့ပြီ။ ]

==========

### ၃၆။ ။ ကာရိုက်ကြိယာ

'ကာရိုက်' ကြိယာသည် "စေခိုင်းခြင်း၊ တိုက်တွန်းခြင်း" အနက်ကို ဖော်ပြ၏။ ယင်းကို 'စေ' ဟု ဘာသာပြန်ရ၏။ ကာရိုက်ကြိယာပစ္စည်းများမှာ "**ေ၊ အယ။ အာပေ၊ အာပယ**" တို့ ဖြစ်၏။

ထိုပစ္စည်း ၄–မျိုးတို့တွင် ယေဘုယျအားဖြင့်ဆိုရလျှင် * (၁) "ေ၊ အယ" သည် တစုံဖြစ်၏။ * (၂) "အာပေ၊ အာပယ" သည် တစုံဖြစ်၏။ အသုံးနည်း၏။ "ေ၊ အယ" ပစ္စည်းဆက်၍ အဆင်မပြေလှသော ဓာတ် / တည်ပုဒ်များသို့ "အာပေ၊ အာပယ" ကို ဆက်လေ့ရှိ၏။ [သက္ကတအလိုအရ– 'အာပေ၊ အာပယ' ပစ္စည်းဟူ၍ မရှိ။ အာ–သရဆုံးဓာတ်များနှင့် 'ေ၊ အယ' တို့၏အကြား၌ 'ပ် = p' ထည့်ပေးထားခြင်းဖြစ်၏။ ယင်း 'ပ် = p' သည် ပစ္စည်း၏ အစိတ်အပိုင်းမဟုတ်– –ā + p + e / aya = āpe, āpaya ။ ]

## ပစ္စည်းဆက်ပုံ

(၁) ဗျည်းတလုံးနှင့်ဆုံးသော ဓာတ်သို့ဆက်လျှင်၊ များသောအားဖြင့် ဓာတ်၏ သရ 'အ'သည် 'အာ'သို့၎င်း၊ 'ဣ, ဤ'သည် 'ေ'သို့၎င်း၊ 'ဥ, ဦ'သည် 'ဩ' သို့၎င်း ပြောင်း၏။

ပြယုဂ်– √ပစ် – ပါစေတိ၊ ပစယတိ = ချက်စေ၏

√ဆိဒ် – ဆေဒေတိ၊ ဆေဒယတိ = ဖြတ်စေ၏

√ကရ် – ကာရေတိ၊ ကာရယတိ = ပြုစေ၏

(ကာရာပေတိ၊ ကာရာပယတိ)

√ဗုဓ် – ဗောဓေတိ၊ ဗောဓယတိ = သိစေ၏

√ဘုဇ် – ဘောဇေတိ၊ ဘော ဇယတိ = စားစေ–ကျွေး၏

* √ဒိသ် – ဒဿေတိ (ဒိ > ဒ) = မြင်စေ–ပြ၏

* √ဒိသ် – ဒေသေတိ = ညွှန်ပြ–ဟောကြား၏

(၂) ဗျည်း ၂–လုံးနှင့်ဆုံး ဓာတ် / တည်ပုဒ်သို့ဆက်လျှင် ပြောင်းလဲမှု မရှိ။

ပြယုဂ်– √ဝန္ဒ် – ဝန္ဒေတိ၊ ဝန္ဒယတိ = ရှိခိုးစေ၏

√ရက္ခ် – ရက္ခေတိ၊ ရက္ခယတိ = စောင့်ရှောက်စေ၏

√ပုစ္ဆ် – ပုစ္ဆေတိ၊ ပုစ္ဆယတိ = မေးစေ၏

√ဆိဒ် > ဆိန္ဒ – ဆိန္ဒေတိ၊ ဆိန္ဒယတိ = ဖြတ်စေ၏

* √ဗုဓ် > ဗုဇ္ဈ – ဗုဇ္ဈာပေတိ၊ ဗုဇ္ဈာပယတိ = သိစေ၏

(၃) 'အာ'–သရနှင့်ဆုံးသော ဓာတ် / တည်ပုဒ်များသို့၎င်း၊ သတ္တမကြိယာ ဂိုဏ်းဝင်ဓာတ်များသို့၎င်း "အာပေ၊ အာပယ" ပစ္စည်းသာ ဆက်ရ၏။

ပြယုဂ်– √ဒါ – ဒါပေတိ၊ ဒါပယတိ = ပေးစေ၏

√ဉာ − ဉာပေတိ၊ ဉာပယတိ = သိစေ၏

√ဟာ > ဟော − ဟောပေတိ၊ ဟောပယတိ = စွန့်စေ၏

√သု > သုဏာ − သုဏာပေတိ၊ သုဏာပယတိ = ကြားစေ၏

√ဂဟ် > ဂဏှာ − ဂဏှာပေတိ၊ ဂဏှာပယတိ = ယူစေ၏

√စုရ် − စောရာပေတိ၊ စောရာပယတိ = ခိုးစေ၏

√စိန္တ် − စိန္တာပေတိ၊ စိန္တာပယတိ = စဉ်းစားစေ၏

√ကရ် − ကာရာပေတိ၊ ကာရာပယတိ = ပြုစေ၏

* √ဌာ − ဌပေတိ၊ ဌပယတိ = ထား−တည်ရှိစေ၏

* √မာ − မာပေတိ၊ မာပယတိ = ဖန်ဆင်း၏

* √ဇိ > ဇာ − ဇာပေတိ၊ ဇာပယတိ = အောင်စေ၏

(၄) "ဣ၊ ဤ။ ဥ၊ ဦ"−သရဆုံးဓာတ်များသို့ (ဏေ၊ အဃ) ဆက်လျှင် "ဣ၊ ဤ"သည် 'အာယ' သို့ရင်း၊ "ဥ၊ ဦ"သည် 'အာဝ' သို့ရင်း ပြောင်း၏။

ပြယုဂ်−* √ဇိ − ဇာယေတိ၊ ဇာယယတိ = အောင်သော၏

√နီ − နာယေတိ၊ နာယယတိ = ဆောင်စေ၏

√သု − သာဝေတိ၊ သာဝယတိ = ကြားစေ၏

√ဘူ − ဘာဝေတိ၊ ဘာဝယတိ = ပွား−ဖြစ်စေ၏

## ကာရိုက်ကြိယာသဘောနှင့် အသုံးပြုပုံ

ကာရိုက်ကြိယာ၏ သဘောလက္ခဏာကို ရှင်းလင်းရာတွင် ဓာတ်၊ ကြိယာ ၃−မျိုးအကြောင်းကို နားလည်ထားရပေမည်။ ဓာတ် ၃−မျိုးမှာ **(၁) ကံပုဒ်မလိုသော ဓာတ်** − ယင်းမှ ပြုလုပ်သော ကြိယာ။ ပုံစံ − သော သယတိ = သူ အိပ်၏။ **(၂) ကံပုဒ် တစ်ခုလိုသော ဓာတ်** − ယင်းမှ ပြုလုပ်သည့် ကြိယာ။ ပုံစံ − သော ဘတ္တံ ပစတိ =

သူသည် ထမင်းကို ချက်၏။ (၃) **ကံပုဒ် ၂–ခုလိုသော ဓာတ်** – ယင်းမှ ပြုလုပ်သည့် ကြိယာ။ ပုံစံ – သော ဘိက္ခုနော ဘိက္ခံ ဒဒါတိ = သူသည် ရဟန်းအားဆွမ်းကို လှူ၏။

အထက်ပါ ဓာတ်, ကြိယာ ၃–မျိုးကို အစွဲပြု၍ ကာရိုက်ကြိယာမှာလည်း ၃–မျိုး ရှိ၏။ ယင်းတို့မှာ –

(၁) **ကံပုဒ်မလိုသော ဓာတ်** မှ ပြုလုပ်ရရှိသည့် ကာရိုက်ကြိယာသည် ကံပုဒ်တခုလိုသည့် ကာရိုက်ကြိယာ ဖြစ်လာ၏။ ယင်းကြိယာကို အသုံးပြုရာ၌ 'စေနိုင်းခြင်းခံရသော ကံပုဒ်' ကို ဒုတိယာဝိဘတ်နှင့် ထားရ၏။ ပုံစံ – သော ပုတ္တံ သယာပေတိ = သူသည် သားကို အိပ်စေ၏ (သိပ်၏)။

(၂) **ကံပုဒ်တခုလိုသော ဓာတ်** မှ ပြုလုပ်ရရှိသည့် ကာရိုက်ကြိယာသည် ကံပုဒ် ၂–ခုလိုသည့် ကာရိုက်ကြိယာ ဖြစ်လာ၏။ ယင်းကို အသုံးပြုရာ၌ * 'စေနိုင်းခြင်းခံရသော ကံပုဒ်' ကို ဒုတိယာ / တတိယာဝိဘတ်တခုခုနှင့်ထား၍ 'အား'–ဟု ဘာသာပြန်ရ၏။ * 'ပြုလုပ်ခြင်းခံရသော ကံပုဒ်'ကို ဒုတိယာဝိဘတ်နှင့်ထား၍ 'ကို'–ဟု ဘာသာပြန်ရ၏။ ပုံစံ – သော ပုတ္တံ (ပုတ္တေန) ဘတ္တံ ပါစယတိ = သူသည် သားအား ထမင်းကို ချက်စေ၏။

(၃) **ကံပုဒ် ၂–ခုလိုသော ဓာတ်** မှ ပြုလုပ်ရရှိသည် ကာရိုက်ကြိယာသည် ကံပုဒ် ၃–ခုလိုသည့် ကာရိုက်ကြိယာ ဖြစ်လာ၏။ ယင်းကို အသုံးပြုရာ၌ * 'စေနိုင်းခြင်းခံရသော ကံပုဒ်' ကို ဒုတိယ / တတိယာ ဝိဘတ်တခုခုနှင့်ထား၍ 'အား'–ဟု ဘာသာပြန်ရ၏။ * 'ပြုလုပ်ခြင်းခံရသော ပဓာနကံပုဒ်' *(Direct Object)* ကို ဒုတိယာဝိဘတ်ထား၍ 'ကို'–ဟု ဘာသာပြန်ရ၏။ ယင်းပဓာန ကံပုဒ်နှင့် ဆက်နွယ်နေသော (လက်ခံသူ) * အပဓာန ကံပုဒ်' *(Indirect Object)* ကို ဒုတိယာ / စတုတ္ထီဝိဘတ် တခုခုနှင့်ထား၍ 'အား'–ဟု ဘာသာပြန်ရ၏။ ပုံစံ – သော ပုတ္တံ (ပုတ္တေန) ဘတ္တံ ဘိက္ခုံ (ဘိက္ခုဿ) ဒါပယတိ = သူသည် သားအား ဆွမ်းကို ရဟန်းအား လှူစေ၏။

## ဂိုဏ်းခွဲပုံ

ကာရိုက်ကြိယာတည်ပုဒ် ၄–မျိုးတွင် (၁) 'ဧ၊ အာပေ'–ပစ္စည်းဆက် တည်ပုဒ်တို့သည် 'ဧ'သရနှင့် ဆုံးသောကြောင့် ဖိ > ဖဧ–ကဲ့သို့ဂုဏ်း၊ (၂) 'အယ၊ အာပယ' ပစ္စည်းဆက် တည်ပုဒ်တို့သည် 'အ'သရနှင့် ဆုံးသောကြောင့် ဖစ် > ပဧ–ကဲ့သို့ဂုဏ်း ဂိုဏ်းခွဲရ၏။ ကြိယာဝိဘတ် ၅–မျိုးဖြင့် ဂိုဏ်းခွဲကြည့်ပါ။

==========

## ၃၇။ ။ နှိုင်းယှဉ်ခြင်း–နာမဝိသေသန

နာမဝိသေသနမှာ "ရိုးရိုးနာမဝိသေသန၊ အလတ်စား နာမဝိသေသန၊ အမြတ်စား နာမဝိသေသန" ဟူ၍ ၃–မျိုး ရှိ၏။ ထိုတွင် (၁) "ကောင်းသော"–စသည်ဖြင့် သာမန်အထူးပြုသော နာမဝိသေသနမျိုးကို **'ရိုးရိုးနာမဝိသေသန'**–ဟု ခေါ်၏။ (၂) "ပို၍ကောင်းသော"–စသည်ဖြင့် အထူးပြုသော နာမဝိသေသနမျိုးကို **'အလတ်စား နာမဝိသေသန'**–ဟု ခေါ်၏။ (၃) "အကောင်းဆုံးဖြစ်သော"–စသည်ဖြင့် အထူးပြုသော နာမဝိသေသနမျိုးကို **'အမြတ်စားနာမဝိသေသန'**–ဟု ခေါ်၏။

ရိုးရိုးနာမဝိသေသနအကြောင်းကို အခန်း (၂၇)၌ ဖော်ပြပြီးဖြစ်၏။ အလတ်စားနှင့် အမြတ်စား နာမဝိသေသနပုဒ်များ ပြုလုပ်ရန်အတွက် ထိုရိုးရိုးနာမဝိသေသနပုဒ်များသို့ ဆိုင်ရာပစ္စည်းများကို ဆက်ပေးရ၏။ ၁– အလတ်စား 'နာ–ဝိ' ပစ္စည်းမှာ "တရ၊ ဣယ / ဤယ၊ (ဣယျ)" ဖြစ်၏။ ၂– အမြတ်စား 'နာ–ဝိ' ပစ္စည်းမှာ "တမ၊ ဣဋ္ဌ၊ (ဣဿိက)' ဖြစ်၏။

ယင်းတို့အနက် 'တရ'နှင့် 'တမ'သည် တစုံဖြစ်၍၊ "ဣယ၊ ဣယျနှင့် ဣဋ္ဌ၊ ဣဿိက" တို့သည် တစုံဖြစ်၏ဟု မှတ်ရာ၏။ 'တရ'နှင့် 'တမ' အသုံးအများဆုံး ဖြစ်၏။

## အခြေပြုပါဠိသဒ္ဒါ (၁၂၆)

### (က) တရ နှင့် တမ–ဆက်ပုံ

ရိုးရိုးနာမဝိသေသနပုဒ်များသို့ ဆက်သောအခါ ပြောင်းလဲမှုမရှိ။

| ရိုးရိုး နာ–ဝိ | | အလတ်စား နာ–ဝိ | အမြတ်စား နာ–ဝိ |
|---|---|---|---|
| သုစိ | = စင်ကြယ်သော | သုစိတရ | သုစိတမ |
| ပါပ | = မကောင်းသော | ပါပတရ | ပါပတမ |
| ဩမက | = ယုတ်ညံ့သော | ဩမကတရ | ဩမကတမ |

### (ခ) ဣယ/ဤယ (ဤယျ) နှင့် ဣဋ္ဌ (ဣဿိက)–ဆက်ပုံ

(၁) ရိုးရိုးနာမဝိသေသနပုဒ်၏ အဆုံးသရကိုချေ၍ ဆက်ရ၏။

| ရိုးရိုး နာ–ဝိ | | အလတ်စား နာ–ဝိ | အမြတ်စား နာ–ဝိ |
|---|---|---|---|
| ပါပ | = မကောင်းသော | ပါပိယ (ပါပိယျ) | ပါပိဋ္ဌ (ပါပိဿိက) |
| မဟာ | = ကြီးသော | မဟီယ | မဟိဋ္ဌ |
| ဗလီ | = အားရှိသော | ဗလီယ | ဗလိဋ္ဌ |

(၂) "မာ၊ ဝါ၊ ဝီ" ပစ္စည်းဆက်ထားသည့် ပိုင်ဆိုင်ခြင်းအနက်ရှိ နာမဝိသေသနများသို့ ယင်းပစ္စည်းများကို ချေ၍ ဆက်ရ၏။

| ရိုးရိုး နာ–ဝိ | | အလတ်စား နာ–ဝိ | အမြတ်စား နာ–ဝိ |
|---|---|---|---|
| သတိမာ | = သတိရှိသော | သတိယ (သတိယျ) | သတိဋ္ဌ (သတိဿိက) |
| ဂုဏဝါ | = ဂုဏ်ရှိသော | ဂုဏိယ (ဂုဏိယျ) | ဂုဏိဋ္ဌ (ဂုဏိဿိက) |
| မေဓာဝီ | = ပညာရှိသော | မေဓိယ (မေဓိယျ) | မေဓိဋ္ဌ (မေဓိဿိက) |

(၃) အချို့သော ရိုးရိုးနာမဝိသေသနပုဒ်များ၏ "အလတ်စား၊ အမြတ်စား" နာမဝိသေသနပုဒ်တို့သည် အထူးတည်ပုဒ်များ ဖြစ်လာ၏။

| ရိုးရိုး နာ–ဝိ | | အလတ်စား နာ–ဝိ | အမြတ်စား နာ–ဝိ |
|---|---|---|---|
| အန္တိက | = နီးသော | နေဒိယ | နေဒိဋ္ဌ |
| ဗာဠ | = မြဲမြံသော | သာဓိယ | သာဓိဋ္ဌ |
| အပ္ပ | = နည်းသော | ကဏိယ | ကဏိဋ္ဌ |
| ယုဝ | = အသက်ငယ်သော | ကဏိယ | ကဏိဋ္ဌ |
| ဝုဍ္ဎ | = အသက်ကြီးသော | ဇေယျ | ဇေဋ္ဌ |
| ပသတ္ထ | = မြင့်မြတ်သော | သေယျ | သေဋ္ဌ |

### ဝိုဏ်းခွဲပုံ

ဖော်ပြပါ နာမဝိသေသနပုဒ်တို့သည် ၎င်းတို့အထူးပြုသော နာမ်၊ နာမ်စားများနှင့် လိင်၊ ဝိဘတ်၊ ဝုစ်"အားဖြင့် တူညီရ၏။ ထို့ကြောင့် ယင်းတို့ကို နာမ်ပုဒ်များအတိုင်း လိင် ၃–ပါးအရ ဂိုဏ်း ၃–မျိုးခွဲရ၏။ ဖော်ပြပါ နာမဝိသေသနပုဒ်တို့သည် 'အ'သရနှင့် ဆုံးကြသောကြောင့် ＊(ပု)၌ အ–သရဆုံး **'ဒေဝ'** ကဲ့သို့၎င်း၊ ＊(န)၌ အ–သရဆုံး **'စိတ္တ'** ကဲ့သို့၎င်း ဂိုဏ်းခွဲရ၏။ ＊(ဣ)၌မူကား ယင်းတို့သို့ 'အာ' ပစ္စည်း ထပ်ဆက်၍၊ အာ–သရဆုံး **'ကညာ'** ကဲ့သို့ ဂိုဏ်းခွဲရ၏။

### အသုံးပြုပုံ

၁။ "ပုဂ္ဂိုလ် ၂–ဦး၊ အရာဝတ္ထု ၂–ခု"ကို နှိုင်းယှဉ်ရာ၌ 'အလတ်စား' နာမဝိသေသနများကို အသုံးပြုရ၏။ နှိုင်းယှဉ်ခံရသော နာမ်ပုဒ်ကို ပဉ္စမီဝိဘတ်ဆက်၍ 'ထက်၊ အောက်'ဟု ဘာသာပြန်ရ၏။ **ပြယုဂ်–** ဒါရကော ကညာယ ခိပ္ပတရော ဟောတိ = ယောကျ်ားကလေးသည် မိန်းကလေးထက် ပို၍လျင်မြန်၏။

၂။ "ပုဂ္ဂိုလ် ၃-ဦး၊ အရာဝတ္ထု ၃-ခု"စသည်ဖြင့် ၃-ဦး၊ ၃-ခုမှစ၍ ထိုထက် များပြားသော ပုဂ္ဂိုလ်၊ အရာဝတ္ထုတို့တွင် အသာလွန်ဆုံးသော ပုဂ္ဂိုလ်, အရာဝတ္ထုကို ဖော်ပြရာ၌ 'အမြတ်စား' နာမဝိသေသနကို အသုံးပြုရ၏။ နိမ့်ကျသောပုဂ္ဂိုလ်, အရာဝတ္ထု (နာမ်ပုဒ်)များကို ဆဋ္ဌီ / သတ္တမီဝိဘတ် ဗဟုဝုစ်နှင့်ထား၍ "တို့တွင်၊ တို့အနက်"ဟု ဘာသာပြန်ရ၏။ ပြယုဂ်- * ဣမသ္မိံ ဂါမေ ဒါရကာနံ (ဒါရကေသု) မမ ပုတ္တော ပဏ္ဍိတ.တမော ဟောတိ = ဤရွာရှိ သူငယ်တို့တွင် ငါ၏သားသည် ပညာအရှိဆုံး ဖြစ်၏။

==========

## ၃၀။ ကမ္မ.ဘာဝကြိယာ

'ကမ္မ-ဘာဝ' ကြိယာ-ဟူသည် 'ကမ္မကြိယာ' နှင့် 'ဘာဝကြိယာ'-ဟူ၍ ၂-မျိုး ပါရှိရာ၊ ကြိယာတည်ဆောက်ပုံတူသဖြင့်၊ ယင်း ၂-ခုကို ပေါင်း၍ ခေါ်ထားခြင်း ဖြစ်၏။

၁- **'ကမ္မကြိယာ'**သည် 'ပြုလုပ်ခံရခြင်း' အဓိပ္ပာယ်ကို ဖော်ပြ၏။ ယင်းကို 'အပ်၏'ဟု ဘာသာပြန်ရ၏။ "အသတ်ခံရ၏၊ အဖမ်းခံရ၏"-စသည့် အသုံးအနှုန်းများ သည် ကမ္မကြိယာ၏ အဓိပ္ပာယ်များပင်တည်း။ ၂- **'ဘာဝကြိယာ'**မှကား ကတ္တုကြိယာ နှင့် တူ၏-ဟု အကြမ်းဖျင်းအားဖြင့် မှတ်ယူနိုင်၏။ ပြယုဂ်- ဌီယတေ = တည်ရှိ၏ (အသုံးနည်း၏)။

အတိတ်ကိတ် (အခန်း ၃၀)၌ ရှင်းပြထားသကဲ့သို့ပင် ကမ္မကြိယာကို အသုံးပြု သည့်အခါ (၁) ကံပုဒ်ကို ပထမာဝိဘတ်နှင့်ထား၍ 'ကို'-ဟုရငး၊ (၂) ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့်ထား၍ 'သည်၊ က'-ဟုရငး ဘာသာပြန်ရ၏။ ကမ္မကြိယာသည် ထိုပထမာဝိဘတ်ဆက် ကံပုဒ်နှင့် "ယောဂ၊ ဝုစ်"အားဖြင့် တူညီရ၏။

ပုံစံအားဖြင့် – "ရာဇာ စောရံ ဝဓေတိ (မင်းသည် ခိုးသူကို သတ်၏)–ဟူသော ကတ္တုဝါကျ *( Active Voice )* ကို ကမ္မကြိယာ ပါဝင်သည့် ကမ္မဝါကျ *( Passive Voice )* သို့ ပြောင်းလဲပါက– "ရညာ စောရော ဝဓီယတိ"–(မင်းသည် ခိုးသူကို သတ်အပ်၏)– ဟု ဖြစ်လာ၏။

စင်စစ်အားဖြင့် ကတ္တားပုဒ်ပါရှိသည့် ကမ္မဝါကျကို မြန်မာပြန်ရာတွင် အဆင်ပြေမှု မရှိလှပေ။ အကြောင်းမူကား– မြန်မာဘာသာ၌ ထိုကဲ့သို့သော အသုံးအနှုန်းမျိုးကို သုံးလေ့မရှိသောကြောင့်တည်း။ ဤနေရာ၌ ပါဠိဘာသာသည် အင်္ဂလိပ်ဘာသာနှင့် တထပ်တည်းတူ၏။ "ရာဇာ စောရံ ဝဓေတိ" = *The king kills the thief* (ကတ္တုဝါကျ = *Active Voice*) "ရညာ စောရော ဝဓီယတိ" = *The thief is killed by the king* (ကမ္မဝါကျ = *Passive Voice*)

* ကတ္တားပုဒ်မပါသည့် 'ကမ္မဝါကျ'၌ကား– **'သော ဝဓီယတိ'** = သူသည် အသတ်ခံရ၏။ **စောရော ဟညတိ** = ခိုးသူသည် အသတ်ခံရ–နှိပ်စက်ခြင်းခံရ၏– ဟုလည်း မြန်မာအသုံးအနှုန်းဖြင့် ဘာသာပြန်နိုင်၏။ ကမ္မကြိယာပစ္စည်းသည် **"ယ"** ဖြစ်၏။ **"အပ်၏"**–ဟု ဘာသာပြန်ရ၏။

## ယ–ပစ္စည်း ဆက်ပုံ

(၁) သရဆုံးဓာတ်များသို့ ဆက်သောအခါ၊ ဓာတ်၏အဆုံး 'အာ၊ ဣ'– သရကို 'ဤ' သို့၎င်း၊ 'ဥ'ကို 'ဦ' သို့၎င်း ပြောင်းရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ပြယုဂ်–** | √ဒါ | + | ယ | = | ဒီယတိ | = | ပေးအပ်၏ |
| | √ပါ | + | ယ | = | ပီယတိ | = | သောက်အပ်၏ |
| | √ဓီ | + | ယ | = | ဓီယတိ | = | ဆောင်အပ်၏ |
| | √နီ | + | ယ | = | နီယတိ | = | ဆောင်အပ်၏ |
| | √သု | + | ယ | = | သူယတိ | = | ကြားနာအပ်၏ |

အကယ်၍ 'ယ'ပစ္စည်းကို 'ယျ'ဟု ခွဲသော်ပြုပါက ယင်းရှေ့က 'သရရှည်'ကို 'သရတို' ပြုရ၏။

ပြယုဂ်– √ဒါ + ယ = ဒီယတိ > ဒိယျတိ = ပေးအပ်၏

√နီ + ယ = နီယတိ > နိယျတိ = ဆောင်အပ်၏

√သု + ယ = သူယတိ > သုယျတိ = ကြားအပ်၏

(၂) ဗျည်းတလုံးနှင့်ဆုံးသည့် ဓာတ်သို့ဆက်သောအခါ ဓာတ်၏ အဆုံးဗျည်းနှင့် 'ယ' ပစ္စည်းကို ( တတိယကြိယာဂိုဏ်းကဲ့သို့ ) သဒိသရုပ် ပြုရ၏။

ပြယုဂ်– √ပစ် + ယ = ပစ္စတိ = ချက်အပ်၏

√ခါဒ် + ယ = ခဇ္ဇတိ = ခဲစားအပ်၏

√ဘဏ် + ယ = ဘညတိ = ပြောဆိုအပ်၏

√ဟန် + ယ = ဟညတိ = သတ်အပ်၏

√လဘ် + ယ = လဗ္ဘတိ = ရအပ်၏

√ဒမ် + ယ = ဒမ္မတိ = ဆုံးမအပ်၏

√ဒိသ် + ယ = ဒိဿတိ = မြင်အပ်၏

* √ဂဟ် + ယ = ဂယှတိ = ယူအပ်၏

* √ဝသ် + ယ = ဝုဿတိ = နေအပ်၏ (ဝ > ဝု)

* √ဝစ် + ယ = ဝုစ္စတိ = ဆိုအပ်၏ (ဝ > ဝု)

* √ဝဟ် + ယ = ဝုယှတိ = ယူဆောင်အပ်၏

(၃) သို့ရာတွင် 'ရ်၊ သ်၊ ဟ်' ဆုံး ဓာတ်အချို့နှင့်တကွ အခြားဗျည်းတလုံးနှင့်ဆုံးသည့် ဓာတ်များသို့ 'ဤ' သရခံ၍ ဆက်ရ၏။

ပြယုဂ်– √ကရ် + ီ ယ = ကရီယတိ = ပြုအပ်၏

√ဟာသ် + ီ ယ = ဟာသီယတိ = ရယ်အပ်၏

√မဟ် + ီ ယ = မဟီယတိ = ရှိသေအပ်၏

√ပစ် + ီ ယ = ပစီယတိ = ချက်အပ်၏

√ဝဒ် + ီ ယ = ဝဒီယတိ = ဆိုအပ်၏

√ဝဓ် + ီ ယ = ဝဓီယတိ = သတ်အပ်၏

√သေဝ် + ီ ယ = သေဝီယတိ = မှီဝဲအပ်၏

(၂) ဓ–သရ၊ ဗျည်း ၂–လုံးနှင့်ဆုံးသည့် မာတ် / တည်ပုဒ်များသို့လည်း (အဆုံးသရကိုချေပြီး) 'ဤ' သရခံ၍ ဆက်ရ၏။

ပြယုဂ်– √ပုစ္ဆ + ီ ယ = ပုစ္ဆီယတိ = မေးအပ်၏

√ရက္ခ + ယ = ရက္ခီယတိ = စောင့်ရှောက်အပ်၏

√စိန္တ + ယ = စိန္တီယတိ = စဉ်းစားအပ်၏

√ဂမ် > ဂစ္ဆ + ယ = ဂစ္ဆီယတိ = သွားအပ်၏

√ဘုဇ် > ဘုဉ္ဇ + ယ = ဘုဉ္ဇီယတိ = စားအပ်၏

√ဗုဓ် > ဗုဇ္ဈ + ယ = ဗုဇ္ဈီယတိ = သိအပ်၏

√သု > သုဏော + ယ = သုဏီယတိ = ကြားအပ်၏

√ဂဟ် > ဂဏှာ + ယ = ဂဏှီယတိ = ယူအပ်၏

√စုရ် > စောရေ + ယ = စောရီယတိ = ခိုးအပ်၏

## "ကာရိုက်.ကမ္မကြိယာ"

ယင်းကြိယာသည် ကာရိုက် (စေခိုင်းခြင်း)နှင့် ကမ္မ (ပြုလုပ်ခံရခြင်း) လက္ခဏာ ၂–ခုပါရှိသည့် ကြိယာဖြစ်၏။ ယင်းသည် အသုံးနည်း၏။ ယင်းကို 'စေအပ်၏'ဟု ဘာသာပြန်ရ၏။ ကြိယာတည်ပုဒ် ပြုလုပ်ပုံမှာ–

ကာရိုက်ပစ္စည်း 'ဏေ' ဆက်ထားသည့် ကာရိုက်ကြိယာ တည်ပုဒ်သို့ (ဏ-သရကို ချေပြီး) 'ဤ' သရခံ၍ ကမ္မပစ္စည်း 'ယ'ကို ထပ်ဆက်ပေးရ၏။

**ပြယုဂ်–** √ပစ် + ဏေ = ပါစေ (ကာ) + ိ ယ = ပါစိယတိ = ချက်စေအပ်၏

√ဘုဇ် > ဘောဇေ + ိ ယ = ဘောဇိယတိ = စားစေအပ်၏

√ကရ် > ကာရေ + ိ ယ = ကာရိယတိ = ပြုစေအပ်၏

**မှတ်ရန်–** ကမ္မဘာဝနှင့် ကာရိုက်ကမ္မကြိယာ ၂–မျိုးလုံး၏ တည်ပုဒ်သည် (ယ–ဖြစ်၍) 'အ'သရနှင့် ဆုံးသောကြောင့် √ပစ် > **ပါစ** အတိုင်းပင် ဂိုဏ်းစဉ်ရသည်။

==========

## ၃၉။ ။ ဣတ္ထိလိင် ပစ္စည်းဆက်ပုံ

ပုလ္လိင်နာမ်ပုဒ်များသို့ ပစ္စည်းများဆက်၍ ဣတ္ထိလိင်နာမ်ပုဒ်များသို့ ပြုလုပ်နိုင်၏။ ထိုသို့ဆက်ရမည့် ပစ္စည်းများမှာ '**အာ**၊ **ဤ**၊ **နီ**၊ **ဣနီ**၊ **အာနီ**၊ **ဣကာ**'တို့ ဖြစ်၏။ ယင်းတို့ကို ဆက်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) **အာပစ္စည်း** ။ ။ ကို 'အ'သရဆုံး ပုလ္လိင်နာမ်အချို့သို့ ဆက်နိုင်၏။

| **ပုလ္လိင်နာမ်** | | | | | | | **ဣတ္ထိလိင်နာမ်** | | |
|---|---|---|---|---|---|---|---|---|---|
| မူသိက | = | ကြွက် | + | အာ | = | | မူသိကာ | = | ကြွက်မ |
| အဿ | = | မြင်း | + | အာ | = | | အဿာ | = | မြင်းမ |
| အဇ | = | ဆိတ် | + | အာ | = | | အဇာ | = | ဆိတ်မ |

(၂) **ဤ–ပစ္စည်း** ။ ။ ကို 'အ'သရဆုံး ပုလ္လိင်နာမ်ပုဒ်အချို့သို့ ဆက်နိုင်၏။

| **ပုလ္လိင်နာမ်** | | | | | | | **ဣတ္ထိလိင်နာမ်** | | |
|---|---|---|---|---|---|---|---|---|---|
| ဒေဝ | = | နတ်သား | + | ဤ | = | | ဒေဝီ | = | နတ်သမီး |
| သီဟ | = | ခြင်္သေ့ | + | ဤ | = | | သီဟီ | = | ခြင်္သေ့မ |
| မိဂ | = | သမင် | + | ဤ | = | | မိဂီ | = | သမင်မ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒါသ | = | ကျွန် | + | ဤ | = | ဒါသီ | = ကျွန်မ |
| ကာက | = | ကျီး | + | ဤ | = | ကာကီ | = ကျီးမ |
| သခ | = | မိတ်ဆွေ | + | ဤ | = | သခီ | = မိတ်ဆွေမ |
| ဗြာဟ္မဏ | = | ပုဏ္ဏား | + | ဤ | = | ဗြာဟ္မဏီ | = ပုဏ္ဏေးမ |
| ကုမာရ | = | မင်းသား, ယောကျ်ားကလေး | + | ဤ | = | ကုမာရီ | = မင်းသမီး, မိန်းကလေး |

(၃) **နီ–ပစ္စည်း** ။ ။ ကို 'ဣ၊ ဤ၊ ဥ၊ ဦ'သရဆုံး ပုလ္လိင်နာမ်များသို့ ဆက်သောအခါ 'ဤ၊ ဦ'တို့ကို 'ဣ၊ ဥ' ပြုရ၏ ။

**ဣတ္ထိလိင်နာမ်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | = | ဆင် | + | နီ | = | ဟတ္ထိနီ | = ဆင်မ |
| ဗန္ဓု | = | ဆွေမျိုး | + | နီ | = | ဗန္ဓုနီ | = ဆွေမျိုးမ |
| မေဓာဝီ | = | ပညာရှိ | + | နီ | = | မေဓာဝိနီ | = ပညာရှိမ |
| ဒဏ္ဍီ | = | ထုတ်ဆွဲသူ | + | နီ | = | ဒဏ္ဍိနီ | = ထုတ်ဆွဲသူမ |
| ဘိက္ခု | = | ရဟန်း | + | နီ | = | ဘိက္ခုနီ | = ရဟန်းမ |

(၄) **ဣနီ–ပစ္စည်း** ။ ။ ကို 'အ၊ အာ'သရဆုံး ပုလ္လိင်နာမ်များသို့ (အဆုံးသရကိုချေ၍) ဆက်ရ၏ ။

| ပုလ္လိင်နာမ် | | | | | | ဣတ္ထိလိင်နာမ် | |
|---|---|---|---|---|---|---|---|
| မိဂ | = | သမင် | + | ဣနီ | = | မိဂိနီ | = သမင်မ |
| သီဟ | = | ခြင်္သေ့ | + | ဣနီ | = | သီဟိနီ | = ခြင်္သေ့မ |
| ဗျဂ္ဃ | = | ကျား | + | ဣနီ | = | ဗျဂ္ဃိနီ | = ကျားမ |
| ယက္ခ | = | ဘီလူး | + | ဣနီ | = | ယက္ခိနီ | = ဘီလူးမ |
| ရာဇ | = | မင်း | + | ဣနီ | = | ရာဇိနီ | = ဘုရင်မ |

(၅) **အာနီ–ပစ္စည်း** ။ ။ ကို 'အ၊ ဣ'သရဆုံး ပုလ္လိင်နာမ်များသို့ (အဆုံးသရကိုချေ၍) ဆက်ရ၏။

| ပုလ္လိင်နာမ် | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | **ဣတ္ထိလိင်နာမ်** | | |
| မာတုလ | = | ဦးရီး | + | အာနီ | = | မာတုလာနီ | = | အရီး |
| ဂဟပတိ | = | သူကြွယ် | + | အာနီ | = | ဂဟပတာနီ | = | သူကြွယ်မ |
| ခတ္တိယ | = | မင်းမျိုး | + | အာနီ | = | ခတ္တိယာနီ | = | မင်းမျိုးမ |

(၆) **ဣကာ–ပစ္စည်း** ။ ။ ကို (အက–မှစ္စည်းဆက်ထားသော) 'က' နှင့် ဆုံးသော ပုလ္လိင်နာမ်များသို့ (အဆုံး'က'ကိုချေ၍) ဆက်ရ၏။

| ပုလ္လိင်နာမ် | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | **ဣတ္ထိလိင်နာမ်** | | |
| ဒါရက | = | ယောကျ်ားကလေး | + | ဣကာ | = | ဒါရိကာ | = | မိန်းကလေး |
| ဥပါသက | = | သီတင်းသည် | + | ဣကာ | = | ဥပါသိကာ | = | သီတင်းသည်မ |
| ပရိဗ္ဗာဇက | = | ပရိဗိုဇ် | + | ဣကာ | = | ပရိဗ္ဗာဇိကာ | = | ပရိဗိုဇ်မ |
| ဒါယက | = | ပေးသူ၊ ဒကာ | + | ဣကာ | = | ဒါယိကာ | = | ပေးသူ, ဒကာမ |

**မှတ်ရန်–** ဖော်ပြပါ ဣတ္ထိလိင်နာမ်တို့သည် 'အာ၊ ဤ'သရများနှင့် ဆုံးသောကြောင့် ယင်းတို့ကို 'အာ၊ ဤ'ဆုံး 'ကညာ၊ နဒီ' အတိုင်း ဂိုဏ်းစဉ်ရ၏။

=========

## ၄၀။ ။ ဥပသာရပုဒ်များ

'ဥပသာရ' (ရှေ့ဆက်)ပုဒ်သည် ကြိယာနှင့် နာမ်ပုဒ်တို့၏ ရှေ့က ဆက်ထည့်ပေး၍ ယင်းပုဒ်တို့၏ အနက်ကို ပြုပြင်ပြောင်းလဲပေးတတ်သည့် ပုဒ်မျိုးဖြစ်၏။

ဥပသာရပုဒ်များမှာ ၂၀–ရှိ၏။ ယင်းတို့မှာ "အတိ၊ အဓိ၊ အနု၊ အပ၊ အပိ၊ အဘိ၊ အဝ (ဩ)၊ အာ၊ ဥ (ဥဒ်)၊ ဥပ၊ နိ၊ **နီ (နိရ်)**၊ **ပ (ပြ)**၊ **ပဋိ (ပြတိ)**၊ ပရာ၊ ပရိ၊ ဒု (ဒုရ်) သ ဝိ၊ **သံ (သမ်)**'တို့ ဖြစ်၏။ [သက္ကတသုံး 'ဥပသာရပုဒ်ထူး'များကို ( )

အတွင်း၌ ပြထား၏။ ယင်း 'ဗျည်းဆုံးနှင့်အစဗျည်းတွဲ'များကြောင့်၊ ပါဠိ၌ 'ဒွေဘော်ပြုခြင်း' ဖြစ်လာရ၏။] ယင်းတို့၏ အနက်နှင့် သုံးစွဲပုံအကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ **အတိ** = **အလွန်၊ လွန်စွာ။**

**အတိစရတိ** = အလွန်ကျင့်၏။ **အတိဘုဉ္ဇတိ** = အလွန်စား၏။ **အတိပဏ္ဍိတ** = အလွန်ပညာရှိသော။

၂။ **အဓိ** = **လွန်ကဲ-ကြီးမြတ်ခြင်း။**

* **အဓိဝသတိ** = အုပ်စိုး၍နေ၏။ **အဓိဂစ္ဆတိ** = ရ၏, သိ၏။ **အဓိပတိ** = အကြီးအကဲ။

၃။ **အနု** = **နောက်သို့၊ အစဉ်တစိုက်**

**အနုဓာဝတိ** =အစဉ်ပြေးလိုက်၏။ **အနုကရောတိ** = အတုပြု၏။ **အနုဘဝတိ** = ခံစား၏။ **အနုဿတိ** = အစဉ်အောက်မေ့ခြင်း။

၄။ **အပ** = **အပြင်သို့၊ ကင်းမဲ့-ဖဲခွာခြင်း။**

**အပဂစ္ဆတိ** = ဖဲ-ရှောင်သွား၏။ **အပဝါဒ** = ကဲ့ရဲ့-စွပ်စွဲခြင်း။ **အပဂတ** = ကင်းမဲ့သော။ **အပဟာရ** = ခိုးယူခြင်း။

၅။ **အပိ** = **ပိ** = **အထက်၊ အပေါ် (အသုံးနည်း၏)။**

**အပိဒဟတိ** = **ပိဒဟတိ** = ပိတ်-ဖုံး၏။

၆။ **အဘိ** = **ရှေးရှု၊ အလွန်၊ ထူးကဲခြင်း။**

**အဘိဝန္ဒတိ** = ရိုသေစွာ ရှိခိုး၏။ **အဘိဘဝတိ** = လွှမ်းမိုး၏။ **အဘိဓမ္မ** = ထူးကဲသောတရား။ **အဘိရူပ** = လွန်ကဲသောအဆင်း။ လှပသော။

၇။ **အဝ** = **ဩ** = **အောက်၊ နိမ့်-အထင်သေးခြင်း။**

**အဝဇာနာတိ** = အထင်သေး၏။ **အဝဇာတ** = နိမ့်ကျသော (သား)။ **ဩဝါဒ** = အဆုံးအမ။ **ဩလောကန** = ငုံ့ကြည့်ခြင်း။

၈။ **အာ** = **ရှေးရှု၊ အနီးသို့ (ဆန့်ကျင်ခြင်း)။**

**အာဂစ္ဆတိ** = လာ၏။ **အာပဇ္ဇတိ** = ရောက်၏။ **အာဒါယ** = ယူ၍။
**အာပုစ္ဆာ** = ခွင့်ပန်ခြင်း။

၉။ * ဥ (ဥဒ်) = **အထက်သို့၊ အထင်ကြီးခြင်း။**

ဥပ္ပတတိ = ပျံတက်၏။ ဥဂ္ဂဏှာတိ = သင်ယူ၏။ **ဥဒ္ဓရတိ** = ထုတ်ဆောင်၏။ **ဥဋ္ဌာနံ** = ထကြွခြင်း။ **ဥလ္လောကနံ** = မော်၍ကြည့်ခြင်း။

၁၀။ ဥပ = **အနီးသို့၊ ချဉ်းကပ်-နီးကပ်ခြင်း။**

**ဥပနဂရ** = မြို့အနီး။ **ဥပကာရ** = ကျေးဇူးပြုခြင်း။ **ဥပဋ္ဌာတိ** = လုပ်ကျွေး၏။ **ဥပေတိ** = ချဉ်းကပ်၏။ **ဥပရာဇာ** = အိမ်ရှေ့မင်း။
**ဥပစာရ** = ဥပစာ။

၁၁။ **နိ** = **အောက်၊ နှိပ်-နှိမ့်ချခြင်း။**

**နိသီဒနံ** = နိသီဒိုင် = **နိသီဒတိ** = ထိုင်၏။ **နိဝါတ** = နှိမ့်ချခြင်း။
**နိဂ္ဂဟ** = နှိပ်ကွပ်ခြင်း။

၁၂။ * **နိ (နိရ်)** = **အပြင်သို့၊ မရှိ-ကင်းမဲ့ခြင်း။**

**နိယျာတိ** = ထွက်ခွာ၏။ **နိဟရတိ** = ထုတ်ဆောင်၏။ **နိဒ္ဒယ** = ဘေးမရှိသော။ **နိပ္ဖလ** = အကျိုးမရှိသော။ **နိဗ္ဗာနံ** = တဏှာကင်းရာ (နိဗ္ဗာန်)။
**နိဿရဏ** = (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ခြင်း။

၁၃။ * ပ (ပြ) = **ထူးပြား-ကင်းကွာ-ဖဲခွာခြင်း။**

**ပက္ကမတိ** = ထွက်ခွာသွား၏။ **ပဇာနာတိ** = ခွဲခြားသိ၏။ **ပကာရ** = အထူးအပြား။ * **အပ္ပစ္စယ** = **အကြောင်းမဟုတ်သော။** * **အပ္ပမာဏ** = အတိုင်းအရှည်မရှိသော

(၁) သရ ၂–လုံး တွေ့ဆုံသောအခါ ရှေ့သရ / နောက်သရ တခုခုကို ချေရ၏။

| | | | | | |
|---|---|---|---|---|---|
| **ရှေ့သရချေပုံ–** | ယဿ | + | ဣန္ဒြိယာနိ | = | ယဿိန္ဒြိယာနိ |
| | အဿ | + | ဥပေါသထော | = | အဿုပေါသထော |
| | ဘိက္ခုနီ | + | ဩဝါဒေါ | = | ဘိက္ခုနောဝါဒေါ |
| | ဥဒဓိ | + | ဦမိယော | = | ဥဒဓူမိယော |
| **နောက်သရချေပုံ–** | ဆာယာ | + | ဣဝ | = | ဆာယာဝ |
| | စက္ခု | + | ဣန္ဒြိယံ | = | စက္ခုန္ဒြိယံ |
| | စတ္တာရော | + | ဣမေ | = | စတ္တာရောမေ |

(၂) ယင်းသို့ သရတလုံးကို ချေပြီးသော်၊ ကျန်သရကို ရံခါဒီဃ / ရံခါဂုဏ ပြုရ၏။ (* **ဒီဃပြုခြင်း**– အ, အာ + အ, အာ = **အာ**။ ဣ, ဤ + ဣ, ဤ = **ဤ**။ ဥ, ဦ + ဥ, ဦ = **ဦ**။ * **ဂုဏပြုခြင်း**– အ, အာ + ဣ, ဤ = **ဧ**၊ အ, အာ, + ဥ, ဦ = **ဩ**။ )

| | | | | | |
|---|---|---|---|---|---|
| **ဒီဃပြုပုံစံ–** | တဿ | + | ဣတိ | = | တဿာတိ |
| | ကိံသု | + | ဣဓ | = | ကိံသူဓ |
| | ဝိ | + | အတိနာမေတိ | = | ဝီတိနာမေတိ |
| **ဂုဏပြုပုံစံ–** | ဥပ | + | ဣက္ခတိ | = | ဥပေက္ခတိ |
| | န | + | ဥပေတိ | = | နောပေတိ |
| | မဟာ | + | ဥဒက | = | မဟောဒက |

(၃) "ဣ၊ ဤ၊ ဧ" သရတို့၏နောက်၌ မျိုးမတူသော သရလာလျှင် 'ဣ၊ ဤ၊ ဧ' ကို 'ယ်' ပြုရ၏။ ရံခါ နောက်သရကို ဒီဃပြုရ၏။

| | | | | | |
|---|---|---|---|---|---|
| **ပြယုဂ်–** | ဝိ | + | အာကာသိ | = | ဗျာကာသိ |

တေ + အဟံ = တျာဟံ

မေ + အယံ = မျာယံ

(၄) “ဥ, ဦ, ဩ”သရတို့၏နောက်၌ မျိုးမတူသော သရလာလျှင်၊ “ဥ, ဦ ဩ” ကို ‘ဝ်’ ပြုရ၏။ ရံခါ နောက်သရကို ဒီဃပြုရ၏။

ပြယုဂ်– အနု + ဧတိ = အန္ဝေတိ

တု + ဧဝ = တွေဝ

သော + အဟံ = သွာဟံ

ခေါ + အဿ = ခွဿ

(၅) နောက်က မျိုးမတူသည့်သရရှိ၍၊ ရှေ့က ‘ဣ, ဤ’ ကို ‘ယ်’ သို့ ပြောင်းပြီးနောက်၊ ‘ယ်’ ကို ၎င်း၏ရှေ့ကဗျည်းနှင့် သဒိသရုပ်ပြုရ၏။ ( ပြုပုံကား– တျ > စ္စ။ ဒျ > ဇ္ဇ။ ဓျ > ဇ္ဈ။ ဘျ > ဗ္ဘ။ )

ပြယုဂ်– ဣတိ + ဧဝံ = ဣစ္စေဝံ　　အတိ + ဧတိ = အစ္စေတိ

ဇာတိ + အာ = ဇစ္စာ (ဇာတျာ)　　ဇာတိ + အံ = ဇစ္စံ (ဇာတျံ)

နဒီ + အာ = နဇ္ဇာ (နဒျာ)　　နဒီ + အံ = နဇ္ဇံ (နဒျံ)

ယဒိ + ဧဝံ = ယဇ္ဇေဝံ　　အဘိ + ဥဂ္ဂတော = အဗ္ဘုဂ္ဂတော

အဓိ + အဘာသိ = အဇ္ဈဘာသိ　　*ဗဟု + အာဗာဓော=ဗဟွာဗာဓော

(၆) သရ ၂–လုံးကို အထက်ပါနည်းများအတိုင်း သန္ဓိမစပ်လျှင်၊ ယင်း သရ ၂–လုံးအကြား၌ “တ၊ ဒ၊ န၊ မ။ ယ၊ ရ၊ လ၊ (ဠ)၊ ဝ၊ ဟ” ဗျည်းတခုခုကို ထည့်သွင်းပေးရ၏။ (ယင်းကို ‘အာဂမ သန္ဓိ’ ဟုလည်း ခေါ်လေ့ရှိ၏။)

တ–သွင်းပုံစံ– အဇ္ဇ + အဂ္ဂေ = အဇ္ဇတဂ္ဂေ

တသ္မာ + ဣဟ = တသ္မာတိဟ

ဒ–သွင်းပုံစံ– တာဝ + ဧဝ = တာဝဒေဝ

သမ္မာ + အညာ = သမ္မဒညာ

၁၄။ * ပဋိ = ပတိ (ပြတိ) = ဆန့်ကျင်–တုံ့ပြန်ခြင်း။

ပဋိဂ္ဂဏှာတိ = ခံယူ၏။ ပဋိဇာနာတိ = ဝန်ခံ၏။ ပဋိပက္ခ = ဆန့်ကျင်ဘက်။
ပဋိပုဂ္ဂလ = ပြိုင်ဘက်ပုဂ္ဂိုလ်။ ပတိဋ္ဌာ = တည်ရာ၊ မှီရာ။ * အပ္ပဋိပုဂ္ဂလ
= ပြိုင်ဘက်မရှိသော။ * သုပ္ပဋိပန္န = ကောင်းစွာကျင့်ကြံသော။

၁၅။ ပရာ = ဆန့်ကျင်–ဆုတ်ယုတ်ခြင်း။

ပရာဇေတိ = ရှုံး၏။ ပရာဘဝ = ပျက်စီးခြင်း။ ပရက္ကမ = အားထုတ်ခြင်း။
ပရာဇိတ = ရှုံးသော။

၁၆။ ပရိ = ထက်ဝန်းကျင်၊ ပြည့်စုံခြင်း။

ပရိယေသန = ရှာမှီးခြင်း။ ပရိဘုဉ္ဇတိ = သုံးဆောင်၏။ ပရိဘောဂ =
အသုံးအဆောင်။ ပရိဝါရ = အခြံအရံ။ ပရိပုဏ္ဏ = ပြီးပြည့်စုံခြင်း။
ပရိညာ = ပိုင်းခြား၍သိခြင်း။

၁၇။ * ဒု (ဒုရ်) = မကောင်း–ခဲယဉ်း–ချို့တဲ့သော။

ဒုဗ္ဗလ = အားနည်းသော။ ဒုက္ကရ = ပြုနိုင်ခဲသော။ ဒုပ္ပည = ပညာ
နည်းသော။ ဒုဇ္ဇန = မကောင်း–ယုတ်မာသောသူ။ ဒုလ္လဘ = ရခဲသော။
ဒူရက္ခ = စောင့်ရှောက်နိုင်ခဲသော (ဒုရ် > ဒူ)

၁၈။ သု = ကောင်း–လွယ်ကူသော။

သုဇန = သူတော်ကောင်း။ သုလဘ = ရလွယ်သော။ သုဘာသတိ =
ကောင်းစွာဆို၏။ သုမန = ကောင်းသောစိတ်။ သုဝဏ္ဏ = ရွှေ၊ အဆင်း
လှသော။ သုဂတိ = ကောင်းသောဂတိ။

၁၉။ ဝိ = အထူး၊ အလွန်၊ ကင်းမဲ့ခြင်း။

ဝိဇယ = အထူးအောင်ခြင်း။ ဝိတက္က = ထူးထွေကြံစည်ခြင်း။ ဝိမလ =
အညစ်အကြေးကင်းသော။ ဝိကာလ = အချိန်လွန်ခြင်း။ အချိန်မဲ့၊ အခါမဲ့။
ဝိသေသ = ထူးခြားသော။

**၂၀။ သံ (သမ်, သတ်) = ကောင်းစွာ၊ အတူတကွ။**

**သမ္မာဉာဏ** = ကောင်းစွာသိ၏။ **သင်္ဂါယနာ** = စုပေါင်း-အတူတကွ ရွတ်ဆိုခြင်း။ **သင်္ဂဟ** = စုပေါင်း-ထောက်ပံ့ခြင်း။ **သမ္ဗုဒ္ဓ** = ကိုယ်တိုင် ကောင်းစွာ သိမြင်သော (ဘုရား)။ * **သဒ္ဓမ္မ** = သူတော်ကောင်းတရား။ * **သပ္ပုရိသ** = သူတော်ကောင်း။

**မှတ်ချက်**- အချို့သော ပုဒ်များတွင် ဥပသာရပုဒ်များ တခုထက်ပို၍ ပါရှိတတ်၏။ **ပြယုဂ်**- **ဥပသင်္ကမန** = ချဉ်းကပ်ခြင်း။ **ပစ္စာဂမန** = တဖန်ပြန်လာခြင်း။ **ဗျာကရဏ** ပြေဆိုခြင်း။ **ပစ္စုပ္ပဋ္ဌာန** = ခရီးဦးကြိုပြုခြင်း။ **သမုဒါစရဏ** = ခေါ်ဝေါ်-ပြောဆိုခြင်း။ **ဝိပ္ပယောဂ** = ကင်းကွာခြင်း။

==========

## ၄၁ ။ သန္ဓိစပ်ခြင်း

ရွတ်ဆိုရာ၌ လွယ်ကူစေရန်၊ ကြားနာရာ၌ သာယာနာပျော်ဖွယ်ဖြစ်စေရန် ပုဒ် ၂-ခုကို ပေါင်းစပ်ခြင်းသည် 'သန္ဓိ' မည်၏။ ယင်းသို့ ပုဒ် ၂-ခုကို ဆက်စပ်ရာတွင် ပုဒ်၏အဆုံးဖြစ်သည့် ဝိဘတ်များကို မချေဖျောက်ရပဲ၊ ရှိရင်းအတိုင်းသာ ပေါင်းစပ်ရ၏။ ပုံစံအားဖြင့်- "ယံ အဟံ" ဟူသော ပုဒ် ၂-ခုကို (ယံ၏ - ကို မ်-သို့ပြောင်း၍) ပေါင်းစပ်ပါက "ယမဟံ" ဟူ၍ ဖြစ်လာ၏။ ယင်းကိုပင် 'သန္ဓိစပ်ခြင်း' ဟု ခေါ်၏။

သန္ဓိမှာ "သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ၊ နိဂ္ဂဟိတ်သန္ဓိ" ဟု ၃-မျိုးရှိ၏။ သန္ဓိ ၃-မျိုး အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

### (က) သရ သန္ဓိ

ရှေ့ပုဒ်၏အဆုံး သရနှင့် နောက်ပုဒ်၏အစ သရတို့ကို ပေါင်းစပ်ခြင်းသည် သရသန္ဓိ မည်၏။ သရသန္ဓိ စပ်ပုံများမှာ-

| | | | | | |
|---|---|---|---|---|---|
| **န–သွင်းပုံစံ–** | ဣတော | + | အာယတိ | = | ဣတောနာယတိ |
| **မ–သွင်းပုံစံ–** | ဣဓ | + | အာဟု | = | ဣဓမာဟု |
| | *လဟု | + | ဧဿတိ | = | လဟုမေဿတိ |
| **ယ–သွင်းပုံစံ–** | န | + | ဣဒံ | = | နယိဒံ |
| | မာ | + | ဧဝံ | = | မာယေဝံ |
| | သန္တိ | + | ဧဝ | = | သန္တိယေဝ |
| **ရ–သွင်းပုံစံ–** | နိ | + | အန္တရံ | = | နိရန္တရံ |
| | ပါတု | + | အဟောသိ | = | ပါတုရဟောသိ |
| | စတု | + | အာရက္ခ | = | စတုရာရက္ခ |
| **ဋ (ဠ)သွင်းပုံစံ–** | ဆ | + | အဘိညာ | = | ဆဠဘိညာ |
| | သ | + | အာယတန | = | သဠာယတန |
| **ဝ–သွင်းပုံစံ–** | တိ | + | အင်္ဂုလ | = | တိဝင်္ဂုလ |
| | ဘူ | + | အာဒယော | = | ဘူဝါဒယော |
| **ဟ–သွင်းပုံစံ–** | သု | + | ဥဇု | = | သုဟုဇု |
| | သု | + | ဥဋ္ဌိတံ | = | သုဟုဋ္ဌိတံ |
| | မာ | + | ဧဝံ | = | မာဟေဝံ |
| | * ဣတိ | + | အာသ | = | ဣတိဟာသ |

## (ဓ) ဗျဥ္ဇန သန္ဓိ

ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ကို ပေါင်းစပ်ခြင်းသည် ဗျဥ္ဇနသန္ဓိ မည်၏။ (မိဿကသန္ဓိဟုလည်း ခေါ်၏)။ သန္ဓိစပ်ပုံမှာ–

(၁) ရှေ့ပုဒ်၏ အဆုံးသရသည် 'သရရှည်' ဖြစ်မူ ရံခါ 'သရတို' ပြုရ၏။ 'သရတို' ဖြစ်မူ ရံခါ 'သရရှည်' ပြုရ၏။

| | | | | | |
|---|---|---|---|---|---|
| ဥပမာ– | ဒု | + | ရက္ခံ | = | ဒုရက္ခံ |
| | မညတိ | + | ဗာလော | = | မညတိဗာလော |
| | ဘောဝါဒီ | + | နာမ | = | ဘောဝါဒီ.နာမ |
| | ယထာဘာဝီ | + | ဂုဏေန | = | ယထာဘာဝိဂုဏေန |

(၂) ဥပသာရပုဒ်, နိပါတ်ပုဒ်၏ နောက်မှာရှိသော ဗျည်းကို (သက္ကတ ဘာသာ–အရ) ဒွေဘော်ပြုရ၏။ ရှေ့က သရရှည်ကို 'သရတို' ပြုရ၏။

| | | | | | |
|---|---|---|---|---|---|
| ဥပမာ– | အနု | + | ဂဟော | = | အနုဂ္ဂဟော |
| | ဥ | + | ဂတ | = | ဥဂ္ဂတ |
| | ဥပ | + | ဒဝေါ | = | ဥပဒ္ဒဝေါ |
| | ဒု | + | ဘိက္ခ | = | ဒုဗ္ဘိက္ခ |
| | နိ | + | ဝါန | = | နိဗ္ဗာန |
| | ပ | + | ကမတိ | = | ပက္ကမတိ |
| | ဝိ | + | ပယုတ္တ | = | ဝိပ္ပယုတ္တ |
| | သု | + | ပတိဋ္ဌိတ | = | သုပ္ပတိဋ္ဌိတ |
| | အာ | + | ကမတိ | = | အက္ကမတိ |
| | ပရာ | + | ကမော | = | ပရက္ကမော |
| | ယထာ | + | ကမံ | = | ယထာက္ကမံ |

## (ဂ) နိဂ္ဂဟိတ် သန္ဓိ

ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ 'သရ / ဗျည်း'တို့ကို ပေါင်းစပ်ခြင်းသည် နိဂ္ဂဟိတ် (နိဂ္ဂဟိတ)သန္ဓိ မည်၏။ သန္ဓိစပ်ပုံမှာ–

(၁) နိဂ္ဂဟိတ်သည် နောက်မှာ သရရှိလျှင် (သက္ကတဘာသာ၏ သဘောအရ) ရံခါ 'မ၊ ဒ' သို့ပြောင်း၍၊ နောက်မှာ 'ဧ' သရရှိမူ 'ည' သို့ ပြောင်းတတ်၏။

ဥပမာ—

| | | | | |
|---|---|---|---|---|
| တံ | + | အတ္တံ | = | တမတ္တံ |
| ယံ | + | အာဟု | = | ယမာဟု |
| ယံ | + | ဣဒံ | = | ယဒိဒံ |
| ဧတံ | + | အဝေါစ | = | ဧတဒဝေါစ |
| တံ | + | (ယ) ဧဝ | = | တညေဝ |

(၂) နိဂ္ဂဟိတ်သည် နောက်မှာ ဝဂ်ဗျည်းရှိလျှင်၊ ယင်းဝဂ်ဗျည်းဆိုင်ရာ နာသိကဗျည်းသို့ ပြောင်း၏။

ဥပမာ—

| | | | | |
|---|---|---|---|---|
| တဏှံ | + | ကရော | = | တဏှင်္ကရော |
| ဓမ္မံ | + | စ | = | ဓမ္မဉ္စ |
| ဇုတိံ | + | ဓရော | = | ဇုတိန္ဓရော |
| သံ | + | မတော | = | သမ္မတော |

(၃) ရှေ့က နိဂ္ဂဟိတ်နှင့် နောက်က 'ယ'တို့သည် 'ည'သို့ ပြောင်း၏။

ဥပမာ—

| | | | | |
|---|---|---|---|---|
| သံ | + | ယောဂ | = | သံညောဂ |
| သံ | + | ယောဇန | = | သညောဇန |
| သံ | + | ယုတ္တံ | = | သညုတ္တံ |

(၄) နိဂ္ဂဟိတ်သည် နောက်မှာ 'လ' ရှိလျှင် 'လ'သို့ ပြောင်း၏။

ဥပမာ—

| | | | | |
|---|---|---|---|---|
| သံ | + | လေခေါ | = | သလ္လေခေါ |
| ပုံ | + | လိင်္ဂ | = | ပုလ္လိင်္ဂ |
| မဟံ | + | လက | = | မဟလ္လက |
| သံ | + | လာပ | = | သလ္လာပ |

(၅) ရှေ့က နိဂ္ဂဟိတ်နှင့် နောက်က 'ဟ'တို့သည် 'ဉ'သို့ ပြောင်းတတ်၏။

**ဥပမာ—**

| | | | | |
|---|---|---|---|---|
| စဝံ | + | ဟိ | = | စဝဉ္ဟိ |
| တံ | + | ဟိ | = | တဉ္ဟိ |
| ယံ | + | ဟိ | = | ယဉ္ဟိ |

**မှတ်ရန်—** ဂါထာများ၌ ဆန်းကိုငဲ့၍ နိဂ္ဂဟိတ်ကို ချေလေ့ရှိ၏။

| | | | | |
|---|---|---|---|---|
| အရိယသစ္စာနံ | + | ဒဿနံ | = | အရိယသစ္စာန ဒဿနံ |
| စေတံ ဗုဒ္ဓါနံ | + | သာသနံ | = | စေတံ ဗုဒ္ဓါန သာသနံ |

---

## ၄၂။ သမာသ်စပ်ခြင်း

အနက်အဓိပ္ပာယ်အားဖြင့် ဆက်စပ်နေသော နာမ်ပုဒ်များကို ပေါင်းစပ်ခြင်းသည် 'သမာသ်' မည်၏။ ယင်းသို့ ပေါင်းစပ်ရာတွက် ရှေ့နာမ်ပုဒ်၏ ဝိဘတ်ကို များသောအားဖြင့် ချေ၍၊ နောက်ဆုံး နာမ်ပုဒ်၏ ဝိဘတ်ကိုသာ ချန်ထားရ၏။

ပုံစံအားဖြင့် – "ရာဇဿ = မင်း၏ + ပုတ္တော = သားသည်"—ယင်း "**ရာဇဿ ပုတ္တော**"–ဟူသော ပုဒ်ကို သမာသ်စပ်လျှင် "ရာဇဿ'၏ 'ဿ' ဝိဘတ်ကို ချေ၍၊ '**ရာဇပုတ္တော**'–ဟု ဖြစ်လာ၏။ ရာဇပုတ္တော၌ "ရာဇ = မင်းနှင့် ပုတ္တ = သား" တို့သည် အနက်အားဖြင့် ဆက်စပ်နေ၏။

၁– ယင်းသို့ အနက်အားဖြင့် ဆက်စပ်နေသော နာမ်ပုဒ်နှစ်ခုကို (ရှေ့ပုဒ်၏ ဝိဘတ်ကိုချေ၍) ပေါင်းစပ်ခြင်းသည် **သမာသ်စပ်ခြင်း** မည်၏။ ၂– **သန္ဓိ–စပ်ခြင်း** သည်ကား ပုဒ်နှစ်ခုသည် အနက်အားဖြင့် ဆက်စပ်ခြင်းလည်းမရှိပဲ ရှေ့ပုဒ်၏ ဝိဘတ်ကိုလည်း မချေပဲ၊ ရွတ်ဆိုရာ၌ လွယ်ကူစေရန်အတွက် ပုဒ်နှစ်ခုကို ပေါင်းစပ်ခြင်းဖြစ်၏။ **ဥပမာ–** 'ယဿ + ဣန္ဒြိယာနိ = ယဿိန္ဒြိယာနိ"–စသည်ကဲ့သို့တည်း။ ဤသို့အားဖြင့် "သန္ဓိ" နှင့် "သမာသ်"တို့ ခြားနားကြ၏။ ထို့ကြောင့် ရှေးပညာရှိများက * "**အနက်**

မစေ၊ ပုဒ်သာစေ၊ မှတ်လေ သန္ဓိမှာ။ * ပုဒ်-နက်နှစ်ဝါ၊ စေးတို့ပြား၊ မှတ်သား သမာသ်မှာ"-ဟူ၍ ဆောင်ပုဒ် စပ်ဆိုခဲ့ကြသည်။

သမာသ်စပ်ရာတွင် များသောအားဖြင့် ရှေ့နာမ်ပုဒ်၏ ဝိဘတ်ကိုချေလေ့ရှိသော်လည်း ရံဖန်ရံခါ မချေသည်ကို တွေ့ရ၏။ ၁။ ရှေ့ပုဒ်၏ ဝိဘတ်ကိုချေ၍ ပေါင်းစပ်သည့် သမာသ်ကို လုတ္တသမာသ်-ဟု ခေါ်၏၊ ၂။ ရှေ့ပုဒ်၏ ဝိဘတ်ကိုမချေဘဲ ပေါင်းစပ်သည့် သမာသ်ကို အလုတ္တသမာသ် ဟု ခေါ်၏။ ဥပမာအားဖြင့် * "သမဏ ဗြာဟ္မဏာ" (ရဟန်းနှင့် ပုဏ္ဏားတို့သည်) ၌ 'သမဏ' မှာ ဝိဘတ်ကို ချေထား၏။ * "အန္တေဝါသိက" (အနီး၌နေသော တပည့်)-၌ အန္တေ မှာ ဝိဘတ်ကိုမချေဘဲ ထားသည်။

**သမာသ် ၆-မျိုး ။ ။** သမာသ်မှာ ၆-မျိုး ရှိ၏။ ယင်းတို့မှာ "ဒွန္ဒ၊ ကမ္မဓာရယ၊ ဒိဂု၊ အဗျယီဘာဝ၊ တပ္ပုရိသ၊ ဗဟုဗ္ဗီဟိ"-တို့ ဖြစ်၏။ ယင်းသမာသ်များအကြောင်းကို အောက်တွင် အကျဉ်းမျှ ဖော်ပြပါမည်။ [မှတ်ချက် ။ ။ မူရင်းပါဠိသဒ္ဒါကျမ်း၌ 'ဒွန္ဒ'၏ နောက်၌ထားရှိသော 'တပ္ပုရိသ'-ကို (လေ့လာရာ၌ လွယ်ကူစေရန်) 'ဗဟုဗ္ဗီဟိ'၏ ရှေ့သို့ ပြောင်းထားသည်။]

## (၁) ဒွန္ဒ သမာသ်

ဝိဘတ်တူသော နာမ်ပုဒ်များကို ပေါင်းစပ်သည့် သမာသ်သည် ဒွန္ဒ (ဒွန်) သမာသ် မည်၏။ ဒွန္ဒသမာသ်၌ သမာသ်ဝင်ပါ နာမ်ပုဒ်အားလုံး၏ အနက်သည် ပြဋ္ဌာန်း၏။ 'ဒွန္ဒသမာသ်ပုဒ်' ကို ခွဲသောအခါ၊ နာမ်ပုဒ်အသီးသီးနောက်၌ "စ" (၎င်း၊ နှင့်) ကို ထည့်ပေးရ၏။

ပြယုဂ်- * ဇရာ စ + မရဏံ စ = ဇရာမရဏံ = အိုခြင်းနှင့်သေခြင်း

* မာတာ စ + ပိတာ စ = မာတာပိတရော = အမိအဖများ

* ဇရာယ စ + မရဏဿ စ = ဇရာမရဏဿ = အိုခြင်းနှင့်သေခြင်း၏

**ဒွန္ဒသမာသ် ၂-မျိုး** ။ ။ (၁) သမာသ်ဝင် နာမ်ပုဒ်တို့၏ အနက်များကို တပေါင်းတည်း အနေဖြင့်ယူရသော သမာသ်ကို 'သမာဟာရဒွန္ဒ'ဟု ခေါ်၏။ ယင်းသမာသ်၌ များသောအားဖြင့် နပုံလိင်-ဧကဝုစ်ဝိဘတ်ဖြင့် အသုံးပြုလေ့ရှိ၏။ ဥပမာ- **[illegible]**။ (၂) သမာသ်ဝင်ပုဒ်တို့၏ အနက်များကို တခုစီအနေဖြင့် ယူရသော သမာသ်ကို 'ဣတရီတရဒွန္ဒ'ဟု ခေါ်၏။ ယင်းသမာသ်၌ နောက်ဆုံးပုဒ်၏ လိင်ကိုယူ၍ ဗဟုဝုစ်ဝိဘတ်ဖြင့် ထားရ၏။ ဥပမာ- **[illegible]**။

ဒွန္ဒသမာသ်ဝယ်ရှေ့ပုဒ်၏အဆုံး သရသည် "ဤ၊ ဦ" ဖြစ်လျှင်၊ ယင်း၎ကို 'ဣ၊ ဥ' သို့ ပြောင်းရ၏။ ဥပမာ- ဣတ္ထီ စ ပုရိသာ စ = **[illegible]** = (ယောက်ျားနှင့် မိန်းမတို့)။

## (၂) ကမ္မဓာရယ သမာသ်

များသောအားဖြင့် နာမဝိသေသနဖြစ်သော ရှေ့ပုဒ်နှင့် နောက်ကနာမ်ပုဒ်ကို ပေါင်းစပ်ခြင်းသည်ပင် ကမ္မဓာရယ (ကမ္မဓာရည်း) သမာသ်မည်၏။ ယင်းသမာသ်၌ ရှေ့ပုဒ်သည် နောက်ပုဒ်ကို အထူးပြုရကား ပုဒ် ၂-ခုလုံးမှာ ဝိဘတ်တူထားရပြီး၊ နောက်ဆုံးပုဒ်၏လိင်ကို လိုက်၍ ဝိဘတ်ဆက်ပေးရ၏။ ဥပမာ- နီလံ + ဥပ္ပလံ = နီလုပ္ပလံ = ညိုသောကြာ၊ ကြာညို။

### ကမ္မဓာရယ သမာသ်စပ်ပုံ

(၁) ရှေ့ပုဒ်ဖြစ်သော 'မဟန္တ'(မဟန္တီ)ကို 'မဟာ' ပြုရ၏။ ဥပမာ-

| | | | | |
|---|---|---|---|---|
| မဟန္တံ + ဘယံ | = | **မဟာဘယံ** | = မဟဗ္ဘယံ | = ကြီးသောဘေး |
| မဟန္တီ + နဒီ | = | **မဟာနဒီ** | | = ကြီးသောမြစ် |
| မဟန္တော + ပုရိသော | = | **မဟာပုရိသော** | | = မြတ်သောယောက်ျား (ယောက်ျားမြတ်) |

(၂) ရှေ့ပုဒ်ဖြစ်သော 'သန္တ'ကို 'သ' သို့ ပြောင်းရ၏။ ဥပမာ–

သန္တော + ပုရိသော = **သပ္ပုရိသော** = ကောင်းသောယောကျ်ား၊ သူတော်ကောင်း

(၃) ရှေ့ပုဒ်ဖြစ်သော 'န'ကို နောက်မှာ ဗျည်းရှိလျှင် 'အ'သို့ပြောင်း၍၊ နောက်မှာ 'သရ ရှိလျှင် 'အန်' သို့ ပြောင်းရ၏။ ဥပမာ–

န + ဗြာဟ္မဏော = **အဗြာဟ္မဏော** = ပုဏ္ဏားမဟုတ်သူ

န + အရိယော = **အနရိယော** = အရိယာမဟုတ်သူ

(၄) ရှေ့ပုဒ်ဖြစ်သော 'ကု'ကို နောက်မှာဗျည်းရှိလျှင် 'ကာ'သို့ ပြောင်း၍၊ နောက်မှာ သရရှိလျှင် 'ကဒ်'သို့ ပြောင်းရ၏။ ဥပမာ–

ကု + ပုရိသော = **ကာပုရိသော** = မကောင်းသောယောကျ်ား

ကု + အန္နံ = **ကဒန္နံ** = မကောင်းသောထမင်း

(၅) နာမဝိသေသနပုဒ်ကို ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ထားနိုင်၏။ ဥပမာ–

နီလံ + ဥပ္ပလံ = **နီလုပ္ပလံ** = ညိုသောကြာ

ကဏှော + သပ္ပော = **ကဏှသပ္ပော** = နက်သောမြွေ

သေဋ္ဌော + ဗုဒ္ဓေါ = **ဗုဒ္ဓသေဋ္ဌော** = အမြတ်ဆုံးသောဘုရား

ဥတ္တမော + ပုရိသော = **ပုရိသုတ္တမော** = မြတ်သောယောကျ်ား

(၆) နာမ်ပုဒ်မပါပဲ နာမဝိသေသနပုဒ် ၂–ခုကို ပေါင်းစပ်နိုင်၏။ ဥပမာ–

အန္ဓော + ဗဓိရော စ = **အန္ဓဗဓိရော** = မျက်စိကန်း၍ နားလည်းထိုင်းသော(သူ)။

ခဉ္ဇော + ခုဇ္ဇော စ = **ခဉ္ဇခုဇ္ဇော** = ခြေစွင်း၍ ခါးလည်းကုန်းသော(သူ)။

(၇) နောက်ပုဒ်၏အနက်ကို ပေါ်လွင်အောင် ထည့်ပေးထားသည့် 'ဣတိ၊ ဧဝ'–စသည့် ပုဒ်တို့ကိုချေ၍ ပေါင်းစပ်နိုင်၏။ ဥပမာ–

အနိစ္စံ + ဣတိ + သညာ = **အနိစ္စသညာ** = အနိစ္စဟုမှတ်ခြင်း

ဂုဏော + စ + ဓနံ = ဂုဏစဓနံ = ဂုဏ်သာလျှင်ဥစ္စာ

ရူပံ + စ + အာယတနံ = ရူပါယတနံ = ရုပ်အဆင်းပင်လျှင်အာယတန

(၈) ဥပမာနနှင့် ဥပမေယျ ပုဒ် ၂-ခုအကြား၌ ထည့်သွင်းထားသည့် 'ဝိယ' ( ကဲ့သို့ ) ကို ချေ၍ ပေါင်းစပ်နိုင်၏ ။ ဥပမာ—

ပဒုမံ + ဝိယ + မုခံ = မုခပဒုမံ ကြာနှင့်တူသော မျက်နှာ

အာဒိစ္စော + ဝိယ + ဗုဒ္ဓေါ = ဗုဒ္ဓါဒိစ္စော နေမင်းနှင့်တူသော ဘုရား

သီဟော + ဝိယ + နရော = နရသီဟော ခြင်္သေ့နှင့်တူသောလူ

(၉) နာမ်ပုဒ် ၂ ခုကို ပေါင်းစပ်သောအခါ၊ ရှေ့နာမ်ပုဒ်သည် နောက်နာမ်ပုဒ်၏ ဝိသေသနအသွင်ကို ဆောင်၏ ။ ဥပမာ

ဝိနယော ပိဋကံ = ဝိနယပိဋကံ = ဝိနည်းပိဋကတ်

မဂဓ ရဋ္ဌံ = မဂဓရဋ္ဌံ = မဂဓတိုင်း

စိတ္တော ဂဟပတိ = စိတ္တဂဟပတိ = စိတ္တသူကြွယ်

## (၃) ဒိဂု သမာသ်

သင်္ချာ ဖြစ်သော ရှေ့ပုဒ်နှင့် နောက်နာမ်ပုဒ်ကို ပေါင်းစပ်သော သမာသ်သည် ဒိဂုသမာသ် မည်၏ ။ **ဥပမာ—**

တယော + လောကာ = **တိလောကံ** = လောကသုံးပါး

**ဒိဂုသမာသ် ၂-မျိုး ။ ။** (က) သမာသ်ဝင် ပုဒ်တို့၏ အနက်များကို တပေါင်းတည်း အနေဖြင့် ယူရသော သမာသ်သည် 'သမာဟာရဒိဂု' မည်၏ ။ ယင်းသမာသ်၌ များသော အားဖြင့် 'နပုံသကလိင် ဧကဝုစ်ဝိဘတ်' ဖြင့် အသုံးပြု၏ ။ **ဥပမာ—**

တီဏိ + ရတနာနိ = **တိရတနံ** = ရတနာသုံးပါး

တယော + လောကာ = **တိလောကံ** = လောကသုံးပါး

(၂) သမာသ်ဝင် ပုဒ်တို့၏ အနက်များကို တခုစီအနေဖြင့် ယူရသော သမာသ်သည် '**အသမာဟာရဒိဂု**' မည်၏။ ယင်းသမာသ်၌ နောက်ပုဒ်၏လိင်ကို လိုက်၍ ဗဟုဝုစ်ဝိဘတ်ဖြင့် ထားရ၏။ ပြယုဂ်–

စတဿော + ဒိသာ = **စတုဒ္ဒိသာ** = အရပ်လေးမျက်နှာ

ဒသ.သဟဿာနိ + စက္ကဝါဠာနိ = **ဒသ.သဟဿ.စက္ကဝါဠာနိ**

= စကြဝဠာ တသောင်း

**မှတ်ရန်–** ရံခါ သချ်ာပုဒ်ကို နောက်၌ထားတတ်၏။ ပြယုဂ်–

သတာနိ + သကဋာနိ = **သကဋသတာနိ** = လှည်းတရာ

## (၄) အဗျယီဘာဝ သမာသ်

အဗျယပုဒ် (= ဥပသာရနှင့် နိပါတ်) ဖြစ်သော ရှေ့ပုဒ်နှင့် နောက်နာမ်ပုဒ်ကို ပေါင်းစပ်သော သမာသ်သည် အဗျယီဘာဝ သမာသ်မည်၏။ ဤသမာသ်သည် 'နပုလ္လိင်၊ ဧကဝုစ်ဝိဘတ်' ဖြင့် ထားရ၏။ (ကြိယာဝိသေသန သဘောကိုလည်း ဆောင်၏)။ ဤသမာသ်၌ နောက်ပုဒ်ကို နာမ်ဝိဘတ် ၇–မျိုးတွင် တခုခုဖြင့်ထား၍ အနက်ဖွင့်ဆိုရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ပြယုဂ်–** | ယာဝ | + | ဇီဝါ | = | **ယာဝဇီဝံ** | = | အသက်ထက်ဆုံး |
| | ယထာ | + | ဗလေန | = | **ယထာဗလံ** | = | စွမ်းအားရှိသမျှ |
| | ဥပ | + | နဂရဿ | = | **ဥပနဂရံ** | = | မြို့အနီး၌ |
| | အန္တော | + | ပါသာဒဿ | = | **အန္တောပါသာဒံ** | = | နန်းပြာသာဒ်တွင်း |
| | ယထာ | + | ဝုဍ္ဎာနံ | = | **ယထာဝုဍ္ဎံ** | = | ကြီးစဉ်ငယ်လိုက် |
| | အနု | + | တီရဿ | = | **အနုတီရံ** | = | ကမ်းရိုးတမ်းတလျှောက် |

## (၅) တပ္ပုရိသ သမာသ်

'ဒုတိယာ' မှ 'သတ္တမီ' အထိ ဝိဘတ် ၆–မျိုးအနက် တခုခုဆက်ထားသော ရှေ့ပုဒ်နှင့် ပေါင်းစပ်ရပြီး၊ နောက်ပုဒ်၏ အနက်သာ ပြဌာန်းခြင်းရှိသော သမာသ်သည် 'တပ္ပုရိသ' (တပ္ပုရိသ်) သမာသ်မည်၏။ ဤသမာသ်၌ ရှေ့ပုဒ်သည် နောက်ပုဒ်ကို အထူးပြု၏။ နောက်ပုဒ်၏ အနက်သာ ပြဌာန်းခြင်းရှိသဖြင့်၊ နောက်ပုဒ်၏ လိင်ကို လိုက်၍ ဝိဘတ်ဆက်ပေးရသည်။ **ပြယုဂ်–** သစ္စံ + ဝါဒီ = အမှန်ကိုဆိုလေ့ရှိသူ။

တပ္ပုရိသ သမာသ်၌ ရှေ့ပုဒ်မှာ (ဒုတိယာမှ သတ္တမီအထိ) ဝိဘတ် ၆–မျိုး ဆက်နိုင်သဖြင့် ယင်းဝိဘတ် ၆–မျိုးအရ သမာသ် ၆–မျိုးဟု ခွဲခြားနိုင်၏။ ယင်းသမာသ် ၆–မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) **ဒုတိယာ** ။ ။ ရှေ့ပုဒ်၌ ပါရှိသည့် ဒုတိယာဝိဘတ်ကိုချေ၍ ပေါင်းစပ်ခြင်း။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ပြယုဂ်–** | ကုမ္ဘံ | + | ကာရော | = | **ကုမ္ဘကာရော** | = | အိုးလုပ်သူ |
| | ဂါမံ | + | ဂတော | = | **ဂါမဂတော** | = | ရွာသို့သွားသူ |

(၂) **တတိယာ** ။ ။ ရှေ့ပုဒ်၌ပါရှိသည့် တတိယာဝိဘတ်ကို ချေ၍ ပေါင်းစပ်ခြင်း။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြယုဂ်– | ဥရေန | + | ဂေါ | = | **ဥရဂေါ** | = | ရင်ဖြင့်သွားသော(မြွေ) |
| | ဗုဒ္ဓေန | + | **ဘာသိတော** | = | ဗုဒ္ဓဘာသိတော | = | ဘုရားရှင်ကဟောကြားအပ်သော |

(၃) **စတုတ္ထီ** ။ ။ ရှေ့ပုဒ်၌ပါရှိသည့် စတုတ္ထီဝိဘတ်ကိုချေ၍ ပေါင်းစပ်ခြင်း။

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ပြယုဂ်–** | သံဃဿ | + | ဘတ္တံ | = | **သံဃဘတ္တံ** | = | သံဃာအဖို့ဆွမ်း |
| | ရညော | + | အရဟံ | = | **ရာဇာရဟံ** | = | မင်းအားထိုက်သော |

ကြိယာတ္ထကိတ် 'တုံ' ပစ္စည်းသည် စတုတ္ထီဝိဘတ်နှင့် သဘောတူ၏။ ယင်း 'တုံ' ပစ္စည်းဆက် ကြိယာတ္ထကိတ်ပုဒ်နှင့် 'ကာမ' (အလိုရှိခြင်း) တို့ကို ပေါင်းစပ်ခြင်းသည်လည်း ဤသမာသ်၌ အကျုံးဝင်၏။ 'တုံ' ၏ 'ံ' ကို ချေ၍ ပေါင်းစပ်ရ၏။ **ပြယုဂ်–**

ဂန္တုံ + ကာမော = **ဂန္တုကာမော** = သွားလိုသော

သောတုံ + ကာမော = **သောတုကာမော** = ကြားနာလိုသော

(၄) **ပဉ္စမီ** ။ ။ ရှေ့ပုဒ်၌ပါရှိသည့် ပဉ္စမီဝိဘတ်ကိုချေ၍ ပေါင်းစပ်ခြင်း။

**ပြယုဂ်–** ဗန္ဓနာ + မုတ္တော = **ဗန္ဓနမုတ္တော** = အနှောင်အဖွဲ့မှလွတ်သော

ဂါမသ္မာ + အာဂတော = **ဂါမာဂတော** = ရွာမှလာသော

(၅) **ဆဋ္ဌီ** ။ ။ ရှေ့ပုဒ်၌ပါရှိသည့် ဆဋ္ဌီဝိဘတ်ကိုချေ၍ ပေါင်းစပ်ခြင်း။

**ပြယုဂ်–** ရညော + ပုတ္တော = **ရာဇပုတ္တော** = မင်း၏သား

ဗုဒ္ဓဿ + ဝစနံ = **ဗုဒ္ဓဝစနံ** = ဘုရားရှင်၏စကား

ဣတ္ထိယာ + ရူပံ = **ဣတ္ထိရူပံ** = မိန်းမ၏အဆင်း

(၆) **သတ္တမီ** ။ ။ ရှေ့ပုဒ်၌ပါရှိသည့် သတ္တမီဝိဘတ်ကိုချေ၍ ပေါင်းစပ်ခြင်း။

**ပြယုဂ်–** အရညေ + ဝါသီ = **အရညဝါသီ** = တော၌နေသူ

ဝနေ + စရော = **ဝနစရော** = တော၌လှည့်လည်သူ

ဓမ္မေ + ရတော = **ဓမ္မရတော** = တရား၌ မွေ့လျော်သူ

**မှတ်ရန်–** ဤသမာသ်၌ ရှေ့ပုဒ်၏ဝိဘတ်ကို မချေပဲ ပေါင်းစပ်ထားသည့် 'အလုတ္တ သမာသ်' မျိုးကိုလည်း တွေ့ရ၏။

**ပြယုဂ်–** ပဘံ + ကရော = **ပဘင်္ကရော** = အရောင်ကိုပြုသော၊ နေ

အန္တေ + ဝါသိကော = **အန္တေဝါသိကော** = အနီး–အတွင်းနေတပည့်

## (၆) ဗဟုဗ္ဗီဟိ သမာသ်

'ဗဟုဗ္ဗီဟိ' သမာသ်ဟူသည် သမာသ်ဝင်ပုဒ်တို့က ဖော်ပြသော 'ပုဂ္ဂိုလ်၊ အရာဝတ္ထု'မှတပါး အခြားသော 'ပုဂ္ဂိုလ်၊ အရာဝတ္ထု' တခုခုကို ညွှန်ပြ (အထူးပြု) ပေးသော သမာသ်မျိုးဖြစ်၏။ သို့ဖြစ်၍ – ယင်းသမာသ်သည် နာမဝိသေသနပုဒ်မျိုး

ဖြစ်လေရကား ၎င်းက အထူးပြုသော နာမ်ပုဒ်နှင့် "လိင်၊ ဝိဘတ်၊ ဝုစ်" အားဖြင့် တူညီရသည်။ [သမာသ်ပုဒ်က ဟောအပ်သော အနက်၏နောက်၌ '–ရှိသော'ဟု ထပ်ထည့်၍ ဘာသာပြန်ရ၏။]

"ကမ္မဓာရယ၊ ဒိဂု၊ တပ္ပုရိသ" သမာသ်တို့ကို ဗဟုဗ္ဗီဟိ သမာသ်အဖြစ်သို့ ပြောင်းလဲနိုင်၏။ **ပြယုဂ်–**

| | | |
|---|---|---|
| **မဟာဗာဟု** | = | ကြီးသောလက် (ကမ္မဓာရယ) |
| | = | ကြီးသောလက်ရှိသော–သူ (ဗဟုဗ္ဗီဟိ)။ |
| **စတုပ္ပဒ** | = | ခြေလေးချောင်း (ဒိဂု) |
| | = | ခြေလေးချောင်းရှိသော–သတ္တဝါ (ဗဟုဗ္ဗီဟိ)။ |

**အနက်ဖွင့်ပုံ** ။ ။ ဗဟုဗ္ဗီဟိ သမာသ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပြရန်အတွက် 'ယ၊ တ' ဟူသော နာမ်စားပုဒ်တို့ကို အသုံးပြုရ၏။ 'ယ'ပုဒ်ကို လိင် ၃–ပါးအရ ဝိဘတ် ၇–မျိုးတွင် တခုခုဆက်၍၎င်း၊ 'တ'ပုဒ်ကိုမူ ပထမာဝိဘတ် ဆက်၍၎င်း အဓိပ္ပာယ် ဖွင့်ဆိုရ၏။ 'ယ'သို့ဆက်သည့် ဝိဘတ် ၇–မျိုးသို့လိုက်၍ ဗဟုဗ္ဗီ သမာသ်မှာ ၇–မျိုးရှိ၏–ဟု မှတ်ရာ၏။ **ပြယုဂ်–**

**၁။ ပထမာ ဗဟုဗ္ဗီဟိ**

စက္ခု ဘူတော ယော (ဘဂဝါ), သော = **စက္ခုဘူတော** = မျက်လုံးသဖွယ် ဖြစ်သော (မြတ်စွာဘုရား)။

**၂။ ဒုတိယာ ဗဟုဗ္ဗီဟိ**

အာဂတာ သမဏာ ယံ (အာရာမံ), သော = **အာဂတသမဏော** = ရဟန်းတော်များ ကြွရောက်လာသော (ကျောင်း)။

**၃။ တတိယာ ဗဟုဗ္ဗီဟိ**

ဇိတာနိ ဣန္ဒြိယာနိ ယေန (သမဏေန), သော = **ဇိတိန္ဒြိယော** = ဣန္ဒြေတို့ကို နှိမ်နင်းအောင်မြင်သော (ရဟန်း)။

၄။ **စေတုဗ္ဗိ ဗဟုဗ္ဗိဟိ**

ဒိန္နော သုင်္ကော ယဿ (ရဉော), သော = **ဒိန္နသုင်္ကော** = အခွန်ပေးအပ်ပြီးသော (မင်း)။

၅။ **ပဉ္စမီ ဗဟုဗ္ဗိဟိ**

နိဂ္ဂတာ ဇနာ ယသ္မာ (ဂါမာ), သော = **နိဂ္ဂတဇနော** = လူတို့ ထွက်ခွာသွားအပ်ပြီးသော (ရွာ)။

၆။ **ဆဋ္ဌီ ဗဟုဗ္ဗိဟိ**

ဆိန္နော ဟတ္ထော ယဿ (နရဿ), သော = **ဆိန္နဟတ္ထော** = လက်ပြတ်အပ်ပြီးသော (သူ)။

၇။ **သတ္တမီ ဗဟုဗ္ဗိဟိ**

သမ္ပန္နာနိ သဿာနိ ယသ္မိံ (ဇနပဒေ), သော = **သမ္ပန္နသဿော** = ကောက်စပါးများ ပြည့်စုံသော (ဇနပုဒ်)။

==========

**၄၃။ ၊ တုမိစ္ဆတ္ထ၊ အတိသယတ္ထ၊ နာမ ကြိယာများ**

* (၁) **'တုမိစ္ဆတ္ထကြိယာ'**-ဟူသည် "အမှုကိစ္စ တစုံတခုကို ပြုလုပ်ရန် အလိုရှိခြင်း" အနက်ကို ဖော်ပြသည့် ကြိယာဖြစ်၏။ (တုံ = ပြုလုပ်ရန် + ဣစ္ဆ = အလိုရှိခြင်း + အတ္ထ = အနက်)။ ယင်းကြိယာသည် မူရင်းဓာတ်၏ အနက်ကို 'ပြုလုပ်ရန် အလိုရှိခြင်း' ကို ဖော်ပြ၏။ (ဤကြိယာမျိုးမှာ အသုံးနည်း၏။)

ကြိယာတည်ပုဒ် ပြုလုပ်ရန်မှာ– ဓာတ်ကိုဒွေဘော်ပြုပြီးနောက် **'သ'** ပစ္စည်း ဆက်ပေးရ၏။ ဒွေဘော်ပြုပြီးသောအခါ ဓာတ်၏အဆုံး 'ဣ/ဥ'-ကို 'ဤ/ဦ' ပြုရ၏။ ဓာတ်၏အဆုံးဗျည်းနှင့် 'သ' ပစ္စည်းတို့သည် သဒ္ဒိသရုပ်ပြုနည်းအရ ရုပ်ပြောင်းကြသည်။ (စ် + သ = **က္ခ**။ တ်, ပ်, သ် + သ = **စ္ဆ**။ န် + သ = **ံသ**။) ပြယုဂ်–

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| √တိစ် | > | တိတိစ် | + | သ | = | **တိတိက္ခတိ** | = | သည်းခံ၏ |
| √ကိတ် | > | တိကိတ် | + | သ | = | **တိကိစ္ဆတိ** | = | ကုစား၏ |
| √ဂုပ် | > | ဇိဂုပ် | + | သ | = | **ဇိဂုစ္ဆတိ** | = | စက်ဆုတ်၏ |
| √ဃသ် | > | ဇိဃသ် | + | သ | = | **ဇိဃစ္ဆတိ** | = | စားလို၏ |
| √သု | > | သုဿု | + | သ | = | **သုဿူသတိ** | = | ကြားနာလို၏ |
| √ပါ | > | ပိပါ | + | သ | = | **ပိပါသတိ** | = | သောက်လို-ရေငတ်၏ |
| √ဘုဇ် | > | ဗုဘုဇ် | + | သ | = | **ဗုဘုက္ခတိ** | = | စားလို၏ |
| √မန် | > | ဝိမံ | + | သ | = | **ဝိမံသတိ** | = | သိလို-စူးစမ်း၏ |
| √ဇိ | > | ဇိဂိ | + | သ | = | **ဇိဂိသတိ** | = | အောင်လို၏ |

**မှတ်ရန်**– "တိတိက္ခ၊ တိကိစ္ဆ၊ ဇိဂုစ္ဆ" တို့မှာ တုမိစ္ဆတ္ထ အနက်ပေါ်လွှင်ခြင်း မရှိချေ။ တုမိစ္ဆတ္ထကြိယာ တည်ပုဒ်တို့သည် 'အ' သရနှင့်ချည်း ဆုံးသောကြောင့် ယင်းတို့ကို "√ပစ် + အ = ပစ" အတိုင်းပင် ဂိုဏ်းစဉ်ရ၏။

* (၂) **"အတိသယတ္ထ ကြိယာ"**–ဟူသည် အကြိမ်ကြိမ်ဖြစ်ခြင်း၊ လွန်ကဲစွာဖြစ်ခြင်း" အနက်ကို ဖော်ပြ၏။ (အတိသယ = လွန်ကဲခြင်း + အတ္ထ = အနက်)၊ ယင်းကြိယာမှာ– ဓာတ်ကို ဒွေဘော်ပြုပေးသည့်အတွက်ကြောင့် ဓာတ်၏ မူလအနက်ထက် ပို၍လေးနက်သည့် အနက်အဓိပ္ပာယ်ကို ဆောင်လေသည်။ (ဤကြိယာမှာ အသုံးနည်း၏။)

ကြိယာတည်ပုဒ် ပြုလုပ်ရန်မှာ– ဗျည်းဆုံးဓာတ်တခုလုံးကို ဒွေဘော်ပြုပြီးနောက် **'ယ'** / **'အ'** ပစ္စည်းကို ထပ်ဆက်ပေးရ၏။ ဓာတ်၏အဆုံး ဗျည်းနှင့် 'ယ' ပစ္စည်းတို့သည် သဒ္ဒိသရုပ်ပြုနည်းအရ ရုပ်ပြောင်းကြ၏။ ဒွေဘော်ပြုပုံကို ပြယုဂ်များကြည့်၍ မှတ်သားပါလေ။ **ပြယုဂ်များ**–

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| √လပ် | > | လာလပ် | + | ယ | = | လာလပ္ပတိ | = | အလွန်စကားပြော၏ |
| √လုပ် | > | လောလုပ် | + | ယ | = | လောလုပ္ပတိ | = | အလွန်လျှပ်ပေါ်၏ |

√ကမ် > စင်္ကမ် + အ = စင်္ကမတိ = စင်္ကြံသွား၏
√ကမ်ိ > ဖင်္ကမ် + အ = ဖင်္ကမတိ = အဖန်ဖန်သွား၏
√စလ် > စဉ္စလ် + အ = စဉ္စလတိ = အလွန်တုန်လှုပ်၏
√မုဟ် > မောမုဟ် + အ = မောမုဟတိ = အလွန်တွေဝေ၏

**မှတ်ရန်–** အတိသယတ္ထ ကြိယာတည်ပုဒ်များသည် 'အ' သရနှင့်ချည်း ဆိုသောကြောင့် "√ပစ် + အ = ဝစ" အတိုင်းပင် ဂိုဏ်းစဉ်ရ၏။

✱ (၃) "**နာမကြိယာ**"–ဟူသည် နာမ်ပုဒ်တို့ကို ဓာတ်အဖြစ်ဖြင့် အသုံးပြုပြီး၊ ယင်းပုဒ်တို့သို့ '**အာယ၊ ဤယ**' (ကာရိုက်အတွက်– **အာဓေ**) ပစ္စည်းများကို ဆက်၍ ပြုလုပ်ရရှိသည့် ကြိယာမျိုးဖြစ်၏။ ယင်းနာမကြိယာသည် "နာမ်တည်ပုဒ်တို့၏ အနက်များကို အခြေခံ၍ ယင်းများကဲ့သို့ (အဖြစ်ဖြင့်) ပြုကျင့်ခြင်း–ဖြစ်ခြင်းနှင့် ယင်းနာမ်များကို အလိုရှိခြင်း–အသုံးပြုခြင်း"–စသည့် အနက်များကို ဖော်ပြသည်။ ပြယုဂ်–

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ပဗ္ဗတ | = | တောင် | .. ပဗ္ဗတာယတိ | = | တောင်ကဲ့သို့ ပြုကျင့်၏ |
| | သမုဒ္ဒ | = | သမုဒြာ | .. သမုဒ္ဒါယတိ | = | သမုဒြာကဲ့သို့ဖြစ်၏–ပြုကျင့်၏ |
| | ဓန | = | ဥစ္စာ | .. ဓနာယတိ | = | ဥစ္စာကို အလိုရှိ၏ |
| | ဝီဏာ | = | စောင်း | .. ဝီဏာယတိ | = | စောင်းကိုအသုံးပြု၏–တီး၏ |
| | တဏှာ | = | တပ်မက်ခြင်း | .. တဏှာယတိ | = | တပ်မက်၏ |
| | မေတ္တာ | = | ချစ်ခင်ခြင်း | .. မေတ္တာယတိ | = | ချစ်ခင်၏ |
| | ကရုဏာ | = | သနားခြင်း | .. ကရုဏာယတိ | = | သနား၏ |
| | ဒဠှ | = | မြဲမြံသော | .. ဒဠှာယတိ | = | မြဲမြံအောင်ပြု၏ |
| ၂။ | အရည | = | တော | .. အရညီယတိ | = | တောမှာကဲ့သို့ (မြို့မှာ)ပြုကျင့်၏ |
| | နဒီ | = | မြစ် | .. နဒီယတိ | = | မြစ်ကဲ့သို့ ပြုကျင့်၏ |
| | ပုတ္တ | = | သား | .. ပုတ္တီယတိ | = | သားကိုအလိုရှိ–ကဲ့သို့ ပြုကျင့်၏ |

| | | | | |
|---|---|---|---|---|
| | ပတ္တ | = သပိတ် | .. ပတ္တိယတိ | = သပိတ်ကို အလိုရှိ၏ |
| | စီဝရ | = သင်္ကန်း | .. စီဝရီယတိ | = သင်္ကန်းကို အလိုရှိ၏ |
| | ဆတ္တ | = ထီး | .. ဆတ္တီယတိ | = ထီးကဲ့သို့ (အဖြစ်ဖြင့်) ပြု၏ |
| | တဏှာ | = တပ်မက်ခြင်း | .. တဏှီယတိ | = တပ်မက်၏ |
| ၃။ | သုခ | = ချမ်းသာခြင်း | .. သုခါပေတိ | = ချမ်းသာစေ၏ |
| | ဒုက္ခ | = ဆင်းရဲခြင်း | .. ဒုက္ခာပေတိ | = ဆင်းရဲစေ၏ |
| | ဥဏှ | = ပူခြင်း | .. ဥဏှာပေတိ | = ပူ-နွေးစေ၏ |

==========

## ၄၄။ ၊ ကြိယာထူး နှင့် ဝိဘတ်ထူးများ

### (က) ကြိယာထူးများ

ဤကျမ်း၏ "ပထမပိုင်း" ၌ ကြိယာဂိုဏ်း ၇-ဂိုဏ်းအကြောင်းကို အတော်ပြည့်စုံစွာ ဖော်ပြခဲ့၏။ အချို့သော ဓာတ်များမှာ ထူးခြားသော ကြိယာတည်ပုဒ်များ ရှိကြ၏။ ယင်းတို့အကြောင်းကို ဤနေရာ၌ ဖော်ပြပါမည်။

#### ၁။ √အသ် = ဖြစ်-ရှိခြင်း

**ဝတ္တမာနာဝိဘတ်နှင့် ဝိုဏ်းခြင်းပုံ**

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ- | အတ္ထိ | သန္တိ |
| တု- | အသိ | အတ္ထ |
| မှ- | အသ္မိ၊ အမှိ | အသ္မ၊ အမှ |

**ပဉ္စမီဝိဘတ်နှင့် ဝိုဏ်းခြင်းပုံ**

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာ- | အတ္ထု | သန္တု |
| တု- | * အဟိ | အတ္ထ |
| မှ- | အသ္မိ၊ အမှိ | အသ္မ၊ အမှ |

### အဇ္ဇတနီဝိဘတ်နှင့် ပိုထ်းစဉ်ပုံ

| | | |
|---|---|---|
| နာ– | အာသိ | အာသုံ |
| တု– | အာသိ | အာသိတ္ထ |
| မှ– | အာသိံ | အာသိမှာ၊ အာသိမှ |

### သတ္တမီဝိဘတ်နှင့် ပိုထ်းစဉ်ပုံ

| | | |
|---|---|---|
| နာ– | အဿ၊ သိယာ | အဿု၊ သိယုံ |
| တု– | အဿ | အဿထ |
| မှ– | အဿံ | အဿာမ |

### ၂။ √ဝစ် = ပြောဆိုခြင်း

### အနာဂတ်ဝိဘတ်နှင့် ပိုထ်းစဉ်ပုံ

| | | |
|---|---|---|
| နာ– | ဝက္ခတိ | ဝက္ခန္တိ |
| တု– | ဝက္ခသိ | ဝက္ခထ |
| မှ– | ဝက္ခာမိ | ဝက္ခာမ |

### အဇ္ဇတနီဝိဘတ်နှင့် ပိုထ်းစဉ်ပုံ

| | | |
|---|---|---|
| နာ– | အဝေါစ | အဝေါစုံ |
| တု– | အဝေါစ (စော) | အဝေါစိတ္ထ၊ အဝေါစုတ္ထ |
| မှ– | အဝေါစံ | အဝေါစိမှာ၊ အဝေါစုမှာ |

### ၃။ √ဒိသ် = သိမြင်ခြင်း

### အဇ္ဇတနီဝိဘတ်နှင့် ပိုထ်းစဉ်ပုံ

| | | |
|---|---|---|
| နာ– | အဒ္ဒသ | အဒ္ဒသံသု |
| တု– | အဒ္ဒသ | အဒ္ဒသတ္ထ |
| မှ– | အဒ္ဒသံ | အဒ္ဒသမှာ |

## အခြေပြုပါဠိသဒ္ဒါ (၁၅၈)

**အနာဂတ်ဝိဘတ်နှင့် ပိုထားစဉ်ပုံ**

| | | |
|---|---|---|
| နာ— | ဒက္ခတိ | ဒက္ခန္တိ |
| တု— | ဒက္ခသိ | ဒက္ခထ |
| မှ— | ဒက္ခာမိ | ဒက္ခာမ |

**၄။ √ဗြူ = ပြောဆိုခြင်း**

**အစွတနိဝိဘတ်နှင့် ပိုထားစဉ်ပုံ**

| | | |
|---|---|---|
| နာ— | အဗြဝိ | အဗြဝုံ |
| တု— | အဗြဝိ | အဗြဝိတ္ထ |
| မှ— | အဗြဝိံ | အဗြဝိမှာ |

**မှတ်ရန်—** ပဉ္စမီ 'ဟိ' ဝိဘတ်နှင့် "ဗြူဟိ" မှာ အသုံးများ၏။

### (စ) ဝိဘတ်ထူးများ

ဤကျမ်း၏ "ပထမပိုင်း" ၌ ကြိယာဝိဘတ် ၅–မျိုးအကြောင်းကို ဖော်ပြခဲ့၏။ မူလပါဠိသဒ္ဒါကျမ်းလာအရ ပြဆိုရလျှင်၊ ကြိယာဝိဘတ် ၅–မျိုး အသီးသီးမှာ "ပရဿပဒ နှင့် အတ္တနောပဒ"–ဟူ၍ ၂–ပိုင်းစီ ပါရှိ၏။ 'ပရဿပဒ' အပိုင်းမှာ ဝိဘတ် ၆–လုံး ပါဝင်၍၊ 'အတ္တနောပဒ' အပိုင်းမှာလည်း ဝိဘတ် ၆–လုံးပင် ပါဝင်သည်။ 'ပရဿပဒ' အပိုင်းမှာ အသုံးများပြီး၊ 'အတ္တနောပဒ' အပိုင်းမှာ အသုံးနည်း၏။ 'ပရဿပဒ' အပိုင်းပါ ဝိဘတ်များကို ဤကျမ်း၏ ပထမပိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်၏။ ယခု 'အတ္တနောပဒ' အပိုင်းပါ ဝိဘတ်များကို ဖော်ပြပါမည်။

| ပစ္စုပ္ပန်ဝိဘတ် | | | | အနာဂတ်ဝိဘတ် | |
|---|---|---|---|---|---|
| ဧကဝုစ် | ဧက | ဗဟု | ။ | ဧက | ဗဟု |
| နာ— | တေ | အန္တေ | ။ | ဿတေ | ဿန္တေ |

| | | | | | |
|---|---|---|---|---|---|
| တု– | သေ | ဝှေ | ။ | ဿသေ | ဿဝှေ |
| မှ– | | မှေ | ။ | ဿံ | ဿာမှေ |

**ပဉ္စမီ ဝိဘတ်** / **သတ္တမီဝိဘတ်**

| ယောဂ | ဧက | ဗဟု | ။ | ဧက | ဗဟု |
|---|---|---|---|---|---|
| နာ– | တံ | အန္တံ | ။ | ဧထ | ဧရံ |
| တု– | ဿု | ဝှော | ။ | ဧထော | ဧယျဝှော |
| မှ– | ဧ | အာမသေ | ။ | ဧယျံ | ဧယျာမှေ |

**အဇ္ဇတနီဝိဘတ်**

| ယောဂ | ဧက | ဗဟု |
|---|---|---|
| နာ– | အာ | ဦ |
| တု– | သေ | ဝှံ |
| မှ– | အံ | မှေ |

> အတ္တနောပဒ ဝိဘတ်များကို ပရဿပဒ ဝိဘတ်များအတိုင်း ဂိုဏ်းစဉ်ရာ၏။

---

## ၄၅။ ။ ကိတ်နာမ်ပုဒ်များ

ဤကျမ်း၏ 'ဒုတိယပိုင်း' ၌ ကိတ် ၅–မျိုးအကြောင်းကို ဖော်ပြခဲ့၏။ ယင်းကိတ်တို့သည် "ကြိယာ၊ ကြိယာဝိသေသန၊ နာမ်၊ နာမဝိသေသန"–ဟူ၍ အနက်သဘော အမျိုးမျိုးကို ဆောင်၏။

ယခု ဖော်ပြမည့် ကိတ်တို့ကား 'နာမ်' သဘော သက်သက်ကိုသာ ဆောင်သောကြောင့်၊ ယင်းတို့ကို "ကိတ်နာမ်များ (*Primary Nominal Derivative*)"–ဟု ခေါ်ရလေသည်။ (ဤသို့အားဖြင့် ကိတ် ၂–မျိုးရှိ၏–ဟု မှတ်ရာ၏။)

ကိတ်နာမ်များ ပြုလုပ်ရန်အတွက် ဓာတ်တို့သို့ ပစ္စည်းများ ဆက်ရ၏။ ထိုကိတ်ပစ္စည်းများမှာ "အ၊ အက၊ အန၊ အသ်၊ အာ၊ ဏ၊ ဏက၊ ဏျ (ဏျန်)၊ ဥ၊ တာ (တရ်)၊ တိ၊ တု၊ မ"–စသည်တို့ ဖြစ်၏။

ယင်းပစ္စည်းများ ဆက်သောအခါ ဓာတ်တို့၏ သရမှာ များသောအားဖြင့် ဒီဃ ဂုဏ သရသို့ ပြောင်းတတ်၏။ (အ > အာ။ ဣ, ဤ > ဧ။ ဥ, ဦ > ဩ)။ ဓာတ်၏ အဆုံးဗျည်းနှင့် ပစ္စည်း၏ အစဗျည်းတို့ကို သဒိသရုပ် ပြုရ၏။ * 'သရ-ဓ' ပစ္စည်းများ ဆက်လျှင်၊ ဓာတ်၏အဆုံး 'စ-ဝဂ်ဗျည်း'သည် 'က-ဝဂ်ဗျည်း' သို့ ပြောင်း၏။

### (၁) အ-ပစ္စည်းဆက် ပုဒ်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဩ | √ဝဒ် | + | အ | = | ဩဝါဒ | = | ဆုံးမခြင်း |
| | √ကမ် | + | အ | = | ကာမ | = | ချစ်ခြင်း၊ အလိုဆန္ဒ |
| နိရ် | √ကမ် | + | အ | = | နိက္ခမ | = | ထွက်ခွာသွားခြင်း |
| | √ကရ် | + | အ | = | ကာရ | = | ပြုသောသူ |
| | √ဇိ > ဇေ | + | အ | = | ဇယ | = | အောင်ခြင်း |
| | √စဇ် | + | အ | = | စာဂ | = | စွန့်ကြဲခြင်း |
| | √ဘုဇ် | + | အ | = | ဘောဂ | = | စည်းစိမ်ဥစ္စာ |
| | √ခိ > ခေ | + | အ | = | ခယ | = | ကုန်ခန်းခြင်း |
| | √ကုဓ် | + | အ | = | ကောဓ | = | အမျက်ဒေါသ |
| | √ဘဇ် | + | အ | = | ဘာဂ | = | အဖို့အစု |
| | √ဘူ > ဘော | + | အ | = | ဘဝ, ဘာဝ | = | ဖြစ်ခြင်း |
| | √ယုဇ် | + | အ | = | ယောဂ | = | ယှဉ်တွဲခြင်း |
| | √ပစ် | + | အ | = | ပါက | = | ချက်ခြင်း |

### (၂) အက-ပစ္စည်းဆက် ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| √ဒါ (ယ်) | + | အက | = | ဒါယက | = | ပေးသောသူ |
| √ဘာဏ် | + | အက | = | ဘာဏက | = | ရွတ်ဆိုသူ |

| | | | | | | |
|---|---|---|---|---|---|---|
| | √ယာစ် | + အက | = | ယာစက | = | တောင်းစားသူ |
| | √ဝဒ် | + အက | = | ဝါဒက | = | အတီးသမား |
| | √ဝဓ် | + အက | = | ဝဓက | = | သတ်သောသူ |
| | √နီ | + အက | = | နာယက | = | ဦးဆောင်သူ |
| * | √ဒိသ် | + အက | = | * ဒေသက | = | ညွှန်ပြ-ဟောကြားသူ |
| | | | = | * ဒဿက | = | ပြသောသူ |

## (၃) အန-ပစ္စည်းဆက် ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| | √ဌာ | + အန | = | ဌာန | = | အရပ်၊ တည်ရာ |
| | √ဒါ | + အန | = | ဒါန | = | ပေးလှူခြင်း |
| * | √ဒိသ် | + အန | = | * ဒဿန | = | အမြင်၊ အယူအဆ |
| | | | = | * ဒေသန | = | ညွှန်ပြ-ဟောခြင်း |
| | √ဘုဇ် | + အန | = | ဘောဇန | = | ဘောဇဉ် |
| | √မရ် | + အန | = | မရဏ | = | သေခြင်း |
| | √ယာ | + အန | = | ယာန | = | သွားခြင်း၊ ယာဉ် |
| | √သီ | + အန | = | သယန | = | အိပ်ရာ |
| | √သု | + အန | = | သဝန, သာဝန | = | ကြားနာခြင်း |
| | √ဘူ | + အန | = | ဘာဝန | = | ပွားများခြင်း |
| | | | = | ဘဝန | = | ဖြစ်ခြင်း |

## (၄) အသ် > ဩ-ပစ္စည်းဆက် ပုဒ်များ

| | | | | |
|---|---|---|---|---|
| √စိတ် | + အသ် | = | စေတသ် / စေတော | = စိတ် |
| √မန် | + အသ် | = | မနသ် / မနော | = စိတ် |

√ဝစ် + အသ် = ဝစသ် / ဝစော = စကား

√တိဇ် + အသ် = တေဇသ် / တေဇော = အပူ

√ဝီ + အသ် = ဝယသ် / ဝယော = အရွယ်

√တပ် + အသ် = တပသ် / တပေါ = ခြိုးခြ

√ဣ >ဧ + အသ် = အယသ် / အယော = သံ

## (၅) အာ–ပစ္စည်းဆက် ပုဒ်များ

√ဒယ် + အာ = ဒယာ = သနားခြင်း

√သင်္က် + အာ = သင်္ကာ = ယုံမှားခြင်း

√နိန္ဒ် + အာ = နိန္ဒာ = ကဲ့ရဲ့ခြင်း

ပ √သံသ် + အာ = ပသံသာ = ချီးမွမ်းခြင်း

√ဟိံသ် + အာ = ဟိံသာ = ညှဉ်းဆဲခြင်း

√ဘာသ် + အာ = ဘာသာ = (ဘာသာ) စကား

√ဘိက္ခ် + အာ = ဘိက္ခာ = ဆွမ်း

## (၆) ဣ–ပစ္စည်းဆက် ပုဒ်များ

√ကု + ဣ = ကဝိ = ပညာရှိ၊ စာဆို

√သုစ် + ဣ = သုစိ = စင်ကြယ်ခြင်း

√ရုစ် + ဣ = ရုစိ = နှစ်သက်ခြင်း

## (၇) ဣက–ပစ္စည်းဆက် ပုဒ်များ

√ဂမ် + ဣက = ဂမိက = သွားသောသူ

### (၈) ဏိန် > ဏီ-ပစ္စည်းဆက် ပုဒ်များ

√ကရ် + ဏီ = ကာရိန် > ကာရီ = ပြုသောသူ

√ဝဒ် + ဏီ = ဝါဒိန် > ဝါဒီ = ပြောဆိုသူ

√ယာ(ယ်) + ဏီ = ယာယိန် > ယာယီ = သွားသောသူ

√ဂဟ် + ဏီ = ဂါဟိန် > ဂါဟီ = ဖမ်း-စွဲကိုင်သူ

### (၉) ဥ-ပစ္စည်းဆက် ပုဒ်များ

√စက္ခ် + ဥ = စက္ခု = မျက်စိ

√ဣ > အာယ် + ဥ = အာယု = အသက်

√ယဇ် + ဥ = ယဇု = ယဇ်ပူဇော်ခြင်း

### (၁၀) ရိစ္စ > ရစ္စ-ပစ္စည်းဆက် ပုဒ်များ

√ကရ် + ရိစ္စ = ကိစ္စ = ပြုဘွယ်ကိစ္စ

√ဘရ် + ရိစ္စ = ဘစ္စ = အစေခံ

ကု √ကရ် + ရိစ္စ = ကုက္ကုစ္စ = နောင်တပူပန်ခြင်း

ဥဒ် √ဓရ် + ရိစ္စ = ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း

### * (၁၁) ရတု > တာ = တု, တရ်-ပစ္စည်းဆက် ပုဒ်များ

√ဒါ + ရတာ = ဒါတာ, ဒါတု = ပေးသောသူ

√ကရ် + တာ = ကတ္တာ, ကတ္တု = ပြုသောသူ

√မာ + တာ = မာတာ, မာတု = မိခင်

√ပါ > ပိ + တာ = ပိတာ, ပိတု = ဖခင်

√ဆိဒ် + တာ = ဆေတ္တာ, ဆေတ္တု = ရိတ်ဖြတ်သူ
√ဒုဟ် + တာ = ဒုဟိတာ, ဒုဟိတု = သမီး
√သာသ် + တာ = သတ္ထာ, သတ္ထု = ဆရာ၊ ဘုရား
√သု > သော + တာ = သောတာ, သောတု = ကြားနာသူ

## (၁၂) တိ–ပစ္စည်းဆက် ပုဒ်များ

√ဂမ် + တိ = ဂတိ = သွားခြင်း
√သရ် + တိ = သတိ = အောက်မေ့ခြင်း
√မန် + တိ = မတိ = သိမှတ်ခြင်း
√သု + တိ = သုတိ = ကြားခြင်း
ဝိ √မုစ် + တိ = ဝိမုတ္တိ = လွတ်မြောက်ခြင်း
√မုစ် + တိ = မုတ္တိ = လွတ်မြောက်ခြင်း
√ဒိသ် + တိ = ဒိဋ္ဌိ = အမြင်၊ အယူအဆ

## (၁၃) တု–ပစ္စည်းဆက် ပုဒ်များ

√ဓာ + တု = ဓာတု = ဓာတ်၊ ဆောင်ခြင်း
√ဝသ် + တု = ဝတ္ထု = တည်ရာ၊ နေရာ
√တန် + တု = တန္တု = ချည်မျှင်
√ဇန် + တု = ဇန္တု = သတ္တဝါ
√ဟိ + တု = ဟေတု = အကြောင်း
အာ √ဂမ် + တု = အာဂန္တု = ရောက်လာသူ

### (၁၄) တြ > တ္တ, တ္တ-ပစ္စည်းဆောင် ပုဒ်များ

√ပါ + တ္တ = ပတ္တ = သပိတ်
√ပတ် + တ္တ = ပတ္တ = သစ်ရွက်, တ
√မာ + တ္တ = မတ္တ = အတိုင်းအရှည်
√ဒါ + တ္တ = ဒတ္တ = တံစဉ်
* √သာသ် + တ္တ = သတ္တ = ကျမ်းဂန်
* √သသ် + တ္တ = သတ္တ = ဓါး, လက်နက်

### (၁၅) မ-ပစ္စည်းဆောင် ပုဒ်များ

√ဓရ် + မ = ဓမ္မ = တရား
√ယာ + မ = ယာမ = ညဉ့်၏ အဖို့
√ဘီ + မ = ဘီမ = ကြောက်မက်ဖွယ်
√ဟု + မ = ဟောမ = ယဇ် (ဟုမ်း) ပူဇော်ခြင်း
√ထု + မ = ထောမ = ချီးမွမ်းခြင်း
√သု + မ = သောမ = လမင်း

### (၁၆) ရ-ပစ္စည်းဆောင် ပုဒ်များ

√ဘမ် + ရ = ဘမရ = ပျား-ပိတုန်း
√နီ + ရ = နီရ = နီရည်
√သူ + ရ = သူရ = နေမင်း, ရဲရင့်သော
√သက် + ရ = သကြ > သက္က = သိကြားမင်း

---

## ၄၆။ ။ တဒ္ဓိတ်နာမ်ပုဒ်များ

ကိတ်နာမ်များနှင့်တကွသော နာမ်ပုဒ်များ၊ နာမဝိသေသနပုဒ်များသို့ တဒ္ဓိတ်ပစ္စည်းများဆက်၍၊ ယင်းပုဒ်တို့၏ 'ဆင့်ပွား' အနက်ကို ပြုလုပ်နိုင်၏။ ထိုသို့ မူလနာမ်ပုဒ်တို့၏အနက်ကို ထိန်းသိမ်း၍ 'ဆင့်ပွား' အနက်ကို ဖြစ်ပေါ်စေသော ပုဒ်မျိုးသည် တဒ္ဓိတ်နာမ် *(Secondary Derivative)* မည်၏။ ယင်းတဒ္ဓိတ်ပစ္စည်းများကို နာမ်၊ နာမဝိသေသန၊ ကိတ်နာမ်ပုဒ်များသို့ ဆက်သောအခါ "သားသမီး၊ အမျိုးအနွယ်၊ စပ်ဆိုင်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ အပေါင်းအစု၊ နိမ့်ကျ–ငယ်ရှယ်ခြင်း၊ (နှင့်) ပြုလုပ်ခြင်း"–စသည်ဖြင့် များစွာသော 'ဆင့်ပွား' အနက်များကို ဖြစ်စေလေသည်။

တဒ္ဓိတ်ပစ္စည်းများမှာ "**အ၊ အာယန (အာန)၊ ဣက၊ ဣမ၊ ဣယ၊ ဤ၊ ဧယျ၊ က၊ တန၊ တာ၊ တ္တ၊ ဓေ၊ ယ၊ ရ၊ လ**"–တို့ ဖြစ်၏။

**မှတ်ရန်**– အခန်း "၃၅၊ ၃၇၊ ၃၉" တို့၌ ပြဆိုခဲ့ပြီးသော "ပိုင်ဆိုင်ခြင်း နာမဝိသေသန၊ နှိုင်းယှဉ်ခြင်း နာမဝိသေသန၊ ဣတ္ထိလိင်နာမ်ပုဒ် ပြုလုပ်ခြင်း" နှင့် သက်ဆိုင်သည့် ပစ္စည်းအားလုံးသည်လည်း တဒ္ဓိတ်ပစ္စည်းများပင် ဖြစ်၏။

တဒ္ဓိတ်ပစ္စည်းများ ဆက်သောအခါ၊ "မူလပုဒ်၏ အစအက္ခရာရှိ သရများကို ဂုဏပြုခြင်း၊ အဆုံးသရကို ချေခြင်း၊ အဆုံးဗျည်းနှင့် ပစ္စည်းကို သဒိသရုပ်ပြုရခြင်း"–စသည့် ပြောင်းလဲချက်များ ရှိသည်။ တဒ္ဓိတ်ပစ္စည်းဆက် ပုံစံများမှာ ...

### (၁) အ–ပစ္စည်းဆက်ပုဒ်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ဝသိဋ္ဌ | + | အ | = | ဝါသိဋ္ဌ | = | ဝသိဋ္ဌ၏သား |
| | မဟိသ | + | အ | = | မာဟိသ | = | ကျွဲသား |
| | မဂဓ | + | အ | = | မာဂဓ | = | မဂဓတိုင်းနှင့်ဆိုင်သော |
| | ဟိမန္တ | + | အ | = | ဟေမန္တ | = | ဆောင်းအခါ–ရာသီ |
| * | မုဒု | + | အ | = | မဒ္ဒဝ | = | နူးညံ့ခြင်း |

ဝိဒေဟ + အ = ဝေဒေဟ = ဝိဒေဟတိုင်း၌ဖြစ်သော
သုဝဏ္ဏ + အ = သောဝဏ္ဏ = ရွှေဖြင့်ပြီး–ရွှေအဆင်းရှိသော
*အယသ် + အ = အာယသ = သံဖြင့်ပြီးသော
*ဥရသ် + အ = ဩရသ = ရင်၌ဖြစ်သောသား
*တပသ် + အ = တာပသ = ခြိုးခြံစွာကျင့်သူ, ရသေ့

## (၂) အာယန = အာန ပစ္စည်းဆက်ပုံ

ကစ္စ > ကစ္စာယန၊ ကစ္စာန = ကတိ၏သား
မောဂ္ဂလိ > မောဂ္ဂလာယန၊ မောဂ္ဂလာန = မောဂ္ဂလိ၏သား

## (၃) ဣက–ပစ္စည်းဆက်ပုံများ

နာဝါ + ဣက = နာဝိက = လှေထိုးသမား
ကာယ + ဣက = ကာယိက = ကိုယ်နှင့်ဆိုင်သော
ပုတ္တ + ဣက = ပုတ္တိက = သားရှိသော
ဓမ္မ + ဣက = ဓမ္မိက = တရားရှိသော
*မနသ် + ဣက = မာနသိက = စိတ်၌ဖြစ်သော
*စေတသ် + ဣက = စေတသိက = စိတ်၌ဖြစ်သော, စေတသိက်

## (၄) ဣမ–ပစ္စည်းဆက်ပုံ

အန္တ + ဣမ = အန္တိမ = အဆုံး၌ဖြစ်သော
ပစ္ဆာ + ဣမ = ပစ္ဆိမ = နောက်ဆုံးဖြစ်သော
မဇ္ဈ + ဣမ = မဇ္ဈိမ = အလယ်ဖြစ်သော

## (၅) ဣယ-ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| ဣဿရ | + | ဣယ | = | ဣဿရိယ | = | အစိုးရခြင်း |
| ဓမ္မ | + | ဣယ | = | ဓမ္မိယ | = | တရားနှင့်လျော်သော |
| ဣဿြ | + | ဣယ | = | ဣဿြိယ | = | အစိုးရခြင်း |
| * အဗ္ဘန် | + | ဣယ | = | အဗ္ဘနိယ | = | အဗ္ဘ-မိုးနှင့်ဆိုင်သော |

## (၆) ဏီ > ဤ-ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| ပါပ | + | ဤ | = | ပါပီ | = | ယုတ်မာသော-သူ |
| ဗလ | + | ဤ | = | ဗလီ | = | ခွန်အားရှိသော-သူ |
| ဒဏ္ဍ | + | ဤ | = | ဒဏ္ဍီ | = | တောင်ဝှေးရှိ-စွဲကိုင်သော |
| ဟတ္ထ | + | ဤ | = | ဟတ္ထီ | = | လက်ရှိသော၊ ဆင် |
| ဓန | + | ဤ | = | ဓနီ | = | ဥစ္စာရှိသော |

## (၇) ဧယျ-ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| ဒက္ခိဏ | + | ဧယျ | = | ဒက္ခိဏေယျ | = | အလှူခံထိုက်သော |
| ဘဂိနီ | + | ဧယျ | = | ဘာဂိနေယျ | = | နှမနှင့်ဆိုင်သော |
| ပထ | + | ဧယျ | = | ပါထေယျ | = | ရိက္ခာ |

## (၈) က-ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| ပုတ္တ | + | က | = | ပုတ္တက | = | သားငယ် |
| ကုမာရ | + | က | = | ကုမာရက | = | မင်းသားငယ် |
| ပါဒ | + | က | = | ပါဒက | = | အခြေ၊ အခြေဖြစ်သော |

ရာဇ + က = ရာဇက = မင်းတို့၏အပေါင်း
*စတုရ် + က = စတုက္က = ၄-ခုအပေါင်း
ပဉ္စ + က = ပဉ္စက = ၅-ခုအပေါင်း
ဆ + က = ဆက္က = ၆-ခုအပေါင်း

## (၉) တန-ပစ္စည်းဆက်ပုဒ်များ

သွေ > သွာ + တန = သွာတန = နက်ဖြန်ဖြစ်သော
ဟိယျော + တန = ဟိယျတ္တန = မနေ့ကဖြစ်သော
အဇ္ဇ + တန = အဇ္ဇတန = ယနေ့ဖြစ်သော
ပုရာ + တန = ပုရာတန = ရှေး၌ဖြစ်သော
သနာ + တန = သနန္တန = ရှေး၌ဖြစ်သော

## (၁၀) တာ-ပစ္စည်းဆက်ပုဒ်များ

ဒေဝ + တာ = ဒေဝတာ = နတ်၊ နတ်အဖြစ်
မနုဿ + တာ = မနုဿတာ = လူ့အဖြစ်
ဂါမ + တာ = ဂါမတာ = ရွာအပေါင်း
ဥဇုက + တာ = ဥဇုကတာ = ဖြောင့်မတ်ခြင်း

## (၁၁) တွ > တ္တ-ပစ္စည်းဆက်ပုဒ်များ

မနုဿ + တ္တ = မနုဿတ္တ = လူ့အဖြစ်
ဗုဒ္ဓ + တ္တ = ဗုဒ္ဓတ္တ = ဘုရားအဖြစ်
ဒေဝ + တ္တ = ဒေဝတ္တ = နတ်၏အဖြစ်
*သတ် + တ္တ = သတ္တ = သတ္တဝါ

## (၁၂) မယ–ပစ္စည်းဆက်ပုဒ်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဂေါ | + | မယ | = | ဂေါမယ | = | နွားချေး |
| မနော | + | မယ | = | မနောမယ | = | ကြံတိုင်းပြီးသော |
| ဣဒ္ဓိ | + | မယ | = | ဣဒ္ဓိမယ | = | တန်ခိုးဖြင့်ပြီးသော |
| သုဝဏ္ဏ | + | မယ | = | သုဝဏ္ဏမယ | = | ရွှေဖြင့်ပြီးသော |
| အယော | + | မယ | = | အယောမယ | = | သံဖြင့်ပြီးသော |

## (၁၃) ယ–ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| | ဗဟုဿုတ | + | ယ | = | * ဗာဟုဿစ္စ | = | အကြားအမြင်များခြင်း |
| | ကုသလ | + | ယ | = | ကောသလ္လ | = | လိမ္မာကျွမ်းကျင်ခြင်း |
| | ဝိပုလ | + | ယ | = | ဝေပုလ္လ | = | ပြန့်ပြောခြင်း |
| | မုခ | + | ယ | = | မုချ | = | ပြဓာန်း = အဦးဆုံးဖြစ်သော |
| | ဂါမ | + | ယ | = | ဂါမျှ | = | ရွာသားတို့ အကျင့်ဖြစ်သော |
| * | သုမနဿ | + | ယ | = | သောမနဿ | = | ဝမ်းမြောက်–ရွှင်ပြခြင်း |

## (၁၄) ရ–ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| မဓု | + | ရ | = | မဓုရ | = | ချို–သာယာသော |
| ကမ္မ | + | ရ | = | ကမ္မာရ | = | ပန်းထိမ်၊ ပန်းပဲ |
| သမဏ | + | ဧ.ရ | = | သာမဏေရ | = | သာမဏေ |

## (၁၅) လ–ပစ္စည်းဆက်ပုဒ်များ

| | | | | | | |
|---|---|---|---|---|---|---|
| ဗဟု | + | လ | = | ဗဟုလ | = | များလှစွာသော |
| ကပိ | + | လ | = | ကပိလ | = | နီညိုအဆင်းရှိသော |

# * [ နောက်ဆက်တွဲ ]

## * ပါဠိဘာသာသုံး 'သရ၊ ဗျည်း' များကို မြန်မာ–ရောမ အက္ခရာဖြင့် ရေးသားပုံ

### သရများ

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အ | = | a | အာ | = | ā | ဣ | = | i | ဤ | = | ī |
| ဥ | = | u | ဦ | = | ū | ဧ | = | e | ဩ | = | o |

### 'a' သရနှင့်တွဲထားသည့်ဗျည်းများ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က | = | ka | ခ | = | kha | ဂ | = | ga | ဃ | = | gha | င | = | ṅa |
| * စ | = | ca | * ဆ | = | cha | * ဇ | = | ja | * ဈ | = | jha | ဉ | = | ña |
| ဋ | = | ṭa | ဌ | = | ṭha | ဍ | = | ḍa | ဎ | = | ḍha | ဏ | = | ṇa |
| တ | = | ta | ထ | = | tha | ဒ | = | da | ဓ | = | dha | န | = | na |
| ပ | = | pa | ဖ | = | pha | ဗ | = | ba | ဘ | = | bha | မ | = | ma |
| ယ | = | ya | ရ | = | ra | လ | = | la | * ဝ | = | va | သ | = | sa |
| ဟ | = | ha | ဠ | = | ḷa | * အံ | = | aṁ | * ဣံ | = | iṁ | * ဥံ | = | uṁ |

### သရ 'a' လုံးနှင့် ဗျည်းတွဲပုံ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| က | = | ka | ကာ | = | kā | ကိ | = | ki | ကီ | = | kī |
| ကု | = | ku | ကူ | = | kū | ကေ | = | ke | ကော | = | ko |
| ခ | = | kha | ခါ | = | khā | ခိ | = | khi | ခီ | = | khī |
| ခု | = | khu | ခူ | = | khū | ခေ | = | khe | ခေါ | = | kho |

### ပါဠိဗျည်းများချင်း (ဆင့်)တွဲပုံ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| က္က | = | kka | က္ခ | = | kkha | ဂ္ဂ | = | gga | ဂ္ဃ | = | ggha |

## အခြေပြုပါဠိသဒ္ဒါ (၁၇၂)

| | | | |
|---|---|---|---|
| င်္က = ṅka | င်္ခ = ṅkha | င်္ဂ = ṅga | င်္ဃ = ṅgha |
| စ္စ = cca | စ္ဆ = ccha | ဇ္ဇ = jja | ဇ္ဈ = jjha |
| ဉ္စ = ñca | ဉ္ဆ = ñcha | ဉ္ဇ = ñja | ဉ္ဈ = ñjha |
| ဋ္ဋ = ṭṭa | ဋ္ဌ = ṭṭha | ဍ္ဍ = ḍḍa | ဍ္ဎ = ḍḍha |
| ဏ္ဋ = ṇṭa | ဏ္ဌ = ṇṭha | ဏ္ဍ = ṇḍa | * ဏ္ဎ = ṇḍha |
| တ္တ = tta | တ္ထ = ttha | ဒ္ဒ = dda | ဒ္ဓ = ddha |
| န္တ = nta | န္ထ = ntha | န္ဒ = nda | န္ဓ = ndha |
| ပ္ပ = ppa | ပ္ဖ = ppha | ဗ္ဗ = bba | ဗ္ဘ = bbha |
| မ္ပ = mpa | မ္ဖ = mpha | မ္ဗ = mba | မ္ဘ = mbha |
| ည = ñña | ဏ္ဏ = ṇṇa | န္န = nna | မ္မ = mma |
| ကျ = kya | ချ = khya | ဂျ = gya | ဏျ = ṇya |
| တျ = tya | ဒျ = dya | ဓျ = dhya | နျ = nya |
| ပျ = pya | ဗျ = bya | ဘျ = bhya | မျ = mya |
| ယျ = yya | လျ = lya | သျ = sya | * ဝျ = vya |
| ကြ = kra | ဂြ = gra | တြ = tra | ဒြ = dra |
| န္ဒြ = ndra | ဗြ = bra | သ္တြ = stra | |
| ကွ = kva | ခွ = khva | ဏွ = ṇva | တွ = tva |
| ဒွ = dva | ဓွ = dhva | နွ = nva | န္တွ = ntva |
| ဘွ = bhva | ယွ = yva | သွ = sva | ဟွ = hva |
| ဉှ = ñha | ဏှ = ṇhā | နှ = nha | မှ = mha |
| ယှ = yha | ဝှ = vha | * လှ = lha | ဠှ = ḷha |
| ပ္လ = pla | လ္လ = lla | သ္တ = sta | သ္န = sna |
| သ္မ = sma | ဟ္မ = hma | | |

## * (A) "ဂိုဏ်း (၄) ဂိုဏ်းအရ ကြိယာပုံစံများ"

| ဓာတ် = အနက် | တည်ပုဒ် | ကြိယာ | ကြိယာ၏အနက် |
|---|---|---|---|
| 1. * √ပစ် = ချက် | ပစ | ပစတိ | ချက်၏ |
| √လဘ် = ရ | လဘ | လဘတိ | ရ၏ |
| √ပုစ္ဆ် = မေး | ပုစ္ဆ | ပုစ္ဆတိ | မေး၏ |
| √သေဝ် = မှီဝဲ | သေဝ | သေဝတိ | မှီဝဲ၏ |
| √ဂမ် = သွား | ဂစ္ဆ | ဂစ္ဆတိ | သွား၏ |
| √ဣသ် = အလိုရှိ | ဣစ္ဆ | ဣစ္ဆတိ | အလိုရှိ၏ |
| √မရ် = သေ | မရ | မရတိ | သေ၏ |
| √ရမ် = မွေ့လျော် | ရမ | ရမတိ | မွေ့လျော်၏ |
| √ဝသ် = နေ | ဝသ | ဝသတိ | နေ၏ |
| √ခါဒ် = စား | ခါဒ | ခါဒတိ | စား၏ |
| √ခိပ် = ပစ် | ခိပ | ခိပတိ | ပစ်၏ |
| √နမ် = ကိုင်း–ဦးညွှတ် | နမ | နမတိ | ကိုင်း–ဦးညွှတ်၏ |
| √ကီဠ် = ကစား | ကီဠ | ကီဠတိ | ကစား၏ |
| √ဝဓ် = သတ် | ဝဓ | ဝဓတိ | သတ်၏ |
| √ဓာဝ် = ပြေးသွား | ဓာဝ | ဓာဝတိ | ပြေးသွား၏ |
| √ပူရ် = ပြည့် | ပူရ | ပူရတိ | ပြည့်၏ |
| √ဝဒ် = ပြောဆို | ဝဒ | ဝဒတိ | ပြောဆို၏ |
| √ဟန် = သတ် | ဟန | ဟနတိ | သတ်၏ |
| √ဘာသ် = ပြောဆို | ဘာသ | ဘာသတိ | ပြောဆို၏ |

| √ကသ် = လယ်ထွန် | ကသ, ကဿ | ကသတိ, ကဿတိ | လယ်ထွန်၏ |
|---|---|---|---|
| √ဘက္ခ် = ကိုက်စား | ဘက္ခ | ဘက္ခတိ | စား၏ |
| √ယာစ် = တောင်း | ယာစ | ယာစတိ | တောင်း၏ |
| √သိက္ခ် = သင်ယူ၊ ကျင့် | သိက္ခ | သိက္ခတိ | သင်ယူ–ကျင့်၏ |
| √စရ် = သွား၊ ကျင့် | စရ | စရတိ | သွား–ကျင့်၏ |
| √ဟိံသ် = ညှင်းဆဲ | ဟိံသ | ဟိံသတိ | ညှင်းဆဲ၏ |
| √ဒံသ် = ကိုက် | ဒံသ | ဒံသတိ | ကိုက်၏ |
| √သုဘ = တင့်တယ် | သောဘ | သောဘတိ | တင့်တယ်၏ |
| √သုစ် = စိုးရိမ် | သောစ | သောစတိ | စိုးရိမ်၏ |
| √မုဒ် = ဝမ်းမြောက် | မောဒ | မောဒတိ | ဝမ်းမြောက်၏ |
| * √ဣသ် = ရှာမှီး | ဧသ | ဧသတိ | ရှာမှီး၏ |
| √ရက္ခ် = စောင့်ရှောက် | ရက္ခ | ရက္ခတိ | စောင့်ရှောက်၏ |
| √ဟရ် = ဆောင် | ဟရ | ဟရတိ | ဆောင်၏ |
| √သရ် = သွား, အောက်မေ့ | သရ | သရတိ | သွား–အောက်မေ့၏ |
| √ဓရ် = ဆောင် | ဓရ | ဓရတိ | ဆောင်၏ |
| √တရ် = ကူးမြောက် | တရ | တရတိ | ကူးမြောက်၏ |
| √လိခ် = (စာ)ရေး | လိခ | လိခတိ | (စာ)ရေး၏ |
| √နစ္စ် = က၊ ကခုန် | နစ္စ | နစ္စတိ | က–ကခုန်၏ |
| √ဝန္ဒ် = ရှိခိုး | ဝန္ဒ | ဝန္ဒတိ | ရှိခိုး၏ |
| √နိန္ဒ် = ကဲ့ရဲ့ | နိန္ဒ | နိန္ဒတိ | ကဲ့ရဲ့၏ |
| √ဓောဝ် = ဆေးကြော | ဓောဝ | ဓောဝတိ | ဆေးကြော၏ |
| ပ√ဝိသ် = ဝင် | ပဝိသ | ပဝိသတိ | ဝင်၏ |

| | | | |
|---|---|---|---|
| နိ √သဒ် = ထိုင် | နိသီဒ | နိသီဒတိ | ထိုင်၏ |
| အာ √ဂမ် = လာ | အာဂစ္ဆ | အာဂစ္ဆတိ | လာ၏ |
| * √ဇိ = အောင် | ဇေ, ဇယ | ဇေတိ, ဇယတိ | အောင်၏ |
| √နီ = ဆောင် | နေ, နယ | နေတိ, နယတိ | ဆောင်၏ |
| √သိ = အိပ် | သေ, သယ | သေတိ, သယတိ | အိပ်၏ |
| √ကု = အသံမြည် | ကဝ | ကဝတိ | အသံမြည်၏ |
| √ဘူ = ဖြစ် | ဘဝ | ဘဝတိ | ဖြစ်၏ |
| √ဟူ = ဖြစ် | ဟော | ဟောတိ | ဖြစ်၏ |
| √ဒါ = ပေး | * ဒေ | ဒေတိ | ပေး၏ |
| အာ √ရုဟ် = တက် | အာရောဟ | အာရောဟတိ | တက်၏ |
| * √ယာ = သွား | ယာ | ယာတိ | သွား၏ |
| √ဝါ = လေတိုက် | ဝါ | ဝါတိ | လေတိုက်၏ |
| √ဒါ = ပေး | ဒဒါ | ဒဒါတိ | ပေး၏ |
| √ဓါ = ဆောင် | ဒဓာ | ဒဓာတိ | ဆောင်၏ |
| √ဟာ = စွန့်ပယ် | ဇဟာ | ဇဟာတိ | စွန့်ပယ်၏ |
| √ပါ = သောက် | ပိဝ | ပိဝတိ | သောက်၏ |
| √ဌာ = ရပ်, တည်ရှိ | တိဋ္ဌ | တိဋ္ဌတိ | ရပ်-တည်၏ |
| * 2. √ရုဓ် = ပိတ်ပင် | ရုန္ဓ | ရုန္ဓတိ | ပိတ်ပင်၏ |
| √သိစ် = သွန်းလောင်း | သိဉ္စ | သိဉ္စတိ | သွန်းလောင်း၏ |
| √ဘုဇ် = စား | ဘုဉ္ဇ | ဘုဉ္ဇတိ | စား၏ |
| √မုစ် = လွတ် | မုဉ္စ | မုဉ္စတိ | လွတ်၏ |
| √ယုဇ် = အားထုတ် | ယုဉ္ဇ | ယုဉ္ဇတိ | အားထုတ်၏ |

| | | | |
|---|---|---|---|
| √ဝိဒ် = ရ | ဝိန္ဒ | ဝိန္ဒတိ | ရ၏ |
| √ဆိဒ် = ဖြတ် | ဆိန္ဒ | ဆိန္ဒတိ | ဖြတ်၏ |
| √ဘိဒ် = ခွဲ | ဘိန္ဒ | ဘိန္ဒတိ | ခွဲ၏ |
| √လိပ် = လိမ်းကျံ | လိမ္ပ | လိမ္ပတိ | လိမ်းကျံ၏ |
| √ပိသ် = ကြိတ် | ပိံသ | ပိံသတိ | ကြိတ်၏ |
| * 3. √ဂါ = သီဆို | ဂါယ | ဂါယတိ | သီဆို၏ |
| √ဝါ = လေတိုက်၊ လှိုင် | ဝါယ | ဝါယတိ | လေတိုက်–လှိုင်၏ |
| √နှာ = ရေချိုး | နှာယ | နှာယတိ | ရေချိုး၏ |
| √ဈာ = ကပ်၍ရှု | ဈာယ | ဈာယတိ | ကပ်၍ရှု၏ |
| √နဋ် = က, ကခုန် | နစ္စ | နစ္စတိ | က–ကခုန်၏ |
| √ဝိဒ် = ရှိ | ဝိဇ္ဇ | ဝိဇ္ဇတိ | ရှိ၏ |
| √မဒ် = ယစ်မူး | မဇ္ဇ | မဇ္ဇတိ | ယစ်မူး၏ |
| √ကုဓ် = အမျက်ထွက် | ကုဇ္ဈ | ကုဇ္ဈတိ | အမျက်ထွက်၏ |
| √သုဓ် = စင်ကြယ် | သုဇ္ဈ | သုဇ္ဈတိ | စင်ကြယ်၏ |
| √ဗုဓ် = သိ | ဗုဇ္ဈ | ဗုဇ္ဈတိ | သိ၏ |
| √ဝိဓ် = ထိုးဖောက် | ဝိဇ္ဈ | ဝိဇ္ဈတိ | ထိုးဖောက်၏ |
| √ယုဓ် = စစ်ထိုး | ယုဇ္ဈ | ယုဇ္ဈတိ | စစ်ထိုး၏ |
| √မန် = သိ၊ ထင်မှတ် | မည | မညတိ | သိ–ထင်မှတ်၏ |
| √သိဓ် = ပြီးစီး | သိဇ္ဈ | သိဇ္ဈတိ | ပြီးစီး၏ |
| √ဒိဝ် = မြူးတူး | ဒိဗ္ဗ | ဒိဗ္ဗတိ | မြူးတူး–ကစား၏ |
| √သိဝ် = သီချုပ် | သိဗ္ဗ | သိဗ္ဗတိ | သီချုပ်၏ |
| √ဒုသ် = ဖျက်ဆီး | ဒုဿ | ဒုဿတိ | ဖျက်ဆီး–ပြစ်မှား၏ |

| | | | |
|---|---|---|---|
| √ကုမ် = ပြည့်စုံ | ကုမ္ဘ | ကုမ္ဘတိ | ပြည့်စုံ၏ |
| √နသ် = ပျက်စီး | နဿ | နဿတိ | ပျက်စီး၏ |
| √တုသ် = နှစ်သက် | တုဿ | တုဿတိ | နှစ်သက်၏ |
| ဥဒ်√ပဒ် = ဖြစ် | ဥပ္ပဇ္ဇ | ဥပ္ပဇ္ဇတိ | ဖြစ်၏ |
| √ပဿ = မြင် | ပဿ | ပဿတိ | မြင်၏ |
| 4. သု = ကြား | သုဏော-ဏာ | သုဏော(ဏာ)တိ | ကြား၏ |
| √ဝု = စောင့်စည်း | ဝုဏော-ဏာ | ဝုဏော(ဏာ)တိ | စောင့်စည်း၏ |
| ပ√ဟိ = စေလွှတ် | ပဟိဏော-ဏာ | ပဟိဏော(ဏာ)တိ | စေလွှတ်၏ |
| √သက် = စွမ်းနိုင် | သက္ကော | သက္ကောတိ | စွမ်းနိုင်၏ |
| √သက္ကုဏ် = စွမ်းနိုင် | သက္ကုဏော-ဏာ | သက္ကုဏော(ဏာ)တိ | စွမ်းနိုင်၏ |
| ပ√အာပ် = ရောက် | ပပ္ပေါ | ပပ္ပေါတိ | ရောက်၏ |
| ပ√အာပ် = ရောက် | ပါပုဏော-ဏာ | ပါပုဏော(ဏာ)တိ | ရောက်၏ |
| 5. စိ = စုဆောင်း | စိနာ | စိနာတိ | စုဆောင်း၏ |
| √ဇိ = အောင် | ဇိနာ | ဇိနာတိ | အောင်၏ |
| √လူ = ရိတ်ဖြတ် | လုနာ | လုနာတိ | ရိတ်ဖြတ်၏ |
| √ယု = ဖွဲ့နှောင် | ယုနာ | ယုနာတိ | ဖွဲ့နှောင်၏ |
| √မီ = တိုင်းတာ | မိနာ | မိနာတိ | တိုင်းတာ၏ |
| √ဉာ > ဇာ = သိ | ဇာနာ | ဇာနာတိ | သိ၏ |
| √ကီ = ဝယ် | * ကိဏာ | ကိဏာတိ | ဝယ်၏ |
| ဝိ√ကီ = ရောင်း | ဝိက္ကိဏာ | ဝိက္ကိဏာတိ | ရောင်း၏ |
| √ဂဟ် = ယူ-ဖမ်း | ဂဏှာ | ဂဏှာတိ | ယူ-ဖမ်း၏ |
| ဥဒ်√ဂဟ် = သင်ယူ | ဥဂ္ဂဏှာ | ဥဂ္ဂဏှာတိ | သင်ယူ၏ |

| | | | |
|---|---|---|---|
| 6. * √ကရ် = ပြု | ကရော | ကရောတိ | သင်ယူ၏ |
| √တန် = ချဲ့ထွင် | တနော | တနောတိ | ချဲ့ထွင်၏ |
| √ဝန် = တောင်းခံ | ဝနော | ဝနောတိ | တောင်းခံ၏ |
| 7. √စုရ် = ခိုး | စောရေ, စောရယ | စောရေ–စောရယတိ | ခိုး၏ |
| √ဝိဒ် = ခံစား | ဝေဒေ, ဝေဒယ | ဝေဒေ-ဝေဒယတိ | ခံစား၏ |
| √ဂုပ် = စောင့်ရှောက် | ဂေါပေ, ဂေါပယ | ဂေါပေ-ဂေါပယတိ | စောင့်ရှောက်၏ |
| √ပုသ် = မွေးမြူ | ပေါသေ, ပေါသယ | ပေါသေ–ပေါသယတိ | မွေးမြူ၏ |
| √ပါလ် = စောင့်ရှောက် | ပါလေ, ပါလယ | ပါလေ-ပါလယတိ | စောင့်ရှောက်၏ |
| √ဘာဇ် = ခွဲဝေ | ဘာဇေ, ဘာဇယ | ဘာဇေ-ဘာဇယတိ | ခွဲဝေ၏ |
| √ကထ် = ပြောဆို | ကထေ, ကထယ | ကထေ-ကထယတိ | ပြောဆို၏ |
| √ဂဏ် = ရေတွက် | ဂဏေ, ဂဏယ | ဂဏေ-ဂဏယတိ | ရေတွက်၏ |
| √စိန္တ် = ကြံစည် | စိန္တေ, စိန္တယ | စိန္တေ-စိန္တယတိ | ကြံစည်၏ |
| √ဆဍ္ဍ် = စွန့်ပစ် | ဆဍ္ဍေ, ဆဍ္ဍယ | ဆဍ္ဍေ-ဆဍ္ဍယတိ | စွန့်ပစ်၏ |
| √မန္တ် = တိုင်ပင် | မန္တေ, မန္တယ | မန္တေ-မန္တယကိ | တိုင်ပင်၏ |
| √ပူဇ် = ပူဇော် | ပူဇေ, ပူဇယ | ပူဇေ-ပူဇယတိ | ပူဇော်၏ |
| အာ √မန္တ် = မိန့်ဆို | အာမန္တေ, အာမန္တယ | အာမန္တေ-အာမန္တယတိ | မိန့်ဆို၏ |
| နိ √မန္တ် = ပင့်ဖိတ် | နိမန္တေ, နိမန္တယ | နိမန္တေ-နိမန္တယတိ | ပင့်ဖိတ်၏ |
| ပ √အတ္ထ် = တောင့်တ | ပတ္ထေ, ပတ္ထယ | ပတ္ထေ-ပတ္ထယတိ | တောင့်တ၏ |
| √ဒမ် = ဆုံးမ | ဒမေ, ဒမယ | ဒမေ-ဒမယတိ | ဆုံးမ၏ |

* (B) 'တ, တွာ, တုံ' – ပစ္စည်းဆက် ကိတ်ကြိယာပုံစံများ"

| ဓာတ် = အနက် | –တ = အပ်သော | –တွာ = ၍, –ပြီး၍ | –တုံ = ရန်(အလို့ငှါ |
|---|---|---|---|
| √သု = ကြား | သုတ | သုတွာ, သုဏိတွာ | သောတုံ, သုဏိတုံ |
| √ဟူ = ဖြစ် | × | ဟုတွာ | ဟောတုံ |
| √ဘူ = ဖြစ် | ဘူတ | ဘဝိတွာ | ဘဝိတုံ |
| √ဒါ = ပေး | ဒတ္တ | ဒတွာ | ဒါတုံ |
| √ဉာ = သိ | ဉာတ | ဉတွာ | ဉာတုံ, * ဇာနိတုံ |
| √ဌာ = ရပ်, တည်ရှိ | ဌိတ | ဌတွာ | ဌာတုံ |
| √ဟာ = စွန့် | ဇဟိတ, * ဟီန | ဟိတွာ, ဇဟိတွာ | ဟာတုံ, * ဇဟိတုံ |
| √ဇိ = အောင် | ဇိတ | ဇိတွာ, ဇေတွာ | ဇေတုံ |
| √နီ = ဆောင် | နီတ | နေတွာ | နေတုံ |
| √စုရ် = ခိုး | စောရိတ | စောရေတွာ | စောရေတုံ |
| √ကထ် = ပြောဆို | ကထိတ | ကထေတွာ | ကထေတုံ |
| √စိန္တ် = ကြံစည် | စိန္တိတ | စိန္တေတွာ | စိန္တေတုံ |
| √ဂဟ် = ဖမ်း, ယူ | ဂဟိတ | ဂဟေတွာ | ဂဟေတုံ |
| √ဝဒ် = ပြောဆို | ဝဒိတ | ဝဒိတွာ | ဝဒိတုံ |
| √ဝစ် = ပြောဆို | ဝုတ္တ | ဝတွာ | ဝတ္တုံ |
| √ဘုဉ် = စား | ဘုတ္တ, ဘုဉ္ဇိတ | ဘုတွာ, ဘုဉ္ဇိတွာ | ဘောတ္တုံ, ဘုဉ္ဇိတုံ |
| √ကရ် = ပြု | ကတ | ကတွာ | ကတ္တုံ, ကာတုံ |
| √ဆိန္ဒ် = ဖြတ် | ဆိန္ဒိတ, * ဆိန္န | ဆေတွာ, ဆိန္ဒိတွာ | ဆေတ္တုံ, ဆိန္ဒိတုံ |
| ပ √အာပ် = ရောက် | ပတ္တ | ပတွာ, ပါပုဏိတွာ | ပတ္တုံ, ပါပုဏိတုံ |
| √ဂမ် = သွား | ဂတ | ဂန္တွာ | ဂန္တုံ |

| | | | |
|---|---|---|---|
| √ဟန် = သတ် | ဟတ | ဟန္တွာ | ဟန္တုံ |
| √ဒိသ် = မြင် | ဒိဋ္ဌ | ဒိသွာ | * ဒဋ္ဌုံ |
| √ဒံသ် = ကိုက် | ဒဋ္ဌ | ဒံသိတွာ | ဒံသိတုံ |
| √မရ် = သေ | မတ | မရိတွာ | မရိတုံ |
| √ပစ် = ချက် | ပစိတ | ပစိတွာ | ပစိတုံ |
| √ခါဒ် = စဲစား | ခါဒိတ | ခါဒိတွာ | ခါဒိတုံ |
| √ဣသ် = အလိုရှိ | ဣဋ္ဌ၊ ဣစ္ဆိတ | ဣစ္ဆိတွာ | ဣစ္ဆိတုံ |
| √ဗုဓ် = သိ | ဗုဒ္ဓ၊ ဗုဇ္ဈိတ | ဗုဇ္ဈိတွာ | ဗုဇ္ဈိတုံ |
| √ယုဓ် = စစ်ထိုး | ယုဒ္ဓ၊ ယုဇ္ဈိတ | ယုဇ္ဈိတွာ | ယုဇ္ဈိတုံ |
| √ကီ = ဝယ် | ကီဏိတ ၊ ကီတ | [illegible]၊ ကီဏိတွာ | ကီဏိတုံ |
| √ဝသ် = နေထိုင် | ဝုဋ္ဌ၊ ဝသိတ | ဝသိတွာ | ဝသိတုံ |
| √ဝန္ဒ် = ရှိခိုး | ဝန္ဒိတ | ဝန္ဒိတွာ | ဝန္ဒိတုံ |
| √ပုစ္ဆ် = မေး | ပုဋ္ဌ၊ ပုစ္ဆိတ | ပုစ္ဆိတွာ | ပုစ္ဆိတုံ |
| √နိန္ဒ် = ကဲ့ရဲ့ | နိန္ဒိတ | နိန္ဒိတွာ | နိန္ဒိတုံ |
| √ဂါ = သီဆို | ဂီတ | ဂါယိတွာ | ဂါယိတုံ |
| √လဘ် = ရ | လဒ္ဓ | လဒ္ဓါ၊ လဘိတွာ | လဒ္ဓုံ၊ လဘိတုံ |
| နိ √သဒ် = ထိုင် | * နိသိန္န | နိသီဒိယ၊ နိသီဒိတွာ | နိသီဒိတုံ |
| နိ √မန္တ် = ပင့်ဖိတ် | နိမန္တိတ | နိမန္တေတွာ | နိမန္တေတုံ |
| √ပူဇ် = ပူဇော် | ပူဇိတ | ပူဇေတွာ | ပူဇေတုံ |
| √ပါလ် = စောင့်ရှောက် | ပါလိတ | ပါလေတွာ | ပါလေတုံ |
| √သေဝ် = မှီဝဲ | သေဝိတ | သေဝေတွာ | သေဝိတုံ |
| √ဝမ် = သက် | ဝမိတ | [illegible]တွာ | ပမိတုံ |
| √ယာစ် = တောင်း | ယာ[illegible] | [illegible]တွာ | ယာစိတုံ |

| | | | |
|---|---|---|---|
| ꩻသိက္ခ် = သင်ယူ, ကျင့် | သိက္ခိတ | သိက္ခိတွာ | သိက္ခိတုံ |
| ꩻစရ် = သွား, ကျင့် | စရိတ | စရိတွာ | စရိတုံ |
| ꩻရက္ခ် = စောင့်ရှောက် | ရက္ခိတ | ရက္ခိတွာ | ရက္ခိတုံ |
| ꩻတရ် = ကူးမြောက် | * တိဏ္ဏ | တရိတွာ | တရိတုံ |
| ပꩻဝိသ် = ဝင် | ပဝိဋ္ဌ | ပဝိသိတွာ | ပဝိသိတုံ |
| အာꩻဂမ် = လာ | အာဂတ | အာဂန္တွာ | အာဂန္တုံ |
| ꩻပါ = သောက် | ပီတ, ပိဝိတ | ပိဝိတွာ | ပိဝိတုံ |
| ပꩻအဇ္ဈ် = ကောင့်တ | ပဇ္ဇိတ | ပဇ္ဇေတွာ | ပဇ္ဇေတုံ |
| ꩻမုစ် = လွှတ် | မုတ္တ, မုဉ္စိတ | မုဉ္စိတွာ | မုဉ္စိတုံ |
| ꩻဝိဒ် = သိ | ဝိဒိတ | ဝိဒိတွာ | ဝိဒိတုံ |
| ꩻကုစ် = အမျက်ထွက် | ကုဒ္ဓ, ကုဇ္ဈိတ | ကုဇ္ဈိတွာ | ကုဇ္ဈိတုံ |
| ဥဒ်ꩻပဒ် = ဖြစ် | * ဥပ္ပန္န | ဥပ္ပဇ္ဇိတွာ | ဥပ္ပဇ္ဇိတုံ |
| ꩻဝိဓ် = ထိုးဖောက် | ဝိဒ္ဓ, ဝိဓိတ | ဝိဇ္ဈိတွာ | ဝိဇ္ဈိတုံ |
| ဥဒ်ꩻဂဟ် = သင်ယူ | ဥဂ္ဂဟိတ | ဥဂ္ဂဟေတွာ | ဥဂ္ဂဟေတုံ |
| ꩻမန္တ် = တိုင်ပင် | မန္တိတ | မန္တေတွာ | မန္တေတုံ |
| ꩻနမ် = ကိုင်း–ဦးညွတ် | နတ, နမိတ | နမိတွာ | နမိတုံ |
| ꩻပါ = သောက် | ပီတ, ပိဝိတ | ပိဝိတွာ | ပါတုံ, ပိဝိတုံ |
| ꩻလိခ် = (စာ)ရေး | လိခိတ | လိခိတွာ | လိခိတုံ |
| ꩻရမ် = မွေ့လျော် | ရတ, ရမိတ | ရမိတွာ | ရမိတုံ |
| ꩻဒမ် = ဆုံးမ | ဒန္တ, ဒမိတ | ဒမေတွာ | ဒမေတုံ |
| ꩻသရ် = သွား, အောက်မေ့ | သတ, သရိတ | သရိတွာ | သရိတုံ |

* * * * *

ဦးမြင့်ဆွေ - ဓမ္မာစရိယ ၊ ဝိဇ္ဇာ–ဂုဏ်ထူး၊ မဟာဝိဇ္ဇာ ( လန်ဒန် )

## ရေးသားသောကျမ်းစာများ

၁။ ဇာတ်တော်ငါးရာငါးဆယ်
၂။ ဓမ္မပဒ
၃။ မဟာဗုဒ္ဓဝင်သစ်
၄။ မိလိန္ဒနှင့်ရှင်နာဂသိန်
၅။ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေး အတွေးအခေါ်
၆။ ပဋ္ဌာန်းမဟာ
၇။ သဗ္ဗညုဘုရားရှင်
၈။ ပရလောကနှင့်ကံ-စိတ်စွမ်းအင်
၉။ လက်စွဲပဋ္ဌာန်း
၁၀။ ဓမ္မပဒ (အင်္ဂလိပ်-မြန်မာ)
၁၁။ သက္ကတသဒ္ဒါ
၁၂။ အခြေပြုပါဠိသဒ္ဒါ
၁၃။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့် (ပ-ဒု)
၁၄။ သက္ကတဖက်စာ
၁၅။ ပါဠိဘာသာနိဒါန်း
၁၆။ ပါဠိ-သက္ကတဘာသာဗေဒ
၁၇။ ငါးရာငါးဆယ်အဘိဓာန်
၁၈။ သစ္စာအနက် ၁၆-ချက် (မိုးကုတ်ဝိပဿနာ)
၁၉။ ဟိတောပဒေသဝတ္ထု (အင်္ဂလိပ်-မြန်မာ)
၂၀။ အခြေပြုအဘိဓမ္မာ
၂၁။ A Compendium of Abhidhamma
၂၂။ သက္ကတ-မြန်မာအဘိဓာန်
၂၃။ ပြာကတဘာသာနိဒါန်း
၂၄။ ပါဠိ-သက္ကတပဒမာလာကျမ်း
၂၅။ ဇာတ်ကြီးဆယ်ဘွဲ့ (အင်္ဂလိပ်-မြန်မာ)
၂၆။ English for Practice
၂၇။ A Dictionary of Buddhist Terms
၂၈။ Essays on Buddhism
၂၉။ သက္ကတဘာသာအရ ဘာသာဗေဒ နည်းဖြင့် ပါဠိရုပ်တွက်နည်း
၃၀။ Pali Extracts (with English Translation)
၃၁။ ဗုဒ္ဓဘာသာအလင်းပြကျမ်း
၃၂။ Buddha's First Two Sermons (ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်)
၃၃။ အသောကမင်းတရားကြီး၏ ဓမ္မကျောက်စာများ
၃၄။ ဗုဒ္ဓဘာသာသုံး သက္ကတစာပေ
၃၅။ ပါဠိပုဒ်များရုပ်တွက်အဘိဓာန်
၃၆။ အိန္ဒိယပြည် ဗုဒ္ဓသာသနာသမိုင်း
၃၇။ သစ္စာမြင် နိဗ္ဗာန်ဝင်တရားတော်
၃၈။ သီဟိုဠ်ဗုဒ္ဓသာသနာနှင့် ပါဠိစာပေသမိုင်
၃၉။ မြန်မာပြည် ဗုဒ္ဓသာသနာနှင့် ပါဠိ-သက္ကတစာပေသမိုင်း
၄၀။ ယေရှုခရစ်၏ မသိရသေးသောဘဝ (The Unknown Life of Jesus C
၄၁။ Pātimokkha Rules for Monks
၄၂။ English Primer
၄၃။ အခြေပြုဟိန္ဒီသဒ္ဒါ
၄၄။ လူတိုင်းအတွက်ဗုဒ္ဓဘာသာ
၄၅။ ငရဲနှင့်နတ်ပြည် (Hell and Heaven)